# မြန်မာပြန်သဗြိတ်ကျမ်း

(အရှင်နာဂရဒေါ်ဝံသ)

ကျိုက်လပ်မြို့

ပဋ္ဌိမာရုံ မဟာ ရွှေကျောင်းတိုက်

စာချ ဆရာတော်

# အသျှင် နာရဒါဘိဝံသ

အဘိဓမ္မာစာမေးပွဲ ဖြေဆိုသူများ အတွက်
ချုပ်ရင်း ရေးသားတော်မူအပ်သော

ဘာဝနာ၏ အခြေခံ

# မြန်မာပြန် သင်္ဂြိုဟ်ကျမ်း

ကိုးပိုင်း နှင့်

ကမ္မဋ္ဌာန်း အားထုတ်နည်းများ
အကျဉ်းချုပ်ထည့်သွင်းရိုက်နှိပ်ထားသည်။

---

စာအုပ်ရေ (၂၀၀၀)
(၁၃၂၄ - ခု၊ နယုန်လတွင် ရိုက်နှိပ်သည်)

[illegible]

# နိဒါန်း

၇၆၄၂

အဘိဓမ္မာ ဒေသနာ၏ လွန်စွာကျယ်ဝန်း အနက်ရှင်းကို အကျဉ်းချုံးကာ သိမ်းယူရာဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟကျမ်းခေါ် သင်္ဂြိုဟ်ကျမ်းကို ပါဠိမသင်ဘူးသူတို့အတွက် မြန်မာဘာသာ သက်သက်ဖြင့် ချပို့သင်ပြရလျှင် နက်နဲခက်ခဲသော သဘောအဓိပ္ပါယ်များ မသိနိုင်သေးသော်လဲ စိတ်စေတသိက်ရုပ်စသည် သရုပ်ကွဲပါက ခက်ခဲသောမာတိကာ ဓာတုကထာယမိုက် ပဋ္ဌာန်းစသော ညဝါဆိုရိုးများကိုပါ သိလွယ်ဆိုလွယ်နိုင်ကြလိမ့်မည်။ ယခုခေတ်ပေါ် အဘိဓမ္မာ စာမေးပွဲများမှာလဲ သုံးဆင့်လုံး ဖြေစွမ်းနိုင်သည့်အပြင် အထက်ဆင့်ဖြစ်သောဋီကာကျော်ဘာသာနှင့် လောကီအထက်တန်းကျောင်းများမှာ အဘိဓမ္မာဘက်က ပြဋ္ဌာန်းထားသော ကျမ်းစာများ အတွက်ပါ အခြေခံဖြစ်နိုင်လိမ့်မည်ဟု ရည်ရွယ်ပြီး ငယ်ရွယ်သူ ရှင်လူအပေါင်းတို့အား ချပို့ရင်းရေးသားအပ်သော ကျမ်းဖြစ်ပေသည်။

သင်္ဂြိုဟ်ပါဠိ ကိုးပိုင်း လုံးပင် ကျေပြွန်စွာ ရသော်လဲ မြန်မာလိုသရုပ် မကွဲပါက ငယ်ရွယ်သူများအဘို့မှာ လွန်စွာ ကျေးဇူးမများလှပါ။ ပါဠိမရစေကာမူ မြန်မာလို သရုပ်ကွဲပါလျှင် သိတန်သမျှ သိရ၍ ကျေးဇူးများလှသည့်အပြင် ပါဠိကိုသင်သောအခါမှာလည်းအထောက်အကူများစွာရနိုင်ပါသည်။

ဘုန်းကြီးများ ငယ်စဉ်က ပါဠိကို မသင်ရမီ ယခုလိုသရုပ်ခွဲ ဆိုရိုးကိုပင် ရှေးဦးအစ သင်ခဲ့ရ၍ ပါဠိကို တက်စဘာမှမသိရသော်လဲ သရုပ်က ကွဲပြီးဖြစ်၍ ပါဠိကျက်မှုမှာလဲ ကျေးဇူးများ-အထက်အထက်သော အဘိဓမ္မာ ဆိုင်ရာ ဆိုရိုးများပါ လွယ်ကူစွာလေ့လာ သင်ကြားနိုင်ကြောင်း ကိုယ်တွေ့ဖြစ်ခဲ့ရပေသည်။

နှစ်စဉ်ကျင်းပနေကျ အဘိဓမ္မာ စာမေးပွဲ များမှာလဲ

# နိဒါန်း

ကိုယ်တိုင် ချပို့သင်ပြ ထားသူများနှင့် တဆင့် ကူးယူ၍ လေ့ကျက်မှတ်သားကြသူများပါ ဖြေဆို အောင်မြင် နိုင်ကြသည်ကို မျက်မြင်ဒိဋ္ဌ တွေ့ရှိနေရပေပြီ။

သို့အတွက် ပျောက်ပျက် လွယ်သော လက်ရေးစာမူမှ စာအုပ်အဖြစ် ရိုက်နှိပ်ထားရလျှင် ကောင်းလေစွဟု အကြံရသည့်အတိုင်း-သုံးစွဲဘူးသူများကလဲစာအုပ်ရိုက်ရန် တောင်းပန်တိုက်တွန်းကြသဖြင့်ယခုလို စာအုပ်အဖြစ်ရိုက်နှိပ် ဖြန့်ဝေလိုက်ရခြင်းဖြစ်ပေ၏။

၄င်းပြင် ကမ္မဋ္ဌာန်းအလုပ် စိတ်ဝင်စားကြသော ယခုခေတ်ကြီးမှာ သဂြိုဟ်ကိုးပိုင်းကို လေ့လာ၍အပြီး သုတမယဉာဏ်ဖြင့် သိထားရသော ရုပ်နာမ်ပရမတ်တို့ကို ဘာဝနာမယဉာဏ်အတွက် ဆက်လက် အားထုတ် လိုသူတို့ အကျိုးငှာ၎င်း၊ သုတမယဉာဏ်ရင့်သန်ပြီး၍ ဘာဝနာ နည်းကိုသာ လေ့လာ အားထုတ် လိုသည့် လူကြီးများလဲ သုံးစွဲနိုင်ရန်၎င်း၊ သဂြိုဟ်ကျမ်းလာ ဆိုင်ရာသရုပ်မျှ မလေ့လာဘူး၍ ဗဟုဿုတနည်းပါးသဖြင့် ကမ္မဋ္ဌာန်းဌာနများမှ ထွက်လာသည့်အခါ သူတကာပြောသံကြားဖြင့် မိမိပေါက်လာသည့်တရား ကောင်းပုံတွေအဖြာဖြာ ပြောကြား၍ နေသည်ကို (မဂ်တရား ဖိုလ်တရားရလာပြီလို့ ပြောလိုဒါလားခင်ဗျာဟု) မေးလိုက်သည့်အခါ ဒီမဂ်တရားဖိုလ်တရား ရဒါလောက်ကို ဘာပြောလိမ့်မလဲဟု အဖြေစကားရဲလောက်အောင် ဗဟုဿုတမနည်းကြဘို့နှင့် မိမိရရှိလာပြီးတရားကိုလဲ ပြန်လှန်ပြီး စစ်တမ်း တင်နိုင်ဘို့ရန်၎င်း၊ ရည်သန်းလျက် ကမ္မဋ္ဌာန်းအကျဉ်းချုပ် ကျင့်နည်း များကိုပါ ဆက်တွဲ၍ ရိုက်နှိပ်လိုက်ရပေသတည်း။

# ရတနတ္တယပဏာမ

....၀....

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

အဘိဓမ္မတ္တ ဒေသကံ
မဒုမ္မ ဘာသာယ ဘာသေန္တော
အဘိဓမ္မတ္တ သင်္ဂဟံ

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ

သာဘိဓမ္မတ္တ ဒေသနံ
မရမ္မ ဘာသာယ ဘာသေန္တော
အဘိဓမ္မတ္တ သင်္ဂဟံ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ

အဘိဓမ္မတ္တ ပဿိတံ
မရမ္မ ဘာသာယ ဘာသေန္တော
အဘိဓမ္မတ္တ သင်္ဂဟံ။

## ရတနတ္တယ ပဏာမ

# မြန်မာပြန်

၁။ အဘိဓမ္မတ္ထသဟင်္ဂဟကျမ်းဟု ပါဠိလိုအမည်တပ်၍ ခေါ်ဆိုအပ်သော သဂြိုဟ်ကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုလိုသော အကျွန်ုပ်သည် အဘိဓမ္မာ၏ အနက်ကို ဟောမြွက်တော်မူတတ်သော ဘုရားရှင်ကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ပျပ်ဝပ်ရိုကျိုး ဆည်းကပ် ရှိခိုးပါ၏ အရှင်ဘုရား။

၂။ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းဟု ပါဠိလိုအမည်တပ်၍ ခေါ်ဆိုအပ်သော သဂြိုဟ်ကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုလိုသော အကျွန်ုပ်သည် အဘိဓမ္မာဒေသနာနှင့်တကွ ခပ်သိမ်းသော တရားအပေါင်းကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ပျပ်ဝပ်ရိုကျိုး ဆည်းကပ် ရှိခိုးပါ၏ အရှင်ဘုရား။

၃။ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းဟု ပါဠိလို အမည်တပ်၍ ခေါ်ဆိုအပ်သော သဂြိုဟ်ကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုလိုသော အကျွန်ုပ်သည် အဘိဓမ္မာ၏ အနက်တို့ကို ကွက်ကွက်ကွင်းကွင်း ဥဒဟ်တွင်ရှင်းအောင် သိမြင်တော်မူပြီးသော သံဃာတော်မြတ် အပေါင်းကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုဟူရာ၍ ပျပ်ဝပ်ရိုကျိုး ဆည်းကပ်ရှိခိုးပါ၏ အရှင်ဘုရား။

မြန်မာပြန် သင်္ဂြိုဟ်ကျမ်း

နမော

တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

# စိတ်ပိုင်းသရုပ်ခွဲဆိုရိုး

၁။ ပရမတ္ထတရား လေးပါးတည်း လေးပါး ဟူသော်ကား။
စိတ် ပရမတ်။
စေတသိက် ပရမတ်။
ရုပ် ပရမတ်။
နိဗ္ဗာန် ပရမတ်။

ဤသို့လျှင် ၄-ပါး ဖြစ်သတည်း။

၂။ ထိုတွင်-စိတ်ပရမတ် လေးပါးတည်း လေးပါး ဟူသော်ကား....
ကာမာဝစရစိတ်။
ရူပါဝစရစိတ်။
အရူပါဝစရစိတ်။
လောကုတ္တရာစိတ်။

ဤသို့လျှင် ၄-ပါး ဖြစ်သတည်း။

၃၊ ထိုတွင်-ကာမာဝစရစိတ် ၅၄ ပါး ဟူသော်ကား....

အကုသိုလ်စိတ် ၁၂ ပါး။
အဟိတ်စိတ် ၁၈ ပါး။
ကာမသောဘနစိတ် ၂၄ ပါး။
ဤသို့လျှင် ၅၄ ပါး ဖြစ်သတည်း။

၄။ ထိုတွင်-အကုသိုလ်စိတ် ၁၂ ပါး ဟူသော်ကား....
လောဘမူစိတ် ၈ ပါး။
ဒေါသမူစိတ် ၂ ပါး။
မောဟမူစိတ် ၂ ပါး။
ဤသို့လျှင် ၁၂ ပါး ဖြစ်သတည်း။

၅။ ထိုတွင်-လောဘမူစိတ် ၈ ပါး ဟူသော်ကား....
သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တခု။
သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်တခု။
သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက စိတ်တခု။
သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တခု။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်တခု။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက စိတ်တခု။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။

ဤသို့လျှင် ၈ ပါး ဖြစ်သတည်း။

၆။ ဒေါသမူစိတ် ၂ ပါး ဟူသော်ကား....

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက စိတ်တခု။

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက စိတ်တခု။

ဤသို့လျှင် ၂ ပါး ဖြစ်သတည်း။

၇။ မောဟမူစိတ် ၂ ပါး ဟူသော်ကား....

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်တခု။

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ်တခု။

ဤသို့လျှင် ၂ ပါး ဖြစ်သတည်း။

ဤသို့လျှင် အကုသိုလ်စိတ် ၁၂ ပါး ဖြစ်သတည်း။

---

သောမနဿ ၄
ဒေါမနဿ ၂
ဥပေက္ခာ ၆ } ပေါင်းဝေဒနာအားဖြင့် အကုသိုလ်စိတ် ၁၂ ပါး။

သမ္ပယုတ် ၈
ဝိပ္ပယုတ် ၄ } ပေါင်း ယောဂအားဖြင့် အကုသိုလ်စိတ် ၁၂ ပါး။

အသင်္ခါရိက ၇ ပေါင်း သင်္ခါရအားဖြင့် အကုသိုလ်
သသင်္ခါရိက ၅ စိတ် ၁၂ ပါး။

**(မှတ်ချက်)** မောဟမူစိတ် ၂ ပါးကို အသင်္ခါရိကသို့ သွင်းသည်။

အကုသိုလ်စိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

၁။ အဟိတ်စိတ် ၁၈ ပါး ဟူသော်ကား....
အကုသလဝိပါက်စိတ် ၇ ပါး။
အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး။
အဟိက်ကြိယာစိတ် ၃ ပါး။
ဤသို့လျှင် ၁၈ ပါး ဖြစ်သတည်း။

၂။ ထိုတွင်–အကုသလဝိပါက်စိတ် ၇ပါး ဟူသော်ကား....
ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ်တခု။
ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တခု။
ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခု။
ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

၃။ အဟိတ်ကုသလဝိပါတ်စိတ် ၈ ပါးဟူသော်ကား....
ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်တခု။

ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ်တခု။
သုခသဟဂုတ် ကာယဝိညာဉ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တခု။
သောမနဿသဟဂုတ် သန္တီရဏစိတ်တခု။
ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခု။
ဤသို့လျှင် ၈ ပါး ဖြစ်သတည်း။

၄။ အဟိတ်ကြိယာစိတ် ၃ ပါး ဟူသော်ကား....
ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်တခု။
ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်တခု။
သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်တခု။

ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။
ဤသို့လျှင် အဟိတ်စိတ် ၁၈ ပါး ဖြစ်သတည်း။
ဤသို့လျှင် အသောဘနစိတ် ၃၀ ဖြစ်သတည်း၊

| | |
|---|---|
| သုခ | ၁ ပါး |
| ဒုက္ခ | ၁ ပါး |
| သောမနဿ | ၂ ပါး |
| ဥပေက္ခာ | ၁၄ ပါး |
| ပေါင်းဝေဒနာအားဖြင့် | အဟိတ်စိတ် ၁၈ ပါး။ |

(**မှတ်ချက်**) **သမ္ပယုတ်** ဝိပ္ပယုတ်အားဖြင့် ၁၈ ပါးလုံး ဝိပ္ပယုတ်သို့သွင်း၊ အသင်္ခါရိက သသင်္ခါရိက အားဖြင့် ၁၈ ပါး လုံး အသင်္ခါရိကသို့သွင်း။

အဟိတ်စိတ်သရုပ်ခွဲ ဆိုရိုးပြီး၏။

| | | |
|---|---|---|
| သုခ | ၁ ပါး | ပေါင်း ဝေဒနာအားဖြင့် အသောဘနစိတ် ၃၀။ |
| ဒုက္ခ | ၁ ပါး | |
| သောမနဿ | ၆ ပါး | |
| ဒေါမနဿ | ၂ ပါး | |
| ဥပေက္ခာ | ၂၀ ပါး | |
| သမ္ပယုတ် | ၈ ပါး | ပေါင်း ယောဂ အားဖြင့် အသောဘနစိတ် ၃၀။ |
| ဝိပ္ပယုတ် | ၂၂ ပါး | |
| အသင်္ခါရိက | ၂၅ ပါး | ပေါင်း သင်္ခါရအားဖြင့် အသောဘနစိတ် ၃၀။ |
| သသင်္ခါရိက | ၅ ပါး | |
| အကုသိုလ် | ၁၂ ပါး | ပေါင်း ဇာတ်အားဖြင့် အသောဘနစိတ် ၃၀။ |
| ဝိပါက် | ၁၅ ပါး | |
| ကြိယာ | ၃ ပါး | |

အသောဘနစိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

---

၁။ ကာမသောဘနစိတ် ၂၄ ပါး ဟူသော်ကား....

| | |
|---|---|
| ကာမာဝစရကုသိုလ်စိတ် | ၈ ပါး |
| သဟိတ်ကာမာဝစရဝိပါက်စိတ် | ၈ ပါး |
| သဟိတ်ကာမာဝစရကြိယာစိတ် | ၈ ပါး |

ဤသို့လျှင် ၂၄ ပါး ဖြစ်သတည်း။

၂၊ ထိုတွင်-ကာမာဝစရကုသိုလ်စိတ် ၈ ပါး ဟူသော်ကား သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တခု။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက စိတ်တခု။
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ်တခု။
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ်တခု။
ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ် စိတ်တခု။
ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ် တခု။
ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ် တခု။
ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ် တခု။

ဤသို့လျှင် ၈ ပါး ဖြစ်သတည်း။

၃။ ထို့အတူ သဟိတ်ကာမာဝစရဝိပါက်စိတ် ၈ ပါး ဖြစ်သတည်း။

၄။ ထို့အတူ သဟိတ် ကာမာဝစရကြိယာစိတ် ၈ပါး ဖြစ်သတည်း။

ဤသို့လျှင် ကာမသောဘနစိတ် ၂၄ ပါး ဖြစ်သတည်း။
ဤသို့လျှင် ကာမာဝစရစိတ် ၅၄ ပါး ဖြစ်သတည်း။

---

သောမနဿ ၁၂ ပါး } ပေါင်း ဝေဒနာအားဖြင့်
ဥပေက္ခာ ၁၂ ပါး } ကာမသောဘန ၂၄ ပါး။

| | | |
|---|---|---|
| သမ္ပယုတ် | ၁၂ ပါး | ပေါင်း ယောဂအားဖြင့် |
| ဝိပ္ပယုတ် | ၁၂ ပါး | ကာမသောဘန ၂၄ ပါး။ |
| အသင်္ခါရိက | ၁၂ ပါး | ပေါင်း သင်္ခါရအားဖြင့် |
| သသင်္ခါရိက | ၁၂ ပါး | ကာမသောဘနစိတ် ၂၄ ပါး။ |

ကာမသောဘနစိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

---

| | | |
|---|---|---|
| သုခ | ၁ ပါး | |
| ဒုက္ခ | ၁ ပါး | ပေါင်း ဝေဒနာအားဖြင့် |
| သောမနဿ | ၁၈ ပါး | |
| ဒေါမနဿ | ၂ ပါး | ကာမာဝစရစိတ် ၅၄ ပါး။ |
| ဥပေက္ခာ | ၃၂ ပါး | |
| သမ္ပယုတ် | ၂၀ ပါး | ပေါင်း ယောဂအားဖြင့် |
| ဝိပ္ပယုတ် | ၃၄ ပါး | ကာမာဝစရစိတ် ၅၄ ပါး။ |
| အသင်္ခါရိက | ၃၇ ပါး | ပေါင်း သင်္ခါရအားဖြင့် |
| သသင်္ခါရိက | ၁၇ ပါး | ကာမာဝစရစိတ် ၅၄ ပါး။ |
| အကုသိုလ် | ၁၂ ပါး | |
| ကုသိုလ် | ၈ ပါး | ပေါင်း ဇာတ်အားဖြင့် |
| ဝိပါက် | ၂၃ ပါး | ကာမာဝစရစိတ် ၅၄ ပါး။ |
| ကြိယာ | ၁၁ ပါး | |

ကာမာဝစရစိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

---

၁။ ရူပါဝစရစိတ် ၁၅ ပါး တည်း....ကား....

ရူပါဝစရ ကုသိုလ်စိတ် ၅ ပါး။

ရူပါဝစရ ဝိပါက်စိတ် ၅ ပါး။

ရူပါဝစရ ကြိယာစိတ် ၅ ပါး။
ဤသို့လျှင် ၁၅ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-ရူပါဝစရ ကုသိုလ်စိတ် ၅ ပါး ဟူသော်ကား....
ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါး
နှင့် တကွ ဖြစ်သော ပထမဈာန်ကုသိုလ်စိတ် ၁ ပါး။
ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါး နှင့်
တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁ ပါး။
ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါး နှင့် တကွဖြစ်
သော တတိယဈာန် ကုသိုလ်စိတ် ၁ ပါး။
သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော
စတုတ္ထဈာန် ကုသိုလ်စိတ် ၁ ပါး။
ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါး နှင့် တကွ ဖြစ်
သော ပဉ္စမဈာန် ကုသိုလ်စိတ် ၁ ပါး။
ဤသို့လျှင် ၅ ပါး ဖြစ်သတည်း။

၃။ ထို့အတူ ရူပါဝစရ ဝိပါက်စိတ် ၅ ပါး ဖြစ်သတည်း၊

၄။ ထို့အတူ ရူပါဝစရ ကြိယာစိတ် ၅ ပါး ဖြစ်သတည်း။
ဤသို့လျှင် ရူပါဝစရစိတ် ၁၅ ပါး ဖြစ်သတည်း။
ရူပါဝစရစိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

---

၁။ အရူပါဝစရစိတ် ၁၂ ပါး တည်း....ကား....
အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး။
အရူပါဝစရ ဝိပါက်စိတ် ၄ ပါး။
အရူပါဝစရ ကြိယာစိတ် ၄ ပါး။
ဤသို့လျှင် ၁၂ ပါး ဖြစ်သတည်း။

၂။ ထိုတွင်–အရူပါဝစရ ကုသိုလ်စိတ် ၄ ပါး၊ ဟူသော်ကား။

အာကာသာနဉ္စာ ယတန ကုသိုလ်စိတ် ၁ ပါး။
ဝိညာနဉ္စာ ယတန ကုသိုလ်စိတ် ၁ ပါး။
အာကိဉ္စညာ ယတန ကုသိုလ်စိတ် ၁ ပါး။
နေဝသညာ နာသညာ ယတန ကုသိုလ်စိတ် ၁ ပါး။

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၃။ ထို့အတူ အရူပါဝစရ ဝိပါက်စိတ် ၄ ပါး ဖြစ်သတည်း။

၄။ ထို့အတူ အရူပါဝစရ ကြိယာစိတ် ၄ ပါး ဖြစ်သတည်း။

ဤသို့လျှင် အရူပါဝစရစိတ် ၁၂ ပါးဖြစ်သတည်း။
ဤသို့လျှင် မဟဂ္ဂုတ်စိတ် ၂၇ ပါး ဖြစ်သတည်း။
ဤသို့လျှင် လောကီစိတ် ၈၁ ပါး ဖြစ်သတည်း။
အရူပါဝစရစိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

သောမနဿ ၁၂ ပါး
ဥပေက္ခာ ၁၅ ပါး
ပေါင်း ဝေဒနာအားဖြင့် မဟဂ္ဂုတ်စိတ် ၂၇ ပါး။

ယောဂအားဖြင့် ၂၇ ပါး လုံး သမ္ပယုတ်သို့သွင်း။
သင်္ခါရအားဖြင့် ၂၇ ပါး လုံး သသင်္ခါရိကသို့သွင်း။

ပထမဈာန် ၃ ပါး
ဒုတိယဈာန် ၃ ပါး
တတိယဈာန် ၃ ပါး
စတုတ္ထဈာန် ၃ ပါး
ပဉ္စမဈာန် ၁၅ ပါး
ပေါင်း ဈာန်အားဖြင့် မဟဂ္ဂုတ်စိတ် ၂၇ ပါး။

| | | |
|---|---|---|
| မဟဂ္ဂုတ် ကုသိုလ် | ၉ ပါး | ပေါင်း ဇာတ်အားဖြင့် |
| မဟဂ္ဂုတ် ဝိပါက် | ၉ ပါး | |
| မဟဂ္ဂုတ် ကြိယာ | ၉ ပါး | မဟဂ္ဂုတ်စိတ် ၂၇ ပါး။ |

မဟဂ္ဂုတ်စိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။

---

| | | |
|---|---|---|
| သုခ | ၁ ပါး | |
| ဒုက္ခ | ၁ ပါး | ပေါင်း ဝေဒနာအားဖြင့် |
| သောမနဿ | ၃၀ ပါး | လောကီစိတ် ၈၁ ပါး။ |
| ဒေါမနဿ | ၂ ပါး | |
| ဥပေက္ခာ | ၄၇ ပါး | |
| သမ္ပယုတ် | ၄၇ ပါး | ပေါင်း ယောဂအားဖြင့် |
| ဝိပ္ပယုတ် | ၃၄ ပါး | လောကီစိတ် ၈၁ ပါး။ |
| အသင်္ခါရိက | ၃၇ ပါး | ပေါင်း သင်္ခါရအားဖြင့် |
| သသင်္ခါရိက | ၄၄ ပါး | လောကီစိတ် ၈၁ ပါး။ |
| အကုသိုလ် | ၁၂ ပါး | |
| ကုသိုလ် | ၁၇ ပါး | ပေါင်း ဇာတ်အားဖြင့် |
| ဝိပါက် | ၃၂ ပါး | လောကီစိတ် ၈၁ ပါး။ |
| ကြိယာ | ၂၀ ပါး | |

**လောကီစိတ် သရုပ်ခွဲ ဆိုရိုးပြီး၏။**

---

၁။ လောကုတ္တရာစိတ် အကျဉ်း ၈ ပါး တည်း…ကား…

လောကုတ္တရာ ကုသိုလ်စိတ် ၄ ပါး။

လောကုတ္တရာ ဝိပါက်စိတ် ၄ ပါး။

ဤသို့သျှင် ၈ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-လောကုတ္တရာကုသိုလ်စိတ် ၄ ပါး ဟူသော်ကား။
သောတာပတ္တိမဂ်စိတ် ၁ ပါး။
သကဒါဂါမိမဂ်စိတ် ၁ ပါး။
အနာဂါမိမဂ်စိတ် ၁ ပါး။
အရဟတ္တမဂ်စိတ် ၁ ပါး။
ဤသို့လျှင် ၄ ပါးဖြစ်သတည်း။

၃။ လောကုတ္တရာဝိပါက်စိတ် ၄ ပါး။ ဟူသော်ကား....။
သောတာပတ္တိ ဖိုလ်စိတ် ၁ ပါး။
သကဒါဂါမိ ဖိုလ်စိတ် ၁ ပါး။
အနာဂါမိ ဖိုလ်စိတ် ၁ ပါး။
အရဟတ္တ ဖိုလ်စိတ် ၁ ပါး။
ဤသို့လျှင် ၄ ပါးဖြစ်သတည်း။
ဤသို့လျှင် လောကုတ္တရာစိတ်အကျဉ်း ၈ ပါး ဖြစ်သတည်း။
ဤသို့လျှင် စိတ်အကျဉ်းတခုယုတ် ကိုးဆယ်ဖြစ်သတည်း။

---

| | | |
|---|---|---|
| အကုသိုလ် | ၁၂ ပါး | ပေါင်းဇာတ်အားဖြင့် စိတ်တခုယုတ်ကိုးဆယ်၊ |
| ကုသိုလ် | ၂၁ ပါး | |
| ဝိပါက် | ၃၆ ပါး | |
| ကြိယာ | ၂၀ | |
| ကာမစိတ် | ၅၄ ပါး | ပေါင်း ဘုံအားဖြင့် စိတ်တခုယုတ်ကိုးဆယ်။ |
| ရူပစိတ် | ၁၅ ပါး | |
| အရူပစိတ် | ၁၂ ပါး | |
| လောကုတ္တရာစိတ် | ၈ ပါး | |

စိတ်အကျဉ်း သရုပ်ခွဲ ဆိုရိုးပြီး၏။

၁။ လောကုတ္တရာစိတ်အကျယ် ၄၀ တည်း…ကား။

| | |
|---|---|
| မဂ်စိတ် | ၂၀။ |
| ဖိုလ်စိတ် | ၂၀။ |
| ဤသို့လျှင် | ၄၀။ ဖြစ်သတည်း။ |

၂။ ထိုတွင်-မဂ်စိတ် ၂၀ ဟူသော်ကား….။

| | |
|---|---|
| သောတာပတ္တိ မဂ်စိတ် | ၅ ပါး။ |
| သကဒါဂါမိ မဂ်စိတ် | ၅ ပါး။ |
| အနာဂါမိ မဂ်စိတ် | ၅ ပါး။ |
| အရဟတ္တ မဂ်စိတ် | ၅ ပါး။ |

ဤသို့လျှင် ၂၀ ဖြစ်သတည်း။

၃။ ထိုတွင်-သောတာပတ္တိမဂ်စိတ် ၅ပါး ဟူသော်ကား….။
ဝိတက်,ဝိစာရ,ပီတိသုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၅ ပါး
နှင့်တကွဖြစ်သောပထမဈာန်သောတာပတ္တိမဂ်စိတ်တပါး
ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ ၄ ပါးနှင့်တကွ
ဖြစ်သော ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ်တပါး။
ပီတိ,သုခ,ဧကဂ္ဂတာ,ဈာန်အင်္ဂါ၃ပါးနှင့်တကွဖြစ်သော
တတိယဈာန် သောတာပတ္တိမဂ်စိတ်တပါး။
သုခ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့် တကွ ဖြစ်သော
စတုတ္ထဈာန် သောတာပတ္တိ မဂ်စိတ်တပါး။
ဥပေက္ခာ'ဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော
ပဉ္စမဈာန် သောတာပတ္တိ မဂ်စိတ်တပါး။

ဤသို့လျှင် ၅ ပါးဖြစ်သတည်း။

၄။ ထို့အတူ-သကဒါဂါမိ မဂ်စိတ် ၅ ပါး။

အနာဂါမိ မဂ်စိတ် ၅ ပါး။
အရဟတ္တ မဂ်စိတ် ၅ ပါးစီ ဖြစ်သတည်း။
ဤသို့လျှင် မဂ်စိတ် ၂၀ ဖြစ်သတည်း။

၅။ ထို အတူ-ဖိုလ်စိတ် ၂၀ လည်းဖြစ်သတည်း။
ဤသို့လျှင် လောကုတ္တရာစိတ် အကျယ်၄၀ဖြစ်သတည်း။
ဤသို့လျှင် စိတ်အကျယ် ၁၂၁ ပါးဖြစ်သတည်း။

| | | |
|---|---|---|
| ပထမဈာန် | ၈ ပါး | ပေါင်း ဈာန်အားဖြင့် လောကုတ္တရာစိတ် အကျယ် ၄၀။ |
| ဒုတိယဈာန် | ၈ ပါး | |
| တတိယဈာန် | ၈ ပါး | |
| စတုတ္ထဈာန် | ၈ ပါး | |
| ပဉ္စမဈာန် | ၈ ပါး | |
| သောမနဿ | ၃၂ ပါး | ပေါင်း ဝေဒနာအားဖြင့် လောကုတ္တရာစိတ်အကျယ် ၄၀။ |
| ဥပေက္ခာ | ၈ ပါး | |

ယောဂအားဖြင့် အားလုံး သမ္ပယုတ်သို့သွင်း ။
သင်္ခါရအားဖြင့် အားလုံး သသင်္ခါရိကသို့သွင်း။
လောကုတ္တရာစိတ်အကျယ်သရုပ်ခွဲ ဆိုရိုးပြီး၏။

---

| | | |
|---|---|---|
| ပထမဈာန် | ၁၁ ပါး | ပေါင်း ဈာန်အားဖြင့် မဟဂ္ဂုတ်လောကုတ္တရာစိတ် ၆၇ ပါး။ |
| ဒုတိယဈာန် | ၁၁ ပါး | |
| တတိယဈာန် | ၁၁ ပါး | |
| စတုတ္ထဈာန် | ၁၁ ပါး | |
| ပဉ္စမဈာန် | ၂၃ ပါး | |
| သုခ | ၄၄ ပါး | ပေါင်းဝေဒနာအားဖြင့် မဟဂ္ဂုတ် လောကုတ္တရာစိတ် ၆၇ ပါး။ |
| ဥပေက္ခာ | ၂၃ ပါး | |

မဟဂ္ဂုတ်လောကုတ္တရာစိတ်အကျယ်သရုပ်ခွဲ ဆိုရိုးပြီး၏။

| | | |
|---|---|---|
| အကုသိုလ် | ၁၂ ပါး | ပေါင်း ဇာတ်အားဖြင့် စိတ်အကျယ် ၁၂၁ ပါး။ |
| ကုသိုလ် | ၃၇ ပါး | |
| ဝိပါက် | ၅၂ ပါး | |
| ကြိယာ | ၂၀ ပါး | |
| ကာမာဝစရစိတ် | ၅၄ ပါး | ပေါင်း ဘုံအားဖြင့် စိတ်အကျယ် ၁၂၁ ပါး။ |
| ရူပါဝစရစိတ် | ၁၅ ပါး | |
| အရူပါဝစရစိတ် | ၁၂ ပါး | |
| လောကုတ္တရာအကျယ် ၄၀ | | |

စိတ်အကျယ် ၁၂၁ ပါး သရုပ်ခွဲ ဆိုရိုးပြီး၏။

စိတ်တခုယုတ် ကိုးဆယ်ကို နှစ်ပုံစီပုံ၍ ခွဲပုံကား....

| | | |
|---|---|---|
| လောကီစိတ် | ၈၁ ပါး | ပေါင်း ၈၉ ပါး။ |
| လောကုတ္တရာစိတ် | ၈ ပါး | |
| အဟိတ်စိတ် | ၁၈ ပါး | ပေါင်း ၈၉ ပါး။ |
| သဟိတ်စိတ် | ၇၁ ပါး | |
| အသောဘနစိတ် | ၃၀ ပါး | ပေါင်း ၈၉ ပါး။ |
| သောဘနစိတ် | ၅၉ ပါး | |
| သမ္ပယုတ်စိတ် | ၅၅ ပါး | ပေါင်း ၈၉ ပါး။ |
| ဝိပ္ပယုတ်စိတ် | ၃၄ ပါး | |
| အသင်္ခါရိက | ၃၇ ပါး | ပေါင်း ၈၉ ပါး။ |
| သသင်္ခါရိက | ၅၂ ပါး | |

၁၆၄၂

စိတ်တခုယုတ်ကိုးဆယ်ကို သုံးပုံစီပုံ၍ ခွဲပုံကား

| | | |
|---|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး | ပေါင်း ၈၉ ပါး။ |
| ကုသိုလ်စိတ် | ၂၁ ပါး | |
| အဗျာကတစိတ် | ၅၆ ပါး | |
| သုခသဟဂုတ်စိတ် | ၆၃ ပါး | ပေါင်း ၁၂၁ ပါး။ |
| ဒုက္ခသဟဂုတ်စိတ် | ၃ ပါး | |
| ဥပေက္ခာသဟဂုတ်စိတ် | ၅၅ ပါး | |
| ကာမစိတ် | ၅၄ ပါး | ပေါင်း ၈၉ ပါး။ |
| မဟဂ္ဂုတ်စိတ် | ၂၇ ပါး | |
| လောကုတ္တရာစိတ် | ၈ ပါး | |

---

စိတ်တခုယုတ်ကိုးဆယ်ကို ၄ ပုံစီပုံ၍ ခွဲပုံကား....

| | | |
|---|---|---|
| ကာမာဝစရစိတ် | ၅၄ ပါး | ပေါင်း ၈၉ ပါး။ |
| ရူပါဝစရစိတ် | ၁၅ ပါး | |
| အရူပါဝစရစိတ် | ၁၂ ပါး | |
| လောကုတ္တရာစိတ် | ၈ ပါး | |
| အကုသိုလ်စိတ် | ၁၂ ပါး | ပေါင်း ၈၉ ပါး။ |
| ကုသိုလ်စိတ် | ၂၁ ပါး | |
| ဝိပါက်စိတ် | ၃၆ ပါး | |
| ကြိယာစိတ် | ၂၀ ပါး | |

| | | |
|---|---|---|
| အဟိတ်စိတ် | ၁၈ ပါး | ပေါင်း ၈၉ ပါး |
| ဧကဟိတ်စိတ် | ၂ ပါး | |
| ဒွိဟိတ်စိတ် | ၂၂ ပါး | |
| တိဟိတ်စိတ် | ၄၇ ပါး | |

စိတ်တခုယုတ် ကိုးဆယ်ကို ၅ ပုံစီပုံ၍ ခွဲပုံကား

| | | |
|---|---|---|
| သုခသဟဂုတ်စိတ် | ၁ ပါး | ပေါင်း ၁၂၁ ပါး။ |
| ဒုက္ခသဟဂုတ်စိတ် | ၁ ပါး | |
| သောမနဿသဟဂုတ်စိတ် | ၆၂ ပါး | |
| ဒေါမနဿသဟဂုတ်စိတ် | ၂ ပါး | |
| ဥပေက္ခာသဟဂုတ်စိတ် | ၅၅ ပါး | |

| | | |
|---|---|---|
| တစ်ကိစ္စတတ်သောစိတ် | ၆၈ ပါး | ပေါင်း ၈၉ ပါး။ |
| နှစ်ကိစ္စတတ်သောစိတ် | ၂ ပါး | |
| သုံးကိစ္စတတ်သောစိတ် | ၉ ပါး | |
| လေးကိစ္စတတ်သောစိတ် | ၈ ပါး | |
| ငါးကိစ္စတတ်သောစိတ် | ၂ ပါး | |

| | | |
|---|---|---|
| တစ်ဒွါရဖြစ်သောစိတ် | ၃၆ ပါး | ပေါင်း ၈၉ ပါး။ |
| ငါးဒွါရဖြစ်သောစိတ် | ၃ ပါး | |
| ခြောက်ဒွါရဖြစ်သောစိတ် | ၃၁ ပါး | |
| ရံခါခြောက်ဒွါရဖြစ်သောစိတ် | ၁၀ ပါး | |
| အမြဲခြောက်ဒွါရမှ လွတ်သောစိတ် | ၉ ပါး | |

| | | |
|---|---|---|
| ကာမဇော် | ၂၅ ပါး | ပေါင်း ၈၉ ပါး။ |
| မဟဂ္ဂုတ်ဇော် | ၆ ပါး | |
| ပညတ်ဇော် | ၂၁ ပါး | |
| နိဗ္ဗာန်ဇော် | ၈ ပါး | |
| အနေဇော် | ၃၁ ပါး | |

**(မှတ်ချက်)** အဘိညာဉ်ဒွေနှုတ်မှ ၈၉ ပါး ဖြစ်မည်။

| | |
|---|---|
| ပဥ္စပတ္တုကို အမြဲမှီသော ပဥ္စဝိညာဏဓာတ် | ၁၀ ပါး။ |
| ဟဒယဝတ္ထုကို အမြဲမှီသော မနောဓာတ် | ၃ ပါး။ |
| ဟဒယဝတ္ထုကို အမြဲမှီသော မနောဝိညာဏဓာတ် | ၃၀ ပါး။ |
| ဟဒယဝတ္ထုကို ရံခါမှီသော မနောဝိညာဏဓာတ် | ၄၂ ပါး။ |
| ဝတ္ထုရုပ်ကို အမြဲမမှီသောမနောဝိညာဏဓာတ် | ၄ ပါး။ |
| | ပေါင်း ၈၉ ပါး။ |

(ဤ ၅ပုံစီပုံ၌ ခွဲပုံကား သုံးပိုင်းကုန်ပြီးမှ လေ့ကျင့်ရန်ဖြစ်သည်)

စိတ်ပိုင်းသရုပ်ခွဲ ဆိုရိုးပြီး၏။

❖❖❖❖❖❖❖❖❖❖❖❖❖❖

# စေတသိက်ပိုင်း သရုပ်ခွဲဆိုရိုး

၁။ စေတသိက် ၅၂ ပါး တည်း၊ ၅၂ ပါး ဟူသော်ကား….
အညသမာန်း စေတသိက် ၁၃ ပါး။
အကုသိုလ် စေတသိက် ၁၄ ပါး။
သောဘန စေတသိက် ၂၅ ပါး။
ဤသို့လျှင် ၅၂ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-အညသမာန်း စေတသိက်၁၃ ပါး ဟူသော်ကား
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး၊
ပကိဏ်း စေတသိက် ၆ ပါး။
ဤသို့လျှင် ၁၃ ပါး ဖြစ်သတည်း။

၃။ ထိုတွင်-သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး ဟူသော်ကား....

| | | |
|---|---|---|
| ဖဿ | (တွေ့ထိ) | (၁၉) |
| ဝေဒနာ | (ခံစား) | ။ |
| သညာ | (မှတ်သား) | ။ |
| စေတနာ | (စေ့ဆော်) | ။ |
| ဧကဂ္ဂတာ | (တည်ကြည်) | ။ |
| ဇီဝိတိန္ဒြိယ | (နာမ်သက်စောင့်ထိန်း) | ။ |
| မနသိကာရ | (အာရုံပြု) | ။ |

ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

(အမှာ) စေတသိက်တို့၏ နောက်၌ ကွင်းထားသော.

စာနှင့် ဂဏန်းများကား ထည့်၍ ကျက်ရန်မဟုတ် နောင်အခါ သိဘို့ရန် စေတသိက်တို့၏သဘောနှင့် ယှဉ်သောစိတ်၏ အရေအတွက်များကို ပြခြင်းဖြစ်သည်။

၄။ ပကိဏ်းစေတသိက် ၆ ပါး ဟူသော်ကား....

| | | |
|---|---|---|
| ဝိတက် | (ကြံစီ) | (၅၅) |
| ဝိစာရ | (သုံးသပ်) | (၆၆) |
| အဓိမောက္ခ | (ဆုံးဖြတ်) | (၇၀) |
| ဝိရိယ | (အားထုတ်) | (၇၃) |
| ပီတိ | (နှစ်သက်) | (၅၁) |
| ဆန္ဒ | (တောင့်တ) | (၆၉) |

ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

ဤသို့လျှင် အညသမာန်း စေတသိက် ၁၃ပါး ဖြစ်သတည်း။

၅။ အကုသိုလ် စေတသိက် ၁၄ ပါး ဟူသော်ကား....

| | | |
|---|---|---|
| မောဟ | (အမှန်ကွယ်ဝှက်) | (၁၂) |
| အဟိရိက | (ဒုစရိုက်မှမရှက်) | ။ |
| အနောတ္တပ္ပ | (ဒုစရိုက်မှ မလန့်) | ။ |
| ဥဒ္ဓစ္စ | (ပျံ့လွင့်) | ။ |
| လောဘ | (လိုချင်) | (၈) |
| ဒိဋ္ဌိ | (အယူမှား) | (၄) |
| မာန | (ထောင်လွှား) | (၄) |
| ဒေါသ | (ခက်ထန်) | (၂) |
| ဣဿာ | (ငြူစူ) | ။ |
| မစ္ဆရိယ | (ဝန်တို) | ။ |

ကုက္ကုစ္စ (နောင်တပူပင်) (၂)
ထိန (ထိုင်း) (၅)
မိဒ္ဓ (မှိုင်း) ။
ဝိစိကိစ္ဆာ (ယုံမှား) (၁)

ဤသို့လျှင် ၁၄ ပါးဖြစ်သတည်း။

၆။ သောဘန စေတသိက် ၂၅ ပါး ဟူသော်ကား....။

သောဘန သာဓာရဏ စေတသိက် ၁၉ ပါး။
ဝိရတီ စေတသိက် ၃ ပါး။
အပ္ပမညာ စေတသိက် ၂ ပါး။
ပညိန္ဒြေ စေတသိက် ၁ ပါး။

ဤသို့လျှင် ၂၅ ပါး ဖြစ်သတည်း။

၇။ ထိုတွင်-သောဘန သာဓာရဏ စေတသိက် ၁၉ ပါး ဟူသော်ကား....

သဒ္ဓါ (ယုံကြည် ကျေနပ်) (၅၉)
သတိ (အမှတ်ရ) ။
ဟိရီ (ဒုစရိုက်မှ ရှက်) ။
သြတ္တပ္ပ (ဒုစရိုက်မှ ကြောက်) ။
အလောဘ (မစုံ မမက်) ။
အဒေါသ (မခက်ထန်) ။
တတြမဇ္ဈတ္တတာ (လျစ်လျူရှု) ။

| | | | |
|---|---|---|---|
| ကာယပ္ပဿဒ္ဓိ<br>စိတ္တပ္ပဿဒ္ဓိ | စေ<br>စိတ် | ငြိမ်းအေး | (၅၉) |
| ကာယလဟုတာ<br>စိတ္တလဟုတာ | | လျှင်မြန် | ။ |
| ကာယ မုဒုတာ<br>စိတ္တမုဒုတာ | | နူးညံ့ | ။ |
| ကာယကမ္မညတာ<br>စိတ္တကမ္မညတာ | | ခံ့ညား | ။ |
| ကာယပါဂုညတာ<br>စိတ္တပါဂုညတာ | | လေ့လာ | ။ |
| ကာယုဇုကတာ<br>စိတ္တုဇုကတာ | | ဖြောင့်သား | ၊ |

ဤသို့လျှင် ၁၉ ပါး ဖြစ်သတည်း။

၈။ ဝိရတီ စေတသိက် ၃ ပါး ဟူသော်ကား။

| | | |
|---|---|---|
| သမ္မာဝါစာ | (ကောင်းသောစကား) | (၅၆) |
| သမ္မာကမ္မန္တ | (ကောင်းသောအမှု) | ။ |
| သမ္မာအာဇီဝ | (ကောင်းသော အသက်မွေးမှု) | ။ |

ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။

၉။ အပ္ပမညာ စေတသိက် ၂ ပါး ဟူသော်ကာ း။

| | | |
|---|---|---|
| ကရုဏာ | (သနားခြင်း) | (၂၈) |

မုဒိတာ (ဝမ်းမြောက်ခြင်း) (၂၀)

ဤသို့လျှင် ၂ ပါး ဖြစ်သတည်း။

၁၀။ ပညိန္ဒြေ စေတသိက် ၁ ပါး ဟူသော်ကား၊
အမောဟစေတသိက်တည်း (အသိဉာဏ်) (၄၇)
ဤသို့လျှင် သောဘန စေတသိက် ၂၅ ပါးဖြစ်သတည်း။

ဤသို့လျှင် စေတသိက် ၅၂ ပါး ဖြစ်သတည်း။
စေတသိက် သရုပ်ပြီး၏။

---

အညသမာန်း သမ္ပယောဂနည်း။

၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး တို့သည် စိတ်အားလုံးနှင့် ယှဉ်ကုန်၏။

၂။ ဝိတက်ယှဉ်သောစိတ် ၅၅ ပါးတည်း....ကား....
ဒွေပဉ္စဝိညာဉ် ၁၀ ကြဉ်သော ကာမာဝစရစိတ် ၄၄ ပါး။
ပထမဈာန် ၁၁ ပါး။

ဤသို့လျှင် ၅၅ ပါးဖြစ်သတည်း။

ဝိတက်မယှဉ်သောစိတ် ၆၆ ပါးတည်း....ကား....
ဒွေပဉ္စဝိညာဉ် ၁၀ ပါး။
ဒုတိယဈာန် ၁၁ ပါး။
တတိယဈာန် ၁၁ ပါး။
စတုတ္ထဈာန် ၁၁ ပါး။
ပဉ္စမဈာန် ၂၃ ပါး။

ဤသို့လျှင် ၆၆ ပါး ဖြစ်သတည်း။

၃။ ဝိစာရယှဉ်သောစိတ် ၆၆ ပါး တည်း....ကား
ဒွေပဉ္စဝိညာဉ် ၁၀ ကြဉ်သော ကာမာဝစရစိတ်
၄၄ ပါး။
ပထမဈာန် ၁၁ ပါး။
ဒုတိယဈာန် ၁၁ ပါး။
ဤသို့လျှင် ၆၆ ပါး။ ဖြစ်သတည်း။
ဝိစာရမယှဉ်သောစိတ် ၅၅ ပါးတည်း....ကား
ဒွေပဉ္စဝိညာဉ် ၁၀ ပါး။
တတိယဈာန် ၁၁ ပါး၊
စတုတ္ထဈာန် ၁၁ ပါး။
ပဉ္စမဈာန် ၂၃ ပါး။
ဤသို့လျှင် ၅၅ ပါး ဖြစ်သတည်း။
၄။ အဓိမောက္ခယှဉ်သောစိတ် ၇၈ ပါးတည်း....ကား
ဒွေပဉ္စဝိညာဉ် ၁၀ ဝိစိကိစ္ဆာသဟဂုတ် ကြဉ်သောစိတ်
၇၈ ပါး တည်း။
အဓိမောက္ခ မယှဉ်သောစိတ် ၁၁ ပါးတည်း.....ကား
ဒွေပဉ္စဝိညာဉ် ၁၀ ဝိစိကိစ္ဆာသဟဂုတ် ဤ ၁၁ ပါး
တည်း။
၅။ ဝိရိယယှဉ်သောစိတ် ၇၃ ပါးတည်း....ကား
ပဉ္စဒွါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဉ် ၁၀ ပါး သမ္ပဋိစ္ဆိုင်းဒွေ
သန္တီရဏ ၃ ခု ကြဉ်သောစိတ် ၇၃ ပါးတည်း။
ဝိရိယမယှဉ်သောစိတ် ၁၆ ပါးတည်း....ကား
ပဉ္စဒွါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဉ် ၁၀ သမ္ပဋိစ္ဆိုင်းဒွေ
သန္တီရဏ ၃ ခု ဤ ၁၆ ပါး တည်း။

၆။ ပီတိယှဉ်သောစိတ် ၅၁ ပါး တည်း....ကား
ဒေါသမူ ၂ ပါး၊ ဥပေက္ခာသဟဂုတ် ၅၅ ကာယဝိညာဉ် ၂ ပါး၊ စတုတ္ထဈာန် ၁၁ ပါး ကြဉ်သောစိတ် ၅၁ ပါး တည်း။

ပီတိ မယှဉ်သောစိတ် ၇၀ တည်း....ကား
ဒေါသမူ ၂ ပါး၊ ဥပေက္ခာ သဟဂုတ် ၅၅။ ကာယဝိညာဉ် ၂ ပါး၊ စတုတ္ထဈာန် ၁၁ ပါး ဤ ၇၀ တည်း။

၇။ ဆန္ဒယှဉ်သောစိတ် ၆၉ ပါးတည်း....ကား
အဟိတ်စိတ် ၁၈ ပါး။ မောဟမူ ၂ ပါး ကြဉ်သောစိတ် ၆၉ ပါးတည်း၊

ဆန္ဒမယှဉ်သောစိတ် ၂၀ တည်း....ကား
အဟိတ်စိတ် ၁၈ ပါး၊ မောဟမူ ၂ ပါး ဤ ၂၀ တည်း၊
အညသမာန်း သမ္ပယောဂနည်း ၇ ပါး ပြီး၏။

---

## အကုသိုလ်သမ္ပယောဂနည်း

၁။ မောဟ၊ အဟိရိက အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ အကုသလသာ ဓာရဏာ စေတသိက် ၄ ပါးတို့သည် အကုသိုလ်စိတ် အားလုံးနှင့် ယှဉ်ကုန်၏။

၂။ လောဘသည် လောဘမူစိတ် ၈ ပါးနှင့်သာယှဉ်၏။
ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ် ၄ ပါးနှင့်သာယှဉ်၏။
မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ပါးနှင့်သာယှဉ်၏။

၃။ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ၄ပါးတို့သည် ဒေါသမူစိတ် ၂ ပါး နှင့်သာ ယှဉ်ကုန်၏။

၄။ ထိန မိဒ္ဓသည် သသင်္ခါရိကစိတ် ၅ ပါးနှင့်သာ ယှဉ်ကုန်၏။

၅။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့်သာ ယှဉ်၏။

အကုသိုလ် သမ္ပယောဂနည်း ၅ ပါး ပြီး၏။

---

သောဘန သမ္ပယောဂနည်း။

၁။ သောဘန သာဓာရဏ စေတသိက် ၁၉ ပါး တို့သည် သောဘနစိတ် အားလုံးနှင့် ယှဉ်ကုန်၏။

၂။ ဝိရတီယှဉ်သောစိတ် ၁၆ ပါး တည်း....ကား

မဟာကုသိုလ်စိတ် ၈ ပါး။
လောကုတ္တရာစိတ် ၈ ပါး။

ဤသို့လျှင် ၁၆ ပါး ဖြစ်သတည်း။

၃။ အပ္ပမညာယှဉ်သောစိတ် ၂၈ ပါး တည်း....ကား။

မဟာကုသိုလ်စိတ် ၈ ပါး
မဟာကြိယာစိတ် ၈ ပါး။
ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ ပါး။

ဤသို့လျှင် ၂၈ ပါး ဖြစ်သတည်း။

၄။ ပညိန္ဒြေယှဉ်သောစိတ် ၄၇ ပါးတည်း....ကား
ဉာဏသမ္ပယုတ် ကာမသောဘနစိတ် ၁၂ ပါး။
မဟဂ္ဂုတ် လောကုတ္တရာ ၃၅ ပါး။
ဤသို့လျှင် ၄၇ ပါး ဖြစ်သတည်း။

သောဘန သမ္ပယောဂနည်း ၈ ပါး ပြီး၏။

သမ္ပယောဂနည်း ၁၆ ပါး ပြီး၏။

---

အနိယတ နိယတ အခွဲ။

၁။ အနိယတယောဂီ စေတသိက် ၁၁ ပါးတည်း....ကား
ဝိရတီ မဇ္ဈရိယ ကုက္ကုစ္စ ၃ ပါး။
ဝိရတီ ၃စေတသိက် ၃ ပါး။
အပ္ပမညာ စေတသိက် ၂ ပါး။
မာန ထိန မိဒ္ဓ ၃ ပါး။
ဤသို့လျှင် ၁၁ ပါး ဖြစ်သတည်း။

၂။ နိယတ ယောဂီ စေတသိက် ၄၁ ပါးတည်း····ကား
ကြွင်း၃သာစေတသိက် ၄၁ ပါး တည်း။

အနိယတ နိယတ အခွဲပြီး၏။

## စိတ်တပါးယှဉ် ၂ ပါးယှဉ် စသည်ခွဲပုံ။

| | | |
|---|---|---|
| စိတ်တပါးနှင့်ယှဉ် | တပါးတည်း | ကား....ဝိစိကိစ္ဆာတည်း။ |
| ။ ၂ ပါးနှင့် | ၄ ပါးတည်း | ။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,တည်း။ |
| ။ ၄ ။ ။ | ၂ ။ ။ | ။ ဒိဋ္ဌိ,မာန တည်း။ |
| ။ ၅ ။ ။ | ၂ ။ ။ | ။ ထိန,မိဒ္ဓ တည်း။ |
| ။ ၈ ။ ။ | ၁ ။ ။ | ။ လောဘ တည်း။ |
| ။ ၁၂ ။ ။ | ၄ ။ ။ | ။ အကုသလ သာဓာရဏ ၄ တည်း |
| ။ ၁၆ ။ ။ | ၃ ။ ။ | ။ ဝိရတီ ၃ ပါး တည်း။ |
| ။ ၂၀ ။ ။ | ၂ ။ ။ | ။ အပ္ပမညာ ဒွေ တည်း။ |
| ။ ၂၇ ။ ။ | ၁ ။ ။ | ။ ပညိန္ဒြေ တည်း။ |
| ။ ၅၁ ။ ။ | ၁ ။ ။ | ။ ပီတိ တည်း။ |
| ။ ၅၅ ။ ။ | ၁ ။ ။ | ။ ဝိတက် တည်း။ |
| ။ ၅၉ ။ ။ | ၁၉ ။ ။ | ။ သောဘန သာဓာရဏ ၁၉ တည်း |
| ။ ၆၆ ။ ။ | ၁ ။ ။ | ။ ဝိစာရ တည်း။ |
| ။ ၆၉ ။ ။ | ၁ ။ ။ | ။ ဆန္ဒ တည်း။ |
| ။ ၇၃ ။ ။ | ၁ ။ ။ | ။ ဝိရိယ တည်း။ |
| ။ ၇၀ ။ ။ | ၁ ။ ။ | ။ အဓိမောက္ခ တည်း။ |
| ။ ၈၉ ။ ။ | ၇ ။ ။ | သဗ္ဗ စိတ္တ သာဓာရဏ ၇ တည်း |

ပေါင်း စေတသိက် ၅၂ ပါး တည်း။

သမ္ပယောဂနည်း ပြီး၏။

သင်္ဂဟနည်း အကျဉ်း ၅ ပါး။

၁။ လောကုတ္တရာစိတ်၌ ယှဉ်သော စေတသိက် ၃၆ ပါး။ တည်း....ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃ ပါး။
ဤသို့လျှင် ၃၆ ပါး ဖြစ်သတည်း။

၂။ မဟဂ္ဂုတ်စိတ်၌ ယှဉ်သော စေတသိက် ၃၅ ပါးတည်း.... ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
ဝိရတီ ကြဉ်သော သောဘနစေတသိက် ၂၂ ပါး။
ဤသို့လျှင် ၃၅ ပါး ဖြစ်သတည်း။

၃။ ကာမသောဘနစိတ်၌ ယှဉ်သော စေတသိက် ၃၈ ပါး တည်း....ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
သောဘန စေတသိက် ၂၅ ပါး။
ဤသို့လျှင် ၃၈ ပါး ဖြစ်သတည်း။

၄။ အကုသိုလ်စိတ်၌ ယှဉ်သော စေတသိက် ၂၇ ပါး တည်း....ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
အကုသိုလ် စေတသိက် ၁၄ ပါး။
ဤသို့လျှင် ၂၇ ပါး ဖြစ်သတည်း။

၅။ အဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၁၂ ပါးတည်း.... ကား။

ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး။ တည်း။

<u>သင်္ဂဟနည်း အကျဉ်း ၅ ပါးပြီး၏။</u>

လောကုတ္တရာစိတ်၌ သင်္ဂဟနည်း အကျယ် ၅ ပါး။

၁။ လောကုတ္တရာ ပထမဈာန် ၈ ပါး၌ ယှဉ်သော စေတသိက် ၃၆ ပါးတည်း....ကား
အညသမာန်း စေတသိက် ၁၃ ပါး။
အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃ ပါး။
ဤသို့လျှင် ၃၆ ပါး ဖြစ်သတည်း။

၂။ လောကုတ္တရာ ဒုတိယဈာန် ၈ ပါး၌ ယှဉ်သော စေတသိက် ၃၅ ပါးတည်း....ကား
ဝိတက်ကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး။
အပ္ပမညာကြဉ်သော သောဘန စေတသိက် ၂၃ ပါး။
ဤသို့လျှင် ၃၅ ပါးဖြစ်သတည်း။

၃။ လောကုတ္တရာ တတိယဈာန် ၈ ပါး၌ ယှဉ်သော စေတသိက် ၃၄ ပါးတည်း....ကား
ဝိတက် ဝိစာရကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါး။
အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃ ပါး။
ဤသို့လျှင် ၃၄ ပါး ဖြစ်သတည်း။

၄။ လောကုတ္တရာ စတုတ္ထဈာန် ၈ ပါး၌ ယှဉ်သော စေတသိက် ၃၃ ပါးတည်း....ကား

ဝိတက် ဝိစာရ ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၀ ပါး။
အပ္ပမညာကြဉ်သော သောဘန စေတသိက် ၂၃ ပါး။
ဤသို့လျှင် ၃၃ ပါး ဖြစ်သတည်း။

၅။ လောကုတ္တရာ ပဉ္စမဈာန် ၈ ပါး ၌ ယှဉ်သော စေတသိက် ၃၃ ပါး တည်း....ကား။
စတုတ္ထဈာန်၌ ယှဉ်သော ၃၃ ပါးပင်တည်း ဥပေက္ခာဝေဒနာ သာထူး၏။

လောကုတ္တရာစိတ်၌ သင်္ဂဟနည်းအကျယ် ၅ ပါး ပြီး၏။

မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း အကျယ် ၅ ပါး။

၁။ မဟဂ္ဂုတ် ပဌမဈာန် ၃ ပါး၌ ယှဉ်သော စေတသိက် ၃၅ ပါးတည်း....ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
ဝိရတီ ကြဉ်သော သောဘန စေတသိက် ၂၂ ပါး။
ဤသို့လျှင် ၃၅ ပါး ဖြစ်သတည်း။

၂။ မဟဂ္ဂုတ် ဒုတိယဈာန် ၃ ပါး၌ ယှဉ်သော စေတသိက် ၃၄ ပါး တည်း....ကား
ဝိတက်ကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး။
ဝိရတီကြဉ်သော သောဘန စေတသိက် ၂၂ ပါး။
ဤသို့လျှင် ၃၄ ပါး ဖြစ်သတည်း။

၃။ မဟဂ္ဂုတ် တတိယဈာန် ၃ ပါး၌ ယှဉ်သော စေတသိက် ၃၃ ပါး တည်း....ကား။

ဝိတက် ဝိစာရကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါး။

ဝိရေတီကြဉ်သော သောဘန စေတသိက် ၂၂ ပါး။

ဤသို့လျှင် ၃၃ ပါး ဖြစ်သတည်း။

၄။ မဟဂ္ဂုတ် စတုတ္ထဈာန် ၃ ပါး၌ ယှဉ်သော စေတသိက် ၃၂ ပါး တည်း....ကား။

ဝိတက် ဝိစာရ ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၀ ပါး။

ဝိရတီ ကြဉ်သော သောဘန စေတသိက် ၂၂ ပါး။

ဤသို့လျှင် ၃၂ ပါး ဖြစ်သတည်း။

၅။ မဟဂ္ဂုတ် ပဥ္စမဈာန် ၁၅ ပါး၌ ယှဉ်သော စေတသိက် ၃၀ တည်း....ကား။

ဝိတက်,ဝိစာရ, ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၀ ပါး။

ဝိရတီ, အပ္ပမညာ ကြဉ်သော သောဘနစေသိက် ၂၀။

ဤသို့လျှင် ၃၀ ဖြစ်သတည်း။

မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း အကျယ် ၅ ပါး ပြီး၏။

---

ကာမသောဘနစိတ်၌ သင်္ဂဟနည်း အကျယ် ၁၂ ပါး။

၁။ မဟာကုသိုလ် ပထမဒွေ၌ ယှဉ်သော် စေတသိက်၃၈ပါး တည်း....ကား။

အညသမာန်း စေတသိက် ၁၃ ပါး။

သောဘန စေတသိက် ၂၅ ပါး။
ဤသို့လျှင် ၃၈ ပါး ဖြစ်သတည်း။

၂။ မဟာကုသိုလ် ဒုတိယဒွေ့၌ ယှဉ်သော စေတသိက် ၃၇ ပါးတည်း....ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
ပညာကြဉ်သော သောဘနစေတသိက် ၂၄ ပါး။
ဤသို့လျှင် ၃၇ ပါး ဖြစ်သတည်း။

၃။ မဟာကုသိုလ် တတိယ ဒွေ့၌ ယှဉ်သော စေတသိက် ၃၇ ပါး တည်း....ကား။
ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး။
သောဘန စေတသိက် ၂၅ ပါး။
ဤသို့လျှင် ၃၇ ပါး ဖြစ်သတည်း။

၄။ မဟာကုသိုလ် စတုတ္ထဒွေ့၌ ယှဉ်သော စေတသိက် ၃၆ ပါး တည်း....ကား။
ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး။
ပညာကြဉ်သော သောဘန စေတသိက် ၂၄ ပါး။
ဤသို့လျှင် ၃၆ ပါး ဖြစ်သတည်း။
မဟာကုသိုလ်စိတ်၌ သင်္ဂဟနည်းအကျယ် ၄ ပါး ပြီး၏။

---

၁။ မဟာကြိယာ ပထမဒွေ့၌ ယှဉ်သော စေတသိက် ၃၅ ပါး။ တည်း....ကား။

အညသမာန်း စေတသိတ် ၁၃ ပါး။
ဝိရတီကြဉ်သော သောဘန စေတသိက် ၂၂ ပါး။
ဤသို့လျှင် ၃၅ ပါး ဖြစ်သတည်း။

၂။ မဟာကြိယာ ဒုတိယဒွေ၌ ယှဉ်သော စေတသိက် ၃၄ ပါး တည်း….ကား။
အညသမာန်း စေတသိက် ၁၃ ပါး။
ဝိရတီ, ပညိန္ဒြေ, ကြဉ်သော သောဘန စေတသိက် ၂၁ ပါး။
ဤသို့လျှင် ၃၄ ပါး ဖြစ်သတည်း။

၃။ မဟာကြိယာ တတိယဒွေ၌ ယှဉ်သော စေတသိက် ၃၄ ပါး တည်း….ကား။
ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး။
ဝိရတီကြဉ်သော သောဘနစေတသိက် ၂၂ ပါး။
ဤသို့လျှင် ၃၄ ပါး ဖြစ်သတည်း။

၄။ မဟာကြိယာ စတုတ္ထဒွေ၌ ယှဉ်သော စေတသိက် ၃၃ ပါး တည်း….ကား။
ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး။
ဝိရတီပညိန္ဒြေယှဉ်သော သောဘနစေတသိက် ၂၁ပါး။
ဤသို့လျှင် ၃၃ ပါး ဖြစ်သတည်း။

မဟာကြိယာ သင်္ဂဟနည်း အကျယ် ၄ ပါး ပြီး၏။

---

၁။ မဟာဝိပါက် ပထမဒွေ၌ ယှဉ်သော စေတသိက် ၃၃ ပါး တည်း….ကား။

အညသမာန်း စေတသိက် ၁၃ ပါး။
ဝိရတီ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀။
ဤသို့လျှင် ၃၃ ပါး ဖြစ်သတည်း။

၂။ မဟာဝိပါက် ဒုတိယဒွေ့၌ ယှဉ်သော စေတသိက် ၃၂ ပါး တည်း....ကား။
အညသမာန်းစေတသိက် ၁၃ ပါး။
ဝိရတီ အပ္ပမညာ ပညိန္ဒြေကြဉ်သော သောဘန စေတသိက် ၁၉ ပါး။
ဤသို့လျှင် ၃၂ ပါး ဖြစ်သတည်း။

၃။ မဟာဝိပါက် တတိယဒွေ့၌ ယှဉ်သော စေတသိက် ၃၂ ပါး တည်း....ကား။
ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး။
ဝိရတီ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀။
ဤသို့လျှင် ၃၂ ပါး ဖြစ်သတည်း။

၄။ မဟာဝိပါက် စတုတ္ထဒွေ့၌ ယှဉ်သော စေတသိက် ၃၁ ပါး တည်း .. ကား။
ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး။
ဝိရတီ အပ္ပမညာ ပညိန္ဒြေ ကြဉ်သော သောဘန စေတသိက် ၁၉ ပါး။
ဤသို့လျှင် ၃၁ ပါး ဖြစ်သတည်း။

မဟာဝိပါက်စိတ်၌ သင်္ဂဟနည်းအကျယ် ၄ ပါး ပြီး၏။
ကာမသောဘနစိတ်၌ သင်္ဂဟနည်းအကျယ် ၁၂ ပါး ပြီး၏။

6

အကုသိုလ်သင်္ဂဟနည်း အကျယ် ၇ ပါး။

၁။ အကုသိုလ် ပထမ အသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် ၁၉ ပါး တည်း....ကား။
အညသမာန်း ၁၃ ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ လောဘ ဒိဋ္ဌိ။
ဤသို့လျှင် ၁၉ ပါး ဖြစ်သတည်း။
အကုသိုလ်ဒုတိယ အသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် ၁၉ ပါး တည်း....ကား။
အညသမာန်း ၁၃ ပါး၊ အကုသလ သာဓာရဏ ၄ ပါး။ လောဘ မာန။
ဤသို့လျှင် ၁၉ ပါး ဖြစ်သတည်း။

၂။ အကုသိုလ် တတိယ အသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် ၁၈ ပါး တည်း....ကား။
ပီတိကြဉ် အညသမာန်း ၁၂ ပါး။ အကုသလ သာဓာရဏ ၄ ပါး၊ လောဘ ဒိဋ္ဌိ။
ဤသို့လျှင် ၁၈ ပါး ဖြစ်သတည်း။
အကုသိုလ်စတုတ္ထ အသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် ၁၈ ပါး တည်း....ကား။
ပီတိကြဉ် အညသမာန်း ၁၂ ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ လောဘ မာန။
ဤသို့လျှင် ၁၈ ပါး ဖြစ်သတည်း။

၃။ အကုသိုလ်ပဉ္စမ အသင်္ခါရိကဒွိ ယှဉ်သော စေတသိက် ၂၀ တည်း....ကား။
ပီတိကြဉ် အညသမာန်း ၁၂ ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ကုက္ကုစ္စ၊
ဤသို့လျှင် ၂၀ ဖြစ်သတည်း။

၄။ အကုသိုလ်ပထမ သသင်္ခါရိကဒွိ ယှဉ်သော စေတသိက် ၂၁ ပါး တည်း....ကား။
အညသမာန်း ၁၃ ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ။
ဤသို့လျှင် ၂၁ ပါး ဖြစ်သတည်း။
အကုသိုလ် ဒုတိယ သသင်္ခါရိကဒွိယှဉ်သော စေတသိက် ၂၁ ပါး တည်း....ကား။
အညသမာန်း ၁၃ ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ။
ဤသို့လျှင် ၂၁ ပါး ဖြစ်သတည်း။

အကုသိုလ်တတိယ သသင်္ခါရိကဒွိ ယှဉ်သော စေတသိက် ၂၀ တည်း....ကား။
ပီတိကြဉ် အညသမာန်း ၁၂ပါး၊ အကုသလ သာဓာရဏ ၄ပါး၊ လောဘ၊ဒိဋ္ဌိ၊ထိန၊မိဒ္ဓ၊
ဤသို့လျှင် ၂၀ ဖြစ်သတည်း။

၅။ အကုသိုလ်စေတုတ္တ သသင်္ခါရိကဥ်ယှဉ်သော စေတသိက် ၂၀ တည်း....ကား။
ပီတိကြဉ် အညသမာန်း ၁၂ ပါး၊အကုသလ သာဓာရဏ ၄ ပါး၊ လောဘ၊ မာန။ ထိန၊ မိဒ္ဓ။
ဤသို့လျှင် ၂၀ ဖြစ်သတည်း။

၆။ အကုသိုလ် ပဥ္စမ သသင်္ခါရိကဥ် ယှဉ်သော စေတသိက် ၂၂ ပါး တည်း....ကား။
ပီတိကြဉ်အညသမာန်း ၁၂ ပါး၊ အကုသလ သာဓာရဏ ၄ပါး၊ ဒေါသ၊ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊ ထိန၊မိဒ္ဓ။ ဤသို့လျှင် ၂၂ ပါး ဖြစ်သတည်း။

၇။ ဥဒ္ဓစ္စသဟဂုတ်ဥ် ယှဉ်သော စေတသိက် ၁၅ ပါး တည်း....ကား။
ဆန္ဒ ပီတိကြဉ် အညသမာန်း ၁၁ ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ဤသို့လျှင် ၁၅ပါးဖြစ်သတည်း
ဝိစိကိစ္ဆာသဟဂုတ်ဥ် ယှဉ်သော စေတသိက် ၁၅ ပါး တည်း....ကား။
ဆန္ဒ၊ပီတိ၊အဓိမောက္ခ ကြဉ် အညသမာန်း၁၀ပါး၊ အကုသလ သာဓာရဏ ၄ ပါး၊ ဝိစိကိစ္ဆာ၊ ဤသို့ လျှင် ၁၅ ပါး ဖြစ်သတည်း။

အကုသိုလ်သင်္ဂဟနည်း အကျယ် ၇ ပါး ပြီး၏။

အဟိတ်စိတ်၌ သင်္ဂဟနည်း အကျယ် ၄ ပါး။

၁။ ဟသိတုပ္ပါဒ်၌ ယှဉ်သော စေတသိက် ၁၂ ပါးတည်း....ကား။

ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါးတည်း

၂။
- ဝုဋ္ဌော စိတ်၌ ယှဉ်သော စေတသိက် ၁၁ ပါးတည်း....ကား။
- ဆန္ဒ၊ ပီတိ၊ ကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါးတည်း။
- သုခ သန္တီရဏ၌ ယှဉ်သော စေတသိက် ၁၁ ပါးတည်း....ကား။
- ဆန္ဒ ဝိရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါးတည်း။

၃။ မနောဓာတ် ၃ ခု၊ အဟိတ်ပတိသန္ဓေ ၂ ခု၌ ယှဉ်သော စေတသိက် ၁၀ ပါး တည်း....ကား။
ဆန္ဒ၊ ပီတိ၊ ဝိရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၀ ပါးတည်း။

၄။ ဒွေပဉ္စဝိညာဉ် ၁၀ ၌ ယှဉ်သော စေတသိက် ၇ ပါး တည်း....ကား

သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇ ပါးတည်း။

အဟိတ်စိတ်၌ သင်္ဂဟနည်း အကျယ် ၄ ပါး ပြီး၏။

စေတသိက်ပိုင်း သရုပ်ခွဲဆိုရိုး ပြီး၏။

# ပကိဏ်းပိုင်း သရုပ်ခွဲ ဆိုရိုး

၁။ ပကိဏ်းပိုင်း၌ သင်္ဂဟ ၆ ပါး တည်း....ကား။
ဝေဒနာ သင်္ဂဟ
ဟေတု သင်္ဂဟ
ကိစ္စ သင်္ဂဟ
ဒွါရ သင်္ဂဟ
အာရမ္မဏ သင်္ဂဟ
ဝတ္ထု သင်္ဂဟ
ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-ဝေဒနာသင်္ဂဟ၌ ဝေဒနာသည် အာရမ္မဏာနုဘဝန လက္ခဏာအားဖြင့် ၃ ပါး တည်း····ကား။
သုခ ဝေဒနာ။
ဒုက္ခ ဝေဒနာ
အဒုက္ခ မသုခ ဝေဒနာ
ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။

ဣန္ဒြေအပြားအားဖြင့် ၅ ပါး တည်း....ကား။
သုခ ဝေဒနာ
ဒုက္ခ ဝေဒနာ
သောမနဿ ဝေဒနာ
ဒေါမနဿ ဝေဒနာ
ဥပေက္ခာ ဝေဒနာ
ဤသို့လျှင် ၅ ပါး ဖြစ်သတည်း။

၃။ ထိုတွင်-သုခဝေဒနာနှင့် ယှဉ်သော စိတ်တပါးတည်း....ကား။
သုခသဟဂုတ် ကာယဝိညာဉ်စိတ် တပါးတည်း။

၄။ ဒုက္ခဝေဒနာနှင့်ယှဉ်သောစိတ် တပါးတည်း....ကား။
ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ် တပါးတည်း။

၅။ သောမနဿ ဝေဒနာနှင့် ယှဉ်သော စိတ် ၆၂ ပါးတည်း....ကား။

| | |
|---|---|
| ကာမာဝစရ သောမနဿ | ၁၈ ပါး။ |
| ပဌမဈာန် | ၁၁ ပါး။ |
| ဒုတိယဈာန် | ။ |
| တတိယဈာန် | ။ |
| စတုတ္ထဈာန် | ။ |

ဤသို့လျှင် ၆၂ ပါး ဖြစ်သတည်း။

၆။ ဒေါမနဿဝေဒနာနှင့် ယှဉ်သော စိတ် ၂ ပါးတည်း....ကား။
ဒေါသမူစိတ် ၂ ပါးတည်း။

၇။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ် ၅၅ ပါး တည်း....ကား။

| | |
|---|---|
| ကာမာဝစရ ဥပေက္ခာ | ၂၃ ပါး။ |
| ပဉ္စမဈာန် | ၂၃ ပါး။ |

ဤသို့လျှင် ၅၅ ပါး ဖြစ်သတည်း။

ဝေဒနာ သင်္ဂဟ ပြီး၏။

ဟေတုသင်္ဂဟ

၁။ ဟေတုသင်္ဂဟ၌ ဟိတ် ၆ ပါး တည်း....ကား။
လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊
အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊
ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-အဟိတ်စိတ် ၁၈ ပါး တည်း....ကား။

| | |
|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| ဒွေ ပဉ္စဝိညာဉ် | ၁၀ |
| သမ္ပဋိစ္ဆိုင်းဒွေ | ၂ |
| သန္တီရဏ | ၃ |
| ဝုဋ္ဌော | ၁ |
| ဟသိတုပ္ပါဒ် | ၁ |

ဤသို့လျှင် ၁၈ ပါး ဖြစ်သတည်း။

၃။ သဟိတ်စိတ် ၇၁ ပါး တည်း....ကား။

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး။ |
| ကာမသောဘနစိတ် | ၂၄ ပါး။ |
| မဟဂ္ဂုတ်လောကုတ္တရာစိတ် | ၃၅ ပါး။ |

ဤသို့လျှင် ၇၁ ပါး ဖြစ်သတည်း။

၄။ ထိုတွင်-ဧကဟိတ်စိတ် ၂ ပါး တည်း....ကား။
မောဟမူစိတ် ၂ ပါးတည်း။

၅။ ဒွိဟိတ်စိတ် ၂၂ ပါး တည်း....ကား။

| | |
|---|---|
| လောဘမူစိတ် | ၈ ပါး။ |
| ဒေါသမူစိတ် | ၂ ပါး။ |

ဉာဏဝိပ္ပယုတ် ကာမသောဘနစိတ် ၁၂ ပါး။
ဤသို့လျှင် ၂၂ ပါး ဖြစ်သတည်း။

၆။ တိဟိတ်စိတ် ၄၇ ပါး တည်း....ကား။
ဉာဏသမ္ပယုတ် ကာမသောဘနစိတ် ၁၂ ပါး။
မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅ ပါး။
ဤသို့လျှင် ၄၇ ပါး ဖြစ်သတည်း။
ဟေတုသင်္ဂဟ ပြီး၏။

---

## ကိစ္စသင်္ဂဟ

၁။ ကိစ္စသင်္ဂဟ၌ ကိစ္စ ၁၄ ပါး တည်း....ကား။
ပဋိသန္ဓေ ကိစ္စ
ဘဝင် ကိစ္စ
အာဝဇ္ဇန်း ကိစ္စ
ဒဿန ကိစ္စ
သဝန ကိစ္စ
ဃာယန ကိစ္စ
သာယန ကိစ္စ
ဖုသန ကိစ္စ
သမ္ပဋိစ္ဆိုင်း ကိစ္စ
သန္တီရဏ ကိစ္စ
ဝုဋ္ဌော ကိစ္စ
ဇော ကိစ္စ
တဒါရုံ ကိစ္စ

စုတိကိစ္စ

ဤသို့လျှင် ၁၄ ပါး ဖြစ်သတည်း။

၂။ ဌာန ၁၀ ပါး တည်း....ကား။

ပဋိသန္ဓေဌာန

ဘဝင်ဌာန

အာဝဇ္ဇန်းဌာန

ပဥ္စဝိညာဉ်ဌာန

သမ္ပဋိစ္ဆိုင်းဌာန

သန္တီရဏဌာန

ဝုဋ္ဌောဌာန

ဇောဌာန

တဒါရုံဌာန

စုတိဌာန

ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၃။ ထိုတွင်-ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တတ်သော စိတ် ၁၉ ပါး တည်း....ကား။

ဥပေက္ခာ သန္တီရဏ ၂ ပါး။

မဟာဝိပါက် ၈ ပါး။

မဟဂ္ဂုတ်ဝိပါက် ၉ ပါး။

ဤသို့လျှင် ၁၉ ပါး ဖြစ်သတည်း။

၄။ အာဝဇ္ဇန်းကိစ္စတတ်သောစိတ် ၂ ပါး တည်း....ကား.... အာဝဇ္ဇန်းဒွေတည်း။

၅။ ဒသနကိစ္စ တတ်သောစိတ် ၂ ပါး တည်း....ကား....
စက္ခုဝိညာဉ်ဒွေတည်း။
သဝနကိစ္စ တတ်သော စိတ် ၂ ပါး တည်း....ကား....
သောတဝိညာဉ်ဒွေတည်း။
ဃာယနကိစ္စ တတ်သော စိတ် ၂ ပါး တည်း....ကား
ဃာနဝိညာဉ်ဒွေတည်း။
သာယနကိစ္စ တတ်သော စိတ် ၂ ပါး တည်း....ကား....
ဇိဝှါဝိညာဉ်ဒွေတည်း။
ဖုသနကိစ္စ တတ်သောစိတ် ၂ ပါး တည်း....ကား....
ကာယဝိညာဉ်ဒွေတည်း။
သမ္ပဋိစ္ဆိုင်းကိစ္စ တတ်သောစိတ် ၂ ပါး တည်း....ကား။
သမ္ပဋိစ္ဆိုင်းဒွေတည်း။
၆။ သန္တီရဏကိစ္စတတ်သော စိတ် ၃ ပါး တည်း....ကား။
သန္တီရဏစိတ် ၃ ပါးတည်း။
၇။ ဝုဋ္ဌောကိစ္စ တတ်သောစိတ် တပါး တည်း....ကား။
မနောဒွါရာဝဇ္ဇန်းတည်း။
၈။ ဇောကိစ္စတတ်သောစိတ် ၅၅ ပါး တည်း....ကား။
အကုသိုလ်စိတ် ၁၂ ပါး။
ကုသိုလ်စိတ် ၂၁ ပါး။
အာဝဇ္ဇန်းဒွေ ကြဉ်သော ကြိယာစိတ် ၁၈ ပါး။
ဖိုလ်စိတ် ၄ ပါး။
ဤသို့ ချင် ၅၅ ပါး ဖြစ်သတည်း။
၉။ တဒါရုံ ကိစ္စတတ်သောစိတ် ၁၁ ပါး တည်း.....ကား။
သန္တီရဏ ၃ ပါး။

မဟာဝိပါက် ၈ ပါး။

ဤသို့လျှင် ၁၁ ပါး ဖြစ်သတည်း။

၁၀။ ထိုတွင်- ၅ ကိစ္စတတ်သောစိတ် ၂ ပါး တည်း....ကား။
ဥပေက္ခာသန္တီရဏစိတ် ၂ ပါးတည်း။

၁၁။ (၄)ကိစ္စတတ်သောစိတ် ၈ ပါး တည်း....ကား။
မဟာဝိပါက်စိတ် ၈ ပါးတည်း။

၁၂။ (၃)ကိစ္စတတ်သောစိတ် ၉ ပါး တည်း....ကား။
မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးတည်း။

၁၃။ (၂)ကိစ္စတတ်သောစိတ် ၂ ပါး တည်း....ကား။
သုခ သန္တီရဏနှင့် ဝုဋ္ဌောတည်း။
တစ်ကိစ္စတတ်သောစိတ် ၆၈ ပါး တည်း....ကား။
ဇော ၅၅ ပါး၊
မနောဓာတ် ၃ ပါး။
ဒွေပဉ္စ ဝိညာဉ် ၁၀
ဤသို့လျှင် ၆၈ ပါး ဖြစ်သတည်း။

ကိစ္စသင်္ဂဟ ပြီး၏။

---

ဒွါရသင်္ဂဟ။

၁။ ဒွါရသင်္ဂဟ၌ ဒွါရ ၆ ပါး....တည်း... ကား။
စက္ခု ဒွါရ
သောတ ဒွါရ
ဃာန ဒွါရ
ဇိဝှါ ဒွါရ
ကာယ ဒွါရ

မနော ဒွါရ
ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၂။ ထိုတွင်- စက္ခုပသာဒသည်၊ စက္ခုဒွါရမည်၏။
သောတပသာဒသည်၊ သောတဒွါရမည်၏။
ဃာနပသာဒသည်၊ ဃာနဒွါရမည်၏။
ဇိဝှါပသာဒသည်၊ ဇိဝှါဒွါရမည်၏။
ကာယပသာဒသည်၊ ကာယဒွါရမည်၏။
ဘဝင်စိတ် ၁၉ ပါးသည်၊ မနောဒွါရမည်၏။

၃။ ထိုတွင်စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆ ပါးတည်း....ကား

| | |
|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| စက္ခုဝိညာဉ်ဒွေ | ၂ |
| သမ္ပဋိစ္ဆိုင်းဒွေ | ၂ |
| သန္တီရဏ | ၃ |
| ဝုဋ္ဌော | ၁ |
| ကာမဇော | ၂၉ |
| တဒါရုံ ။ | ၁၁ ပါး |

ဤသို့လျှင် ၄၆ ပါး ဖြစ်သတည်း။

**(မှတ်ချက်) တဒါရုံ ၁၁ ဟု ပါရှိသော်လည်း၊ သန္တီရဏ-၃-ခု ပါပြီးဖြစ်၍ မဟာဝိပါက်-၈-ခု ကိုသာ ယူရမည်။**

ထို့အတူ သောတဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး။
ဃာနဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး။
ဇိဝှါဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး။
ကာယဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး။
စီ ဖြစ်သတည်း။

ဤသို့လျှင် ၅ ဒွါရ၌ ဖြစ်သော ဝိဘတ်တို့ကား၊ ကာမာဝစရ စိတ် ၅၄ ပါးဘို့သာ ဖြစ်ကုန်၏။

၃။ မနောဒွါရ၌ ဖြစ်သော စိတ် ၆၇ ပါး တည်း....ကား။
မနောဒွါရာဝဇ္ဇန်း ၁
ဇော ၅၅ ပါး
တဒါရုံ ၁၁ ပါး
ဤသို့လျှင် ၆၇ ပါး ဖြစ်သတည်း။

၅။ ဒွါရဝိမုတ်စိတ် ၁၉ ပါး တည်း····ကား။
ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ ဟတ်သော စိတ် ၁၉ ပါး တည်း။

၆။ ထိုတွင်-တစ်ဒွါရ၌ဖြစ်သောစိတ်၃၆ပါး တည်း....ကား
ဥပေက္ခာသန္တီရဏ ၁၀
မဟဂ္ဂုတ်ဇောကုသိုလ်ဇော ၂၆ ပါး။
ဤသို့လျှင် ၃၆ ပါး ဖြစ်သတည်း။

၇။ (၅)ဒွါရ၌ဖြစ်သောစိတ် ၃ပါး တည်း....ကား
မနောဓာတ် ၃ ပါး တည်း။

၈။ (၆)ဒွါရ၌ဖြစ်သောစိတ် ၃၁ ပါး တည်း···· ကား
သုခသန္တီရဏ ၁
ဝုဋ္ဌော ၁
ကာမဇော ၂၉ ပါး။
ဤသို့လျှင် ၃၁ ပါး ဖြစ်သတည်း။

၉။ ရံခါ(၆)ဒွါရ၌ဖြစ်သော ရံခါ(၆)ဒွါရမှ လွတ်သော စိတ် ၁၁ ပါး တည်း····ကား။
ဥပေက္ခာသန္တီရဏ ၂ ပါး။

မဟာဝိပါက်   ၈ ပါး။

ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၁၀။ အခါခပ်သိမ်း(၆)ဒွါရမှ လွတ်သောစိတ် ၉ ပါး။ တည်း….ကား။

မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ပါး တည်း။

ဒွါရသင်္ဂဟ ပြီး၏။

---

## အာရမ္မဏသင်္ဂဟ၊

၁။ အာရမ္မဏသင်္ဂဟ၌ အာရုံ(၆)ပါး တည်း….ကား။

ရူပါရုံ
သဒ္ဒါရုံ
ဂန္ဓာရုံ
ရသာရုံ
ဖောဋ္ဌဗ္ဗာရုံ
ဓမ္မာရုံ
ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၂။ ထိုတွင် အဆင်းသည် ရူပါရုံမည်၏။
အသံသည် သဒ္ဒါရုံမည်၏။
အနံ့သည် ဂန္ဓာရုံမည်၏။
အရသာသည် ရသာရုံမည်၏။
အတွေ့သည် ဖောဋ္ဌဗ္ဗာရုံမည်၏။

ပသာဒရုပ် သုခုမရုပ် စိတ် စေတသိက် နိဗ္ဗာန် ပညတ် ဤ(၆)မျိုးသည် ဓမ္မာရုံမည်၏။

၃။ ထိုတွင်-ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသောစိတ် ၄၆ ပါး
တည်း....ကား၊
စက္ခုဒွါရ၌ဖြစ်သော စိတ် ၄၆ ပါး တည်း။
ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသောစိတ် ၄၆ပါး တည်း....
ကား။
သောတဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး တည်း။
ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုသောစိတ် ၄၆ ပါး တည်း....
ကား။
ဃာနဒွါရ၌ ဖြစ်သော စိတ် ၄၆ ပါး တည်း။
ပစ္စုပ္ပန်ရသာရုံကိုအာရုံပြုသောစိတ် ၄၆ပါး တည်း....
ကား။
ဇိဝှာဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး တည်း။
ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသောစိတ် ၄၆ ပါး
တည်း....ကား။
ကာယ ဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး တည်း။

၄။ ပစ္စုပ္ပန်၊အတီတ်၊ အနာဂတ် ကာလဝိမုတ် ဖြစ်သော
အာရုံ(၆)ပါးလုံးကို ထိုက်သည့်အားလျော်စွာ အာရုံ
ပြုသောစိတ် ၆၇ ပါး တည်း....ကား။
မနောဒွါရ၌ဖြစ်သော စိတ် ၆၇ ပါး တည်း။

၅။ များသောအားဖြင့် လွန်ကဲပြီးသော ဘဝဟောင်းက
ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော
ပစ္စုပ္ပန်၊အတိတ်၊ပညတ်ဖြစ်၍ ဖြစ်သော ကံ ကမ္မနိမိတ်
ဂတိနိမိတ် ဟု သမုတ်သပ်သော အာရုံ(၆)ပါးလုံးကို

ထိုက်သည့်အားလျော်စွာ အာရုံပြုသော စိတ် ၁၉ ပါး တည်း…ကား၊ ဒွါရဝိမုတ်စိတ် ၁၉ ပါး တည်း။

၆။ ထိုတွင် စက္ခုဝိညာဉ်စသည်တို့သည် ရူပါရုံစသည်တို့ကို အစဉ်အတိုင်း တပါးစီ ကော်အာရုံပြုကုန်၏။

၇။ မနောဓာတ် ၃ ပါးသည် ရူပါရုံစသော အာရုံ ၅ ပါးကို ကော် အာရုံပြု၏။

၈။ ကြွင်းသော ကာမဝိပါက်(၁၁)ပါး ဟသိတုပ္ပါဒ် ၁၊ ဤ ၁၂ ပါးသော စိတ်တို့သည် ကာမတရားကို ကော်အာရုံပြုကုန်၏။

၉။ အကုသိုလ် ၁၂ ပါး ဉာဏဝိပ္ပယုတ်ကာမာဝစရဇော ၈ ပါး။ ဤ ၂၀ သောစိတ်တို့သည် လောကုတ္တရာတရား ၉ ပါး ကြဉ်၍ အလုံးစုံကို အာရုံပြုကုန်၏။

၁၀။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ ပါး၊ ပဉ္စမဈာန်ဟု ဆိုအပ်သော ကုသိုလ် အဘိညာဉ်တပါး၊ ဤငါးပါးသောစိတ်တို့သည်၊အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်၍ အလုံးစုံ အာရုံပြုကုန်၏။

၁၁။ မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ပါး၊ ကြိယာ အဘိညာဉ် ၁၊ ဝုဋ္ဌော ၁၊ ဤ ၆ ပါးသော စိတ်တို့သည် အကြွင်းမရှိ အလုံးစုံအာရုံပြုကုန်၏။

၁၂။ ကာမတရားကို ကော် အာရုံ ပြုသောစိတ် ၂၅ ပါး တည်း…ကား။

| | |
|---|---|
| ဒွေပဉ္စ ဝိညာဉ် | ၁၀ |
| မနောဓာတ် | ၃ ပါး |
| သန္တီရဏ | ၃ ပါး |

| | |
|---|---|
| မဟာဝိပါက် | ၈ ပါး |
| ဟသိတုပ္ပါဒ် | ၁ ပါး |

ဤသို့လျှင် ၂၅ ပါး ဖြစ်သတည်း။

၁၃။ ကာမတရားကို အနေကံ အာရုံပြုသော စိတ် ၃၁ ပါး
တည်း....ကား။

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| အဘိညာဉ်ဒွေ | ၂ ပါး |
| ဝုဋ္ဌော | ၁ ပါး |

ဤသို့လျှင် ၃၁ ပါး ဖြစ်သတည်း။

၁၄။ မဟဂ္ဂုတ်တရားကို ကေံ အာရုံပြုသော စိတ် ၆ ပါး
တည်း....ကား။

ဝိညာနဉ္စာယတန ကုသိုလ်၊ ဝိပါက်၊ ကြိယာ ၃ ပါး
နေဝသညာ နာသညာယတန ကုသိုလ်၊ဝိပါက်၊ကြိယာ
၃ ပါး

ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၁၅။ မဟဂ္ဂုတ်တရားကို အနေကံ အာရုံပြုသောစိတ် ၃၁ပါး
တည်း....ကား။

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |

အဘိညာဉ်ဒွေ ၂ ပါး
ဝုဋ္ဌော ၁ ပါး

ဤသို့လျှင် ၃၁ ပါး ဖြစ်သတည်း။

၁၆။ ပညတ်တရားကို ဧကံ အာရုံပြုသော စိတ် ၂၁ ပါး တည်း….ကား။

ရူပါဝစရစိတ် ၁၅ ပါး
အာကာသာနဉ္စာယတနကုသိုလ်ဝိပါက်ကြိယာ ၃ ပါး
အာကိဉ္စညာယတန ကုသိုလ်ဝိပါက်ကြိယာ ၃ ပါး

ဤသို့လျှင် ၂၁ ပါး ဖြစ်သတည်း။

၁၇။ ပညတ်တရားကို အနေကံ အာရုံပြုသောစိတ် ၃၁ ပါး တည်း….ကား။

အကုသိုလ်စိတ် ၁၂ ပါး
မဟာကုသိုလ်စိတ် ၈ ပါး
မဟာကြိယာစိတ် ၈ ပါး
အဘိညာဉ်ဒွေ ၂ ပါး
ဝုဋ္ဌော ၁ ပါး

ဤသို့လျှင် ၃၁ ပါး ဖြစ်သတည်း။

၁၈။ နိဗ္ဗာန်တရားကို ဧကံအာရုံပြုသောစိတ် ၈ ပါး တည်း…. ကား။

လောကုတ္တရာစိတ် ၈ ပါး တည်း။

၁၉။ နိဗ္ဗာန်တရားကို အနေကံ အာရုံပြုသောစိတ် ၁၁ ပါး တည်း….ကား။

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ ပါး
မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ပါး

မြန်မာပြန် သင်္ဂြိုဟ်ကျမ်း

| | |
|---|---|
| အဘိညာဉ်ဒွေ | ၂ ပါး |
| ဝုဋ္ဌော | ၁ ပါး |

ဤသို့လျှင် ၁၁ ပါး ဖြစ်သတည်း။
အာရမ္မဏသင်္ဂဟ ပြီး၏။

---

ဝတ္ထုသင်္ဂဟ။

၁။ ဝတ္ထုသင်္ဂဟ၌ ဝတ္ထု ၆ ပါး တည်း····ကား။
စက္ခု ဝတ္ထု
သောတ ဝတ္ထု
ဃာန ဝတ္ထု
ဇိဝှာ ဝတ္ထု
ကာယ ဝတ္ထု
ဟဒယ ဝတ္ထု

ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

| | | |
|---|---|---|
| ၂။ ထိုတွင်–စက္ခုပသာဒသည် | စက္ခုဝတ္ထုမည်၏။ | |
| သောတပသာဒသည် | သောတ | ။ |
| ဃာနပသာဒသည် | ဃာန | ။ |
| ဇိဝှာပသာဒသည် | ဇိဝှာ | ။ |
| ကာယပသာဒသည် | ကာယ | ။ |
| ဟဒယရုပ်သည် | ဟဒယ | ။ |

၃။ ထိုဝတ္ထုရုပ် ၆ပါးတို့ကို ကာမ ၁၁ဘုံ၌အလုံးစုံရအပ်ကုန်၏။

၄။ အသညသတ်ကြဉ်သော ရူပ ၁၅ဘုံ၌ကား....။ ဃာန၊ ဇိဝှာ၊ ကာယ ၃ ပါးတို့ကို မရအပ်ကုန်။

၅။ အရူပ ၄ဘုံ၌ကား။ အလုံးစုံသော ဝတ္ထုရုပ်တို့ကို မရ အပ်ကုန်။

၆။ ဝိညာဏဓာတ် ၇ ပါး တည်း....ကား။

စက္ခုဝိညာဏဓာတ်
သောတဝိညာဏဓာတ်
ဃာနဝိညာဏဓာတ်
ဇိဝှာဝိညာဏဓာတ်
ကာယဝိညာဏဓာတ်
မနောဓာတ်
မနောဝိညာဏဓာတ်

ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

၇။ ထိုတွင်-စက္ခုဝိညာဉ်ဒွေသည်၊ စက္ခုဝိညာဏဓာတ်မည်၏
သောတဝိညာဉ်ဒွေသည်၊ သောတဝိညာဏ ။
ဃာနဝိညာဉ်ဒွေသည်၊ ဃာနဝိညာဏ ။
ဇိဝှာဝိညာဉ်ဒွေသည်၊ ဇိဝှာဝိညာဏ ။
ကာယဝိညာဉ်ဒွေသည်၊ ကာယဝိညာဏ ။
ပဉ္စဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေသည်၊ မနော ။
ကြွင်းသောစိတ် ၇၆ ပါးသည် မနောဝိညာဏ ။

၈။ ထိုတွင်-စက္ခုဝိညာဏဓာတ်သည်၊ စက္ခုဝတ္ထုကိုအမှီမှီ၏
သောတဝိညာဏဓာတ်သည်၊ သောတ ။
ဃာနဝိညာဏဓာတ်သည်၊ ဃာန ။
ဇိဝှါဝိညာဏဓာတ်သည်၊ ဇိဝှါ ။

ကာယဝိညာဏဓာတ်သည်၊ ကာယဝတ္ထုကို အမြဲမှီ၏
မနောဓာတ်သည်၊ ဟဒယ ။

| | |
|---|---|
| သန္တီရဏ | ၃ ပါး |
| မဟာဝိပါက် | ၈ ပါး |
| ဒေါသမူဒွေ | ၂ ပါး |
| သောတာပတ္တိမဂ် | ၁ ပါး |
| ဟသိတုပ္ပါဒ် | ၁ ပါး |
| ရူပါဝစရစိတ် | ၁၅ ပါး |

ဤ ၃၀ သော မနောဝိညာဏဓာတ်တို့သည်
ဟဒယဝတ္ထုကို အမြဲမှီကုန်၏။

၉။ ဒေါသမူဒွေမှတပါး အကုသိုလ်စိတ် ၁၀ ပါး

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| အရူပ ကုသိုလ်စိတ် | ၄ ပါး |
| အရူပ ကြိယာစိတ် | ၄ ပါး |
| သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် | ၇ ပါး |

ဤ ၄၂ ပါးသော မနောဝိညာဏ ဓာတ်တို့သည်
ဟဒယဝတ္ထုကို ရံခါမှီကုန်၏။

၁၀။ အရူပဝိပါက် ၄ ခုဟူသော မနောဝိညာဏ ဓာတ်သည်
ဟဒယဝတ္ထုကို အခါခပ်သိမ်း မမှီဘဲဖြစ်၏။

၁၁။ ကာမ ၁၁ ဘုံ၌ ဝတ္ထုရုပ် ၆ ပါးကို မှီ၍ဖြစ်သော
ဝိညာဏဓာတ် ၇ ပါး တည်း....ကား။
စက္ခုဝိညာဏဓာတ်

သောတဝိညာဏဓာတ်
ဃာနဝိညာဏဓာတ်
ဇိဝှါဝိညာဏဓာတ်
ကာယဝိညာဏဓာတ်
မနောဓာတ်
မနောဝိညာဏဓာတ်
ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

၁၂။ အသညသတ်ကြဉ်သော ရူပ ၁၅ဘုံ၌ ဝတ္ထုရုပ် ၃ ပါး ကိုမှီ၍ဖြစ်သော ဝိညာဏဓာတ် ၄ ပါး တည်း…ကား။
စက္ခုဝိညာဏဓာတ်
သောတဝိညာဏဓာတ်
မနောဓာတ်
မနောဝိညာဏဓာတ်

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၁၃။ အရူပ ၄ ဘုံ၌ ဝတ္ထုရုပ်ကို မမှီဘဲဖြစ်သော ဝိညာဏဓာတ် ၁ ပါး တည်း... ကား။
မနောဝိညာဏဓာတ်တည်း။

၁၄။ ဝတ္ထုရုပ်ကို အမြဲမှီသောစိတ် ၄၃ ပါး တည်း....ကား။

| | |
|---|---|
| ဒွေပဉ္စဝိညာဉ် | ၁၀ ပါး |
| မနောဓာတ် | ၃ ပါး |
| သန္တီရဏ | ၃ ပါး |

| | |
|---|---|
| မဟာဝိပါက် | ၈ ပါး |
| ဒေါသမူဒွေ | ၂ ပါး |
| သောတာပတ္တိမဂ် | ၁ ပါး |
| ဟသိတုပ္ပါဒ် | ၁ ပါး |
| ရူပါဝစရစိတ် | ၁၅ ပါး |

ဤသို့လျှင် ၄၃ ပါး ဖြစ်သတည်း၊

၁၅။ ဝတ္ထုရုပ်ကို ရံခါမှီသောစိတ် ၄၂ ပါး တည်း····ကား။

| | |
|---|---|
| ဒေါသမူဒွေ့မှတပါး အကုသိုလ်စိတ် | ၁၀ ပါး |
| မနောဒွါရာဝဇ္ဇန်း | ၁ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| အရူပကုသိုလ်စိတ် | ၄ ပါး |
| အရူပကြိယာစိတ် | ၄ ပါး |
| သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် | ၇ ပါး |

ဤသို့လျှင် ၄၂ ပါး ဖြစ်သတည်း။

၁၆။ ဝတ္ထုရုပ်ကို အမြဲမမှီသောစိတ် ၄ ပါး တည်း....ကား။
အရူပဝိပါက်စိတ် ၄ ပါး တည်း။

ဝတ္ထုသင်္ဂဟ ပြီး၏။

ပကိဏ်းပိုင်း ပြီး၏။

ပဉ္စမာချီ သင်္ဂြိုဟ်သရုပ်ခွဲ ပထမဆင့်

**ပြီး၏။**

# ဝီထိပိုင်း သရုပ်ခွဲ ဆိုရိုး

၁။ ဝီထိပိုင်း၌ ဝီထိသည် အကျဉ်းအားဖြင့် ပဉ္စဒွါရဝီထိ မနောဒွါရဝီထိ ဟူ၍ ၂ မျိုးပြား၏။

၂။ ထိုတွင်-ပဉ္စဒွါရဝီထိသည်
စက္ခုဒွါရဝီထိ
သောတဒွါရဝီထိ
ဃာနဒွါရဝီထိ
ဇိဝှါဒွါရဝီထိ
ကာယဒွါရဝီထိ ဟူ၍ ၅ မျိုးပြား၏။

၃။ ထို ၅ မျိုးတို့တွင် စက္ခုဒွါရဝီထိသည်
အတိမဟန္တာရုံ ၁ ဝီထိ
မဟန္တာရုံ ၂ ဝီထိ
ပရိတ္တာရုံ ၆ ဝီထိ
အတိပရိတ္တာရုံ ၆ ဝီထိဟူ၍ ၁၅မျိုးပြား၏။

၄။ ထို ၁၅မျိုးတို့တွင် အတိမဟန္တာရုံ တဝီထိဖြစ်ပုံကား ရူပါရုံ စက္ခုပသာဒတို့ အတူဖြစ်ကြ၍ (အတီတဘဝင် ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်) ထို့နောင် ဘဝင် ဖြစ်လိုက်သမျှ ဖြစ်၍ ရူပါရုံ စက္ခုပသာဒတို့သည် ၁၇ ချက် ရပ်သက်၊ စေ့သဖြင့် ဒုတိယ တဒါရုံ၏ဘင်နှင့် ပြိုင်၍ချုပ်သော ဝီထိသည် အတိမဟန္တာရုံဝီထိ မည်၏။

(**အမှာ**) ဝီထိပုံစံများကို နောက်ဆုံးမှာ ပေါင်း၍ ပြထားသည်။

၅။ မဟန္တာရုံ ၂ ဝီထိဖြစ်ပုံကား....

ရူပါရုံ စက္ခုပသာဒတို့ အတူဖြစ်ကြ၍ အတီတဘဝင် (၂)ကြိမ်၎င်း၊ (၃)ကြိမ်၎င်း လွန်၍ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခု ဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ဝုဋ္ဌော၊ဇော ၇ ကြိမ်၊ ထို့နောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ ရူပါရုံ စက္ခုပသာဒတို့သည် ၁၇ ချက် ရုပ်သက်စေ့သဖြင့် ပထမဘဝင်၏ဘင်နှင့်၎င်း၊ သတ္တမဇော၏ ဘင်နှင့်၎င်း၊ ပြိုင်၍ ချုပ်သော ၂ ဝီထိသည် မဟန္တာရုံ(၂)ဝီထိ မည်၏။

၆။ ပရိတ္တာရုံ (၆) ဝီထိ ဖြစ်ပုံကား....

ရူပါရုံ စက္ခုပသာဒတို့ အတူဖြစ်ကြ၍ အတီတဘဝင် ၄ ကြိမ်၎င်း၊ ၅ ကြိမ်၎င်း၊ ၆ ကြိမ်၎င်း၊ ၇ ကြိမ်၎င်း၊ ၈ ကြိမ်၎င်း၊ ၉ ကြိမ်၎င်း၊ လွန်၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ၊ဝုဋ္ဌော ၂ ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ရူပါရုံ စက္ခုပသာဒတို့သည် ၁၇ချက် ရုပ်သက်စေ့သဖြင့် ပဉ္စမဘဝင်၏ ဘင်နှင့်၎င်း၊ စတုတ္ထဘဝင်၏ ဘင်နှင့်၎င်း၊ တတိယဘဝင်၏ ဘင်နှင့်၎င်း၊ ဒုတိယဘဝင်၏ ဘင်နှင့်၎င်း၊ ပထမဘဝင်၏ ဘင်နှင့်၎င်း၊ ဒုတိယဝုဋ္ဌော၏ ဘင်နှင့်၎င်း ပြိုင်၍ ချုပ်သော ၆ဝီထိသည် ပရိတ္တာရုံ ၆ ဝီထိ မည်၏။

၇။ အတိ ပရိတ္တာရုံ (၆) ဝီထိ ဖြစ်ပုံကား....

ရူပါရုံ စက္ခုပသာဒတို့ အတူဖြစ်ကြ၍ အတီတဘဝင် ၁၀ ကြိမ်ငင်း၊ ၁၁ ကြိမ်ငင်း၊ ၁၂ ကြိမ်ငင်း၊ ၁၃ ကြိမ်ငင်း၊ ၁၄ ကြိမ်ငင်း၊ ၁၅ ကြိမ်ငင်း၊ လွန်၍ ဘဝင်စလန ၂ ကြိမ်၊ ထို့နောင် ဘဝင်ပြတ်ထိုက်သမျှ ဖြစ်၍ ရူပါရုံ စက္ခုပသာဒတို့သည် ၁၇ ချက် ရုပ်သက်စေ့သဖြင့် ပဉ္စမဘဝင်၏ ဘင်နှင့်ငင်း၊ စတုတ္ထ ဘဝင်၏ ဘင်နှင့်ငင်း၊ တတိယ ဘဝင်၏ ဘင်နှင့်ငင်း၊ ဒုတိယ ဘဝင်၏ ဘင်နှင့်ငင်း၊ ပထမဘဝင်၏ဘင်နှင့်ငင်း၊ ဒုတိယ ဘဝင်စလန၏ဘင်နှင့် ငင်း ပြိုင်၍ချုပ်သော ၆ ဝီထိသည် အတိပရိတ္တာရုံ ၆ ဝီထိ မည်၏။

| | | |
|---|---|---|
| ဤသို့လျှင် | စက္ခုဒွါရ | ၁၅ ဝီထိ ပြီး၏။ |
| ထို့အတူ | သောတဒွါရ | ၁၅ ဝီထိ |
| | ဃာနဒွါရ | ၁၅ ဝီထိ |
| | ဇိဝှါဒွါရ | ၁၅ ဝီထိ |
| | ကာယဒွါရ | ၁၅ ဝီထိတို့ကိုလည်း |

နည်းယူ၍ ချလေ။

ဤသို့လျှင် ပဉ္စဒွါရ (၇၅)ဝီထိ ဖြစ်သတည်း။

ဝါရခွဲပုံ

၈။ ဤဝီထိတို့တွင် အတိမဟန္တာရုံဝီထိသည် တဒါရုံအဆုံးရှိသောကြောင့် တဒါရမ္မဏဝါရ မည်၏။

မဟန္တာရုံ (၂)ဝီထိတို့သည် ဇော အဆုံးရှိသောကြောင့် ဇဝနဝါရတို့ မည်ကုန်၏။

ပရိတ္တာရုံ (၆)ဝိထိတို့သည် ဇုဝေ္ဝာ အဆုံးရှိသော ကြောင့် ဝေါဋ္ဌဗ္ဗနဝါရတို့ မည်ကုန်၏။

အတိပရိတ္တာရုံ(၆)ဝိထိတို့သည် ဝိထိစိတ် မဖြစ်နိုင်သောကြောင့် မောဃဝါရတို့ မည်ကုန်၏။

၉။ ဝိထိစိတ် အမျိုးအစား စသည်ခွဲပုံ....

လိုတွင် တဒါရမ္မဏဝါရ အတိမဟန္တာရုံ ဝိထိ၌ဝိထိ စိတ်အမျိုးအစား ၇ပါးဖြစ်သောစိတ်အကြိမ် ၁၄ပါး၊ ဖြစ်နိုင်သော စိတ်အကျယ် ၅၄ ပါး တည်း။

ဇဝနဝါရ မဟန္တာရုံ ၂ ဝိထိ၌ ဝိထိစိတ်အမျိုး အစား ၆ ပါး၊ ဖြစ်သောစိတ် အကြိမ် ၁၂ ပါး၊ ဖြစ်နိုင်သော စိတ်အကျယ် ၄၆ ပါးတည်း။

ဝေါဋ္ဌဗ္ဗနဝါရ ပရိတ္တာရုံ ၆ ဝိထိ၌ ဝိထိစိတ်အမျိုး အစား ၅ ပါး၊ ဖြစ်သောစိတ် အကြိမ် ၆ ပါး၊ ဖြစ်နိုင်သော စိတ်အကျယ် ၁၇ ပါး တည်း။

(မောဃဝါရ အတိပရိတ္တာရုံ ဝိထိများမှာ ဝိထိစိတ် မဖြစ်နိုင်၍ ခွဲဝေရန်မလို)

၁၀။ စိတ် အာရုံ မှီရာ ဘုံ ပုဂ္ဂိုလ် စသည်ခွဲပုံ....

စိတ်.......၌ဝိထိတို့၌ ဘွင်စိတ်အားဖြင့် ပဥ္စဝေါ ကာရဘွင်(၁၅)ပါးတို့သာ ဖြစ်ကုန်၏။

ဝိထိ စိတ်အားဖြင့် ကာမစိတ် ၅၄ ပါး တို့သာဖြစ်ကုန်၏။

အာရုံ….အာရုံအားဖြင့် ရှေ့နောက် ဘဝင်တို့သည် ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

မှီရာ….မှီရာအားဖြင့် ပဉ္စဝိညာဉ် စိတ်တို့သည် အတီတဘဝင်နှင့်ပြိုင်၍ဖြစ်သော ပဉ္စဝတ္ထုကို မှီကုန်၏။ ကြွင်းသော ဝီထိ စိတ်တို့သည် ရှေးရှေးစိတ်နှင့် ပြိုင်၍ဖြစ်သော ဟဒယ ဝတ္ထုကို မှီကုန်၏။

ဘုံ….ဘုံအားဖြင့်စက္ခု၊သောတ၊အတိမဟန္တာရုံ ၂-ဝီထိနှင့် ဃာန၊ဇိဝှါ၊ကာယ ဝီထိ တို့သည် ကာမ ၁၁ ဘုံ၌ဖြစ်ကုန်၏။ကြွင်း သော စက္ခု၊ သောတ ၂ဂ ဝီထိတို့သည် ပဉ္စဝေါကာရ ၂၆ ဘုံ၌ဖြစ်ကုန်၏။

ပုဂ္ဂိုလ်….ပုဂ္ဂိုလ် အားဖြင့် ပုထုဇန် ၄ ယောက် ဖလဋ္ဌာန်(၄)ယောက်၊၌ ဂ ယောက်တို့၌ ဖြစ်ကုန်၏။

---

၁၁။ မန္ဒာယုက စသည် ခွဲပုံ….

အတီတဘဝင်၏ ရှေ့ တေရသမဘဝင်၏ ဘင်မှစ၍ ပထမ ဘဝင်၏ ဘင်တိုင်အောင် အတူဖြစ်သော ၁၇ ပါးသော ပသာဒတို့သည် ၎င်းဝီထိ၏ အာရုံအောက် တိုသော အသက်ရှိသောကြောင့် မန္ဒာယုက မည်ကုန်၏။

အတီတဘဝင်၏ ဌီမှစ၍ ပဉ္စဒွါရဝဇ္ဇန်း၏ ဘင်တိုင် အောင် အတူဖြစ်သော ၁၁ ပါးသော ပသာဒတို့သည်

ဤဝီထိ၏ အာရုံထက် ရှည်သော အသက်ရှိသော ကြောင့် အမန္ဒာယုက မည်ကုန်၏။

အတီတဘဝင်နှင့် ပြိုင်၍ဖြစ်သော ပဿာဒတပါးသည် ကား ဤဝီထိ၏ အာရုံနှင့် တူမျှသော အသက်ရှိသော ကြောင့် မဇ္ဈိမာယုက မည်၏။

ဤပဉ္စမာယုက ပဿာဒတပါးကိုသာ ပဥ္စဝိညာဉ် မှီ၏။

---

၁၂။ ဘဝင်, ဝီထိစသည်တို့၏ အဓိပ္ပါယ် အမေးအဖြေ။

ဘဝင်……အဘယ့်ကြောင့် ဘဝင် မည်ပါသနည်း။
ဘဝ၏ မပြတ်ကြောင်း ဖြစ်သော ကြောင့် ဘဝင်မည်ပါသတည်း။

ဝီထိ……အဘယ့်ကြောင့် ဝီထိ မည်ပါသနည်း။
စိတ်အစဉ်သည် လမ်းအစဉ်နှင့် တူ သောကြောင့် ဝီထိ မည်ပါသတည်း။

အတီတဘဝင်…အဘယ့်ကြောင့် အတီတဘဝင် မည်ပါ သနည်း။
ဝတ္တု အာရုံတို့၏ ထိခိုက်ခြင်းကို လွန်၍ ဖြစ်သောကြောင့် အတီတဘဝင် မည်ပါသတည်း။

ဘဝင်္ဂစလန…အဘယ့်ကြောင့် ဘဝင်္ဂစလန မည်ပါ သနည်း။

ဘွင် အစဉ်ကို လှုပ်စေတတ်သော ဘွင် ဖြစ်သောကြောင့် ဘဝင်္ဂစလန မည်ပါသတည်း။

ဘဝင်္ဂုပစ္ဆေဒ····အဘယ့်ကြောင့် ဘဝင်္ဂုပစ္ဆေဒ မည်ပါ သနည်း။

ဘဝင် အစဉ်ကို ဖြတ်တတ်သော ဘဝင် ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ မည်ပါသတည်း။

ပဉ္စဒွါရာဝဇ္ဇန်း····အဘယ့်ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းမည်ပါ သနည်း။

ငါးဒွါရ၌ ထင်လာသော အာရုံကို ဆင်ခြင် တတ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မည်ပါသတည်း။

မနောဒွါရာဝဇ္ဇန်း····အဘယ့်ကြောင့် မနောဒွါရာဝဇ္ဇန်းမည် ပါသနည်း။

မနောဒွါရ၌ထင်လာသောအာရုံကို ဆင်ခြင်တတ်သောကြောင့် မနောဒွါရာ ဝဇ္ဇန်း မည်ပါသတည်း။

စက္ခုဝိညာဉ်····အဘယ့်ကြောင့် စက္ခုဝိညာဉ် မည်ပါ သနည်း။

စက္ခုဝတ္ထု၌ မှီသော ဝိညာဉ် ဖြစ်ကြောင့် စက္ခုဝိညာဉ် မည်ပါသတည်း။ —

သမ္မုဒိတ္ထိုင်း….အဘယ့်ကြောင့် သမ္မုဒိတ္ထိုင်း မည်ပါ
သနည်း။

အာရုံကို လက်ခံ သိမ်းပိုက်တတ်
သောကြောင့် သမ္မုဒိတ္ထိုင်း မည်ပါ
သတည်း။

သန္တီရဏ….အဘယ့်ကြောင့် သန္တီရဏ မည်ပါ
သနည်း။

အာရုံကို စုံစမ်းတတ်သောကြောင့်
သန္တီရဏ မည်ပါသတည်း။

ဝုဋ္ဌော….အဘယ့်ကြောင့် ဝုဋ္ဌော မည်ပါသနည်း။

အာရုံကို မှတ်တတ် သောကြောင့်
ဝုဋ္ဌော မည်ပါသတည်း။

ဇော….အဘယ့်ကြောင့် ဇော မည်ပါသနည်း။

လျှင်စွာ သွားတတ် အဟုန်ဖြင့်
ဖြစ်တတ်သောကြောင့် ဇောမည် ပါ
သတည်း။

တဒါရုံ….အဘယ့်ကြောင့် တဒါရုံ မည်ပါသနည်း။

ထိုဇော၏ အာရုံကိုပင် အာရုံပြု၍
ဖြစ်သောကြောင့် တဒါရုံ မည်ပါ
သတည်း။

အတိမဟန္တာရုံဝီထိ…· အဘယ့်ကြောင့် အတိမဟန္တာရုံ ဝီထိ မည်ပါသနည်း။

တဒါရုံ ၂ ကြိမ် ဖြစ်နိုင်အောင် ကြီးမားထင်ရှားသောအာရုံရှိသောကြောင့် အတိမဟန္တာရုံ ဝီထိ မည်ပါသတည်း။

မဟန္တာရုံဝီထိ···အဘယ့်ကြောင့် မဟန္တာရုံ ဝီထိ မည်ပါသနည်း။

ဇော ၇ ကြိမ် ဖြစ်နိုင်ရုံသာ ကြီးမားထင်ရှားသော အာရုံ ရှိသောကြောင့် မဟန္တာရုံ ဝီထိ မည်ပါသတည်း။

ပရိတ္တာရုံဝီထိ···အဘယ့်ကြောင့် ပရိတ္တာရုံဝီထိ မည်ပါသနည်း။

ဝုဋ္ဌော ၂ကြိမ်၊ ၃ကြိမ် ဖြစ်နိုင်ရုံသာ သေးငယ်သော အာရုံ ရှိသောကြောင့် ပရိတ္တာရုံ ဝီထိ မည်ပါသတည်း။

အတိပရိတ္တာရုံဝီထိ···အဘယ့်ကြောင့် အတိပရိတ္တာရုံ ဝီထိ မည်ပါသနည်း။

ဘဝင်္ဂစလန ၂ ကြိမ် ဖြစ်နိုင်ရုံသာ အလွန် သေးငယ်သော အာရုံရှိသော ကြောင့် အတိပရိတ္တာရုံ ဝီထိ မည်ပါသတည်း။

---

ဒိတ်သက်···စိတ်သည် မည့်မျှ အသက်ရှည်ပါသနည်း။

စိတ္တက္ခဏ တချက် ခဏငယ်၃ချက်ခန့် အသက်ရှည်ပါသတည်း။

ရုပ်သက်....ရုပ်သည် မည်မျှ အသက်ရှည်ပါသနည်း။

စိတ္တက္ခဏ ၁၇ချက် ခဏငယ် ၅၁ ချက်ခန့် အသက်ရှည်ပါသတည်း။

ပဉ္စဒွါရ ဝီထိ ပြီး၏။

---

မနောဒွါရဝီထိခဏ်း

၁။ မနောဒွါရဝီထိသည်လည်း....
ကာမဇောကျသော မနောဒွါရဝီထိ
အပ္ပနာဇောကျသော မနောဒွါရဝီထိ ဟူ၍ ၂ မျိုး ပြား၏။

၂။ ထိုတွင်-ကာမဇောကျသောမနောဒွါရဝီထိသည်လည် (၁၇)ချက် ရုပ်သက်ရကောင်းသော ဝိဘူတာရုံ (၅) ဝီထိ၊ အဝိဘူတာရုံ (၂) ဝီထိ။ (၁၇) ချက် ရုပ်သက်မရကောင်းသော ဝိဘူတာရုံ တဝီထိ၊ အဝိဘူတာရုံ တဝီထိဟူ၍ (၉)မျိုး ပြား၏။

၃။ ထိုတွင်-၁၇ ချက် ရုပ်သက်ရကောင်းသော ဝိဘူတာရုံ ၅ ဝီထိ ဖြစ်ပုံကား....

ပစ္စုပ္ပန် ရုပ်ဗာဝီသ ဖြစ်သည်မှစ၍ အတိတ်တဘွင် တကြိမ်ရင်း၊ ၂ ကြိမ်ရင်း ၃ ကြိမ်ရင်း၊ ၄ ကြိမ်ရင်း၊

၅ ကြိမ်ဇင်း လွန်၍ ဘဝင်စလန၊ဘဝင်္ဂုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ဇော ၇ ကြိမ်၊တဒါရုံ ၂ ကြိမ်၊ ထို့နောင် ဘွင် ဖြစ်ထိုက်သမျှ ဖြစ်၍ ပစ္စုပ္ပန် ရုပ်ဗာဝီသသည် ၁၇ ချက် ရုပ်သက်စေ့သဖြင့် စတုတ္ထဘွင်၏ ဘင်နှင့်ဇင်း၊ တတိယဘွင်၏ ဘင်နှင့်ဇင်း၊ဒုတိယဘွင်၏ ဘင်နှင့်ဇင်း၊ပထမဘွင်၏ ဘင်နှင့်ဇင်း၊ ဒုတိယတဒါရုံ၏ ဘင်နှင့်ဇင်း ပြိုင်၍ချုပ်သော ၅ ဝီထိသည် ဝိဘူတာရုံ ၅ ဝီထိ မည်၏။

၄။ ၁၇ချက် ရုပ်သက်ရကောင်းသော အဝိဘူတာရုံ ၂ဝီထိ ဖြစ်ပုံကား....

ပစ္စုပ္ပန် ရုပ်ဗာဝီသ ဖြစ်သည်မှစ၍ အတီတဘွင် ၆ ကြိမ်ဇင်း၊ ၇ ကြိမ်ဇင်း၊ လွန်၍ ဘဝင်စလန၊ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ်၊ ထို့နောင် ဘွင် ဖြစ်ထိုက်သမျှ ဖြစ်၍ ပစ္စုပ္ပန် ရုပ်ဗာဝီသသည် ၁၇ ချက် ရုပ်သက်စေ့သဖြင့် ပထမဘွင်၏ ဘင်နှင့်ဇင်း၊ သတ္တမဇော၏ ဘင်နှင့်ဇင်း ပြိုင်၍ ချုပ်သော ၂ ဝီထိသည် အဝိဘူတာရုံ ၂ ဝီထိ မည်၏။

---

၅။ ဤဝီထိတို့၌ ဘွင်စိတ်အားဖြင့် ဘွင် ၁၉ ပါးလုံး ဖြစ်ကုန်၏....

ဝီထိစိတ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁ဝ၊ မနောဓာတ် (၃)ခုကြဉ်သော ကာမစိတ် ၄၁ပါးတို့သာ ဖြစ်ကုန်၏။

အာရုံအားဖြင့် ရှေ့နောက် ဘွင်တို့သည် ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

မနောဒွါရာဝဇ္ဇန်းအစ တဒါရုံ အဆုံးရှိသော ဝီထိစိတ်တို့သည် ပစ္စုပ္ပန်ရုပ်ဇာဝီသကို အာရုံပြုကုန်၏။

ဒွိရာအားဖြင့် အလုံးစုံသောစိတ်တို့သည် ရှေးရှေးစိတ်နှင့်ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ဘုံအားဖြင့် ဝိဘူတာရုံ [illegible] ဝီထိတို့သည် ကာမ (၁၁)ဘုံ၌ ဖြစ်ကုန်၏။ အဝိဘူတာရုံ ၂ ဝီထိတို့သည် အသညသတ်ကြဉ်သော ဘုံ(၃၀)၌ ဖြစ်ကုန်၏။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် ၄ ယောက် ဖလဋ္ဌာန်၄ ယောက် ဤ(၈)ယောက်တို့၌ ဖြစ်ကုန်၏။

---

၆။ ၁၇ ချက် ရုပ်သက်မရကောင်းသော ဝိဘူတာရုံတဝီထိဖြစ်ပုံကား....

ကာလသုံးပါး၌ ဖြစ်သော ကာမစိတ် စေတသိက် ဝိညတ်ဒွေ လက္ခဏာရုပ် အတိတ် အနာဂတ်ဖြစ်သော ကြွင်းသော ရုပ်ဇာဝီသတို့ကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇ကြိမ် တဒါရုံ ၂ကြိမ် ထို့နောင်ဘွင် ဖြစ်ထိုက်သမျှ ဖြစ်သော ဝီထိသည် ဝိဘူတာရုံ တဝီထိမည်၏။

၇။ ၁၇ ချက် ရုပ်သက်မရကောင်းသော အဝိဘူတာရုံ တဝီထိဖြစ်ပုံကား....

ကာလသုံးပါး၌ ဖြစ်သော အားလုံးသော စိတ် စေတသိက်-ဝိညတ်ဒွေ-လက္ခဏာရုပ်-အတိတ် အနာဂတ်ဖြစ်သော ကြွင်းသော ရုပ်ဇာဝီသ-ကာလဝိမုတ်

ဖြစ်သော နိဗ္ဗာန် ပညတ်တို့ကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ် တို့နောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်သော ဝီထိသည် အဝိဘူတာရုံ ဝီထိမည်၏။

၈။ ဤဝီထိတို့၌ အာရုံအားဖြင့် ရှေ့နောက်ဘဝင် တို့သည် ကံ-ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

မနောဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝိဘူတာရုံ ဝီထိစိတ်တို့သည် ကာလသုံးပါး၌ ဖြစ်သော ကာမစိတ် - စေတသိက်-ပိညတ်ဒွေ - လက္ခဏာရုပ်-အတိတ်-အနာဂတ် ဖြစ်သော ကြွင်းသော ရုပ်ဓာတ်တို့ကို အာရုံပြုကုန်၏။

မနောဒွါရာဝဇ္ဇန်းအစ ဇောအဆုံးရှိသော အဝိဘူတာရုံ ဝီထိ စိတ်တို့သည် ကာလသုံးပါး ဖြစ်သော အားလုံးသောစိတ် စေတသိက်-ပိညတ်ဒွေ-လက္ခဏာရုပ် အတိတ်အနာဂတ် ဖြစ်သော ကြွင်းသော ရုပ်ဓာတ်ဝီသ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ် တို့ကို အာရုံပြုကုန်၏။

---

**(အမှာ)** ဤဝီထိတို့၌ စိတ်သရုပ်-မှီရာ-ဘုံ-ပုဂ္ဂိုလ် ခွဲပုံတို့ကို ရှေးက မနောဒွါရ ဝီထိများအတိုင်း ခွဲပါလေ....

ဤမနောဒွါရဝီထိ အားလုံး၌ ဝါရ ဝီထိစိတ် အမျိုးအစားစသည် ခွဲပုံများကို ပဉ္စဒွါရဝီထိနည်း မှီ၍ ခွဲပါလေ....

သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယ စေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။

ပဌမစိတ္တေန၊ ရှေးဦးစွာသော သောတဒွါရဝီထိ စိတ်ဖြင့်။ သဒ္ဒံ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို။ ဇာနာတိ၊ သိ၏။ ဒုတိယ စေတသာ၊ ဒုတိယ တဒနုဝတ္တက မနောဒွါရ ဝီထိ စိတ်ဖြင့်။ အတီတံ၊ အတိတ်သဒ္ဒါရုံကို။ ဇာနာတိ၊ သိ၏။ တတိယစိတ္တေန၊ တတိယ သုဒ္ဓ မနောဒွါရဝီထိစိတ်ဖြင့်။ နာမံ၊ နာမည်ပညတ်ကို။ ဇာနာတိ၊ သိ၏။ စတုတ္ထ စေတသာ၊ စတုတ္ထ မနောဒွါရဝီထိစိတ်ဖြင့်။ အတ္ထံ၊ အနက်ဒြပ် အတ္ထ ပညတ်ကို။ ဇာနာတိ၊ သိ၏။ ။

ဟူသည်နှင့် အညီ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိ၊ အတိတ်သဒ္ဒါရုံကို အာရုံပြု၍။ တဒနုဝတ္တက မနောဒွါရဝီထိ၊ နာမည်ပညတ်ကို အာရုံပြု၍။ သုဒ္ဓမနောဒွါရ တဝီထိ၊ အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြု၍။ သုဒ္ဓမနောဒွါရ တဝီထိအားဖြင့်၊ လေးဝီထိ မြောက်မှ အက္ခရာတလုံးရှိသော အသံကို ဆုံးဖြတ်နိုင်လေ၏။ ။

ထို့အတူ ကြွင်းသော ပဉ္စဒွါရ ဝီထိတို့၌လည်း လေးဝီထိခန့်စီ ကျပြီးမှ အာရုံကို ဆုံးဖြတ်နိုင်ကြောင်း သိပါလေ။ ။

၉။ ခက်ရာ၌ အမေးအဖြေ

(ဝိဘူတာရုံဝီထိ)....အဘယ့်ကြောင့် ဝိဘူတာရုံဝီထိ မည်ပါသနည်း။

ထင်ထင် ရှားရှား ထင်လာသော အာရုံရှိသော ဝီထိ ဖြစ်သောကြောင့် ဝိဘူတာရုံဝီထိ မည်ပါသတည်း။

(အဝိဘူတာရုံဝီထိ)....အဘယ့်ကြောင့် အဝိဘူတာရုံ ဝီထိ မည်ပါသနည်း။

မထင်မရှား ထင်လာသော အာရုံ ရှိသော ဝီထိ ဖြစ်သောကြောင့် အဝိဘူတာရုံဝီထိ မည်ပါသတည်း။

ကာမဇောကျသော မနောဒွါရဝီထိ ပြီး၏။

**(အမှာစကား)**

အပ္ပနာဇော ကျသော မနောဒွါရ ဝီထိများကို မရဏာသန္နဝီထိခဏ်းပြီးမှ ပြမည်။ ။

မရဏာသန္နဝီထိခဏ်း

၁။ မရဏာသန္နဝီထိသည်....
ပဉ္စဒွါရမရဏာသန္နဝီထိ
မနောဒွါရ မရဏာသန္နဝီထိဟူ၍ ၂ မျိုးပြား၏။

၂။ ထိုတွင်-ပဉ္စဒွါရ မရဏာသန္နဝီထိသည်....
စက္ခုဒွါရ မရဏာသန္နဝီထိ
သောတဒွါရ မရဏာသန္နဝီထိ

ဃာနဒွါရ မရဏာသန္နဝီထိ
ဇိဝှါဒွါရ မရဏာသန္နဝီထိ
ကာယဒွါရ မရဏာသန္နဝီထိ ဟူ၍ ၅ မျိုး ပြား၏။

၃။ ထိုတွင်-စက္ခုဒွါရ မရဏာသန္နဝီထိသည်....
ဇောနောင် စုတိကျသောဝီထိ
ဇောနောင် ဘွင်-ဘွင်နောင် စုတိကျသောဝီထိ
တဒါရုံနောင် စုတိကျသောဝီထိ
တဒါရုံနောင် ဘွင်-ဘွင်နောင် စုတိကျသောဝီထိ
ဟူ၍ ၄ မျိုး ပြား၏။

၄။ ထိုတွင်-ဇောနောင် စုတိကျသော စက္ခုဒွါရ မရဏာသန္နဝီထိ ဖြစ်ပုံကား——

ရူပါရုံ စက္ခုပသာဒတို့ အတူဖြစ်ကြ၍ အတီတဘွင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅ ကြိမ်၊ စုတိ၊ပဋိသန္ဓေ၊ဘွင် ၁၅ ကြိမ်၊၁၆ ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ၇ ကြိမ်၊ ထို့နောင် ဘွင် အကြိမ်များစွာဖြစ်၍ ချုပ်၏။

ကြွင်းသော....ဇောနောင် ဘွင်-ဘွင်နောင် စုတိကျသော ဝီထိ
တဒါရုံနောင် စုတိကျသောဝီထိ
တဒါရုံနောင် ဘွင်-ဘွင်နောင် စုတိကျ သော ဝီထိ
၃ မျိုးတို့ကိုလည်း နည်းယူ၍ ချလေ။

ဤသို့လျှင်….စက္ခုဒွါရ မရဏာသန္နဝီထိ ၄ မျိုး ဖြစ်
သတည်း။

ထို့အတူ….သောတဒွါရ မရဏာသန္နဝီထိ ၄ မျိုး
ဃာနဒွါရ မရဏာသန္နဝီထိ ၄ မျိုး
ဇိဝှါဒွါရ မရဏာသန္နဝီထိ ၄ မျိုး
ကာယဒွါရ မရဏာသန္နဝီထိ ၄ မျိုး
တို့ကိုလည်း နည်းယူ၍ ချလေ။

ဤသို့လျှင်….ပဉ္စဒွါရ မရဏာသန္နဝီထိ (၂၀) ဖြစ်
သတည်း။

စိတ်သရုပ် အာရုံ မှီရာ ဘုံ ပုဂ္ဂိုလ် အခွဲ

၅။ ဤဝီထိတို့၌ စိတ်အားဖြင့် ရှေ့နောက်ဘဝ အားလုံးသော စိတ်တို့သည် ကြိယာဇောကြဉ်သော ကာမစိတ် ၄၅ ပါးတို့သာ ဖြစ်ကုန်၏။

အာရုံအားဖြင့် ရှေ့ဘဝ ဘဝင်စိတ် စုတိစိတ်တို့သည် ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

ပဉ္စဒွါရာဝဇ္ဇန်း စသော ရှေ့ဘဝ ဝီထိစိတ်နှင့် နောက်ဘဝ ပဋိသန္ဓေစိတ် ဘဝင်စိတ်တို့သည် ပစ္စုပ္ပန် အာရုံငါးပါးကို အာရုံပြုကုန်၏။

နောက်ဘဝ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇောတို့သည် ပဋိသန္ဓေသစ် ဟူသော ဝိပါက်ကဋတ္တာရုပ်ကို အာရုံပြုကုန်၏။

မှီရာအားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀ တို့သည် စုတိမှ အထက် ၁၇ ချက်မြောက်သောစိတ်နှင့် အတူဖြစ်သော ပဉ္စဝတ္ထုကို မှီကုန်၏။

ကြွင်းသော ရှေးဘဝစိတ်တို့သည် စုတိမှအထက် ၁၇ ချက်မြောက်သောစိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ပဋိသန္ဓေစိတ်သည် မိမိနှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီ၏။

ကြွင်းသော နောက်ဘဝ စိတ်တို့သည် ရှေးရှေးစိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ဘုံအားဖြင့် ကာမဘုံမှ ကာမဘုံသို့ သွားသော ပုထုဇဉ် ၄ ယောက်၊ သောတာပန်၊ သကဒါဂါမ်ဤ ၆ ယောက်တို့၌ ဖြစ်ကုန်၏။

ပဉ္စဒွါရ မရဏာသန္နဝီထိ ပြီး၏။

---

၁။ မနောဒွါရ မရဏာသန္နဝီထိသည်လည်း....
ဇောနောင် စုတိကျသော ဝီထိ
ဇောနောင် ဘဝင်-ဘဝင်နောင် စုတိကျသော ဝီထိ
တဒါရုံနောင် စုတိကျသော ဝီထိ
တဒါရုံနောင် ဘဝင်-ဘဝင်နောင် စုတိကျသော ဝီထိ ဟူ၍ ၄ မျိုး ပြား၏။

၂။ ထိုတွင်-ဇောနောင် စုတိကျသော မနောဒွါရ မရဏာသန္နဝီထိ ဖြစ်ပုံကား....

ပစ္စုပ္ပန်၊အတိတ်၊ကာမ၊မဟဂ္ဂုတ် ပညတ် ဖြစ်သော အာရုံ ၆ ပါးတို့တွင် တပါးပါးကို အာရုံပြု၍ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅ကြိမ်၊စုတိ၊ပဋိသန္ဓေ၊ဘဝင် ၁၅ ကြိမ်၊ ၁၆ ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ၇ ကြိမ်၊ ထို့နောင် ဘဝင် အကြိမ်များစွာဖြစ်၍ ချုပ်၏။

ကြွင်းသော ၃ ဝီထိတို့ကိုလည်း နည်းတူ ချလေ။

၃။ စိတ်သရုပ် အာရုံ မှီရာ ဘုံ ပုဂ္ဂိုလ် အခွဲ

ဤဝီထိတို့၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် အားဖြင့် ဘဝင် ၁၉ ပါးလုံး ထိုက်သလို ဖြစ်ကုန်၏။

ဝီထိစိတ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁ဝ၊ မနောဓာတ် ၃ ခုကြဉ်သော ကာမစိတ် ၄၁ ပါးတို့သာ ဖြစ်ကုန်၏။

အာရုံအားဖြင့် ရှေးဘဝ ဘဝင်စိတ် စုတိစိတ်တို့သည် ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ၃ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

မနောဒွါရာဝဇ္ဇန်း စသော ရှေးဘဝ ဝီထိစိတ် နှင့် နောက်ဘဝ ပဋိသန္ဓေစိတ် ဘဝင်စိတ်တို့သည် (ပစ္စုပ္ပန် အတိတ်-ကာမ-မဟဂ္ဂုတ်-ပညတ်ဖြစ်သော) အာရုံ ၆ ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

နောက်ဘဝ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇောတို့သည် ပဋိသန္ဓေသစ်ဟူသော ဝိပါက်ကဋတ္တာရုပ်ကို အာရုံပြုကုန်၏။

မိစ္ဆာအားဖြင့် ပဥ္စဒွါရာဝဇ္ဇန်း ဖြစ်သော ရှေး ဘဝစိတ်တို့သည် စုတိမှ အထက် ၁၇ ချက်မြောက် သောစိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူဖြစ်သော ဟဒယ ဝတ္ထုကိုမှီ၏။

ကြွင်းသော နောက်ဘဝစိတ်တို့သည် ရှေးရှေးစိတ် နှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

စတုဒွါရိကာဝဇ္ဇန်းဖြစ်သော ရှေ့နောက်ဘဝ ဝီထိ စိတ်တို့၏ မှီရာကို ဝတ္ထုရုပ်မရှိသောကြောင့် မရွေးချယ် ရပေ။

ဘုံအားဖြင့် တဒါရုံနောင် စုတိ=တဒါရုံနောင် ဘဝင် ဘဝင်နောင် စုတိကျသော ၂ ဝီထိ တို့သည် ကာမ (၁၁)ဘုံ၌သာ ဖြစ်ကုန်၏။

ကြွင်းသော ၂ ဝီထိတို့သည် အသညသတ်ကြဉ် သော ဘုံ(၃၀)၌ ဖြစ်ကုန်၏။

ပုဂ္ဂိုလ်အားဖြင့် ကာမဘုံမှ ကာမဘုံသို့ သွား သော ပုဂ္ဂိုလ်တို့၌ ၄ ဝီထိလုံး ထိုက်သလို ဖြစ်ကုန်၏။

ကာမဘုံမှ ရူပ အရူပဘုံသို့ သွားသောပုဂ္ဂိုလ်

ရူပ အရူပဘုံမှ ကာမဘုံသို့ သွားသော ပုဂ္ဂိုလ်

ရူပဘုံမှ အရူပဘုံသို့ သွားသော ပုဂ္ဂိုလ်တို့၌- ဇောနောင် စုတိ-ဇောနောင်ဘဝင် ဘဝင်နောင်စုတိ ကျ သော (၂)ဝီထိ တို့သာ ထိုက်သလို ဖြစ်ကုန်၏။

---

**(အမှာ)** ဤမနောဒွါရ မရဏာသန္နဝီထိတို့၌ ပါဝင်ပြီး ဖြစ်

သော ဘုရား ရဟန္တာတို့၏ မဂ္ဂဟာသန္ဓ ဝိထိကို ထုံးသောကြောင့် သီးသန့်၍ တဘန်ပြပေအံ့….

၂။ ဘုရားရဟန္တာတို့၏ မရဏာသန္နဝိဓိသည်လည်း ဤ မနောဒွါရ ဝိထိ ၄ ပါးတို့သာ ထိုက်သလို ဖြစ်ကုန်၏ နိဗ္ဗာန်သို့ ဝင်စံတော်မူသော ပုဂ္ဂိုလ်များ ဖြစ်သော ကြောင့် စုတိနောင် ပဋိသန္ဓေစသော ဟိုဘက်ဘဝ ဝိထိစိတ်များ မချရခြင်းသာ ထူး၏။

ဤ ဘုရား ရဟန္တာတို့၏ မရဏာသန္နဝိထိ၌ ဘဝင်စိတ် စုတိစိတ် အားဖြင့် တိဟိတ်ဘဝင် ၁၃ ပါးလုံး ထိုက် သလို ဖြစ်ကုန်၏။

ဝိထိစိတ်အားဖြင့် မနောဒွါရာဝဇ္ဇန်း ကာမကြိယာ ဇော ၉ ပါး တဒါရုံ ၁၁ ပါး ဤ ၂၁ ပါးသော ကာမစိတ်တို့သာ ဖြစ်ကုန်၏။

အာရုံအားဖြင့် ဘဝင်စိတ် စုတိစိတ်တို့သည် ကံ- ကမ္မနိမိတ် ဂတိနိမိတ် ၃ ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော တဒါရုံဟူ သော ဝိထိစိတ်တို့သည် ထင်တိုင်းသော သင်္ခါရ လက္ခဏာရုပ် ပညတ်တို့ကို အာရုံပြုကုန်၏။

မှီရာအားဖြင့် စုတိမှအထက် ၁၇ချက်မြောက်သော စိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ဘုံအားဖြင့် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂ ဘုံ စတုဝေါကာရ ၄ဘုံ ဤ ၂၆ ဘုံတို့၌ ထိုက်သလို ဖြစ်ကုန်၏။

ပုဂ္ဂိုလ်အားဖြင့် ဘုရား ရဟန္တာ ဟူသော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တယောက်၌သာ ဖြစ်၏။

ဘုရား ရဟန္တာတို့၏ မရဏာသန္နဝီထိ ပြီး၏။

မနောဒွါရမရဏာသန္နဝီထိ ပြီး၏။

---

(**အမှာ**) တဘုံမှ တဘုံသို့ သွားရာ၌ မည်သည့် ဘုံက မည်သည့်ပုဂ္ဂိုလ်အား မည်သည့် စုတိနောင် မည်သည့် ပဋိသန္ဓေ ကျနိုင်သည်ကို ခွဲခြား၍ ပြဆိုပေအံ့။

၅။ ကာမဘုံက အဟိတ် ဒွိဟိတ် စုတိ(၆)ခုနောင် ကာမ ပဋိသန္ဓေ(၁၀)ကို ချအပ်၏။

ကာမဘုံက ပုထုဇဉ် တိဟိတ် စုတိ (၄) ခုနောင် ပဋိသန္ဓေ(၂၀)ကို ချအပ်၏။

ကာမဘုံက အရိယာတိဟိတ် စုတိ (၄)ခုနောင် တိဟိတ်ပဋိသန္ဓေ(၁၃)ကို ချအပ်၏။

အသညသတ်ဘုံက သုဂတိအဟိတ် ရုပ်စုတိ တခု နောင် ကာမဒွိဟိတ် တိဟိတ်ပဋိသန္ဓေ (၈) ခုကို ချအပ်၏။

ဝေဟပ္ဖိုလ်တိုင်အောင် ရူပ(၁၀)ဘုံက ပုထုဇဉ် စုတိ(၅)ခုနောင် သဟိတ်ပဋိသန္ဓေ ၁၇ ခုကို ချအပ်၏။

သုဘကိဏှ တိုင်အောင် ရူပအောက် (၉)ဘုံက အရိယာစုတိ (၄) ခုနောင် မိမိပဋိသန္ဓေနှင့် တကွ အထက် ရူပါရူပ ပဋိသန္ဓေ ၉ ခု၊ ၈ ခု၊ ၇ ခု၊ ၆ ခုကို ချအပ်၏။

ဝေဟပ္ဖိုလ်ဘုံက အရိယာစုတိ တခုနောင် မိမိ ပဋိသန္ဓေတခုကိုသာ ချအပ်၏။

သုဒ္ဓါဝါသ အောက် ၄ ဘုံက အနာဂါမိစုတိ တခုတခုနောင် အထက် သုဒ္ဓါဝါသ ပဋိသန္ဓေ တခု တခုကိုသာ ချအပ်၏။

အကနိဋ္ဌာဘုံက ရဟန္တာစုတိ တခုနောင် ပဋိသန္ဓေ မချရ။

အရူပဘုံက ပုထုဇဉ်စုတိ ၄ ခုနောင် မိမိပဋိသန္ဓေနှင့်တကွ အထက် အရူပ ပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေ ၈ ခု၊ ၇ ခု၊ ၆ ခု၊ ၅ ခုကို ချအပ်၏။

အရူပဘုံက အရိယာစုတိ ၄ ခုနောင် မိမိ ပဋိသန္ဓေနှင့်တကွ အထက် အရူပ ပဋိသန္ဓေ ၄ ခု၊ ၃ ခု၊ ၂ ခု၊ တခုကို ချအပ်၏။

စုတိနောင် ပဋိသန္ဓေချပုံ ပြီး၏။

---

ခက်ရာ၌ အမိပ္ပါယ် အမေးအဖြေ။

အဘယ့်ကြောင့် မရဏာသန္နဝီထိ မည်ပါသနည်း။

သေခါနီးကာလ၌ ကျသော ဝီထိ ဖြစ်သောကြောင့် မရဏာသန္နဝီထိ မည်ပါသတည်း။

အဘယ့်ကြောင့် စုတိစိတ် မည်ပါသနည်း။

ဖြစ်ရာဘဝမှ ပျက်သေ ရွေ့သျှောသော စိတ်ဖြစ်သောကြောင့် စုတိစိတ် မည်ပါသတည်း။

အဘယ့်ကြောင့် ပတိသန္ဓေစိတ် မည်ပါသနည်း။

ရှေ့ဘဝနှင့် နောက်ဘဝကို ဆက်စပ်၍ ပေးသော စိတ် ဖြစ်သောကြောင့် ပတိသန္ဓေစိတ် မည်ပါသတည်း။

အဘယ့်ကြောင့် ဘဝနိကန္တိက လောဘဇော မည်ပါသနည်း။

ဝိပါက် ကမ္မဋ္ဌာရုပ်ဟူသော ဘဝသစ်ကို တတ်နှစ်သက်သော ဇောဖြစ်သောကြောင့် ဘဝနိကန္တိက လောဘဇော မည်ပါသတည်း။

အဘယ့်ကြောင့် ကမ္မဋ္ဌာရုပ် မည်ပါသနည်း၊

ကံသည် ပြုအပ်သောကမ္မဇရုပ် ဖြစ်သောကြောင့် ကမ္မဋ္ဌာရုပ် မည်ပါသတည်း။

မရဏာသန္န ဝီထိ အားလုံး ပြီး၏။

---

အာဂန္တုက ဘဝင် ကျပုံ။

သောမနဿနှင့် ပတိသန္ဓေနေသော ပုဂ္ဂိုလ်အား အနိဋ္ဌာရုံကို အာရုံပြု၍ ဒေါသဇော စောရာ၌ တဒါရုံမကျနိုင်၍ ဘဝင်ကိုသာ ချအပ်၏၊ ဘဝင် တို့တွင်လည်း သောမနဿဘဝင်လည်း ဇောနှင့် မလျော် ဥပေက္ခာဘဝင်လည်း ပတိသန္ဓေ နှင့် မတော်သော

ကြောင့် ဤဘဝ၌ ရှေးအခါက လေ့ကျက်ဘူးသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာ သန္တီရဏ နှစ်ပါးတို့တွင် တပါးပါးသည် အာဝဇ္ဇန်း ကင်းလျက်ပင် အာဂန္တုက ဘဝင်တကြိမ် ဖြစ်၍ ချုပ်၏ ထို့နောင် ထိုစိတ်မှ အနန္တရာဒိ ပစ္စည်းကို ရ၍ ပတိသန္ဓေ နှင့် တူစွာ သောမနဿ ဘဝင် ကျလေ၏။

အာဂန္တုက ဘဝင်ကျပုံ ပြီး၏။

အပ္ပနာဇောကျသော မနောဒွါရဝီထိခဏ်း

၁။ အပ္ပနာဇောကျသော မနောဒွါရဝီထိသည်လည်း....
ဈာန ဝီထိ
မဂ္ဂ ဝီထိ
ဖလသမာပတ္တိ ဝီထိ
အဘိညာဉ် ဝီထိ
နိရောဓသမာပတ္တိ ဝီထိ ဟူ၍ ၅ မျိုး ပြား၏။

၂။ ထိုတွင်-ဈာနဝီထိသည်လည်း....
ပထမဈာန ဝီထိ
ဒုတိယဈာန ဝီထိ
တတိယဈာန ဝီထိ
စတုတ္ထဈာန ဝီထိ
ပဉ္စမဈာန ဝီထိ ဟူ၍ ၅ မျိုး ပြား၏။

၃။ ထိုတွင်-ပထမဈာန ဝီထိသည်လည်း....
အာဒိကမ္မိက ဝီထိ
သမာပဇ္ဇန ဝီထိ ဟူ၍ ၂ မျိုး ပြား၏။

၄။ ထိုတွင်-အာဒိကမ္မိက ဝိရတိသည်လည်း....
မနုဿပုဂ္ဂိုလ်အား ကျသော အာဒိကမ္မိက ဝိရတိ
တိရစ္ဆာနပုဂ္ဂိုလ်အား ကျသော အာဒိကမ္မိက ဝိရတိ ဟူ၍၊
၂ မျိုး ပြား၏။

၅။ ထိုတွင်-မနုဿပုဂ္ဂိုလ်အား ကျသော ပထမစျာန် အာဒိကမ္မိက ဝိရတိ ဖြစ်ပုံကား....

တပါးပါးသော ပညတ်အာရုံကို အာရုံပြု၍ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ဥပစာရသမာဓိ ကာမဇော ၄ ကြိမ်၊ စျာန် ဟူသော အပ္ပနာသမာဓိဇော တကြိမ် ထို့နောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

တိရစ္ဆာနပုဂ္ဂိုလ်အား ကျသော အာဒိကမ္မိက ဝိရတိလည်း ဤအတိုင်းပင် ပရိကံ မချရခြင်းသာ ထူး၏။

၆။ သမာပဇ္ဇန ဝိရတိသည်လည်း....
မနုဿပုဂ္ဂိုလ်အား ကျသော သမာပဇ္ဇန ဝိရတိ
တိရစ္ဆာနပုဂ္ဂိုလ်အား ကျသော သမာပဇ္ဇန ဝိရတိ ဟူ၍၊
၂ မျိုး ပြား၏။

၇။ ထိုတွင်-မနုဿပုဂ္ဂိုလ်အား ကျသော သမာပဇ္ဇန ဝိရတိ ဖြစ်ပုံကား....

တပါးပါးသော ပညတ်အာရုံကို အာရုံပြု၍ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ဥပစာရသမာဓိ

ကာမဇော ၄ ကြိမ်၊ ဈာန်ရှာန်ဟု အပ္ပနာသမာဓိဇော အကြိမ်များစွာဖြစ်၍ ချုပ်၏။

တိက္ခပုဂ္ဂိုလ်အား ကျသော သမာပဇ္ဇနဝီထိလည်း ဤအတိုင်းပင် ပရိကံ မချရခြင်းသာ ထူး၏။

၇။ ဤသို့လျှင် ပထမဈာန် ဝီထိသည် ကုသိုလ် ကြိယာ အားဖြင့် ၂ ပါး၊ ၎င်း ၂ ပါးကို အာဒိကမ္မိက သမာပဇ္ဇန ၂ ပါးနှင့် မြှောက်သော် ၄ ပါး၊ ၎င်း ၄ ပါးကို မန္ဒ၊ တိက္ခ ၂ ပါးနှင့် မြှောက်သော် ၈ ပါး ဖြစ်သတည်း။

၉။ ထို့အတူ ဒုတိယဈာန် ဝီထိပေါင်း ၈ ပါး
တတိယဈာန် ဝီထိပေါင်း ၈ ပါး
စတုတ္ထဈာန် ဝီထိပေါင်း ၈ ပါး
ပဉ္စမဈာန် ဝီထိပေါင်း ၄၀ အားဖြင့်
ဈာန်ဝီထိပေါင်း ၇၂ ပါး ဖြစ်သတည်း။

**(မှတ်ချက်)** ပဉ္စမဈာန်သည် ရူပပဉ္စမဈာန် တပါး၊ အရူပ ပဉ္စမဈာန် ပါးအားဖြင့် ၅ ပါးရှိ၍ မြှောက်ပွါးသော အခါ ၄၀ ဖြစ်သတည်း။

---

၁၀။ ပထမဈာန် အာဒိကမ္မိက ဝီထိ၌ စိတ်သရုပ်-အာရုံ-မှီရာ-ဘုံ-ပုဂ္ဂိုလ် ခွဲပုံ

ဤဝီထိတို့တွင် ပဉ္စမဈာန် အာဒိကမ္မိက ဝီထိ၌ ဝီထိ စိတ်အားဖြင့် မနောဒွါရာဝဇ္ဇန်း၊ ဘိဟိတ် ကာမ

သောမနဿဇော ၄ ပါး၊ ပထမဈာန် ကုသိုလ်ကြိယာ ၂ ပါး၊ ဤ ၇ ပါးသော စိတ်တို့သာ ဖြစ်ကုန်၏။

အာရုံအားဖြင့် ပညတ် ၂၅ ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

**(အမှာ)** ပညတ်အာရုံတို့ကို နောက်မှ ဈာန်နှင့်တွဲ၍ ခွဲခြားပြမည်။

မှီရာအားဖြင့် ရှေးရှေးစိတ်နှင့် အတူ ဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ဘုံအားဖြင့် ကာမသုဂတိ ၇ ဘုံ၌သာ ဖြစ်ကုန်၏။

ပုဂ္ဂိုလ် အားဖြင့် တိဟိတ် ပုထုဇဉ် ဖလဋ္ဌာန် ၄ ယောက်၊ ဤ ၅ ယောက်တို့၌သာ ဖြစ်ကုန်၏။

၁၁။ ပထမဈာန် သမာပဇ္ဇန ဝီထိ၌လည်း ပဉ္စဝေါကာရ တိဟိတ်တွင်အကုန်၊ ပဉ္စဝေါကာရ သုဂတိဘုံအကုန်ကို ဆိုရုံသာ ထူး၏။

နောက်နောက်သော ဈာန်ဝီထိတို့မှာလည်း ဘွင် နှင့် ဘုံကို ထိုက်သလိုကြည့်၍ ဆိုလေ။

ဈာနဝီထိ ပြီး၏။

---

ဈာန ပစ္စဝေက္ခဏာ ဝီထိခန်း

၁။ ရပြီးသော ဈာန်အင်္ဂါ တပါးပါးကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိ ဖြစ်ပုံကား—

ဝိတက်စသော အင်္ဂါ တပါးပါးကို အာရုံပြု၍ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊

ပစ္စဝေက္ခဏာ ကာမဇော ၅ကြိမ် ထို့နောင် ဘင်
ဖြစ်လိုက်သမျှ ဖြစ်၍ ချုပ်၏ဟု ကာမဇောကျသော
မနောဒွါရ ဝီထိ အတိုင်းပင် ဖြစ်၏။

---

စိတ်သရုပ် အာရုံ မှီရာ-ဘုံ-ပုဂ္ဂိုလ်အခွဲ-

၂။ ဤပစ္စဝေက္ခဏာ ဝီထိ၌ ဘင်ဝိတ်အားဖြင့် ဟိတ်
ဘင် ၁၃ ပါးတို့သာ ထိုက်သလို ဖြစ်ကုန်၏။

ဝီထိ စိတ်အားဖြင့် မနောဒွါရာဝဇ္ဇန်း ကာမ
သောဘနဇော ၁၆ ပါး ဤ ၁၇ ပါးတို့သာ ဖြစ်ကုန်
၏။

အာရုံအားဖြင့် ဘင်မှ ကြွင်းသော ဝီထိစိတ်တို့
သည် ဈာနအင်္ဂါ တပါးပါးကို အာရုံ ပြုကုန်၏။

မှီရာအားဖြင့် ရှေးရှေးစိတ်နှင့် အတူ ဖြစ်သော
ဟဒယ ဝတ္ထုကို မှီကုန်၏။

ဘုံအားဖြင့် အပါယ် ကြဉ်သော ပဉ္စဝေါကာရ
၂၂ ဘုံ အရူပ ၄ ဘုံ ဤ ၂၆ ဘုံတို့၌ ဖြစ်ကုန်၏။

ပုဂ္ဂိုလ်အားဖြင့် တိဟိတ် ပုထုဇဉ် ဖလဋ္ဌာန် ၄
ယောက် ဤ ၅ ယောက်တို့၌ ဖြစ်ကုန်၏။

ဈာန ပစ္စဝေက္ခဏာ ဝီထိ ပြီး၏။

---

**(အမှာ)** ဤအပ္ပနာဇော ဝီထိတို့၌ ဥပစာရဇောနှင့် အပ္ပနာ
ဇောတို့သည် ဇာတ်ခြင်းတူ ဝေဒနာခြင်းတူရမည်ဖြစ်
၍ ၎င်းတို့ကို ခွဲခြား၍ ပြပေအံ့..။

၁။ ကုသိုလ် သောမနဿ သမ္ပယုတ် ကာမဇော ၂ ပါးနောင်
ကုသိုလ် သောမနဿ မဟဂ္ဂုတ်ဇော ၄ ပါး ကျနိုင်၏
၂။ ကုသိုလ် ဥပေက္ခာ သမ္ပယုတ် ကာမဇော ၂ ပါး နောင်
ကုသိုလ် ဥပေက္ခာ မဟဂ္ဂုတ်ဇော ၅ ပါး ကျနိုင်၏
၃။ ကြိယာ သောမနဿ သမ္ပယုတ် ကာမဇော ၂ ပါးနောင်
ကြိယာ သောမနဿ မဟဂ္ဂုတ်ဇော ၄ ပါး ကျနိုင်၏။
၄။ ကြိယာ ဥပေက္ခာ သမ္ပယုတ် ကာမဇော ၂ ပါးနောင်။
ကြိယာ ဥပေက္ခာ မဟဂ္ဂုတ်ဇော ၅ ပါး ကျနိုင်၏။

---

ဈာန်တရားတို့၏ ပညတ်အာရုံများကို ဈာန်နှင့် တွဲ၍ ခွဲခြား ပြသောအံ့....။

၁။ ရူပ ပထမဈာန် ၃ ပါးတို့သည်....

| | | |
|---|---|---|
| ကသိုဏ်း | ၁၀ | ပါး |
| အသုဘ | ၁၀ | ပါး |
| ကာယဂတာသတိ | ၁ | ပါး |
| အာနာပါန | ၁ | ပါး |
| မေတ္တာ-ကရုဏာ-မုဒိတာ | ၃ | ပါး |

ဤ ၂၅ ပါးသော ပညတ်တရားတို့ကို အာရုံပြုကုန်၏။

၂။ ရူပ ဒုတိယဈာန်

| | | |
|---|---|---|
| ရူပ ဒုတိယဈာန် | ၃ | ပါး |
| တတိယဈာန် | ၃ | ပါး |
| စတုတ္ထဈာန် | ၃ | ပါး |

ဤ ၉ ပါးသော ဈာန်တို့သည်....

| | |
|---|---|
| ကသိုဏ်း | ၁၀ ပါး |
| အာနာပါန | ၁ ပါး |
| မေတ္တာ-ကရုဏာ-မုဒိတာ | ၃ ပါး |

ဤ ၁၄ ပါးသော ပညတ်တရားတို့ကို အာရုံပြုကုန်၏။

၃။ ရူပ ပဉ္စမဈာန် ၁၃ ပါးတို့သည်....

| | |
|---|---|
| ကသိုဏ်း | ၁၀ ပါး |
| အာနာပါန | ၁ ပါး |
| ဥပေက္ခာ | ၁ ပါး |

ဤ ၁၂ ပါးသော ပညတ်တရားတို့ကို အာရုံပြုကုန်၏။

၄။ အာကာသာနဉ္စာယတန ဈာန် ၃ ပါးတို့သည် ကောင်းကင်ပညတ်ကို အာရုံပြုကုန်၏။

၅။ ဝိညာဉ္စာယတနဈာန် ၃ ပါးတို့သည် အာကာသာနဉ္စာယတနဈာန်ကို အာရုံပြုကုန်၏။

၆။ အာကိဉ္စညာယတနဈာန် ၃ ပါးတို့သည် နတ္ထိဘော ပညတ်ကို အာရုံပြုကုန်၏။

၇။ နေဝသညာနာသညာယတန ဈာန် ၃ ပါးတို့သည် အာကိဉ္စညာယတနဈာန်ကို အာရုံပြုကုန်၏။

ဈာန ဝီထိ ပြီး၏။

## မဂ္ဂ ဝီထိခန်း

၁။ မဂ္ဂ ဝီထိ သည်လည်း
သောတာပတ္တိ မဂ္ဂ ဝီထိ
သကဒါဂါမိ မဂ္ဂ ဝီထိ
အနာဂါမိ မဂ္ဂ ဝီထိ
အရဟတ္တ မဂ္ဂ ဝီထိ-ဟူ၍ ၄ မျိုး ပြား၏။

၂။ ထိုတွင်····သောတာပတ္တိ မဂ္ဂ ဝီထိ သည်လည်း····
ပထမ ဈာန ဝီထိ
ဒုတိယ ဈာန ဝီထိ
တတိယ ဈာန ဝီထိ
စတုတ္ထ ဈာန ဝီထိ
ပဉ္စမ ဈာန ဝီထိ-ဟူ၍ ၅ မျိုး ပြား၏····

၃။ ထိုတွင်····ပထမဈာန် သောတာပတ္တိ မဂ္ဂဝီထိဖြစ်ပုံကား ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ-ဟူသော ဥပစာရ သမာဓိ ကာမဇော ၄ကြိမ် ထို့နောင် သောတာပတ္တိမဂ်တကြိမ် မန္ဒပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ် ၂ကြိမ် တိက္ခပုဂ္ဂိုလ် အား သောတာပတ္တိဖိုလ် ၃ကြိမ် ထို့နောင် ဘွင်ဖြစ် ထိုက်သမျှ ဖြစ်၍ ချုပ်၏။

၄။ ထို့အတူ ဒုတိယဈာန် သောတာပတ္တိ မဂ္ဂ ဝီထိစသည် တို့ကိုလည်း နည်းယူ၍ ချလေ····

၅။ အထက် မဂ္ဂ ဝီထိတို့၌လည်း ဂေါတြဘူအရာ၌ ဝေါ ဒါန်ချရုံသာ ထူး၏။

စိတ်သရုပ် အာရုံ မှီရာ ဘုံ ပုဂ္ဂိုလ် အခွဲ

၆။ ဤမဂ္ဂ ဝီထိတို့၌ ဇောစိတ်အားဖြင့် တိဟိတ်ဇော ၁၃ ပါးတို့သာ ထိုက်သလို ဖြစ်ကုန်၏။

ဝီထိ စိတ်အားဖြင့် မနောဒွါရာဝဇ္ဇန်း တိဟိတ် ကာမသောမနဿဇော ၄ ပါး မိမိ မဂ်ဖိုလ် ဤ ၇ ပါး တို့သာ ဖြစ်ကုန်၏။

အာရုံအားဖြင့် မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံတို့သည် တေဘူမိက သင်္ခါရကို အာရုံပြုကုန်၏။

ဂေါတြဘူ ဝေါဒါန် မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံ ပြုကုန်၏။

မှီရာအားဖြင့် ရှေးရှုစိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုကို မှီကုန်၏။

ဘုံအားဖြင့် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂ ဘုံ အရူပ ၄ ဘုံ ဤ ၂၆ ဘုံတို့၌ ထိုက်သလို ဖြစ်ကုန်၏။

ပုဂ္ဂိုလ်အားဖြင့် တိဟိတ် ပုထုဇဉ် မဂ္ဂဋ္ဌာန် ၄ ယောက် ဖလဋ္ဌာန် ၄ ယောက် ဤ ၉ ယောက်တို့၌ ထိုက်သလို ဖြစ်ကုန်၏။

မဂ္ဂ ဝီထိ ပြီး၏။

---

မဂ္ဂ ပစ္စဝေက္ခဏာ ဝီထိခန်း

၁။ ရအပ်ပြီးသော မဂ်-ဖိုလ်-နိဗ္ဗာန်၊ ပယ်ပြီးကိလေသာ ကြွင်းကိလေသာ ဤ ၅ ပါးကို ဆင်ခြင်သော ပစ္စ

ဝေက္ခဏာ ဝီထိ ဖြစ်ပုံကား....မျာန ပစ္စဝေက္ခဏာ ဝီထိအတိုင်း ကာမဇော ကျသော မနောဒွါရ ဝီထိပင် ဖြစ်၏။

ဤ၌ လျှင်မြန်ခြင်းကို အလိုမရှိသေးကြောင့် ပစ္စဝေက္ခဏာ ကာမဇော ၇ ကြိမ် ကျခြင်းသာ ထူး၏။

၂။ ဤ မဂ္ဂပစ္စဝေက္ခဏာ ဝီထိပေါင်းကား အောက်မဂ်တို့မှာ ၅ ပါးစီရ၍ အရဟတ္တမဂ်မှာ ကြွင်းကိလေသာ မရှိ၍ ၄ ပါးသာ ရသောကြောင့် ၁၉ ပါး ဖြစ်သတည်း။

၃။ စိတ်သရုပ် မှီရာ ဘုံအခွဲမှာလည်း ဈာနပစ္စဝေက္ခဏာ ဝီထိနှင့် မထူးလှပြီ။

အာရုံအားဖြင့် မဂ် ဖိုလ် နိဗ္ဗာန် ပယ်ပြီးကိလေသာ ကြွင်းကိလေသာ ဤ၅ ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

၅။ ပုဂ္ဂိုလ်အားဖြင့် ဖလဋ္ဌာန် ၄ ယောက်တို့၌ ဖြစ်ကုန်၏။

မဂ္ဂပစ္စဝေက္ခဏာ ဝီထိ ပြီး၏။

---

ဖလသမာပတ္တိ ဝီထိခဏ်း

၁။ ဖလသမာပတ္တိဝီထိ ဖြစ်ပုံကား....ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မန္ဒပုဂ္ဂိုလ်အား အနုလုံ အနုလုံဟု ဥပစာရသမာဓိ ကာမဇော ၄ ကြိမ်၊ တိက္ခပုဂ္ဂိုလ်အား အနုလုံ ၃ ကြိမ်၊ ထို့နောင် ဖိုလ် အကြိမ်များစွာဖြစ်၍ ချုပ်၏။

၂။ ဤဝီထိ၌ မနောဒွါရာဝဇ္ဇန်းအနုလုံတို့သည် ဝေါဒါနမိက သင်္ခါရကို အာရုံပြုကုန်၏။ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

၃။ ပုဂ္ဂိုလ်အားဖြင့် မိမိ ဖလဋ္ဌာန် ပုဂ္ဂိုလ် တယောက်စီ၌သာ ဖြစ်၏။ အကြွင်း မဂ္ဂဝီထိနှင့် တူ၏။

ဖလသမာပတ္တိဝီထိ ပြီး၏။

---

ဤ မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိတို့၌လည်း ဥပစာရဇောနှင့် မဂ်ဇော ဖိုလ်ဇောတို့သည် ဇာတ်ခြင်းတူ ဝေဒနာခြင်းတူရမည်ဖြစ်၍ ၎င်းတို့ကို ခွဲခြား၍ ပြပေအံ့····။

၁။ ကုသိုလ်သောမနဿ သမ္ပယုတ် ကာမဇော ၂ပါးနောင် မဂ် သောမနဿဇော ၁၆ ပါး၊ အောက်ဖိုလ် သောမနဿဇော ၁၂ ပါး၊ ပေါင်း ၂၈ပါး ကျနိုင်၏

၂။ ကုသိုလ်ဥပေက္ခာသမ္ပယုတ် ကာမဇော ၂ ပါးနောင် မဂ်ဥပေက္ခာဇော ၄ ပါး၊ အောက်ဖိုလ် ဥပေက္ခာဇော ၃ ပါး ပေါင်း ၇ ပါး ကျနိုင်၏။

၃။ ကြိယာ သောမနဿသမ္ပယုတ် ကာမဇော ၂ပါးနောင် အရဟတ္တဖိုလ် သောမနဿဇော ၄ ပါး ကျနိုင်၏။

၄။ ကြိယာ ဥပေက္ခာသမ္ပယုတ် ကာမဇော ၂ ပါးနောင် အရဟတ္တဖိုလ် ဥပေက္ခာဇော တပါးသာ ကျနိုင်၏။

ဥပစာရဇောနောင် မဂ်ဇော ဖိုလ်ဇော နှောင်းပုံ ပြီး၏။

## အဘိညာဉ် ဝီထိခဏ်း

၁။ အဘိညာဉ် ဝီထိသည်လည်း....
ဒိဗ္ဗစက္ခု အဘိညာဉ်ဝီထိ
ဒိဗ္ဗသောတ အဘိညာဉ်ဝီထိ
ဣဒ္ဓိဝိဓ အဘိညာဉ်ဝီထိ
ပရစိတ္တဝိဇာနန အဘိညာဉ်ဝီထိ
ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဝီထိ
ယထာကမ္မူပဂ အဘိညာဉ်ဝီထိ
အနာဂတံသ အဘိညာဉ်ဝီထိ ဟူ၍ ၇ မျိုး ပြား၏။

၂။ ထိုတွင် ဒိဗ္ဗစက္ခု အဘိညာဉ်ဝီထိသည်....
ပရိကံ၏ အခြေဖြစ်သော ပထမ ပါဒကဈာန်ဝီထိ
အလိုရှိရာကို ပရိကံပြုသော အဓိဋ္ဌာန်ဝီထိ
အဘိညာဉ်၏ အခြေဖြစ်သော ဒုတိယ ပါဒကဈာန်ဝီထိဟူ၍ ၃ မျိုးကျပြီးမှ အလိုရှိရာကို အလွန်အကြူး အထူး သိတတ်သော ဈာန်တကြိမ်ကျသော ရူပပဉ္စမဈာန် အဘိညာဉ်ဝီထိ ဖြစ်၏။

၃။ ဤ ၄ ဝီထိတို့တွင် ပါဒကဈာန် ၂ ဝီထိတို့ကို ရူပပဉ္စမဈာန် သမာပဇ္ဇနဝီထိအတိုင်း ချအပ်ကုန်၏။

အဓိဋ္ဌာန်ဝီထိကို ကာမဇောကျသော မနောဒွါရဝီထိအတိုင်း ချအပ်ကုန်၏။

အစဉ်အတိုင်း အဓိဋ္ဌာန်ပုံကား....

၄။ ဒိဗ္ဗစက္ခု၌ ဤသူ၏ အဆင်းကို မြင်ရပါလို၏ ဟု အဓိဋ္ဌာန် ပြုရ၏။
ဒိဗ္ဗသောတ၌ ဤသူ၏ အသံကို ကြားရပါလို၏ ဟု အဓိဋ္ဌာန် ပြုရ၏။
ဣဒ္ဓိဝိဓ၌ တခုတည်းက တရာ-တထောင် စသည် ဖြစ်ရပါလို၏ဟု အဓိဋ္ဌာန် ပြုရ၏။
ပရစိတ္တ ဝိဇာနန၌ ဤသူ၏ စိတ်ကို သိရပါလို၏ဟု အဓိဋ္ဌာန် ပြုရ၏။
ပုဗ္ဗေနိဝါသာနုဿတိ၌ ရှေး၌ သုံးနေဘူးသော ခန္ဓာ အစဉ်ကို သိရပါလို၏ဟု အဓိဋ္ဌာန် ပြုရ၏။
ယထာကမ္မူပဂ၌ အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံကို သိရပါလို၏ဟု အဓိဋ္ဌာန် ပြုရ၏။
အနာဂတံသ၌ အနာဂတ်ဖြစ်သော ခန္ဓာအစဉ်ကို သိရပါလို၏ဟု အဓိဋ္ဌာန် ပြုရ၏။

အစဉ်အတိုင်း အာရုံပြုပုံကား။

၅။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် ပစ္စုပ္ပန် ရူပါရုံကို အာရုံ ပြု၏။
ဒိဗ္ဗ သောတ အဘိညာဉ်သည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၏။
ဣဒ္ဓိဝိဓ အဘိညာဉ်သည် ပါဒကဈာန် နိမ္မိတရုပ်တို့ကို အာရုံပြု၏။
ပရစိတ္တဝိဇာနန အဘိညာဉ်သည် ရှေ့နောက် ၇ ရက် အတွင်း သူတပါးတို့၏ စိတ် စေတသိက်ကို အာရုံပြု၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်သည် ရှေး၌သုံးနေဘူးသော မိမိ သူတပါးတို့၏ ခန္ဓာငါးပါး ထိုခန္ဓာငါးပါးနှင့် စပ်သော အမည်အမျိုးစသော ပညတ်နိဗ္ဗာန် ဤအာရုံ(၆)ပါးကို အာရုံပြု၏။

ယထာကမ္မူပဂ အဘိညာဉ်သည် အတိတ် ဖြစ်သော ,လောကီ ကုသိုလ်ကံ-အကုသိုလ်ကံ-စိတ္တုပ္ပါဒ်ကို အာရုံ ပြု၏။

အနာဂတံသ အဘိညာဉ်သည် အနာဂတ် ဖြစ်သော မိမိ သူတပါးတို့၏ ခန္ဓာငါးပါး ထိုခန္ဓာငါးပါးနှင့်စပ်သော ပညတ် နိဗ္ဗာန် ဤအာရုံ(၆)ပါးကို အာရုံပြု၏။

၆။ ဤ အဘိညာဉ် ၇ ပါးထဲက ယထာကမ္မူပဂ နှင့် အနာဂတံသကို ဒိဗ္ဗ စက္ခုသို့သွင်းလျှင် ၅ ပါး ဖြစ်၏၊ ၎င်းငါးပါးထဲသို့ အာသဝက္ခယ အဘိညာဉ်ကို ထည့်လျှင် (၆) ပါး ဖြစ်၏၊ ဤသို့လျှင် အဘိညာဉ် ၅ ပါးက ၆ ပါး ၇ ပါး ဖြစ်သတည်း။

(ဆောင်ပုဒ် လင်္ကာ) စ-သော-ဣဒ်-ပ၊ပုဗ်-ယ-အ-ဟု၊ သတ္တာဘိညာ၊ငါးဖြာဖြစ်က၊ယ-နှင့်-အ-ကို၊စ-၌သွင်းယူ၊ ခြောက်မူ အာသဝက်၊ ထိုဝယ်စွက်၊ သုံးချက်နား လည်စေ....

အဘိညာဉ် ဝီထိ ပြီး၏။

## နိရောဓ သမာပတ္တိ ဝီထိခဏ်း

၁။ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမိ ရဟန္တာ ပုဂ္ဂိုလ်သည် လေးလံစွာသော ခန္ဓာဝန်ကို ဆောင်ရသဖြင့် လွန်စွာ ငြီးငွေ့လှ၍ ဒိဋ္ဌနိဗ္ဗာန်ချမ်းသာကို ခံစားလိုသော် လောကီ ပထမဈာန်ကို ဝင်စားပြီး၍ ထိုဈာန်၌ရှိသော သင်္ခါရတို့ကို အနိစ္စ-ဒုက္ခ-အနတ္တဟု ဝိပဿနာရှု၍ ထိုနည်းတူစွာ အာကိဉ္စညာယတန ဈာန်တိုင်အောင် ဝင်စားပြီးလျှင်....

မိမိပရိက္ခရာများကို မပျက်စီးရအောင် အဓိဋ္ဌာန်ခြင်း သံဃာက အလိုရှိလျှင် သမာပတ်မှ ထနိုင်အောင် ဆင်ခြင်ခြင်း၊

ဘုရားရှင်က ခေါ်တော်မူလိုလျှင် သမာပတ်မှ ထနိုင်အောင် ဆင်ခြင်ခြင်း။

အသက် အပိုင်းအခြားကို ဆင်ခြင်ခြင်း။

ဤပုဗ္ဗကိစ္စ ၄ ပါးကို ပြုသော ယောဂီပုဂ္ဂိုလ်အား ကာမဇောကျသော မနောဒွါရ ဝီထိတို့သည် ဖြစ်ကုန်၏။ ထို့နောင် နေဝသညာနာသညာယတနဈာန်ဝင်စား၍ ဈာန် ၂ ကြိမ် အဆုံး၌ ကာမသုဂတိဘုံဖြစ်လျှင် ၇ ရက်၊ ရူပဘုံဖြစ်လျှင် အလိုရှိတိုင်း စိတ်စေတသိက် စိတ္တဇရုပ် ချုပ်သဖြင့် တိဇရုပ်၊ ဒွိဇရုပ်တို့၏ ဖြစ်ခြင်း၊ တည်ခြင်းသည် နိရောဓသမာပတ္တိဝီထိမည်၏။

ဤနိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ် ၂ ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် ၂ ကြိမ် ဖြစ်၍ ချုပ်၏။

နိရောဓသမာပတ္တိ ဝီထိ ပြီး၏။

---

ခက်ရာ၌ အဓိပ္ပါယ် အမေး အဖြေ

၁။ အဘယ့်ကြောင့် အပ္ပနာ မည်ပါသနည်း။
အာရုံ၌ ချဉ်းကပ် ဝင်ရောက်တတ်သောကြောင့် အပ္ပနာ မည်ပါသတည်း။

၂။ အဘယ့်ကြောင့် ဈာန် မည်ပါသနည်း။
နီဝရဏာတို့ကို ရှို့မြှိုက်တတ် အာရုံကိုကပ်၍ ရှုတတ်သောကြောင့် ဈာန် မည်ပါသတည်း။

၃။ အဘယ့်ကြောင့် မဂ် မည်ပါသနည်း။
နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ် မည်ပါသတည်း။

၄။ အဘယ့်ကြောင့် ဖိုလ် မည်ပါသနည်း။
မဂ်၏ အကျိုးဖြစ်သောကြောင့် ဖိုလ် မည်ပါသတည်း။

၅။ အဘယ့်ကြောင့် အဘိညာဉ် မည်ပါသနည်း။
အလိုရှိရာကို အလွန်အကြူး အထူး သိတတ်သောကြောင့် အဘိညာဉ် မည်ပါသတည်း။

၆။ အဘယ့်ကြောင့် နိရောဓသမာပတ် မည်ပါသနည်း။
စိတ် စေတသိက် စိတ္တဇရုပ် ချုပ်သဖြင့် ဥတုဇရုပ် ကမ္မဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ခြင်း၊ တည်ခြင်းမျှ ဖြစ်သောကြောင့် နိရောဓသမာပတ် မည်ပါသတည်း။

၇။ အဘယ့်ကြောင့် အာဒိကမ္မိကဝီထိ မည်ပါသနည်း။
ရှေးဦးစွာ ကျသော ဝီထိ ဖြစ်သောကြောင့် အာဒိကမ္မိကဝီထိ မည်ပါသတည်း။

၈။ အဘယ့်ကြောင့် သမာပဇ္ဇနဝီထိ မည်ပါသနည်း။
အထပ်ထပ် ဝင်စားသော ဝီထိ ဖြစ်သောကြောင့် သမာပဇ္ဇနဝီထိ မည်ပါသတည်း။

၉။ အဘယ့်ကြောင့် ပစ္စဝေက္ခဏာဝီထိ မည်ပါသနည်း။
ဆင်ခြင်သော ဝီထိ ဖြစ်သောကြောင့် ပစ္စဝေက္ခဏာဝီထိ မည်ပါသတည်း။

၁၀။ အဘယ့်ကြောင့် ပရိကံ မည်ပါသနည်း။
အပ္ပနာကို ပြုပြင်တတ်သောကြောင့် ပရိကံ မည်ပါသတည်း။

၁၁။ အဘယ့်ကြောင့် ဥပစာ မည်ပါသနည်း။
အပ္ပနာ၏ အနီး၌ ဖြစ်သောကြောင့် ဥပစာ မည်ပါသတည်း။

၁၂။ အဘယ့်ကြောင့် အနုလုံ မည်ပါသနည်း။
ရှေ့က ပရိကံ နောက်က အပ္ပနာတို့နှင့် လျော်သောကြောင့် အနုလုံ မည်ပါသတည်း။

၁၃။ အဘယ့်ကြောင့် ဂေါတြဘူ မည်ပါသနည်း။
ကာမ အနွယ်ကို နှိပ်စက်တတ် ပုထုဇဉ် အနွယ်ကို ဖြတ်တတ်သောကြောင့် ဂေါတြဘူ မည်ပါသတည်း။

၁၄။ ဈာန်ရှေ့က ဂေါတြဘူနှင့် မဂ်ရှေ့က ဂေါတြဘူ ဘယ်သို့ ထူးပါသနည်း။

ရူပါရှေ့က ဝေါဟာရက ကာမအနွယ်ကို နှိပ်စက်တတ်သည့် မဂ်ရှေ့က ဝေါဟာရက ကာမအနွယ်ကို ဖြတ်တတ်သည် ဤသို့ ထူးပါသတည်း။

၁၅။ ဝသီဘော် ငါးပါး ဟူသော်ကား....

(က) အဝိဇ္ဇာန်ခြင်း အဝဇ္ဇန ဝသီဘော်
(ခ) ရူပါဝင်စားခြင်း သမာပဇ္ဇန ဝသီဘော်
(ဂ) ရူပါမှ ထခြင်း၊ ဝုဋ္ဌာန ဝသီဘော်
(ဃ) ရူပါကို ဆင်ခြင်ခြင်း အာဝဇ္ဇန ဝသီဘော်
(င) ရူပါအင်္ဂါကို ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာ ဝသီဘော်....

ပေါင်း ဤ ငါးပါးတည်း....

၁၆။ သမာပတ် ရှစ်ပါး ဟူသော်ကား....

စတုက္ကနည်းအားဖြင့် ရူပါဝစရရူပါ ၄ ပါး။
အရူပါဝစရရူပါ ၄ ပါး။
ပေါင်း ဤ ရှစ်ပါးတည်း....

၁၇။ အဘယ်အင်္ဂါများစုံမှ တဒါရုံ ကျနိုင်ပါသနည်း။

ကာမဇော ကာမသတ္တဝါ ကာမအာရုံ ဝိဘူတာရုံ အတိမဟန္တာရုံ ဖြစ်မှ တဒါရုံ ကျနိုင်ပါသတည်း။

၁၈။ တကြိမ်သာ စောနိုင်သော ဇော
၇ ကြိမ် စောနိုင်သော ဇော
အကြိမ်များစွာ စောနိုင်သော ဇောတို့ကို ဘော်ပြပါ....
မဂ်ဇောနှင့် အဘိညာဉ် ဇောတို့သည် တကြိမ်သာ စောနိုင်ပါသတည်း။

ကာမဇောသည် ၇ကြိမ် စောနိုင်ပါသတည်း။
ကြွင်းသော ဇောတို့သည် အကြိမ်များစွာ စောနိုင်ပါသတည်း။

၁၉။ အဘယ် ကာမဇောနှောင် အဘယ်တဒါရုံများ ကျနိုင်ပါသနည်း။

ဥပေက္ခာ ကြိယာဇော ၄ ခု ဒေါသဇော ၂ ခု ပေါင်း ၆ ခု နှောင်။

ဥပေက္ခာ တဒါရုံ ၆ ပါး ကျနိုင်ပါသတည်း။

သောမနဿ ကြိယာဇော ၅ ခု နှောင် သောမနဿ တဒါရုံ ၅ ပါး ကျနိုင်ပါသတည်း။

ကြွင်းသော ကာမဇော ၁၈ပါးနှောင် တဒါရုံ ၁၁ပါး လုံး ကျနိုင်ပါသတည်း။

၂၀။ အသေက္ခပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ရထိုက်သော ဝီထိစိတ်များကို ဘော်ပြပါ။

အသေက္ခပုဂ္ဂိုယ်တို့၌ ဝီထိစိတ် ၄ ပါး ထိုက်သလို ရနိုင်ပါသတည်း။

သေက္ခပုဂ္ဂိုလ်တို့၌ ဝီထိစိတ် ၅၆ ပါး ထိုက်သလို ရနိုင်ပါသတည်း။

ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ဝီထိစိတ် ၅၄ ပါး ထိုက်သလို ရနိုင်ပါသတည်း။

၂၁။ ကာမဘုံ-ရူပဘုံ-အရူပဘုံတို့၌ ဖြစ်နိုင်သော ဝီထိစိတ်များကို ဘော်ပြပါ။

ကာမဘုံ၌ ဝိထိစိတ်(၈၀)လုံး ဖြစ်နိုင်ပါသတည်း။
ရူပဘုံ၌ ဝိထိစိတ် ၆၄ ပါး ဖြစ်နိုင်ပါသတည်း။
အရူပဘုံ၌ ဝိထိစိတ် ၄၂ ပါး ဖြစ်နိုင်ပါသတည်း။

၁။ ဝိထိစိတ် (၈၀)ဟူသော်ကား…မဟဂ္ဂုတ် ဝိပါက် ၉ ပါး ကြဉ်သော စိတ်(၈၀)တည်း။

၂။ ဝိထိမုတ်စိတ် ၉ ပါးဟူသော်ကား…မဟဂ္ဂုတ်ဝိပါက် စိတ် ၉ ပါးတည်း။

၃။ အသေက္ခပုဂ္ဂိုလ်တို့၌ ဖြစ်နိုင်သော ဝိထိစိတ် ၄၄ ပါး ဟူသော်ကား....

| | |
|---|---|
| အဟိတ်စိတ် | ၁၈ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | ၉ ပါး |
| အရဟတ္တဖိုလ်စိတ် | ၁ ပါး |

ပေါင်း ၄၄ ပါးတည်း။

၄။ အသေက္ခပုဂ္ဂိုလ်တို့၌ မဖြစ်နိုင်သော ဝိထိစိတ် ၃၆ ပါး ဟူသော်ကား....

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ ပါး |
| အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် | ၇ ပါး |

ပေါင်း ၃၆ ပါးတည်း။

၅။ သေက္ခပုဂ္ဂိုလ်တို့၌ ဖြစ်နိုင်သော ဝီထိစိတ် ၅၆ ပါး
ဟူသော်ကား....

| | | |
|---|---|---|
| ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄ | ပါး |
| ဒေါသမူစိတ် | ၂ | ပါး |
| ဥဒ္ဓစ္စ သဟဂုတ်စိတ် | ၁ | ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | ၁၇ | ပါး |
| မဟာကုသိုလ်စိတ် | ၈ | ပါး |
| မဟာဝိပါက်စိတ် | ၈ | ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ | ပါး |
| အရဟတ္တဖိုလ် ကြဉ်သော လောကုတ္တရာစိတ် | ၇ | ပါး |

ပေါင်း ၅၆ ပါးတည်း။

၆။ သေက္ခပုဂ္ဂိုလ်တို့၌ မဖြစ်နိုင်သော ဝီထိစိတ် ၂၄ ပါး
ဟူသော်ကား....

| | | |
|---|---|---|
| ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | ၄ | ပါး |
| ဝိစိကိစ္ဆာသဟဂုတ်စိတ် | ၁ | ပါး |
| ဟသိတုပ္ပါဒ် | ၁ | ပါး |
| မဟာကြိယာစိတ် | ၈ | ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | ၉ | ပါး |
| အရဟတ္တဖိုလ်စိတ် | ၁ | ပါး |

ပေါင်း ၂၄ ပါးတည်း။

၇။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ဖြစ်နိုင်သော ဝီထိစိတ် ၅၄ ပါး
ဟူသော်ကား....

| | | |
|---|---|---|
| အကုသိုလ်စိတ် | ၁၂ | ပါး |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | ၁၇ | ပါး |

| | |
|---|---|
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ ပါး |

ပေါင်း ၅၄ ပါးတည်း။

၈။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ မဖြစ်နိုင်သော ဝီထိစိတ် ၂၆ ပါး ဟူသော်ကား....

| | |
|---|---|
| ဟသိတုပ္ပါဒ်စိတ် | ၁ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | ၉ ပါး |
| လောကုတ္တရာစိတ် | ၈ ပါး |

ပေါင်း ၂၆ ပါးတည်း။

၉။ ကာမဘုံ၌ ဝီထိစိတ် (၈၀)လုံး ဖြစ်နိုင်ပါသတည်း။ မဖြစ်နိုင်သော ဝီထိစိတ် မရှိ။

၁၀။ ရူပဘုံ၌ ဖြစ်နိုင်သော ဝီထိစိတ် ၆၄ ပါး ဟူသော်ကား....

| | |
|---|---|
| လောဘမူစိတ် | ၈ ပါး |
| မောဟမူစိတ် | ၂ ပါး |
| ဃာနာဒိတ္တယ ကြဉ်သော အဟိတ်စိတ် | ၁၂ ပါး |
| မဟာကုသိုလ်စိတ် | ၈ ပါး |
| မဟာကြိယာစိတ် | ၈ ပါး |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉ ပါး |

မဟာကြိယာစိတ် ၈ ပါး
လောကုတ္တရာစိတ် ၈ ပါး
ပေါင်း ၆၄ ပါးတည်း။

၁၁။ ရူပဘုံ၌ မဖြစ်နိုင်သော ဝိထိစိတ် ၁၆ ပါး ဟူသော်ကား....
ဒေါသမူစိတ် ၂ ပါး
ဃာနာဒိဒွယ ၆ ပါး
မဟာဝိပါက်စိတ် ၈ ပါး

ပေါင်း ၁၆ ပါးတည်း။

၁၂။ အရူပဘုံ၌ ဖြစ်နိုင်သော ဝိထိစိတ် ၄၂ ပါး ဟူသော်ကား....
လောဘမူစိတ် ၈ ပါး
မောဟမူစိတ် ၂ ပါး
မနောဒွါရာဝဇ္ဇန်း ၁ ပါး
မဟာကုသိုလ်စိတ် ၈ ပါး
မဟာကြိယာစိတ် ၈ ပါး
အရူပကုသိုလ်စိတ် ၄ ပါး
အရူပကြိယာစိတ် ၄ ပါး
သောတာပတ္တိမဂ်ကြဉ်-လောကုတ္တရာစိတ် ၇ ပါး
ပေါင်း ၄၂ ပါးတည်း။

၁၃။ အရူပဘုံ၌ မဖြစ်နိုင်သော ဝိထိစိတ် ၃၈ ပါး ဟူသော်ကား....

| | |
|---|---|
| ဒေါသမူစိတ် | ၂ ပါး |
| မနောဒွါရာဝဇ္ဇန်းကြဉ် အဟိတ်စိတ် | ၁၇ ပါး |
| မဟာဝိပါက်စိတ် | ၈ ပါး |
| ရူပကုသိုလ်စိတ် | ၅ ပါး |
| ရူပကြိယာစိတ် | ၅ ပါး |
| သောတာပတ္တိမဂ် | ၁ ပါး |

ပေါင်း ၃၈ ပါးတည်း။

ဝိထိပိုင်း သရုပ်ခွဲ ဆိုရိုး ပြီး၏။

---

## ဝိထိ ပုံစံများ

တဒါရမဏာဝါရ-စက္ခုဒွါရ-အတိမဟန္တာရုံဝိထိပုံ

ဘ “တီ န ဒ ပ စ သံ ဏ ဝု

၀၀၀ ၀၀၀ ၀၀၂ ၀၀၃ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ရုံ” ဘ

၀၀၀ ၀၀၀

---

ဇဝနဝါရ-စက္ခုဒွါရ-ပထမ မဟန္တာရုံ ဝိထိပုံ

ဘ “တီ တီ န ဒ ပ စ သံ ဏ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ” ဘ

ooo ooo ooo ooo ooo ooo ooo ooo ၁oo ooo

ဒုတိယ မဟာန္တာရုံကိုလဲ အတီတဘွင် တခုတိုး၍ နည်းတူချပါ

---

ဝေါဠ္ဌပ္ဗနဝါရ-စက္ခုဒွါရ-ပထမ ပရိတ္တာရုံ ဝီထိပုံ

ဘ“ တီ တီ တီ တီ နု ဒ ပ

ooo ooo ooo ooo ooo ooo ooo ooo

စ သံ ဏ ဝု ဝု ဘ ဘ ဘု ဘ ဘ”

ooo ooo ooo oco ooo ooo ooo ooo ooo ooo

ဒုတိယ ပရိတ္တာရုံစသော ဝီထိများကိုလဲ အတီတဘွင် တခုစီ တိုး၍ တိုး၍ နည်းတူ ချပါ။

---

မောဃဝါရ-စက္ခုဒွါရ-ပထမ အတိပရိတ္တာရုံ ဝီထိပုံ

ဘ“ တီ တီ တီ တီ တီ တီ တီ တီ တီ

ooo ooo ooc ooo ooo ooo ooo ooo ooo ooo

တီ နု နု ဘ ဘ ဘ ဘ ဘ”

ooo ooo ooo ၁oo ooo ooo ooo ooo

ဒုတိယ အတိပရိတ္တာရုံစသော ဝီထိများကိုလဲ အတီတဘွင် တခုစီ တိုး၍ တိုး၍ နည်းတူချပါ။

ကြွင်းသော သောတဒွါရဝီထိ စသည်တို့ကိုလဲ နည်းယူ၍ချပါ။

---

## တဒါရုမဏဝါရ-မနောဒွါရ-ပထမ ဝိဘူတာရုံ ဝီထိပုံ

ဘ “တီ န ဒ မ ဇ ဇ ဇ ဇ ဇ

○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○:

ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ” ဘ ဘ

○○○ ○○○ ○○○ ○○○ ○○○ ○○○ ●○○ ○○○ ●○○ ○○○·

ဒုတိယ ဝိဘူတာရုံ ဝီထိ စသည်တို့ကိုလဲ အတီတဘွင် တခုစီ တိုး၍ တိုး၍ နည်းတူချပါ။

---

## ဇဝနဝါရ-မနောဒွါရ-ပထမ အဝိဘူတာရုံ ဝီထိပုံ

ဘ ‘’တီ တီ တီ တီ တီ တီ န ဒ

○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○·

မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ’‘

○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○·

ဒုတိယ အဝိဘူတာရုံဝီထိကိုလဲ အတီတဘွင် တခု တိုး၍ နည်းတူချပါ။

(၁၇)ချက် အသက်မရသော မနောဒွါရ ဝီထိများကို လဲ နည်းယူ၍ ချပါ၊ အတီတဘွင် မချရခြင်းသာ ထူး၏။

မန္တာယုက စသည်ကို ပြသော ဝိထိပုံ

ဘံ ဘံ ဘံ ဘ ဘ ဘ ဘ ဘ ဘ ဘု ဘ ဘ ဘ တီ နှ ဒ ပ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

မန္တာယုက စက္ခုပသာဒပေါင်း ၃၇ | အမန္တာယုက ၁၁

စ သံ ဃ ဃု ဇ (၇ ကြိမ်) ရုံ ရုံ | မဇ္ဈိမာယုက ၁

ooo ooo ooo ooo ooo ooo ooo ooo ooo

ဆင္ဂပရိတ္တာရုံ ဝီထိမှာ မန္တာယုက စသည်ပြသော ဝိထိပုံ

ဘ ဘ ဘ ဘ ဘ ထိ ဘိ ထိ ထိ ထိ ထိ တိ ထိ ထိ နှ ဒ ပ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

မန္တာယုက ပသာဒ ၁၃ | အမန္တာယုက စက္ခုပသာဒ ၃၅

မဇ္ဈိမာယုက ၁ | စ သံ ဃ ဃု ဃု ဘ

ooo ooo ooo ooo ooo ooo

ပဥ္စဒွါရ ဇောနောင် စုတိကျသော မရဏာသန္နဝီထိပုံ

ဘ "တီ န ဒ ပ စ သံ ဏ ဝု ဇ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဇ ဇ ဇ ဇ စု ဋ္ဌိ ဘ ၁၄ ကြိမ်

ooo ooo ooo ooo ooo ooo ooo ooo ooo

ဘ မ ဇ ၅ကြိမ် ဇ "ဘ

ooo ooo ooo ooo ooo ooo

ကြွင်းသော ပဥ္စဒွါရ မရဏာသန္နဝီထိများကို နည်းယူ၍ ချပါ

---

မနောဒွါရ ဇောနောင် စုတိကျသော မရဏာသန္နဝီထိပုံ

ဘ "တီ န ဒ မ ဇ ဇ ဇ ဇ ဇ စု

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဋ္ဌိ ဘ ၁၄ကြိမ် ဘ မ ဇ ၅ကြိမ် ဇ ဘ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ကြွင်းသော မနောဒွါရမရဏာသန္နဝီထိများကို နည်းယူ၍ချပါ။

အပ္ပနာ ဝီထိ ပုံစံများ

မန္ဒပညာ၏ အာဒိကမ္မိက ဝီထိပုံ

ဘ "န ဒ မ ပ ဥ နု ဂေါ ဈ" ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

---

တိက္ခပညာ၏ သမာပဇ္ဇန ဝီထိပုံ

ဘ "န ဒ မ ဥ နု ဂေါ ဈ ဈ" ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

---

မန္ဒပညာ၏ ပထမဈာန သောတာပတ္တိမဂ္ဂ ဝီထိပုံ

ဘ န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ" ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

---

မန္ဒပညာ၏ အထက်မဂ္ဂ ဝီထိပုံ

ဘ "န ဒ မ ပ ဥ နု ဝေါ မ ဖ ဖ" ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

---

မန္ဒပညာ၏ ဖလသမာပတ္တိ ဝီထိပုံ

ဘ "န ဒ မ နု နု နု နု ဖ များစွာ" ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

တိက္ခပညာမှာ အနုလုံ ၃ ကြိမ်ချရှိသာ ထူး၏။

ဝီထိ ပုံစံများ ပြီး၏။

# ဝိထိမုတ်ပိုင်း ခေါ် ဘုံပိုင်း

# သရုပ်ခွဲ ဆိုရိုး

၁။ ဘုံပိုင်း၌ စတုက္က ၄ ပါး တည်း....ကား။
ဘူမိ စတုက္က
ပဋိသန္ဓိ စတုက္က
ကမ္မ စတုက္က
မရဏုပ္ပတ္တိ စတုက္က ဟူ၍သိုလျှင် ၄ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-ဘူမိစတုက္က၌
အပါယ်ဘုံ
ကာမသုဂတိဘုံ
ရူပဘုံ
အရူပဘုံ ဟူ၍ ၄ မျိုး ပြား၏။

၃။ ထိုတွင်-အပါယ်ဘုံသည်
ငရဲဘုံ
တိရစ္ဆာန်ဘုံ
ပြိတ္တာဘုံ
အသုရကာယ်ဘုံ ဟူ၍ ၄ မျိုး ပြား၏။

၄။ ကာမသုဂတိဘုံသည်

လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတ

ဝသဝတ္တိဘုံ ဟူ၍ ၇ မျိုး ပြား၏။ ဤ ဆဲ့တဘုံသည် ကာမဆဲ့တဘုံ မည်၏။

၅။ ရူပဘုံသည်....ပထမဈာန် ၃ ဘုံ
ဒုတိယဈာန် ၃ ဘုံ
တတိယဈာန် ၃ ဘုံ
စတုတ္ထဈာန် ၇ ဘုံ ဟူ၍ ၁၆ မျိုး ပြား၏။

၆။ ထိုတွင်-ပထမဈာန် ၃ ဘုံ ဟူသော်ကား....

ဗြဟ္မပါရိသဇ္ဇာဘုံ
ဗြဟ္မပုရောဟိတာဘုံ
မဟာဗြဟ္မာဘုံ
} ပေါင်း ဤ၃ဘုံတည်း။

၇။ ဒုတိယဈာန် ၃ ဘုံ ဟူသော်ကား....

ပရိတ္တာဘာဘုံ
အပ္ပမာဏာဘာဘုံ
အာဘဿရာဘုံ
} ပေါင်း ဤ၃ဘုံတည်း။

၈။ တတိယဈာန် ၃ ဘုံ ဟူသော်ကား....

ပရိတ္တာသုဘာဘုံ
အပ္ပမာဏာသုဘာဘုံ
သုဘကိဏှာဘုံ
} ပေါင်း ဤ၃ဘုံတည်း။

၉။ စတုတ္ထဈာန် ၇ ဘုံ ဟူသော်ကား....

ဝေဟပ္ဖိုလ်ဘုံ
အသညသတ်ဘုံ
သုဒ္ဓါဝါသ ငါးဘုံ
} ပေါင်း၍ ၇ဘုံတည်း။

၁၀။ သုဒ္ဓါဝါသ ငါးဘုံ ဟူသော်ကား....

အဝိဟာဘုံ
အတပ္ပါဘုံ
သုဒဿာဘုံ
သုဒဿီဘုံ
အကနိဋ္ဌာဘုံ
} ပေါင်း၍ ၅ဘုံတည်း။

ရူပ ၁၆ ဘုံ ပြီး၏။

၁၁။ အရူပဘုံသည်
အာကာသာနဉ္စာယတနဘုံ
ဝိညာဏဉ္စာယတနဘုံ
အာကိဉ္စညာယတနဘုံ
နေဝသညာနာသညာယတနဘုံ
} ပေါင်း၍ ၄ဘုံတည်း။

အရူပ ၄ ဘုံ ပြီး၏။

ဘုံ ၃၁ ဘုံ ပြီး၏။

၁၂။ ထို ၃၁ ဘုံတို့တွင် သုဒ္ဓါဝါသ ငါးဘုံတို့၌ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိတို့ကို မရအပ်ကုန်။ အနာဂါမ်နှင့် ရဟန္တာတို့သာ ရအပ်ကုန်၏။

အသညသတ်ဘုံ၊ အပါယ်ဘုံတို့၌ အရိယာတို့ကို မရအပ်ကုန်။ ပုထုဇဉ်သာ ရအပ်ကုန်၏။

ကြွင်းသောဘုံတို့၌ ပုဂ္ဂိုလ်အားလုံး ရအပ်ကုန်၏။

ဘူမိစတုက္က ပြီး၏။

---

## ပဋိသန္ဓိ စတုက္က

၁။ ပဋိသန္ဓိ စတုက္က၌ ပဋိသန္ဓေ ၄ ပါး တည်း... ကား။
အပါယ်ပဋိသန္ဓေ
ကာမသုဂတိ ပဋိသန္ဓေ
ရူပါဝစရ ပဋိသန္ဓေ
အရူပါဝစရပဋိသန္ဓေ ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၂။ ထိုတွင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏသည် အပါယ်ဘုံ၌ ပဋိသန္ဓေ၊ဘဝင်၊စုတိ အစွမ်းဖြင့် ဖြစ်၏။

၃။ ကုသလဝိပါက် ဥပေက္ခာသန္တီရဏသည် လူ့ဘုံက ဇစ္စန္ဓ စသည်တို့၏၎င်း၊ ဘုမ္မစိုရ်း နတ်တို့၏၎င်း၊ ဝိနိပါတိကာ အသုရာတို့၏၎င်း ပဋိသန္ဓေ၊ ဘဝင်၊ စုတိ အစွမ်းဖြင့် ဖြစ်၏။

၄။ မဟာဝိပါက် ၈ ပါးသည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေ- ဘဝင်‌ စုတိ ၃ ခွမ်းဖြင့် ဖြစ်၏။

ကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့် မဟာ- ဝိပါက် ၈ ပါး ဤ ၉ ပါးသည် ကာမသုဂတိ ပဋိသန္ဓေ မည်၏။

အကုသလဝိပါက် ဥပေက္ခာသန္တီရဏသည် ဒုဂ္ဂတိ ပဋိသန္ဓေ မည်၏။

ဤသို့လျှင် ကာမပဋိသန္ဓေ(၁၀)ဖြစ်သတည်း။

ကာမပဋိသန္ဓေ ပြီး၏။

---

ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း

၁။ ထိုတွင် အပါယ်ဘုံသား လူအများနှင့် ဝိနိပါတိက အသုရာတို့အား အသက်တမ်း အမြဲမရှိကုန်။

၂။ စတုမဟာရာဇ် နတ်တို့၏ အသက်ကား နတ် အရေ အတွက်အားဖြင့် နှစ်ပေါင်း ငါးရာ၊ လူ အရေ အတွက်အားဖြင့် နှစ်ပေါင်း ကိုးသန်း အသက် ရှည်၏။ (၉၀၀၀၀၀၀)

၃။ တာဝတိံသာ နတ်တို့၏ အသက်ကား နတ် အရေ အတွက်အားဖြင့် နှစ်ပေါင်း တထောင်၊ လူ အရေ အတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း အသက်ရှည်၏။ (၃၆၀၀၀၀၀၀)

၄။ ယာမာ နတ်တို့၏ အသက်ကား နတ် အရေအတွက် အားဖြင့် နှစ်ပေါင်း နှစ်ထောင်၊ လူ အရေအတွက် အားဖြင့် နှစ်ပေါင်း တအဲ့လေးကုဋေ လေးသန်း အသက်ရှည်၏။ (၁၄၄၀၀၀၀၀၀)

၅။ တုသိတာနတ်တို့၏ အသက်ကား နတ် အရေအတွက် အားဖြင့် နှစ်ပေါင်း လေးထောင်၊ လူ အရေအတွက် အားဖြင့် နှစ်ပေါင်း ငါးဆဲ့ခုနစ်ကုဋေ ခြောက်သန်း အသက်ရှည်၏။ (၅၇၆၀၀၀၀၀၀)

၆။ နိမ္မာနရတိ နတ်တို့၏ အသက်ကား နတ် အရေအတွက် အားဖြင့် နှစ်ပေါင်း ရှစ်ထောင်၊ လူ အရေအတွက် အားဖြင့် ကုဋေ နှစ်ရာ့သုံးဆယ် လေးသန်း အသက် ရှည်၏။ (၂၃၀၄၀၀၀၀၀၀)

၇။ ပရနိမ္မိတ ဝသဝတ္တီနတ်တို့၏ အသက်ကား နတ်အရေ အတွက်အားဖြင့် နှစ်ပေါင်း တသောင်းခြောက်ထောင်၊ လူ အရေအတွက် အားဖြင့် နှစ်ပေါင်း ကိုးရာ နှစ်ဆယ့်တစ်ကုဋေ ခြောက်သန်း အသက် ရှည်၏။ (၉၂၁၆၀၀၀၀၀၀)

---

ရူပပဋိသန္ဓေ (၆)

၁။ ပထမဈာန်ဝိပါက်သည် ပထမဈာန်ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ အစွမ်းဖြင့် ဖြစ်၏။

၂။ ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက် နှစ်ခုသည် ဒုတိယဈာန် ၃ ဘုံ၌ ပဋိသန္ဓေ၊ဘဝင်၊စုတိ အစွမ်းဖြင့် ဖြစ်၏။

၃။ စတုတ္ထဈာန် ဝိပါက်သည် တတိယဈာန် ၃ ဘုံ၌ ပဋိသန္ဓေ၊ဘဝင်၊စုတိ အစွမ်းဖြင့် ဖြစ်၏။

၄။ ပဉ္စမဈာန်ဝိပါက်သည် အသညသတ်ကြဉ်သော စတုတ္ထဈာန်(၆)ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ အစွမ်းဖြင့် ဖြစ်၏။

၅။ ဇီဝိတဆက္က-ဇီဝိတနဝကရုပ်သည် အသညသတ်ဘုံ၌ ပဋိသန္ဓေ၊ပဝတ္တိ၊စုတိ အစွမ်းဖြင့် ဖြစ်၏။

ဤသို့လျှင် ရူပပဋိသန္ဓေ(၆)ပါး ဖြစ်သတည်း။

---

ရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

၁။ ထိုတွင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ် သုံးဘို့ တဘို့ အသက်ရှည်၏။

ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ် ထက်ဝက် အသက်ရှည်၏။

မဟာဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ် တကပ် အသက်ရှည်၏။

၂။ ပရိတ္တာဘာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် နှစ်ကပ် အသက်ရှည်၏။

အပ္ပမာဏာဘာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် လေးကပ် အသက်ရှည်၏။

အဘဿရာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ရှစ်ကပ် အသက်ရှည်၏။

၃။ ပရိတ္တသုဘာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် တဆဲ့ခြောက်ကပ် အသက်ရှည်၏။

အပ္ပမာဏသုဘာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် သုံးဆဲ့နှစ်ကပ် အသက်ရှည်၏။

သုဘကိဏှာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ခြောက်ဆဲ့လေးကပ် အသက်ရှည်၏။

၄။ ဝေဟပ္ဖိုလ်နှင့် အသညသတ် ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ငါးရာစီ အသက်ရှည်ကြကုန်၏။

၅။ အဝိဟာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် တထောင်။

အတပ္ပါ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် နှစ်ထောင်။

သုဒဿာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် လေးထောင်။

သုဒဿီ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ရှစ်ထောင်။

အကနိဋ္ဌ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် တသောင်း ခြောက်ထောင် အသက်ရှည်ကြကုန်၏။

## အရူပပတိသန္ဓေ (၄)

အရူပဝိပါက် ၄ ခုတို့သည် အရူပ ၄ ဘုံတို့၌ အစဉ်အတိုင်း ပတိသန္ဓေ၊ ဘဝင်၊ စုတိ အစွမ်းဖြင့် ဖြစ်ကြကုန်၏။ ။

### အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

၁။ ထိုတွင် အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အသက်ကား မဟာကပ် နှစ်သောင်း။
ဝိညာဏဉ္စာယတန ဗြဟ္မာတို့၏ အသက်ကား မဟာကပ် လေးသောင်း၊
အာကိဉ္စညာယတန ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ခြောက်သောင်း။
နေဝသညာနာသညာယတန ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ရှစ်သောင်း လေးထောင် အသက် ရှည်ကြကုန်၏။

၂။ တခုသောဘဝ၌ ပတိသန္ဓေ၊ ဘဝင်၊ စုတိ ဤသုံးခုတို့သည် စိတ်တမျိုးတည်း၊ အာရုံတမျိုးတည်း ဖြစ်ကြကုန်၏။

ပဋိသန္ဓိ စတုက္က ပြီး၏။

---

## ကမ္မစတုက္က ၄ မျိုး ၄ လီ

၁။ ကမ္မစတုက္က၌
အကျိုးဝိပါက်ကို ဖြစ်စေတတ်သော ဇနက ကံ
ထောက်ပံ့ကူညီတတ်သော ဥပတ္ထမ္ဘက ကံ
ကပ်၍ နှိပ်စက်တတ်သော ဥပပီဠက ကံ

ကပ်၍ သတ်ဖြတ်တတ်သော ဥပဃာတက ကံ-ဟူ၍
ကိစ္စနှင့် စပ်သဖြင့် ကံ ၄ ပါးတည်း။

၂။ ကြီးလေးသော ဂရုက ကံ
သေခါနီးအခါ ဖြစ်ပေါ်လာသော အာသန္န ကံ
အမြဲမပြတ် လေ့ကျက်အပ်သော အာစိဏ္ဏ ကံ
ပြုပြီး၍သာ ကံခေါ်ရသော ကဋတ္တာ ကံ-ဟူ၍
အကျိုးပေးလှည့် အစဉ်အားဖြင့် ကံ ၄ ပါးတည်း။

၃။ မျက်မှောက်ဘဝ၌ အကျိုးပေးသော ဒိဋ္ဌဓမ္မ
ဝေဒနီယ ကံ
နောက် ဒုတိယဘဝ၌ အကျိုးပေးသော ဥပပဇ္ဇ
ဝေဒနီယ ကံ
တတိယ ဘဝမှ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသော
အပရာပရိယ ဝေဒနီယ ကံ
အကျိုးလုံးလုံး မပေးသော အဟောသိ ကံ-ဟူ၍
အကျိုးပေးရာကာလနှင့် စပ်သဖြင့် ကံ ၄ ပါးတည်း။

၄။ အကုသိုလ် ကံ
ကာမာဝစရကုသိုလ်ကံ
ရူပါဝစရကုသိုလ်ကံ
အရူပါဝစရကုသိုလ်ကံ-ဟူ၍
အကျိုးပေးရာဌာနနှင့် စပ်သဖြင့် ကံ ၄ ပါးတည်း။

ဤသို့လျှင် ကံ ၄ မျိုး ၄ လီ ဖြစ်သတည်း။

၅။ ထိုတွင် အကုသိုလ်ကံသည်
ကာယကံ
ဝစီကံ
မနောကံ-ဟူ၍ ကမ္မဒွါရနှင့် စပ်သဖြင့် ၃ ပါး ပြား၏။

၆။ ထိုတွင် ပါဏာတိပါတ (သူ့အသက်သတ်မှု)
အဒိန္နာဒါန (သူ့ဥစ္စာကို ခိုးမှု)
ကာမေသုမိစ္ဆာစာရ (ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်မှု)
ဤ ၃ ပါးသည် ကာယဒွါရ၌ များစွာဖြစ်သောကြောင့် ကာယကံ မည်၏။

၇။ မုသာဝါဒ (မုသား ပြောမှု)
ပိသုဏာဝါစာ (ချောပစ် ကုန်းတိုက်စကားကို ပြောဆိုမှု)
ဖရုသဝါစာ (ကြမ်းတမ်းသောစကားကို ပြောဆိုမှု)
သမ္ဖပ္ပလာပ (ပိန်ဖျင်းသောစကားကို ပြောဆိုမှု)
ဤ ၄ ပါးသည် ဝစီဒွါရ၌ များစွာ ဖြစ်သောကြောင့် ဝစီကံ မည်၏။

၈။ အဘိဇ္ဈာ (သူတပါး စည်းစိမ်ကို မတရားယူလိုမှု)
ဗျာပါဒ (သူတပါး၏ ပျက်စီးဆုံးပါးရန် ကြံစည်မှု)
မိစ္ဆာဒိဋ္ဌိ (အယူမှားမှု)

ဤ ၃ ပါးသည် စိတ်၌သာ များစွာ ဖြစ်သောကြောင့်
မနောကံ မည်၏။
ထို၌တွင်-ပါဏာတိပါတ
ဖရုသဝါစာ
ဗျာပါဒ ဤ ၃ ပါးတို့သည် ဒေါသကြောင့်
ဖြစ်ကုန်၏။
ကာမေသုမိစ္ဆာစာရ
အဘိဇ္ဈာ
မိစ္ဆာဒိဋ္ဌိ ဤ ၃ ပါးတို့သည် လောဘကြောင့်
ဖြစ်ကုန်၏။
ကြွင်းသော အဒိန္နာဒါန
မုသာဝါဒ
ပိသုဏာဝါစာ
သမ္ဖပ္ပလာပ ဤ ၄ပါးတို့သည် လောဘ၊ဒေါသ
နှစ်ပါးတို့ကြောင့် ဖြစ်ကုန်၏။
စိတ္တုပ္ပါဒ်အားဖြင့် ၁၂ ပါး ပြားကုန်၏။
အကုသိုလ်ကံ ပြီး၏။

---

ကာမာဝစရကုသိုလ်ကံ ၃ မျိုး

၁။ ကာမာဝစရကုသိုလ်ကံသည်

ကာယကံ

ဝစီကံ

မနောကံ-ဟူ၍ ကမ္မဒွါရနှင့် စပ်သဖြင့် ၃ ပါး ပြား၏။

၂။ ထို့အတူ ဒါန၊သီလ၊ဘာဝနာနှင့် စပ်၍လည်း ၃ ပါး ပြား၏။

၃။ စိတ္တုပ္ပါဒ်အစွမ်းဖြင့် ဂ ပါး ပြားကုန်၏။

၄။ ပုညကြိယာ ဝတ္ထုအားဖြင့်ကား….

| | |
|---|---|
| ဒါန | (ပေးကမ်းလှူဒါန်းမှု) |
| သီလ | (သီလဆောက်တည်မှု) |
| ဘာဝနာ | (ကမ္မဋ္ဌာန်းစီးဖြန်းမှု) |
| အပစာယန | (ကြီးသူတို့အား အရိုအသေပြုမှု) |
| ဝေယျာဝစ္စ | (သူများ ကုသိုလ်ကိစ္စ၌ ကူညီဆောင်ရွက်မှု) |
| ပတ္တိဒါန | (မိမိ၏ ကုသိုလ်အဘို့ကို အမျှဝေမှု) |
| ပတ္တာနုမောဒန | (သူများကုသိုလ်ကို သာဓုခေါ်မှု) |
| ဓမ္မဿဝန | (တရားနာမှု) |
| ဓမ္မဒေသနာ | (တရားဟောမှု) |
| ဒိဋ္ဌိဇုကမ္မ | (အယူကို ဖြောင့်စွာယူမှု) |

ဟူ၍ ၁၀ ပါး ပြားကုန်၏။

အကုသိုလ်ကံ ၁၂ ပါး၊ ကာမာဝစရကုသိုလ်ကံ ၈ ပါး ပေါင်း ကာမာဝစရကံ ၂၀ ဖြစ်သတည်း။
(ဒါန၊သီလ၊ဘာဝနာ သုံးဖြာစဉ့်၍ခြင်း)
(စ-နှစ်ကိုလယ်-လယ်-နှစ်ကို-စ၊နောက်မှ နောက်ချင်းသွင်း)

## ရူပကုသိုလ်ကံ

၁။ ရူပါဝစရ ကုသိုလ်ကံသည် အပ္ပနာသို့ ရောက်သော ဘာဝနာ မနောကံသာတည်း။ ဈာန်အင်္ဂါ အပြားအားဖြင့် ငါးပါး ပြား၏။

ရူပကုသိုလ်ကံ ပြီး၏။

---

## အရူပကုသိုလ်ကံ

၁။ ထို့အတူ အရူပါဝစရကုသိုလ်ကံသည်လည်း အပ္ပနာသို့ ရောက်သော ဘာဝနာ မနောကံ သာတည်း။ အာရုံအားဖြင့် ၄ ပါး ပြား၏။

အရူပကုသိုလ်ကံ ပြီး၏။

---

## ကာမာဝစရကံ၏ အကျိုးပေးရာဘုံ

၁။ ဤကံတို့တွင် ဥဒ္ဓစ္စမှတပါး အကုသိုလ်ကံ (၁၁)ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေ အကျိုးကို ပေးနိုင်၏။ အကုသိုလ်ကံ(၁၂)ပါးလုံးသည် ကာမဘုံ၊ ရူပဘုံ

ဘို့၌ အကုသလဝိပါက်တည်းဟူသော ပဝတ္တိအကျိုးကို ထိုက်သလို ပေးနိုင်၏။

၂။ ကာမာဝစရ ကုသိုလ်ကံသည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေ အကျိုးကိုပေးနိုင်၏။ကာမဘုံ၊ ရူပဘုံတို့၌ မဟာဝိပါက်၊အဟိတ် ကုသလ ဝိပါက်တည်းဟူသော ပဝတ္တိအကျိုးကိုလည်း ထိုက်သလို ပေးနိုင်၏။

တိဟိတ် ဥက္ကဋ္ဌ စသည်၏ အကျိုး

၁။ ထိုကာမာဝစရကံတို့တွင် တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံသည် တိဟိတ် ပဋိသန္ဓေအကျိုးကို ပေးနိုင်၍ (၁၆)ပါးသော ပဝတ္တိ အကျိုးကိုလဲ ပေးနိုင်၏။

၂။ တိဟိတ် ဩမက ကုသိုလ်ကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုပေးနိုင်၍ တိဟိတ်မှတပါး(၁၂)ပါးသော ပဝတ္တိအကျိုးကိုလဲ ပေးနိုင်၏။

၃။ ဒွိဟိတ်ဩမက ကုသိုလ်ကံသည် အဟိတ်ပဋိသန္ဓေ အကျိုးသာ ပေးနိုင်၍ အဟိတ်ကုသလဝိပါက်တည်းဟူသော ပဝတ္တိအကျိုးကိုလဲ ပေးနိုင်၏။

ဤနေရာ၌ အသင်္ခါရိကကံက သသင်္ခါရိက အကျိုးကို မပေးနိုင် သသင်္ခါရိကကံကလဲ,အသင်္ခါရိက အကျိုးကို မပေးနိုင်ဟု ကေစိဆရာတို့ ဆိုသောကြောင့် ၎င်းဆရာတို့၏ ဝါဒအားဖြင့်....

တိဟိတ် ဥက္ကဋ္ဌကံက သင်္ခါရအလိုက် ၁၂ပါးသော အကျိုးပေးနိုင်၍ တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံ

တို့က သင်္ဂြိုဟ်ရအလိုက်၁၀ ပါးသာ အကျိုးပေးနိုင်တော့သည်ဟု မှတ်အပ်၏။

၁။ ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ-ဉာဏ်ယှဉ်တိ-ဟိတ်ကုသိုလ်ခေါ်

၂။ ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ-ဉာဏ်မရှိ၊ ဒွိဟိတ်ကုသိုလ်ခေါ်

၃။ ရှေ့နောက်နှစ်ရပ်၊ကုသိုလ်ညှပ်၊ဥက္ကဋ္ဌဆင့်၍ခေါ်

၄။ ရှေ့နောက် နှစ်တန်၊ အကုန်ခြံ၊ တဘန်ဩမကခေါ်

ကာမာဝစရကံ၏ အကျိုး ပြချက်ပြီး၏။

---

ရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

၁။ ရူပါဝစရကုသိုလ် ပထမဈာန်ကို အနည်းငယ် အားရှိအောင် ပွါးများလျှင် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်၏။

အလယ် အလတ် အားရှိအောင် ပွါးများလျှင် ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်၏။

အလွန်အားရှိအောင် ပွါးများလျှင် မဟာဗြဟ္မာဘုံ၌ ဖြစ်၏။

၂။ ရူပါဝစရကုသိုလ် ဒုတိယဈာန်နှင့် တတိယဈာန်တို့ကို အနည်းငယ် အားရှိအောင် ပွါးများလျှင် ပရိတ္တာဘာဘုံ၌ ဖြစ်၏၊

အလယ် အလတ် အားရှိအောင် ပွါးများလျှင် အပ္ပမာဏာဘာဘုံ၌ ဖြစ်၏။

အလွန်အားရှိအောင် ပွားများလျှင် အာဘဿရာဘုံ၌ ဖြစ်၏။

၃။ ရူပါဝစရကုသိုလ် စတုတ္ထဈာန်ကို အနည်းငယ် အားရှိအောင် ပွါးများလျှင် ပရိတ္တသုဘာဘုံ၌ ဖြစ်၏။

အလယ် အလတ် အားရှိအောင် ပွါးများလျှင် အပ္ပမာဏာသုဘာဘုံ၌ ဖြစ်၏။

အလွန်အားရှိအောင် ပွါးများလျှင် သုဘကိဏှာဘုံ၌ ဖြစ်၏။

၄။ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို သာမည ပွါးများလျှင် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏။

သညာကင်းအောင်ပွါးများလျှင် အသညသတ်ဘုံ၌ ဖြစ်၏။

သုဒ္ဓါဝါသဘုံ၌ကား ပဉ္စမဈာန်ရသော အနာဂါမ်တို့သာ ဖြစ်ကုန်၏။

ရူပါဝစရကံ၏ အကျိုးပြချက် ပြီး၏။

---

အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

၁။ အရူပါဝစရကုသိုလ်ဈာန် ၄ပါးကိုပွါးများလျှင် အရူပ ၄ ဘုံ၌ အစဉ်အတိုင်း ဖြစ်ကုန်၏။

ဤသို့လျှင် မဟဂ္ဂုတ်ကံသည် မိမိဈာန်ဘုံ၌ တူသော အကျိုးကို ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ဖြစ်စေနိုင်၏။

၁။ ဆန္ဒ-စိတ္တ၊ ဝီရိယ-ပညာ၊ ဤလေးဖြာ ရှာန်မှာ ကြီးကဲကြ။
၂။ ကြီးကဲထိုက်ငြား၊ တပါးပါးပင်၊ ယှဉ်လျှင်ပရိ၊ သဟိ-
မဏ္ဍ၊ ထက်ဘိ ပဏီတ။ ။
၃။ သဒ္ဓါ-ဝီရိ၊ သတိ-သမာ၊ မိပညာ၊ ငါးဖြာ ဗလနွေခင်း။
၄။ သုဒ္ဓါဘုံငါး၊ ထက်သူများ၊ စံစား စဉ်တိုင်းသွင်း။

အရူပါဝစရကံ၏ အကျိုးပြချက် ပြီး၏။

ကမ္မစတုက္က ပြီး၏။

---

မရဏုပ္ပတ္တိ စတုက္က

၁။ မရဏုပ္ပတ္တိ စတုက္က၌ သေခြင်းအကြောင်း ၄ ပါး-
တည်း....ကား။

အာယုက္ခယ-အသက်တမ်းကုန်မှုကြောင့် သေခြင်း။
ကမ္မက္ခယ-ကံစွမ်းကုန်မှုကြောင့် သေခြင်း။
ဉဘယက္ခယ-အသက်တမ်း ကံစွမ်း ၂ ပါးစုံ ကုန်မှု-
ကြောင့် သေခြင်း။
ဉပစ္ဆေဒက-ကပ်၍ဖြတ်တတ်သော ကံကြောင့် သေခြင်း

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၂။ ထိုတွင် အသက်တမ်းကုန်ခြင်းကြောင့် သေခြင်းသည်
မီးစာကုန်ခြင်းကြောင့် မီးသေခြင်းနှင့် တူ၏။

ကံစွမ်း ကုန်မှုကြောင့် သေခြင်းသည် ဆိကုန်ခြင်းကြောင့် မီးသေခြင်းနှင့် တူ၏။

အသက်တမ်း ကံစွမ်း ၂ပါးစုံ ကုန်မှုကြောင့် သေခြင်းသည် မီးစာနှင့် ဆိ ၂ မျိုးလုံး ကုန်ခြင်းကြောင့် မီးသေခြင်းနှင့် တူ၏။

ကပ်၍ ဖြတ်တတ်သော ကံကြောင့် သေခြင်းသည် လေတိုက်၍ မီးသေခြင်းနှင့် တူ၏။

(**အမှာစကား**) ဤမရဏုပ္ပတ္တိစတုက္က၌ ဤမှကြွင်းသောစကားစုတို့ကားဝီထိပိုင်းမရဏာသန္နဝီထိအခန်းမှာ ပြကဲ့ပြီးဖြစ်၍ အထူးမရေးတော့ပြီ ဝီထိပိုင်းကို ပြန်၍ ကြည့်ပါလေ….

(ဆောင်ပုဒ်) ကျောင်းကန်ဘုရား၊ စေတီများနှင့် သားငါးဥစ္စာ၊ သူ့အိမ်ရာ၊ များစွာ ဥပ–လာဒ်။ ။

ကျောင်းဆောက်လှူခမ်း၊ ဆွမ်းသက်န်းတည့်၊ ပန်းနှင့် ဘုရား၊ သားငါးတို့တွက်၊ လက်နက်လှံကန် အတန်တန်၊ ခြံရုံကရဏာမှတ်။ ။

တိုက်ရိုက်ကပ်၍ ရအပ်လေမည့် အမိဝမ်းရေ၊ငရဲပြေနှင့် တောခြေမြစ်ကမ်း၊နတ်ဘုံနန်းဟု၊ အစုစု၊ဥပလဘိတစ်၊ ။

တွင်းပသုံးဆောင်၊ များမြောင်စွာလှ၊ ခွေး လင်းခုကျီး၊ ငရဲမီးနှင့် နတ်သွီးဝေဆာ၊ ပဒေသာဟု၊ အစုစု ဥပဘောဂမှတ်။ ။

၃။ ဘဝ၏ အစိတ်အပိုင်း ၄ ပါးတည်း....ကား....
ပဋိသန္ဓေ-ဘဝင်-ဝီထိ-စုတိ ဤ ၄ ပါးတည်း....

ဤ ၄ ပါးတို့သည် ယခုပစ္စုပ္ပန်ဘဝ၌ ဆက်ကာ ဆက်ကာ ဖြစ်သလို နောက်ဘဝသစ်၌လည်း ဤနည်း အတိုင်း နိဗ္ဗာန်မရမခြင်း ဖြစ်ပြန်လေသောကြောင့် သံသရာစက် လည်လေတော့သတည်း။

၄။ သံသရာစက် ပြတ်ပုံ
ပဋိသန္ဓေတ မဒ္ဒုဝံ၊ မိဂန္တွာ ပဒ မစ္စုတံ။
ဥစ္ဆိန္န ဗန္ဓနာ သမ်၊ သေယန္တိ သုဗ္ဗတာ စိရာ။ ။

ဗုဓာ၊ တိဗိတ် ပဋိသန်၊ ပင်ကိုယ်ဥာဏ်ရှိသော၊ သူတို့သည်။ စိရာ။ ကြာမြင့်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ၊ သီလဖြူစင် ဓူတင်ကိုဖြည့်၊ သမာဓိလောင်း ကောင်းသော အကျင့်ရှိကုန်သည်ဖြစ်၍၊ တော၊ စိတ် စေတသိက်၊ ပေါင်းကြိပ်တည်ထွင်၊ ဤဖြစ်ပုံ အစီအ စဉ်ကို။ အဒ္ဒုဝံ၊ ဖြစ်ချည် ပျက်ချည်၊ အမြဲမတည်ပါ တကားဟူ၍။ ပဋိသင်္ခါ သင်္ချိုသင်္ခါယ၊ဝိပဿနာ၊ ဉာဏ် ပညာဖြင့်၊ ထင်စွာသိမှု၊ ကြည့်ရှုဆင်ခြင်ကြကုန်သည်ရှိ သော်။ အစ္စုတံ၊ စုတေရွေ့လျော၊ သေရခြင်းသဘော မရှိသော။ ပဒံ၊ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို၊ အဓိဂန္တွာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်၊ အမှန်သိကြခြင်း ကြောင့်။ ဥစ္ဆိန္န ဗန္ဓနာ၊ ကြွင်းမဲ့သွေ့ခြောက်၊ ဖြတ် တောက်အပ်ပြီး၊ တဏှာတည်းဟူသော အစေးအဖွဲ့ရှိ ကြကုန်သည်ဖြစ်၍။ သမံ၊ သင်္ခါရချုပ်သိမ်းတို့၏ ပြတ်

ငြိမ်းရာမှန် နိဗ္ဗာန်သို့။ ဆောင်နိုင်၊ ကေန်ထုတ်ခြောက် ရောက်ရကုန်လိမ့်သတည်း။ ။
(ဝိထိမှတ်ပိုင်း အဆုံးဂါထာကြီးကို ဝတ္တုဂါထာ ပြင်၍ ရေးထားသည်)

---

## ပရမတ္ထသရုပကျမ်းမှ လက်ာများ

### ကမ္ဘာပျက်ပုံ

၁။ ရှေးဦးစွာပျက်၊ ကုဋေဘက်သည့်၊ သိန်းစက္ကဝါ မိုယ်းကြီးရွာသော်၊ညီညာရှင်ပျ၊ရိုက်ပျိုးကြသား၊ဂေါဏာ စားလောက်၊ ပင်ငယ်ရောက်လျှင်၊ တပေါက်မကျ၊ တသိန်းမျှက၊ လောကဗျူဟာ၊ နတ်ကာမာတို့၊ မေတ္တာပွါးကြ၊ ကြီးမိဘကို၊ ဘုပ်ကွမြတ်လေး၊ လုပ်ကျွေးကြပါ၊ ကြွေးကြော်လာ၏၊ သတ္တာအများ၊ ဈာန်ကိုပွါးလျက်၊ စံလားဗြဟ္မာ၊ ကာလကြာ၍၊ ဒုတိယာနေ၊ ပေါ်လာလေသော်၊ မြစ်ငယ်ရေခြောက်၊ ညဥ့်လည်းပျောက်၏ သုံးမြောက်လေးစင်း၊ငါးစင်းဆင့်၊သတ္တမနေ၊ပေါ်ထွက်ချေသော်၊ ခြောက်လေမြစ်ကြီး၊အိုင်ကြီးသမုဒ္ဒရာ၊ စက္ကဝါ ခိုးထ၊မီးလျှံကြွ၍၊ သခ်ါ၊ခပင်း၊ပြာ၊မကြွင်းခဲ့၊ ဟင်းလင်း ထက်အောက်၊ မိုက်မှောင်ရောက်သည်၊ ကွယ်ပျောက် လုံးစုံ မမြဲတည်း။

---

### ကမ္ဘာတည်ပုံ

၂။ ထို့နောက် ကမ္ဘာ၊ ပြုမိုယ်းရွာသော်၊ လောင်ရာ တလျှောက်၊ လေခံထောက်သား၊ ခန်းခြောက်စဉ်သင့်၊

ရှေ့တိုင်းဖြင့်လျှင်၊ တည်လင့်ထက်ဘုံ၊ မြေရောက်
တုံသော်၊ ဝါယုံဆို့နေ၊ ရေစစ်ရေသို့၊ တည်နေမယို၊
ခန်းတိုင်းမိုလျက်၊ ရေချိအထက်၊ မြေချိတက်သား၊
ထို့ထက်ဖြိုဟွာ၊စုတေလာ၍၊ ရသာပထဝီ၊မြေအဆီကို၊
လုပ်ချိုသုံးဆောင်၊ တဏှာလောင်လျက်၊ ကိုယ်ရောင်
ကွယ်ပျောက်၊ မိုက်မှောင်ရောက်၍၊ အကြောက်ရခါ၊
ရဲကြရာဘို့၊လျော်စွာဆန္ဒ၊ နေနှင့်လတို့၊ပေါ်ကြထင်ရှား
နက္ခတ်များလည်း၊ လှည့်သွားဖြစ်ကြ၊ တပေါင်းလ-ဟု၊
ပုဏ္ဏရက်တွင်း၊ ဆပ်ထမင်းသို့၊ ကုန်းကျင်းစုံစွာ၊ ဖြစ်ကြ
လာသည်၊ကမ္ဘာတည်ခင်း စုံသဲတည်း။ ။

ကမ္ဘာတည်ပြီး၍ လူသတ္တဝါတို့ ဖြစ်ပုံကို ပြခြင်း

၃။ ရသာမြေကို၊ စားလေတုံမျိုး၊ တဏှာဖို့၍၊ တချို့မလှ
တချို့လှတည်း၊ ဆင်းမလှသူ၊ လှသသူက၊ မာန်မူ
သည့်တွက်၊ မြေချိညက်လည်း၊ ကွယ်ဖျက်ပြန်ဘိ၊ ဘူမိ
ပပ္ပဋက၊ မြေလွှာမြန်နှင့်၊ ပဒါလတာ၊ ထို့တူလာ၏၊
ရသာလိုပေး၊ ထွန်နှင့်ဝေးသည့်၊ သလေးဆန်စင်၊
စားလေလျှင်မူ၊ မစင်ငယ်ကြီး၊ ဖြစ်ကြပြီး၍၊ ယိုစီးဘို့ရာ၊
ထွက်ဘို့ဌါဟု၊ အမာဝပေါက်၊ ဘောလည်းရောက်၏။
တယောက် တယောက်၊ မေထုန် မြောက်အောင်၊
သွေးဖေါက်ယုတ်မာ၊ကျင့်သည့်တဒကြောင့်၊ပညာရှိများ၊
မြစ်တားမောင်းမဲ၊ ညှင်းဆဲပုတ်ခတ်၊ ပြုလေအပ်၍၊
ခိုကပ်ဘို့ရာ၊ အိမ်ရာတည်ဆောက်၊ လူပျင်းနောက်သို့၊
နည်းလျှောက်သိမ်းဆည်း၊ ထိုကတည်းက၊ ဖွဲ့လည်း

မြွေးယှက်၊ ရိတ်ရာကွက်မှ၊ မထွက်လာထ၊ ငြီးတွား ကြ၍၊ ထားရရေးသား၊ သူ့ပိုင်းခြားကို၊ ခိုးငြားမနိုင်၊ သုံးကြိမ်တိုင်သော်၊ စွဲကိုင်ခဲဒုတ်၊ သတ်ပုတ်ယှက်မြွေး၊ နိုင်မပေးလို့၊ စုဝေးတိုင်ပင်၊ မျှားထက်တင်သား၊ ဗုဒ္ဓကိုမြတ်၊ ဗောဓိသတ်ကို၊ ချဉ်းလတ်ပန်ထွာ၊ သမုတ် ပါ၍၊ မဟာသမ္မတ၊ ခတ္တိယနှင့်၊ ရာဇအပြား၊ မည်သုံးပါး ဖြင့်၊ ထင်ရှားလူ့ဘောင်၊ စတည်ထောင်ခဲ့၊ ထို့နောင် ဗြဟ္မဏ၊ အမျိုးစသည့်၊ ဝဏ္ဏလေးပါး၊ ဤသို့အားဖြင့်၊ တရားသွေကွက်၊ ယွင်းချော်ပျက်၍၊ အသက်တိုလျ၊ ပါပကဟု၊ ဓမ္မလူတွင် ထွန်းသတည်း။

---

အသင်္ချေယျကပ် ၄ ပါး

၁။ ကမ္ဘာဖျက်မိုယ်း၊ ရွာဖြိုးပြီးနောက်၊ မီးတောက်မီးလျှံ၊ ကြွင်းမကျန်လတ်၊ တိုင်အောင်မှတ်၊ ပျက်ကပ်သံဝဋ္ဋ၊ (သံဝဋ္ဋကပ်)

၂။ မီးလျှံမီးတောက်၊ ငြိမ်းပျောက်ပြီးခါ၊ အစဖြာလျက်၊ ကမ္ဘာပြုမိုယ်း၊ မရွာဖြိုးမှီ၊ ပျက်မြဲတည်၊ ဌာယီသံဝဋ္ဋ။ (သံဝဋ္ဋဌာယီကပ်)

၃။ ကမ္ဘာပြုမိုယ်း၊ ရွာဖြိုးသည်မှ၊ အဦးစ၍၊ နေလနက္ခတ်၊ လှည့်ပတ်လေရာ၊ တိုင်အောင်မှာ၊ ခေါ်ပါဝိဝဋ္ဋ။ (ဝိဝဋ္ဋကပ်)

၄။ နေလနက္ခတ်၊ လှည့်ပတ်သည့်ခါ၊ အစဖြာ၍၊ ကမ္ဘာဖျက် မိုယ်း၊ မရွာဖြိုးမှီ၊ ဖြစ်မြဲတည်၊ ဌာယီဝိဝဋ္ဋ။ (ဝိဝဋ္ဋဌာယီ ကပ်)

## အဓိပ္ပါယ်ကား

၁။ ကမ္ဘာပျက်မိုယ်း ရွာသည်မှ စ၍ မီးတောက်မီးလျှံ ငြိမ်းသည် တိုင်အောင် ပျက်ဆဲ ကပ်သည် သံဝဋ္ဋ အသင်္ချေယျကပ် မည်၏။

၂။ မီးတောက်မီးလျှံ ငြိမ်းသည်မှစ၍ ကမ္ဘာပြုမိုယ်း ရွာသည် တိုင်အောင် ပျက်ပြီး အတိုင်း တည်နေသော ကပ်သည် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် မည်၏။

၃။ ကမ္ဘာပြုမိုယ်း ရွာသည်မှစ၍ နေလနက္ခတ် လှည့်ပတ် သည်တိုင်အောင် ကမ္ဘာပြုပြင်နေသောကပ်သည် ဝိဝဋ္ဋ အသင်္ချေယျကပ် မည်၏။

၄။ နေလနက္ခတ် လှည့်ပတ်သည်မှ စ၍ နောက်တကြိမ် ကမ္ဘာပျက်မိုး မရွာမီအတွင်း ပြုပြင်ပြီးအတိုင်း တည် နေသောကပ်သည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် မည်၏။

---

## ဘုံအကွာအဝေးကို ပြဆိုခြင်း

၁။ သောင်းငါးထောင်စီ၊ သချ်ာညီ၊ ရှစ်လီ ပါယ်သုရာ။ (၁၅၀၀၀)

၂။ ရှစ်သောင်းလေးထောင်၊ သချ်ာဆောင်၊ လူ့ဘောင် အသုရာ။ (၈၄၀၀၀)

၃။ လေးသောင်းနှစ်ထောင်၊ သချ်ာဆောင်၊ လူ့ဘောင် နတ်ခြောက်ရွာ။ (၄၂၀၀၀)

၄။ ပြိဟ္မာနတ်နန်း၊ ရှစ်ထောင်စွန်း၊ ငါးသန်းငါးသိန်းသာ။ (၅၅၀၈၀၀၀)

၅။ သုရာဝီစိ၊ တသိန်းရှိ၊ စွန်းဘိ နှစ်သောင်းသာ။ (၁၂၀၀၀၀)

၆။ နှင်သိန်းလေးထောင်၊ သန်္ချာဆောင်၊ လူ့ဘောင်ဝီစိမှာ။ (၂၀၄၀၀၀)

၇။ လေးသိန်းငါးသောင်း၊ ပေါင်းခြောက်ထောင်ရှိ၊ သချာချိ၊ ဝီစိနိမ္မိတာ။ (၄၅၆၀၀၀)

၈။ ဝီစိနေဝ၊ သတ္တကောဋိ၊ နှစ်သန်းရှိ၊ စွန်းဘိ ခြောက်သောင်းသာ၊ (၇၂၀၆၀၀၀၀)

၉။ တြိန်းသုည၊ ခွေးပျဉ်းဒွ၊ လူမှ နိမ္မိတာ။ (၂၅၂၀၀၀)

၁၀။ နေဝနှင့်လူ၊ သုံးဆူသုည၊ သောပဥ္စ၊ အဋ္ဌသေတ္တာ။ (၇၁၈၅၆၀၀၀)

၁၁။ နိမ္မိနေဝ၊ နေ့ဒိန၊ ဝါနစာပထာ။ (၇၁၆၀၄၀၀၀)

## ဘုံ၌ ပုဂ္ဂိုလ်ဖြစ်ပုံကို ပြဆိုခြင်း

၁။ အပါယ်ဒုရ၊လူနတ်စဍ္ဍ၊ဒုပကော်ဒသ်၊ထက်ငါးနတ်ဝယ်၊ အဟိတ်ပယ်လော၊ ဆယ်ဘုံရူပ၊ တိဟိတ်ရ၏၊ သည သုသာ၊ငါးသုဒ္ဓါမှာ၊ ရိယာခေါင်ဆုံး၊ သုံးယောက်ဃီရ၊ အရူပဝယ်၊ စမဂ်ပယ်သည်၊ ရှစ်သွယ်တိဟိတ် မကြွင်း တည်း။

### အဓိပ္ပါယ်ကား

(က) (အပါယ်ဒုရ) အပါယ် လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တယောက်သာ ရ၏။

(ခ) (လူနတ်စဍ္ဍ ဒုပကော်ဒသ်) လူ့ဘုံ၊ စတုမဟာရာဇ် ဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှ တပါး ပုဂ္ဂိုလ် တကျိပ် တယောက် ရ၏။

(ဂ) (ထက်ငါးနတ်ဝယ်-အဟိတ် ပယ်လော) အထက် နတ်ပြည်ငါးထပ်၌ အဟိတ်ပုဂ္ဂိုလ်မှ တပါး ဒွိဟိတ်၊ တိဟိတ် အရိယာရှစ်ယောက် ပေါင်း ဆယ်ယောက် ရ၏။

(ဃ) (ဆယ်ဘုံရူပ-တိဟိတ်ရ၏) ဝေဟပ္ဖိုလ် တိုင်အောင် ရူပဆယ်ဘုံ၌ ပုထုဇဉ်တိဟိတ်နှင့် အရိယာတိဟိတ် ရှစ်ယောက် ပေါင်း ၉ ယောက် ရ၏။

(င) (သညသုသာ) အသညသတ်ဘုံ၌ သုဂတိ အဟိတ် ပုဂ္ဂိုလ် တယောက်သာ ရ၏။

(စ) (ငါးသုဒ္ဓါဝါသ-ရိယာခေါင်ဆုံး-သုံးယောက်စီရ) သုဒ္ဓါဝါသ ငါးဘုံမှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊အရဟတ္တမဂ်ပုဂ္ဂိုလ်၊အရဟတ္တဖိုလ်ပုဂ္ဂိုလ် ပေါင်း အရိယာပုဂ္ဂိုလ်သုံးယောက်သာ ရ၏။

(ဆ) (အရူပဝယ်-စမဂ်ပယ်သည်-ရှစ်သွယ်တိဟိတ် မကြွင်းတည်း)တိဟိတ်ပုထုဇဉ်နှင့် သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှတပါး အရိယာ ခုနစ်ယောက် ပေါင်း ရှစ်ယောက်ရ၏။

၂။ တယောက် ငါးဘုံ၊ သုံးငါးဘုံတည်း၊ လေးဘုံရှစ်ယောက်၊ ကိုးယောက် ဆယ်ဘုံ။ ငါးဘုံ ဆယ်ယောက်၊ ဆဲ့တယောက်မူ၊ ဘုံနှစ်ဆူ၊ ပေါင်းယူ သုံးဆဲ့တစ်။

အဓိပ္ပါယ်ကား

(က) (တယောက်ငါးဘုံ) ဒုဂ္ဂတိ အဟိတ် တယောက်သာ ဖြစ်နိုင်သော အပါယ်လေးဘုံ။

သုဂတိ အဟိတ် တယောက်သာ ဖြစ်နိုင်သော အသညသတ်ဘုံ။

ပေါင်း တယောက်ထည်းဖြစ်နိုင်သော ငါးဘုံတည်း။

(ခ) (သုံးငါးဘုံတည်း) အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန် သုံးယောက်သာ ဖြစ်နိုင်သော သုဒ္ဓါဝါသ ငါးဘုံတည်း။

(ဂ) (လေးဘုံရှစ်ယောက်) တိဟိတ်ပုထုဇဉ်နှင့် သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှ တပါး အရိယာ ခုနစ်ယောက် ဤရှစ်ယောက်သာ ဖြစ်နိုင်သော အရူပ လေးဘုံတည်း။

(ဃ) (ကိုးယောက်ဆယ်ဘုံ) တိဟိတ်ပုဂ္ဂိုလ် ကိုးယောက် ဖြစ်နိုင်သော ရူပဝေဟပ္ဖိုလ်တိုင်အောင်ဆယ်ဘုံတည်း။

(င) (ငါးဘုံ ဆယ်ယောက်) ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ် နှစ်ယောက်နှင့် အရိယာရှစ်ယောက် ဤဆယ်ယောက်သာ ဖြစ်နိုင်သော စတုမဟာရာဇ်မှ တပါး အထက် နတ်ပြည် ငါးဘုံတည်း။

(စ) (ဆဲ့တယောက်မူ-ဘုံနှစ်ဆူ) သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ အရိယာ ရှစ်ယောက် ဤဆဲ့တယောက်သာ ဖြစ်နိုင်သော လူ့ဘုံ-စတုမဟာရာဇ်ဘုံ ဤ နှစ်ဘုံ တည်း။

---

၃။ သုံး,လေး,ခုနစ်,ဆဲ့ခုနစ်မှာ၊ ဧကီသာတည်း၊ ကောဝိ ပဉ္စ၊ ဆဗ္ဗိသမှာ တြိန်းလာ၊ ပေါင်းကာ တကျိပ်နှစ်။

အဓိပ္ပါယ်ကား

(က) (သုံးလေးခုနစ်၊ ဆဲ့ခုနစ်မှာ၊ ဧကီသာတည်း)ဟူသည်ကား…သုံးဘုံမှာ တယောက်လဲ၊ လေးဘုံမှာလဲ တယောက်၊ ခုနစ်ဘုံမှာလဲ တယောက်၊ ဆဲ့ခုနစ်ဘုံမှာလဲ တယောက်သာ ဖြစ်သည်ဟု ဆိုလိုသည်။

ထိုတွင် သုံးဘုံမှာ တယောက် ဟူသည်ကား…. လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ၊ အသညသတ်ဘုံ ဤသုံးဘုံ

မှာသာ ဖြစ်နိုင်သော ပုဂ္ဂိုလ်ကား သုဂတိ အဟိတ် ပုဂ္ဂိုလ် တယောက်တည်း။

လေးဘုံမှာလဲ တယောက်ဟူသည်ကား….အပါယ် လေးဘုံမှာသာ ဖြစ်နိုင်သော ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တယောက်တည်း။

ခုနစ်ဘုံမှာ တယောက် ဟူသည်ကား….ကာမ သုဂတိ ခုနစ်ဘုံမှာသာ ဖြစ်နိုင်သော ဒွိဟိတ်ပုဂ္ဂိုလ် တယောက်တည်း။

ဆဲ့ခုနစ်ဘုံမှာလဲ တယောက် ဟူသည်ကား…. ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပ ဆယ်ဘုံ ဤဆဲ့ခုနစ်ဘုံမှာသာဖြစ်နိုင်သော သောတာ ပတ္တိမဂ်ပုဂ္ဂိုလ် တယောက်တည်း။

(ခ) (ကောဝီပဥ္စ) ဟူသည်ကား….ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပဆယ်ဘုံ၊ အရူပလေးဘုံ ဤနှစ်ဆဲ့တဘုံ၌သာ ဖြစ်နိုင်သော တိဟိတ် ပုထုဇဉ်၊ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ် ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၊ အနာဂါမိမဂ် ပုဂ္ဂိုလ် ဤ ငါးယောက်တည်း။

(ဂ) (ဆဗ္ဗိသမှာ-တြိန်းလာ) ဟူသည်ကား…. အပါယ် ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊အရူပလေးဘုံ၊ ဤ ၂၆ဘုံ၌သာ ဖြစ်နိုင်သော အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ် ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်၊ ဤ သုံးယောက်တည်း။ ။

## ပုဂ္ဂိုလ်အခွဲ

၁။ ပုဂ္ဂိုလ် တကျိပ်နှစ်ယောက် ဟူသည်ကား....
ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်၊ အရိယာ ၈ ယောက်၊
ဤသို့လျှင် တကျိပ်နှစ်ယောက် ဖြစ်သတည်း။

၂။ ထိုတွင် ပုထုဇဉ် ၄ ယောက် ဟူသည်ကား....
ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်
သုဂတိအဟိတ်ပုဂ္ဂိုလ်
ဒွိဟိတ်ပုဂ္ဂိုလ်
တိဟိတ်ပုဂ္ဂိုလ် ဤသို့လျှင် ၄ ယောက် ဖြစ်သတည်း။
အရိယာ ၈ ယောက် ဟူသော်ကား....
သောတာပတ္တိမဂ်ပုဂ္ဂိုလ်-သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
သကဒါဂါမိမဂ်ပုဂ္ဂိုလ်-သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
အနာဂါမိမဂ်ပုဂ္ဂိုလ်-အနာဂါမိဖိုလ်ပုဂ္ဂိုလ်
အရဟတ္တမဂ်ပုဂ္ဂိုလ်-အရဟတ္တဖိုလ်ပုဂ္ဂိုလ်
ဤသို့လျှင် ၈ ယောက် ဖြစ်သတည်း။

---

၃။ တနည်းကား....အဟိတ်ပုဂ္ဂိုလ် ၂ ယောက်၊ သဟိတ်ပုဂ္ဂိုလ် ၁၀ ယောက်၊ ဤသို့လျှင် တကျိပ် နှစ်ယောက် ဖြစ်သတည်း။

၄။ ထိုတွင် အဟိတ်ပုဂ္ဂိုလ် ၂ ယောက် ဟူသော်ကား....
ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဤသို့လျှင် ၂ ယောက် ဖြစ်သတည်း။

သဟိတ်ပုဂ္ဂိုလ် ၁၀ ယောက် ဟူသော်ကား…. ဒွိဟိတ်ပုဂ္ဂိုလ်၊တိဟိတ်ပုဂ္ဂိုလ်၊ အရိယာ(၈)ယောက် ဤသို့လျှင် ၁၀ ယောက် ဖြစ်သတည်း။

၅။ တနည်းကား….အဟိတ်ပုဂ္ဂိုလ် ၂ ယောက်၊ ဒွိဟိတ် ပုဂ္ဂိုလ် တယောက်၊ တိဟိတ်ပုဂ္ဂိုလ် ၉ ယောက်၊ ဤသို့လျှင် တကျိပ်နှစ်ယောက် ဖြစ်သတည်း။

၆။ ထိုတွင် အဟိတ်ပုဂ္ဂိုလ် ၂ ယောက် ဟူသော်ကား…. ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဤသို့လျှင် ၂ ယောက် ဖြစ်သတည်း။

တိဟိတ်ပုဂ္ဂိုလ် ၉ယောက် ဟူသော်ကား….တိဟိတ် ပုထုဇဉ်၊အရိယာ(၈)ယောက်၊ဤသို့လျှင် ၉ ယောက် ဖြစ်၏။

ပုဂ္ဂိုလ်အခွဲ ပြီး၏။

ဝီထိမုတ်ပိုင်းခေါ် ဘုံပိုင်း သရုပ်ခွဲဆိုရိုး ပြီး၏။

# ရုပ်ပိုင်းသရုပ်ခွဲ ဆိုရိုး

အကျဉ်းချုပ် ခေါင်းစဉ်

၁။ ရုပ်ပိုင်း၌ သင်္ဂဟ ငါးပါးတည်း….ကား….

ရုပ်တို့ကို အကျဉ်းချုပ်ပြသော ရူပသမုဒ္ဒေသ **သင်္ဂဟ**
**ရုပ်**တို့ကို အကျယ်ဝေဘန်၍ပြသော ရူပဝိဘာဂသင်္ဂဟ
ရုပ်တို့၏ ဖြစ်ကြောင်းကို ပြသော ရူပသမုဋ္ဌာန သင်္ဂဟ
ရုပ်တို့ကို ကလာပ်ဖွဲ့၍ ပြသော ရူပကလာပ သင်္ဂဟ
ရုပ်တို့၏ ဖြစ်စဉ်ကို ပြသော ရူပပဝတ္တိက္ကမ သင်္ဂဟ
ဤသို့လျှင် ငါးပါး ဖြစ်သတည်း။

---

၂။ ထိုတွင် ရူပ သမုဒ္ဒေသ သင်္ဂဟ၌ ရုပ် ၂၈ ပါးတည်း….
ကား….

ဘူတရုပ် ၄ ပါး။

ဥပါဒါရုပ် ၂၄ ပါး။ ဤသို့လျှင် ၂၈ပါး ဖြစ်သတည်း။

၃။ ထိုတွင် ဘူတရုပ် ၄ ပါးဟူသော်ကား….

ပထဝီဓာတ်-အာပေါဓာတ်-တေဇောဓာတ်- ဝါယော
ဓာတ် ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၄။ ဥပါဒါရုပ် ၂၄ ပါးဟူသော်ကား….

စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ-ဟူသော ပသာဒ
ရုပ် ငါးပါး။

၅။ ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ - ရသာရုံ (ပထဝီ-တေဇော-ဝါယော) တည်းဟူသော ဖောဋ္ဌဗ္ဗာရုံ ဟူ၍ ဂေါစရရုပ် ခုနစ်ပါး။

၆။ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ် ဟူသော ဘာဝရုပ် နှစ်ပါး

၇။ ဟဒယဝတ္ထုဟူသော ဟဒယရုပ် တပါး

၈။ ဇီဝိတိန္ဒြေဟူသော ဇီဝိတရုပ်တပါး။

၉။ ကဗဠီကာရ အာဟာရ ဟူသော အာဟာရရုပ်တပါး ဤဥပါဒါရုပ် ၁၄ ပါးနှင့် ဘူတရုပ် ၄ပါး ပေါင်း ၁၈ ပါးသော ရုပ်သည်။

မိမိဆိုင်ရာ သဘောလက္ခဏာရှိသောကြောင့် သဘာဝရုပ်လည်း မည်၏၊

အများဆိုင်ရာ သဘော လက္ခဏာ ရှိသောကြောင့် သလက္ခဏရုပ်လည်း မည်၏။

အကြောင်းတရားတို့သည် ဖြစ်စေ အပ်သောကြောင့် နိပ္ဖန္နရုပ်လည်း မည်၏။

ရုပ်စစ်ဖြစ်သောကြောင့် ရူပရုပ်လည်း မည်၏။

သုံးသပ်အပ်သောကြောင့် သမ္မသနရုပ် လည်းမည်၏။

---

၁၀။ အာကာသဓာတ်ဟူသော ပရိစ္ဆေဒရုပ်တပါး

၁၁။ ကာယဝိညတ်၊ ဝစီဝိညတ်-ဟူသော ဝိညတ်ရုပ် နှစ်ပါး

၁၂။ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဝိညတ်ဒွေ-ဟူသော ဝိကာရရုပ် ၅ ပါး။

၁၃။ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ-ဟူသော သက္ခဏရုပ် လေးပါး။
ဤဆယ်ပါးသော ဥပါဒါရုပ်သည်။
မိမိဆိုင်ရာ သဘော လက္ခဏာ မရှိသောကြောင့် အသဘာဝရုပ်လည်း မည်၏။
အများဆိုင်ရာ သဘောလက္ခဏာ မရှိသောကြောင့် အလက္ခဏရုပ်လည်း မည်၏။
အကြောင်းတရားတို့သည် မဖြစ်စေအပ်သောကြောင့် အနိပ္ဖန္နရုပ်လည်း မည်၏။
ရုပ်စစ်မဟုတ်သောကြောင့် အရူပရုပ်လည်း မည်၏။
မသုံးသပ်အပ်သောကြောင့် အသမ္မသန ရုပ်လည်း မည်၏။
ဤသို့လျှင် ဥပါဒါရုပ် ၂၄ ပါး ဖြစ်သတည်း....
ဤသို့လျှင် ရုပ် ၂၈ ပါး ဖြစ်သတည်း....

---

ခက်ရာ၌ အဓိပ္ပါယ်ကား

၁။ အဘယ့်ကြောင့် ဘူတရုပ် မည်ပါသနည်း၊
ကြီးကျယ် ထင်ရှားသောရုပ် ဖြစ်သောကြောင့် ဘူတရုပ် မည်ပါသတည်း။

၂။ အဘယ့်ကြောင့် ဥပါဒါရုပ် မည်ပါသနည်း။
မဟာဘုတ်ကို မှီ၍ ဖြစ်သောရုပ်ဖြစ်သောကြောင့် ဥပါဒါရုပ် မည်ပါတည်း။

၃။ အဘယ့်ကြောင့် ပသာဒရုပ် မည်ပါသနည်း။
အကြည်ဓာတ် ဖြစ်သောကြောင့် ပသာဒရုပ် မည်ပါသ-
တည်း။

၄။ အဘယ့်ကြောင့် ဂေါစရရုပ် မည်ပါသနည်း။
အာရုံရုပ်ဖြစ်သောကြောင့် ဂေါစရရုပ် မည်ပါသတည်း။

၅။ အဘယ့်ကြောင့် ဘာဝရုပ် မည်ပါသနည်း။
အထီး-အမ ဖြစ်ဘို့ရန် အကြောင်းခံရုပ် ဖြစ်သော-
ကြောင့် ဘာဝရုပ် မည်ပါသတည်း။

၆။ အဘယ့်ကြောင့် ဟဒယဝတ္ထုရုပ် မည်ပါသနည်း။
နှလုံးသားရုပ် ဖြစ်သောကြောင့် ဟဒယဝတ္ထုရုပ်မည်ပါ
သတည်း။

၇။ အဘယ့်ကြောင့် ဇီဝိတိန္ဒြေ မည်ပါသနည်း။
ကမ္မဇရုပ်တို့၏ အသက် ဖြစ်သောကြောင့် ဇီဝိတိန္ဒြေ
မည်ပါသတည်း။

၈။ အဘယ့်ကြောင့် ကဗဠီကာရ အာဟာရ မည်ပါ
သနည်း။
အလုပ်အလွေး ပြုအပ်သော ရုပ်ဖြစ်သောကြောင့်
ကဗဠီကာရအာဟာရ မည်ပါသတည်း။

၉။ အဘယ့်ကြောင့် အာကာသဓာတ် မည်ပါသနည်း။
ရုပ်ကလာပ်တို့၏ အကြားဖြစ်သောကြောင့် အာကာသ
ဓာတ် မည်ပါသတည်း။

၁၀။ အဘယ့်ကြောင့် ဝိညတ်ရုပ် မည်ပါသနည်း။
သိစေနိုင်သော အမူအရာဖြစ်သောကြောင့် ဝိညတ်ရုပ် မည်ပါသတည်း။

၁၁။ အဘယ့်ကြောင့် ဝိကာရရုပ် မည်ပါသနည်း။
ထူးထွေခြားနားသော အမူအရာရုပ် ဖြစ်သောကြောင့် ဝိကာရရုပ် မည်ပါသတည်း။

၁၁။ အဘယ့်ကြောင့် လက္ခဏာရုပ် မည်ပါသနည်း။
နိပ္ဖန္နရုပ်တို့၏ အမှတ်အသားဖြစ်သောကြောင့် လက္ခဏာရုပ် မည်ပါသတည်း။ ။

(ဆောင်ပုဒ်) အာပေါလေ့၊ လွန်သိမ်မွေ့သဖြင့်၊ ထိတွေ့စမ်းသပ်၊ မရအပ်၊ ဖေါ်ဋ္ဌဗ် မမည်ထိုက်။ ။

ဘော-ပသာဒ၊ ဇီဝိတ၊ သုက္က သွေးသည်းခြေ။
အစိုကာယ၊ ရှိသမျှ၊ မုချအန္တိနေ။ ။

ရူပသမုဒ္ဒေသ သင်္ဂဟ ပြီး၏။

---

## ရူပဝိဘာဂ သင်္ဂဟ

၁။ ပသာဒရုပ် ငါးပါးသည် အတွင်း ကျသောကြောင့် အဇ္ဈတ္တိကရုပ် မည်၏။ ကြွင်းသောရုပ် ၂၃ ပါးသည် ပြင်ပဖြစ်သောကြောင့် ဗာဟိယရုပ် မည်၏။

၂။ ပသာဒရုပ်၊ဟဒယရုပ် ဤခြောက်ပါးသည် မှီရာ ဖြစ်သောကြောင့် ဝတ္ထုရုပ် မည်၏။
ကြွင်းသောရုပ် ၂၂ ပါးသည် မှီရာ မဟုတ်သောကြောင့် အဝတ္ထုရုပ် မည်၏။

၃။ ပသာဒရုပ်၊ ဝိညတ်ရုပ် ဤခုနစ်ပါးသည် အကြောင်းဖြစ်သောကြောင့် ဒွါရရုပ် မည်၏။
ကြွင်းသောရုပ် ၂၁ ပါးသည် အကြောင်း မဟုတ်သောကြောင့် အဒွါရရုပ် မည်၏။

၄။ ပသာဒရုပ်၊ဘာဝရုပ်၊ဇီဝိတရုပ် ဤရှစ်ပါးသည် အစိုးရသောကြောင့် ဣန္ဒြိယရုပ် မည်၏၊
ကြွင်းသောရုပ် ၂၀ သည် အစိုးမရသောကြောင့် အနိန္ဒြိယရုပ် မည်၏။

၅။ ပသာဒရုပ်၊ဝိသယရုပ် ဤ ၁၂ ပါးသည် ကြမ်းသောကြောင့် ဩဠာရိကရုပ်လည်း မည်၏။ အနီးဖြစ်သောကြောင့် သန္တိကေရုပ်လည်း မည်၏။ထိခိုက်တတ်သောကြောင့် သပ္ပဋိဃရုပ်လည်း မည်၏။
ကြွင်းသောရုပ် ၁၆ ပါးသည် သိမ်မွေ့သောကြောင့် သုခုမရုပ်လည်း မည်၏။ အဝေးဖြစ်သောကြောင့် ဒူရေရုပ်လည်း မည်၏။မထိခိုက်တတ်သောကြောင့် အပ္ပဋိဃရုပ်လည်း မည်၏။

၆။ ကမ္မဇရုပ်သည် ကံ၏ အကျိုးဖြစ်သောကြောင့် ဥပါဒိန္နရုပ် မည်၏။ ကြွင်းသောရုပ်သည် ကံ၏ အကျိုးမဟုတ်သောကြောင့် အနုပါဒိန္နရုပ် မည်၏။

၇။ ရူပါရုံသည် မြင်ကောင်းသောကြောင့် သနိဒဿနရုပ် မည်၏။

ကြွင်းသောရုပ် ၂၇ ပါးသည် မမြင်ကောင်းသော ကြောင့် အနိဒဿနရုပ် မည်၏။

၈။ စက္ခုသောတ နှစ်ပါးသည် မရောက်လာသောအာရုံကို ယူတတ်သောကြောင့် အသမ္ပတ္တဂါဟကရုပ် မည်၏။

ဃာနစသော ရုပ် ၃ ပါးသည် ရောက်လာသော အာရုံကို ယူတတ်သောကြောင့် သမ္ပတ္တဂါဟကရုပ် မည်၏။

ဤပသာဒရုပ် ၅ါးပါးသည်ပင် အာရုံကို ယူတတ် သောကြောင့် ဂေါစရဂ္ဂါဟကရုပ် မည်၏။
ကြွင်းသောရုပ် ၂၃ ပါးသည် အာရုံကို မယူတတ်သော ကြောင့် အဂေါစရဂ္ဂါဟကရုပ် မည်၏။

၉။ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ၊ မဟာဘုတ် ၄ ပါး၊ ဤရှစ်ပါး သော ရုပ်သည် ခွဲခြား မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏။

ကြွင်းသောရုပ် ၂၀ သည် ခွဲခြား ရကောင်းသော ကြောင့် ဝိနိဗ္ဘောဂရုပ် မည်၏။

ရူပဝိဘာဂ သင်္ဂဟ ပြီး၏။

## ရူပသမုဋ္ဌာန သင်္ဂဟ

၁။ ရုပ်ကို ဖြစ်စေတတ်သော အကြောင်း ၄ ပါး တည်း…. ကား။

ကံ၊စိတ်၊ဥတု၊အာဟာရ၊ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၂။ ထိုတွင် ရုပ်ကို ဖြစ်စေတတ်သော ကံ ဟူသည်ကား…. ကာမာဝစရကံ ၂၀၊ ရူပါဝစရကံ ၅ ပါး၊ ပေါင်း ဤ ၂၅ တည်း။

၃။ ရုပ်ကို ဖြစ်စေတတ်သော စိတ် ဟူသည်ကား…. အရူပဝိပါက် ၄ ခု၊ ဒွေပဉ္စဝိညာဉ် ၁၀ မှ တပါး ၇၅ ပါးသော စိတ်တည်း။

၄။ ရုပ်ကို ဖြစ်စေတတ်သော ဥတု ဟူသည်ကား အေးဥတု၊အပူဥတု ဟု ဆိုအပ်သော တေဇောဓာတ် တည်း။

၅။ ရုပ်ကို ဖြစ်စေတတ်သော အာဟာရ ဟူသည်ကား…. စားဘွယ် သောက်ဘွယ်တို့၌ ပါသော အဆီ၊အစေး၊ ဩဇာ ဟု ဆိုအပ်သော အာဟာရရုပ်တည်း။

၆။ ထိုတွင် ကံသည် အဇ္ဈတ္တ သန္တာန်၌ ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ ခဏတိုင်း ခဏ တိုင်း၌ ဖြစ်စေ၏။

၇။ စိတ်သည် စိတ္တဇရုပ်ကို ပဋိသန္ဓေနောင် ပထမဘင်၏ ဥပါဒ်မှစ၍ စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း၌ ဖြစ်စေ၏။

ထိုစိတ်တို့တွင် အပ္ပနာဇော ၂၆ ပါးသည် ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏။

ဝုဋ္ဌော၊ကာမဇောတခု ယှဉ်သုံးဆယ်၊ အဘိညာဉ်ဒွေ၊ ဤ ၃၂ ပါးသော စိတ်တို့သည် ဝိညတ်ကိုလည်း ဖြစ်စေ၏။ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏။

ထိုတွင် သောမနဿဇော ၁၃ ပါးသည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေ၏။ ဝိညတ်ကိုလည်း ဖြစ်စေ၏။ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏။

(ဆောင်ပုဒ်) ရှစ်ပုထုဇန်၊ ခြောက်သေက္ခန်၊ ငါးတန်ရဟန္တာ၊ ဟာသအပေါင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ။ ။

(ဆောင်ပုဒ်လင်္ကာ) မနောဓာတု၊ တဒါရုံက၊ ရူပဝိပါက်၊ဆဲ့ကိုးချက်မှာ၊ရုပ်ကိုသာတည်း။အပ္ပနာဇဝန၊ ဆဗ္ဗီသကား၊ ယာပထလည်း၊ ဖွဲ့တည်းနိုင်စေ၊ တထွေဝုဋ္ဌော၊ ကာဇောဘိညာ၊ဒွတ္တိံသကား၊နှစ်ဖြာဝိညတ်၊ ကိုလည်းတတ်၏။ သောမနဿဟု၊ဆဲ့သုံးခုကား၊ရယ်မှုရွှင်ခြင်း၊ လည်းပြုလျှင်း၏။ ကြွင်းအာရုပ္ပ၊ ဝိပါကနှင့်၊ ပဉ္စဝိညာ၊ ဆဲ့လေးဖြာသည်၊ ဘယ်ဟာ ဖြစ်စေနိုင်ဘူးတည်း။ ၊

၈။ ဥတုသည် ဥပါဒ်ပြီးနောက်၊ ဌီသို့အရောက်တွင် ဥတုဇ ရုပ်ကို အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ ထိုက်သလို ဖြစ်စေ၏။

၉။ အာဟာရသည် အာဟာရဇရုပ်ကို မျိုသော အခါ၌ ဌီသို့အရောက်တွင် ဖြစ်စေ၏။

---

၁၀။ ထိုတွင် ဟဒယရုပ်၊ ဣန္ဒြိယရုပ် ဤ ၉ ပါးသည် ကံကြောင့်သာလျှင် ဖြစ်၏။ ကေဇရုပ် မည်၏။

၁၁။ ဝိညတ်ဒွေသည် စိတ်ကြောင့်သာလျှင် ဖြစ်၏။ ကေဇရုပ် မည်၏။

၁၂။ သဒ္ဒရုပ်သည် စိတ်၊ဥတု နှစ်ပါးကြောင့် ဖြစ်၏။ ဒွိဇရုပ် မည်၏။

၁၃။ လဟုတာဒိတိက်သည် ဥတု၊ စိတ်၊ အာဟာရ သုံးပါး ကြောင့် ဖြစ်၏။ တိဇရုပ် မည်၏။

၁၄။ အဝိနိဗ္ဘောဂရုပ်၊ အာကာသဓာတ် ဤ ၉ ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးကြောင့် ဖြစ်၏။ စတုဇရုပ် မည်၏။

၁၅။ လက္ခဏာရုပ်သည် ဘာအကြောင်းကြောင့်မှ မဖြစ်သော ကြောင့် နကုတောစိ သမုဋ္ဌာန်ရုပ် မည်၏။

---

၁၆။ ကမ္မဇရုပ် ၁၈ ပါး တည်း····ကား။

ကေံ ကမ္မဇရုပ် ၉ ပါး၊ အနေကန် ကမ္မဇရုပ် ၉ ပါး၊ ဤသို့လျှင် ၁၈ ပါး ဖြစ်သတည်း။

ထိုတွင် ကော် ကမ္မဇရုပ် ၉ ပါး ဟူသော်ကား.... ဟဒယရုပ် တပါး၊ဇီဝိတိန္ဒြိယရုပ် ၈ ပါး၊ ဤသို့လျှင် ၉ ပါး ဖြစ်သတည်း။

အနေကန် ကမ္မဇရုပ် ၉ ပါး ဟူသော်ကား.... အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် တပါး၊ ဤသို့လျှင် ၉ ပါး ဖြစ်သတည်း။

ဤသို့လျှင် ကမ္မဇရုပ် ၁၈ ပါး ဖြစ်သတည်း။

---

၁၇။ စိတ္တဇရုပ် ၁၅ ပါး တည်း....ကား။

ကော် စိတ္တဇရုပ် ၂ ပါး၊အနေကန်စိတ္တဇရုပ် ၁၃ ပါး၊ ဤသို့လျှင် ၁၅ ပါး ဖြစ်သတည်း။

ထိုတွင် ကော် စိတ္တဇရုပ် ၂ ပါး ဟူသော်ကား.... ဝိညတ်ဒွေတည်း။

အနေကန် စိတ္တဇရုပ် ၁၃ ပါး ဟူသော်ကား.... သဒ္ဒရုပ်တပါး၊လဟုတာဒိတိက်၃ပါး၊အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် တပါး၊ ဤသို့လျှင် ၁၃ ပါး ဖြစ်သတည်း။

ဤသို့လျှင် စိတ္တဇရုပ် ၁၅ ပါး ဖြစ်သတည်း။

---

၁၈။ ဥတုဇရုပ် ၁၃ ပါး တည်း....ကား။

သဒ္ဒရုပ် တပါး၊ လဟုတာဒိတိက် ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊အာကာသဓာတ် တပါး၊ဤသို့လျှင် ၁၃ ပါး ဖြစ်သတည်း။

၁၉။ အာဟာရဇရုပ် ၁၂ ပါး တည်း····ကား။
လဟုတာဒိတိက် ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ အာကာသဓာတ် တပါး၊ ဤသို့လျှင် ၁၂ ပါး ဖြစ်သတည်း။
၂၀။ အဘယ့်ကြောင့် လက္ခဏာ ရုပ်တို့သည် မည်သည့် အကြောင်းကြောင့်မှ မဖြစ်ကုန်သနည်း။
လက္ခဏာရုပ်တို့သည် ဖြစ်ဆဲ၊ ရင့်ဆဲ၊ ပျက်ဆဲရုပ်တို့၏ သဘောမျှ ဖြစ်သောကြောင့် မည်သည့် အကြောင်းကြောင့်မှ မဖြစ်ကုန်။

ရူပသမုဋ္ဌာန သင်္ဂဟ ပြီး၏။

---

## ရူပကလာပ သင်္ဂဟ

၁။ ရူပကလာပ သင်္ဂဟ၌ ရုပ်ကလာပ် ၂၁ စည်း ဟူသော်ကား····

| | |
|---|---|
| ကမ္မဇ ကလာပ် | ၉ စည်း |
| စိတ္တဇ ကလာပ် | ၆ စည်း |
| ဥတုဇ ကလာပ် | ၄ စည်း |
| အာဟာရဇ ကလာပ် | ၂ စည်း |

ဤသို့လျှင် ၂၁ စည်း ဖြစ်သတည်း။

၂။ ထိုတွင် ကမ္မဇကလာပ် ၉ စည်း ဟူသော်ကား····
စက္ခုဒသက ကလာပ်
သောတဒသက ကလာပ်
ဃာနဒသက ကလာပ်

ဇိဝှါဒသက ကလာပ်

ကာယဒသက ကလာပ်

ဣတ္ထိဘာဝဒသက ကလာပ်

ပုမ္ဘာဝဒသက ကလာပ်

ဝတ္ထုဒသက ကလာပ်

ဇီဝိတနဝက ကလာပ်ဤသို့လျှင် ၉ စည်း ဖြစ်သတည်း။

---

၃။ ထိုတွင်

အဝိနိဗ္ဘောဂ၊ ဇီဝိတ၊ စက္ခုပသာဒ၊ ဤ(၁၀)ပါးသည် စက္ခုဒသက ကလာပ်

| | | | | |
|---|---|---|---|---|
| ॥ | ॥ | သောတပသာဒ | ॥ | သောတ |
| ॥ | ॥ | ဃာနပသာဒ | ॥ | ဃာန |
| ॥ | ॥ | ဇိဝှါပသာဒ | ॥ | ဇိဝှါ |
| ॥ | ॥ | ကာယပသာဒ | ॥ | ကာယ |
| ॥ | ॥ | ဣတ္ထိဘာဝ | ॥ | ဣတ္ထိဘာဝ |
| ॥ | ॥ | ပုမ္ဘာဝ | ॥ | ပုမ္ဘာဝ |

အဝိနိဗ္ဘောဂ၊ ဇီဝိတ၊ ဤ ၉ ပါးသည် ဇီဝိတနဝက ကလာပ်။

ဤသို့လျှင် ကမ္မဇကလာပ် ၉စည်း ဖြစ်သတည်း။

---

၄။ စိတ္တဇကလာပ်(၆)စည်းဟူသော်ကား....

သုဒ္ဓဋ္ဌ ကလာပ်

ကာယဝိညတ္တိ နဝက ကလာပ်
ဝစီဝိညတ္တိ သဒ္ဒ ဒသက ကလာပ်
လဟုတာဒေကာ ဒသက ကလာပ်
ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်
ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက ကလာပ်

ဤသို့လျှင်(၆)စည်း ဖြစ်သတည်း။

---

၅။ ထိုတွင်
အဝိနိဗ္ဘောဂ ဤ(၈)ပါးသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။
။ ကာယဝိညတ်ဤ(၉)ပါးသည် ကာယဝိညတ္တိ နဝက ကလာပ် မည်၏။
။ ဝစီဝိညတ်၊သဒ္ဒရုပ် ဤ(၁၀)ပါးသည် ဝစီဝိညတ္တိ သဒ္ဒ ဒသက ကလာပ်
။ လဟုတာဒိတိက် ဤ (၁၁)ပါးသည် လဟုတာဒေကာ ဒသက ကလာပ်
။ ကာယ ဝိညတ်၊ လဟုတာ ဒိတိက်၊ (၁၂) ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက
။ ဝစီဝိညတ်၊ သဒ္ဒရုပ်၊ လဟုတာဒိတိက်၊ (၁၃) ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိ

တေရသက ကလာပ် မည်၏။ဤသို့လျှင်
(၆)စည်း ဖြစ်သတည်း။

---

၆။ ဥတုဇ ကလာပ် ၄ စည်းဟူသော်ကား....
သုဒ္ဓဋ္ဌက ကလာပ်
သဒ္ဒနဝက ကလာပ်
လဟုတာဒေကာ ဒသက ကလာပ်
သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ်
ဤသို့လျှင် ၄ စည်း ဖြစ်သတည်း။

၇။ ထိုတွင်၊ ၊အဝိနိဗ္ဘောဂ ဤ ၈ ပါးသည် သုဒ္ဓဋ္ဌက ကလာပ် မည်၏။

။ သဒ္ဒ(၉)သဒ္ဒနဝက ကလာပ် မည်၏။
။ တဟုတာဒိတိက် (၁၁) လဟုတာ ဒေကာ ဒသက ကလာပ် မည်၏။
။ သဒ္ဒ၊ လဟုတာဒိတိက်၊ (၁၂) သဒ္ဒ လဟုတာဒိ ဒွါဒက ကလာပ် မည်၏။
ဤသို့လျှင် ၄ စည်း ဖြစ်သတည်း။

---

၈။ အာဟာရဇကလာပ် ၂ စည်း ဟူသော်ကား....
သုဒ္ဓဋ္ဌက ကလာပ်
လဟုတာဒေကာ ဒသက ကလာပ်
ဤသို့လျှင် ၂ စည်း ဖြစ်သတည်း။

၉။ ထိုတွင်
အဝိနိဗ္ဘောဂ ဤ(၈)ပါးသည် သုဒ္ဓဋ္ဌက ကလာပ် မည်၏။
။ တဟုတာဒိတိက် (၁၁) လဟုတာ ဒေကာ ဒသက ကလာပ် မည်၏။
ဤသို့လျှင် ၂ စည်း ဖြစ်သတည်း။
ဤသို့လျှင် ရုပ်ကလာပ် ၂၁စည်း ဖြစ်သတည်း။

---

အမေး အဖြေ။

၁။ ရုပ်ကတာပ် ၂၁ စည်းတို့ကို သဘောတူရာ ပေါင်း၍ ရေတွက်ပြပါ....
ရုပ်ကလာပ် ၂၁ စည်းတို့တွင်၊ သုဒ္ဓဋ္ဌက ကလာပ် ၃ စည်းတည်း....ကား....

စိတ္တဇ သုဒ္ဓဋ္ဌက ကလာပ်
ဥတုဇ သုဒ္ဓဋ္ဌက ကလာပ်
အာဟာရဇ သုဒ္ဓဋ္ဌက ကလာပ်
} ပေါင်း ဤ ၃ စည်း တည်း။

---

နဝက ကလာပ် ၃ စည်းတည်း....ကား....

ကမ္မဇ ဇီဝိတ နဝက ကလာပ်
စိတ္တဇ ကာယဝိညတ္တိ နဝက ကလာပ်
ဥတုဇ သဒ္ဒ နဝက ကလာပ်
} ပေါင်း ဤ ၃ စည်း တည်း။

ဒသက ကလာပ် ၉ စည်းတည်း....ကား....

ကမ္မဇ စက္ခုဒသက ကလာပ်
။ သောတ
။ ဃာန
။ ဇိဝှါ
။ ကာယ
။ ဣတ္ထိဘာဝ
။ ပုမ္ဘာဝ
။ ဝတ္ထုဒသက ကလာပ်
စိတ္တဇ ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ်
} ပေါင်း ၍ ၉ စည်း တည်း။

---

ဧကာဒသက ကလာပ် ၃ စည်းတည်း ကား....

စိတ္တဇ,လဟုတာဒေကာ ဒသက ကလာပ်
ဥတုဇ,လဟုတာဒေကာ ဒသက ကလာပ်
အာဟာရဇ,လဟုတာဒေကာဒသကကလာပ်
} ပေါင်း ၍၃စည်း တည်း။

---

ဒွါဒသက ကလာပ် ၂ စည်းတည်း....ကား....

စိတ္တဇ၊ကာယ ဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်
ဥတုဇ သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ်
} ပေါင်း ၍ ၂ တည်း။

တေရသက ကလာပ် တစည်းတည်း....ကား....
စိတ္တဇ၊ ဝစီ ဝိညတ္တိ သဒ္ဒ လဟုတာဒိတေရသက ကလာပ်တည်း—
ဤသို့လျှင် ရုပ်ကလာပ် ၂၁ စည်း ဖြစ်သတည်း။

---

အမေးအဖြေ

၁။ အဘယ့်ကြောင့် ရူပကလာပ သင်္ဂဟဟု ခေါ်ပါသနည်း။
အတူတကွ ဖြစ်ဘော် ဖြစ်ဘက် ရုပ်များကို ပေါင်းစပ်ဖွဲ့စည်း၍ ပြရာဖြစ်သော သင်္ဂဟဖြစ်သောကြောင့် ရူပကလာပသင်္ဂဟဟု ခေါ်ပါသတည်း။

၂။ ကလာပ်ဖွဲ့ရခြင်းအင်္ဂါ ဘယ်နှစ်ပါး ရှိပါသနည်း။
၃ ပါး ရှိပါသတည်း။ ၃ ပါး ဟူသော်ကား....
(၁)အတူတကွ ဖြစ်ခြင်း၊ (၂)အတူတကွ ချုပ်ခြင်း၊ (၃)တူသောမှီရာရှိခြင်း၊ ဤအင်္ဂါ ၃ပါးနှင့် ပြည့်စုံလျှင် အတူဖြစ်နိုင်၍ ကလာပ် ဖွဲ့နိုင်ပါသတည်း။

၃၊ ရုပ်တို့၏ မှီရာကို ဖော်ပြပါ။
ဥပါဒါရုပ်တို့သည် မဟာဘုတ်ကို မှီ၍ မဟာဘုတ်တို့သည် အချင်းချင်း မှီကြပါသတည်း။

၄။ မဟာဘုတ် ၄ ပါး အချင်းချင်းမှီပုံ ထင်ရှားအောင် ပြကဲ့ပါ။

တပါး တပါးသော မဟာဘုတ်က သုံးပါး သုံးပါးသော မဟာဘုတ်ကို မှီ၍ သုံးပါး သုံးပါးသော မဟာဘုတ်က တပါး တပါးသော မဟာဘုတ်ကို မှီပြီးလျှင် နှစ်ပါး နှစ်ပါးသော မဟာဘုတ်က နှစ်ပါး နှစ်ပါးသော မဟာဘုတ်ကို မှီပါသတည်း။

၅။ ရုပ်ကလာပ် ၂၁ စည်းကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် ၂ ပါးဖြင့် ခွဲခြား၍ ဖြေဆိုကဲ့ပါ။

ရုပ်ကလာပ် ၂၁ စည်းတို့တွင် ဥတုဇ ဖြစ်သော သဒ္ဒဒသက ကလာပ်နှင့် သဒ္ဒနဝကကလာပ် ဤ ၂စည်းကို အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂ ပါးလုံးမှာ ရနိုင်၍ ကြွင်းသော ကလာပ် ၁၉ စည်းကို အဇ္ဈတ္တ၌သာ ရနိုင်ပါသတည်း။

၆။ အဘယ့်ကြောင့် အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ကို ကလာပ်ဖွဲ့ရာ၌ မသွင်းပါသနည်း။

အာကာသ ဓာတ်သည် ရုပ်ကလာပ် တို့၏ အပိုင်းအခြားမျှ ဖြစ်၍ လက္ခဏာရုပ်တို့သည် ရုပ်ကလာပ်တို့၏ အမှတ်အသားမျှ ဖြစ်သောကြောင့် ကလာပ် ဖွဲ့ရာ၌ မသွင်းပါသတည်း။

ရူပကလာပ သင်္ဂဟ ပြီး၏။

---

## ရူပ ပဝတ္တိက္ကမ သင်္ဂဟ

၁။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စုတိမှ အထက် ၁၇ချက်မြောက်သော စိတ်၏ဥပါဒ်တိုင်အောင်

ခဏတိုင်း ခဏတိုင်း ဖြစ်ပြီးလျှင် စုတိစိတ်နှင့် မြှိုင်၍ ချုပ်၏။

၂။ စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှ စ၍ စုတိ၏ ဥပါဒ်တိုင်အောင် ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ပြီးလျှင် စုတိမှနောက် ခဏငယ် (၄၇) ချက်ခန့်၌ ချုပ်၏။

၃။ အာဟာရဇရုပ်သည် မျိုသောအခါ ဩဇာသို့ ရောက်သည် မှစ၍ စုတိစိတ်၏ ဘင်တိုင်အောင် ခဏတိုင်း ခဏတိုင်း ဖြစ်ပြီးလျှင် စုတိမှနောက် ခဏငယ်(၅၀)ခန့်၌ ချုပ်၏။

၄။ ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဋီမှစ၍မှုတေပြီးနောက် အလောင်းကောင်ဟု ဆိုအပ်သည်တိုင်အောင် ခဏ တိုင်း ခဏတိုင်း ဖြစ်လေတော့၏။

---

၅။ အညှိ စသည်၌ တွယ်၍ဖြစ်သော သံသေဒဇသတ္တဝါ.... ကိုယ်ကောင် ထင်ရှားဖြစ်သော ဥပပါတ် သတ္တဝါ.... သားအိမ်၌ တွယ်၍ဖြစ်သော ဇလာဗုဇ သတ္တဝါ.... ဥခွံ၌ တွယ်၍ဖြစ်သော အဏ္ဍဇသတ္တဝါ-ဟူ၍-သတ္တဝါ ၄ မျိုးပြား၏။

တနည်းကား ဇလာဗုဇနှင့် အဏ္ဍဇ ၂မျိုးကို အမိဝမ်း၌ ကိန်းအောင်း၍ဖြစ်သော ဂဗ္ဘသေယျက သတ္တဝါဟု ခေါ်သောကြောင့် သတ္တဝါ ၃ မျိုး ပြား၏။

၆။ ဘုမ္မစိုးနတ်မှ တပါးသော နတ်ပြိတ္တာများနှင့် နိဇ္ဈာမ တဏှိက ပြိတ္တာ ငရဲဘုံသားတို့အား ဥပပါတ်တမျိုးသာ ဖြစ်နိုင်၏။

ကြွင်းသော လူ၊တိရစ္ဆာန်၊ပြိတ္တာ၊ဘုမ္မစိုးနတ်တို့အား သတ္တာ ၄ မျိုးလုံး ဖြစ်နိုင်၏။

---

၇။ ဂဗ္ဘသေယျက နှင့် သံသေဒဇ သတ္တာတို့၌ စက္ခုဒသက သောတဒသက၊ဃာနဒသက၊ဘာဝဒသက ဤ ၄ ပါး ချို့နိုင်၏။

ဥပပါတ် သတ္တာတို့တွင် အပါယ်ဘုံက ဥပပါတ်၌သာ စက္ခုဒသက၊ သောတ ဒသက၊ ဘာဝ ဒသက ဤသုံးပါးချို့နိုင်၏။

လူဥပပါတ်၌ကား ဘာဝ ဒသက တပါးသာ ချို့နိုင်၏။

ကြွင်းသော သုဂတိ ဥပပါတ်တို့၌ မည်သည့် ရုပ်ကလာပ်မျှ မချို့နိုင်ချေ။ ။

---

၈။ ကာမဘုံ၌ ပဝတ္တိအခါ ရုပ်ကလာပ်အားလုံး ထိုက်သလို ရနိုင်ကုန်၏။

ပဋိသန္ဓေ အခါ၌ သံသေဒဇ ဥပပါတ်သတ္တာတို့အား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ဘာဝ၊ ဝတ္ထု ဟူသော ဒသက(၇)ပါးတို့ကို အလွန်ဆုံးရအပ်ကုန်၏။

အယုတ်ဆုံးအားဖြင့်ကား စက္ခု၊ သောတ၊ ဃာန၊ ဘာဝ ဟူသော ဒသက(၄)ပါးတို့ကို တခါတရံ မရ၊ နိုင်ကုန်....

---

ဂဗ္ဘသေယျက သတ္တဝါတို့အား ကာယ၊ ဘာဝ၊ ဝတ္ထု ဟူသော ဒသက ၃ ပါးတို့ကို အလွန်ဆုံး ရအပ်ကုန်၏။အယုတ်ဆုံးအားဖြင့်ကား ဘာဝဒသကကို တခါ တရံမရနိုင်။ပဝတ္တိအခါ၌ကား အစဉ်အတိုင်း ကြီးပွါး၍ (၁၁)သတ္တာဟ၊ (၇၇)ရက်လောက်ကြာမှ စက္ခု၊ သောတ၊ဃာန၊ဇိဝှါ၊ဒသကတို့ ထင်ရှား ဖြစ်ကြကုန်၏။

---

၉။ ရူပဘုံ၌ ပဋိသန္ဓေအခါ စက္ခု၊သောတ၊ဝတ္ထု ဟူသော ဒသက ၃ ပါးနှင့် ဇီဝိတနဝက ၌ကမ္မဇကလာပ် ၄ စည်းသာ ရနိုင်ကုန်၏။

ပဝတ္တိအခါ၌ကား စိတ္တဇကလာပ်၊ဥတုဇကလာပ် များလည်း ရနိုင်ကုန်၏။

၁၀။ အသညသတ်ဘုံ၌ ပဋိသန္ဓေ အခါ ဇီဝိတနဝက ကလာပ် တစည်းသာ ရနိုင်၏။ ပဝတ္တိ အခါ၌ကား သဒ္ဒရုပ်မပါသော ဥတုဇကလာပ် ၂စည်းလည်း ရနိုင် ကုန်၏။

---

၁၁။ ကာမဘုံ၌ ရုပ် ၂၈ ပါးလုံး ဖြစ်နိုင်ကုန်၏။

အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ဃာန၊ ဇိဝှါ၊ကာယ၊ဘာဝမှ တပါး ရုပ် ၂၃ ပါး ဖြစ်နိုင် ကုန်၏။

အသညသတ်ဘုံ၌ (အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံးဝလဟု၊ တာဒိရုပ်၊ စတုလက္ခဏာ၊ အာကာသ၊ ပေါင်းပါ ဆဲ့ခုနစ်)ဟူသည်နှင့်အညီ ရုပ် ၁၇ ပါး ဖြစ်နိုင်ကုန်၏။

အရူပဘုံ၌ ဘာရုပ်မှ မဖြစ်ကုန်။

---

၁၂။ သဒ္ဒ၊ ဝိကာရ၊ ဇရတာ၊ အနိစ္စတာ၊ ဤရုပ် ၈ ပါး ပဋိသန္ဓေအခါ၌ မဖြစ်နိုင်ကုန်။

ပဝတ္တိအခါ၌ကား မဖြစ်နိုင်သော ရုပ်မရှိ၊ ထိုက်သလို ဖြစ်နိုင်ကြကုန်၏။

---

## ခက်ရာ၌ အဓိပ္ပါယ် အမေးအဖြေ

၁။ အဘိဓမ္မာနည်းအရ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၊ စုတိအခါ ၃ ပါးကို ခွဲခြား၍ ဖြေဆိုကြပါ။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို ပဋိသန္ဓေ အခါဟု ခေါ်ပါသည်။

စုတိစိတ်၏ ဘင်ခဏကို စုတိအခါဟု ခေါ်ပါသည်။

ပဋိသန္ဓေစိတ်၏ ဋ္ဌီမှစ၍ စုတိစိတ်၏ ဋ္ဌီတိုင်အောင် အကြားကာလ အားလုံးကို ပဝတ္တိအခါဟု ခေါ်ပါသည်။

၂။ ချို့တဲ့ကောင်းသော ကမ္မဇ ရုပ်ကလာပ်နှင့် မချို့တဲ့ကောင်းသော ကမ္မဇ ရုပ်ကလာပ်တို့ကို ဖော်ပြပါ။

ချို့တဲ့ကောင်းသော ကမ္မဇရုပ်ကလာပ်ကား····

စက္ခု၊သောတ၊ဃာန၊ဘာဝ၊ ဤ(၄)ပါးတည်း။
မရိုတဲ့ကောင်းသော ကမ္မဇရုပ်ကလာပ်ကား....
ဇီဝိတ၊ကာယ၊ဝတ္ထု၊ဇီဝိတနဝက၊ဤလေးပါးတည်း။

ရူပပဝတ္တိက္ကမ သင်္ဂဟ ပြီး၏။

---

## နိဗ္ဗာန်အကြောင်း

၁။ လောကုတ္တရာဟုဆိုအပ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ဆိုအပ်၏။

၂။ ထိုနိဗ္ဗာန်သည် ငြိမ်းခြင်း သဘောသဘော အားဖြင့် တပါးတည်း ဖြစ်သော်လည်း ခန္ဓာကြွင်း ရှိသော သဉပါဒိသေသ နိဗ္ဗာန်၊ ခန္ဓာကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ အကြောင်းပရိယာယ်အားဖြင့် ၂ မျိုး ပြား၏။

၃။ တနည်းကား....ကိလေသာမှ ဆိတ်သော သုညတနိဗ္ဗာန်၊ ပုံသဏ္ဌာန်မရှိသော အနိမိတ္တနိဗ္ဗာန်၊တောင့်တတတ်သော တဏှာမရှိသော အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ အခြင်းအရာ အပြားအားဖြင့် ၃ မျိုး ပြား၏။

နိဗ္ဗာန်အကြောင်း ပြီး၏။

၄။ ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။ ။

အစ္စုတံ၊ စုတေရွေ့လျော သေရခြင်းသဘောလည်း မရှိထသော။ အစ္စန္တံ၊ အဆုံးအပိုင်းအခြားကိုလည်း လွန်ပြီးထသော အသင်္ခတံ၊ ကံ စသော အကြောင်း လေးပါးတွင် ဘယ်အကြောင်းတခုမျှ မပြုအပ်သည် လည်း ဖြစ်ထသော၊ အနုတ္တရံ၊ မိမိထက် မြတ်သော တရားလည်း မရှိထသော။ ပဒံ၊ ရောက်သင့်ရောက်ရန် လျောက်ကန်သင့်မြတ် ထင်ရှားရှိသော ဓာတ်တမျိုးကို။ ဝါနမုတ္တာ၊ တဏှာမှ လွတ်တော်မူကြကုန်ပြီးသော မဟေသယော၊ မဟာဏ္ဍသိ မုနိထွဋ်တင် ဘုရားရှင် တို့သည်။ နိဗ္ဗာနံ ဣတိ၊ နိဗ္ဗာန်ဟူ၍။ ဘာသန္တိ၊ ဖွင့်လှစ် ထုတ်ဘော် ဟောတော်မူကြလေကုန်သတည်း။ ။

ရုပ်ပိုင်းသရုပ်ခွဲ ဆိုရိုး ငြီး၏။

ပစ္စိမာရုံ သင်္ဂြိုဟ်သရုပ်ခွဲ ဒုတိယဆင့် ငြီး၏။

# သမုစ္စည်းပိုင်း သရုပ်ခွဲ ဆိုရိုး

## အကုသလ သင်္ဂဟ

၁။ ပရမတ် အလို အထည်ကိုယ်ဝတ္ထု ကောင်းသော ခုနစ်ဆဲ့နှစ်ပါးသော တရားတို့ကို သဘောတူချင်း ပေါင်းသင်းဖွဲ့စည်း၍ ပြသော သမုစ္စည်းပိုင်း၌ သင်္ဂဟ ၄ ပါး တည်း....ကား။

အကုသလ သင်္ဂဟ

မိဿက သင်္ဂဟ

ဗောဓိပက္ခိယ သင်္ဂဟ

သဗ္ဗ သင်္ဂဟ ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၂။ ထိုတွင် အကုသလ သင်္ဂဟ၌ အရက်နှင့် တူသော အာသဝတရား ၄ ပါး တည်း....ကား။

ကာမာသဝ (လောဘ)

ဘဝါသဝ (လောဘ)

ဒိဋ္ဌာသဝ (ဒိဋ္ဌိ)

အဝိဇ္ဇာသဝ (မောဟ) ဤသို့လျှင် ၄ ပါး သတည်း။

၃။ ရေအယဉ်နှင့်တူသော ဩဃတရား ၄ ပါး တည်း.... ကား။

ကာမောဃ (လောဘ)
ဘဝေါဃ (လောဘ)
ဒိဋ္ဌောဃ (ဒိဋ္ဌိ)
အဝိဇ္ဇောဃ (မောဟ) ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၄။ ဝဋ်ဆင်းရဲ၌ ယှဉ်စပ် ပေးတတ်သော ယောဂတရား ၄ ပါး တည်း…ကား။

ကာမယောဂ (လောဘ)
ဘဝယောဂ (လောဘ)
ဒိဋ္ဌိယောဂ (ဒိဋ္ဌိ)
အဝိဇ္ဇာယောဂ (မောဟ) ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၅။ ဝဋ်ဆင်းရဲမှ မလွှတ်ရအောင် ဆက်ပေးတတ်သော ဂန္ထတရား ၄ ပါး တည်း…ကား။

အဘိဇ္ဈာ ကာယဂန္ထ (လောဘ)
ဗျာပါဒ ကာယဂန္ထ (ဒေါသ)
သီလဗ္ဗတ ပရာမာသ ကာယဂန္ထ (ဒိဋ္ဌိ)
ဣဒံ သစ္စာဘိနိဝေသ ကာယဂန္ထ (ဒိဋ္ဌိ)

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၆။ စွဲစွဲလမ်းလမ်း ယူထားခြင်း ဥပါဒါန်တရား ၄ ပါး
တည်း....ကား။

ကာမုပါဒါန် (လောဘ)
ဒိဋ္ဌုပါဒါန် (ဒိဋ္ဌိ)
သီလဗ္ဗတုပါဒါန် (ဒိဋ္ဌိ)
အတ္တဝါဒုပါဒါန် (ဒိဋ္ဌိ)
ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၇။ ကုသိုလ်တရားများကို တားမြစ် ပိတ်ပင်တတ်သော
နီဝရဏတရား ၆ ပါး တည်း....ကား။

ကာမစ္ဆန္ဒနီဝရဏ (လောဘ)
ဗျာပါဒနီဝရဏ (ဒေါသ)
ထိန မိဒ္ဓ နီဝရဏ (ထိန နှင့် မိဒ္ဓ)
ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ(ဥဒ္ဓစ္စ နှင့် ကုက္ကုစ္စ)
ဝိစိကိစ္ဆာ နီဝရဏ (ဝိစိကိစ္ဆာ)
အဝိဇ္ဇာ နီဝရဏ (မောဟ)
ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၈။ အဘန့်ဘန် ကိန်းအောင်းသော အနုသယတရား ၇ ပါး
တည်း....ကား။

ကာမရာဂါနုသယ (လောဘ)
ဘဝရာဂါနုသယ (လောဘ)
ပဋိဃာနုသယ (ဒေါသ)

မာနာနုသယ (မာန)
ဒိဋ္ဌာနုသယ (ဒိဋ္ဌိ)
ဝိစိကိစ္ဆာနုသယ (ဝိစိကိစ္ဆာ)
အဝိဇ္ဇာနုသယ (မောဟ)

ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

၉။ ထိုထိုဘဝမှ မလွတ်ရအောင် ချည်နှောင်တတ်သော သံယောဇဉ်တရား သုတ္တန်နည်းအားဖြင့် ၁၀ ပါး တည်း....ကား။

ကာမရာဂ သံယောဇဉ် (လောဘ)
ရူပရာဂ သံယောဇဉ် (လောဘ)
အရူပရာဂ သံယောဇဉ် (လောဘ)
ပဋိဃ သံယောဇဉ် (ဒေါသ)
မာန သံယောဇဉ် (မာန)
ဒိဋ္ဌိ သံယောဇဉ် (ဒိဋ္ဌိ)
သီလဗ္ဗတ ပရာမာသ သံယောဇဉ် (ဒိဋ္ဌိ)
ဝိစိကိစ္ဆာ သံယောဇဉ် (ဝိစိကိစ္ဆာ)
ဥဒ္ဓစ္စ သံယောဇဉ် (ဥဒ္ဓစ္စ)
အဝိဇ္ဇာ သံယောဇဉ် (မောဟ)

ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၁၀။ အဘိဓမ္မာ နည်းအားဖြင့် သံယောဇဉ် ၁၀ ပါး
တည်း....ကား။

| | |
|---|---|
| ကာမရာဂ သံယောဇဉ် | (လောဘ) |
| ဘဝရာဂ သံယောဇဉ် | (လောဘ) |
| ပဋိဃ သံယောဇဉ် | (ဒေါသ) |
| မာန သံယောဇဉ် | (မာန) |
| ဒိဋ္ဌိ သံယောဇဉ် | (ဒိဋ္ဌိ) |
| သီလဗ္ဗတ ပရာမာသ သံယောဇဉ် | (ဒိဋ္ဌိ) |
| ဝိစိကိစ္ဆာ သံယောဇဉ် | (ဝိစိကိစ္ဆာ) |
| ဣဿာ သံယောဇဉ် | (ဣဿာ) |
| မစ္ဆရိယ သံယောဇဉ် | (မစ္ဆရိယ) |
| အဝိဇ္ဇာ သံယောဇဉ် | (မောဟ) |

ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၁၁။ စိတ်ကို ညစ်ပေစေတတ်သော ကိလေသာတရား ၁၀ ပါး
တည်း....ကား။
လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၁၂။ ပဒုမ်ပတ်အလို အထည်ကိုယ် ဝတ္ထုအားဖြင့်....

| | |
|---|---|
| အာသဝ | ၃ ပါး။ |
| ဩဃ | ၃ ပါး။ |

| | |
|---|---|
| ယောဂ | ၃ ပါး။ |
| ဂန္ထ | ၃ ပါး။ |
| ဥပါဒါန် | ၂ ပါး။ |
| နီဝရဏ | ၈ ပါး။ |
| အနုသယ | ၆ ပါး။ |
| သံယောဇဉ် | ၉ ပါး။ |
| ကိလေသာ | ၁၀ ပါး-ဟူ၍ သိအပ်၏။ |

ဤ ၉ ပါး အပြားဖြင့် အကုသလ သင်္ဂဟကို မှတ်ဆို အပ်၏။

(လောကိုးမည်ရှိ ဒိဋ္ဌိရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝဒေါသာ ကင်္ခါလေးထုတ် မာနဒွစ္စ သုံးမည်ရ၏ ထိန နှစ်မည်၊ ကြွင်းသည်- ခြောက်ပ၊ တမည်ရ၊ ပေါင်းက စုဒ္ဒသာ။ ။)

အကုသလ သင်္ဂဟ ပြီး၏။

---

(မိဿက သင်္ဂဟ)

၁။ တကွဖြစ်သော ရုပ်နာမ်တရားတို့ကို ထောက်ပံ့နိုင်ခဲ့ စေတတ်သော ဟိတ်တရား (၆)ပါး တည်း....ကား....

| | | |
|---|---|---|
| လောဘ | ဒေါသ | မောဟ |
| အလောဘ | အဒေါသ | အမောဟ |

ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၂။ ဆိုင်ရာ အာရုံကို စူးစူးစိုက်စိုက် ရှုတတ်သော ဈာန် အင်္ဂါတရား ၇ ပါးတည်း....ကား....

ဝိတက်

ဝိစာရ

ပီတိ

ဧကဂ္ဂတာ

သောမနဿ
ဒေါမနဿ } ဝေဒနာ
ဥပေက္ခာ

ဤသို့လျှင် ၇ ပါး ဖြစ်သတည်း၊

၃။ သုဂတိ-ဒုဂ္ဂတိ-ဘဝသို့ ရောက်ဘို့ရာ လမ်းကြောင်း နှင့် တူသော မဂ္ဂင်တရား ၁၂ ပါးတည်း....ကား....

သမ္မာဒိဋ္ဌိ (ကောင်းစွာ သိမှု-ပညာ)

သမ္မာ သင်္ကပ္ပ(ကောင်းစွာ ကြံစီမှု-ဝိတက်)

သမ္မာဝါစာ (သမ္မာဝါစာ ဝိရတိ) ဝစီ ဒုစရိုက်မှ ရှောင်ကြဉ်မှု။

သမ္မာ ကမ္မန္တ (သမ္မာ ကမ္မန္တ ဝိရတိ)ကာယဒုစရိုက်မှ ရှောင်ကြဉ်မှု။

သမ္မာ အာဇီဝ (သမ္မာ အာဇီဝ ဝိရတိ) မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှု။

သမ္မာ ဝါယာမ (ကောင်းစွာ အားထုတ်မှု ဝိရိယ)
သမ္မာ သတိ (ကောင်းစွာ အောက်မေ့မှု သတိ)
သမ္မာ သမာဓိ (ကောင်းစွာ တည်ကြည်မှု ဧကဂ္ဂတာ)
မိစ္ဆာ ဒိဋ္ဌိ (ဒိဋ္ဌိ)
မိစ္ဆာ သင်္ကပ္ပ (အကုသိုလ်၌ယှဉ်သော ဝိတက်)
မိစ္ဆာဝါယာမ (အကုသိုလ်၌ယှဉ်သော ဝိရိယ)
မိစ္ဆာ သမာဓိ (အကုသိုလ်၌ယှဉ်သော ဧကဂ္ဂတာ)

ဤသို့လျှင် ၁၂ ပါး ဖြစ်သတည်း။

၄။ ဆိုင်ရာကိစ္စ၌ အစိုးရသော ဣန္ဒြေတရား ၂၂ ပါး တည်း....ကား....

စက္ခုန္ဒြေ (စက္ခုပသာဒရုပ်)
သောတိန္ဒြေ (သောတ ပသာဒရုပ်)
ဃာနိန္ဒြေ (ဃာန ပသာဒရုပ်)
ဇိဝှိန္ဒြေ (ဇိဝှါ ပသာဒရုပ်)
ကာယိန္ဒြေ (ကာယ ပသာဒရုပ်)
ဣတ္ထိန္ဒြေ (ဣတ္ထိဘာဝရုပ်)
ပုရိသိန္ဒြေ (ပုမ္ဘာဝရုပ်)
ဇီဝိတိန္ဒြေ (ဇီဝိတရုပ်နှင့်ဇီဝိတိန္ဒြိယစေတသိက်)
မနိန္ဒြေ (စိတ် ၈၉)

| | |
|---|---|
| သုခိန္ဒြေ<br>ဒုက္ခိန္ဒြေ<br>သောမနဿိန္ဒြေ<br>ဒေါမနဿိန္ဒြေ<br>ဥပေက္ခိန္ဒြေ | (ဝေဒနာ) |
| သဒ္ဓိန္ဒြေ | (သဒ္ဓါ) |
| ဝိရိယိန္ဒြေ | (ဝိရိယ) |
| သတိန္ဒြေ | (သတိ) |
| သမာဓိန္ဒြေ | (ဧကဂ္ဂတာ) |
| ပညိန္ဒြေ | (လောကီပညာ) |
| အနညာတညဿာမီတိန္ဒြေ | (သောတာပတ္တိမဂ် ပညာ) |
| အညိန္ဒြေ | (အထက်မဂ် ၃ ခု၊ အောက်ဖိုလ် ၃ ခု ပညာ) |
| အညာတာဝိန္ဒြေ | (အရဟတ္တဖိုလ် ပညာ) |

ဤသို့လျှင် ၂၂ ပါး ဖြစ်သတည်း။

၅။ ဆန့်ကျင်ဘက်တရားကြောင့် မလှုပ်ရှယိုင် မြဲနိုင်သော ဗိုလ်တရား(၉)ပါး တည်း····ကား။

| | |
|---|---|
| သဒ္ဓါဗိုလ် | (သဒ္ဓါ) |
| ဝိရိယဗိုလ် | (ဝိရိယ) |
| သတိဗိုလ် | (သတိ) |
| သမာဓိဗိုလ် | (ဧကဂ္ဂတာ) |

ပညာဗိုလ် (ပညာ)
ဟိရီဗိုလ် (ဟိရီ)
ဩတ္တပ္ပဗိုလ် (ဩတ္တပ္ပ)
အဟိရိကဗိုလ် (အဟိရိက)
အနောတ္တပ္ပဗိုလ် (အနောတ္တပ္ပ)

ဤသို့လျှင် ၉ ပါး ဖြစ်သတည်း။

၆။ အကြီးအမှူးဖြစ်သော အဓိပတိတရား ၄ ပါး တည်း……ကား။

ဆန္ဒာဓိပတိ (ဒွိဟိတ်ဇော၊တိဟိတ်ဇော ၅၂ ၌ ယှဉ်သော ဆန္ဒ)
ဝီရိယာဓိပတိ (ယခင်ဇော ၅၂ ခု၌ ယှဉ်သော ဝီရိယ)
စိတ္တာဓိပတိ (ယခင်ဇော ၅၂ ပါး ဟူသော (စိတ်)
ဝီမံသာဓိပတိ (တိဟိတ်ဇော ၄၃ ခု၌ ယှဉ်သော (ပညာ)

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၇။ မိမိဆိုင်ရာ အကျိုးများကို ဆောင်ရွက် နိုင်သော အာဟာရတရား ၄ ပါး တည်း……ကား။

ကဗဠီကာရအာဟာရ(ဩဇာရုပ်) အာဟာရ၏၊ အဋ္ဌကလာပ်ကို ဆောင်နိုင်၏။

ဖဿာဟာရ(ဖဿ)ဝေဒနာကို ဆောင်နိုင်၏။
မနောသဉ္စေတနာဟာရ (စေတနာ) ပဋိသန္ဓေဝိညာဉ်
ကို ဆောင်နိုင်၏။
ဝိညာဏာဟာရ(စိတ်-၁၉)နာမ်ရုပ်ကို ဆောင်နိုင်၏။
ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၈။ ပဉ္စဝိညာဉ်စိတ်တို့၌ ဈာန်အင်္ဂါတို့ကို မရနိုင်။
အဝီရိယစိတ်တို့၌ ဗိုလ်တရားတို့ကို မရနိုင်။
အဟိတ်စိတ်တို့၌ မဂ္ဂင်တရားတို့ကို မရနိုင်။
ဝိစိကိစ္ဆာစိတ်၌ ဧကဂ္ဂတာသည် မဂ်၊ ဣန္ဒြေ၊ ဗိုလ်
မဖြစ်နိုင်။

ဒွိဟိတ်ဇော၊တိဟိတ်ဇောတို့၌သာ အဓိပတိ ရထိုက်၏။

၉။ ပရမတ်အလို အထည်ကိုယ်ဝတ္ထုအားဖြင့်....

| | |
|---|---|
| ဟိတ် | (၆)ပါး |
| ဈာနင် | (၅)ပါး |
| မဂ္ဂင် | (၉)ပါး |
| ဣန္ဒြေ | (၁၆)ပါး |
| ဗိုလ် | (၉)ပါး |
| အဓိပတိ | (၄)ပါး |
| အာဟာရ | (၄)ပါး ဟူ၍ သိအပ်၏။ |

ဤ ၇ ပါး အပြားဖြင့် မိဿကသင်္ဂဟကို မိန့်ဆိုအပ်၏။

ဟော-ဗျာ-မဂ္ဂ၊ ဇွန်-ဗလ၊ ဓိ-ဟ-ခုနစ်မည်

ဟူသော ခုနစ်မည်တို့တွင်

(ပညာငါးမည်၊ လေးမည်ဝီရိ၊ သမာဓိတည်း၊သတိ စိတ္တ၊မည်ရသုံးဖြာ၊ဝေဒနာနှင့်၊ သဒ္ဓါဝိတက်၊နှစ်ချက်မည်ရ၊ ဝိစာရက၊ စသည်ကြွင်းရစ်၊ နှစ်ဆဲ့ရှစ်မှာ၊ တမည်သာဘည်း၊ ပေါင်းခါမူချ၊ ရုပ်ကကိုးတန်၊ နာမ်နှစ်ဆဲ့ခွန်၊ ဆတ္တိံမှန်၏၊ ပိုလွန်ကြွင်းထ၊ ဆဗ္ဗိသစေ၊ ရှုပေဆဲ့ကိုး၊ တမျိုးနိဗ္ဗာန်၊ အမှန်လေးဆယ်၊ ခြောက်ခုကယ်မှာ၊ ခေါ်ဘွယ်နာမ၊ မည်မရသည်၊ ရွေးမျှဆံချည် မတိမ်းတည်း။ ။)

မိဿက သင်္ဂဟ ပြီး၏။

---

(ဗောဓိပက္ခိယ သင်္ဂဟ)

၁။ လွန်လွန်ကဲကဲ အာရုံထဲ၌ စွဲမြဲစွာတည်သော သတိပဋ္ဌာန် တရား လေးပါး တည်း····ကား။

ကာယာနုပဿနာ သတိပဋ္ဌာန် (ကာယ၌ အဘန်ဘန် ရှုတတ်သော (သတိ)

ဝေဒနာနုပဿနာ သတိပဋ္ဌာန်(ဝေဒနာတို့ကို အဘန်ဘန် ရှုတတ်သော (သတိ)

စိတ္တာနုပဿနာ သတိပဋ္ဌာန် (စိတ်ကို အဘန်ဘန် ရှုတတ်သော (သတိ)

ဓမ္မာနုပဿနာ သတိပဋ္ဌာန် (သညာ သင်္ခါရဓမ္မကို အဘန်ဘန်ရှုဘတ်သော (သတိ)

ဤသို့လျှင် လေးပါး ဖြစ်သတည်း။

၂။ ကောင်းစွာအားထုတ်ခြင်း ဝီရိယ ဟူသော သမ္မပဓာန် တရား ၄ ပါး တည်း....ကား။

ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်ခြင်း (ဝီရိယ)
မဖြစ်ဘူးသော အကုသိုလ်ကို မဖြစ်နိုင်အောင် အားထုတ်ခြင်း (ဝီရိယ)
မဖြစ်ဘူးသော ကုသိုလ်ကို ဖြစ်အောင် အားထုတ်ခြင်း (ဝီရိယ)
ဖြစ်ပြီးသော ကုသိုလ်ကို ပွါးများအောင် အားထုတ်ခြင်း (ဝီရိယ)

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း

၃။ ပြီးစီးသော ဈာန်မဂ်ဖိုလ် အကျိုးတို့၏ အခြေခံ အကြောင်းဖြစ်သော ဣဒ္ဓိပါဒ်တရား လေးပါး တည်း.... ကား။

ဆန္ဒိဒ္ဓိပါဒ် (ဆန္ဒ)
ဝီရိယိဒ္ဓိပါဒ် (ဝီရိယ)
စိတ္တိဒ္ဓိပါဒ် (စိတ်)
ဝီမံသိဒ္ဓိပါဒ် (ပညာ)

(ဤဣဒ္ဓိပါဒ် ၄ ပါးကား အဓိပတိ ၄ ပါးနှင့် တရားကိုယ် ကောက်ပုံ အတူတူပင်)

ဤသို့လျှင် လေးပါး ဖြစ်သတည်း။

၄။ ဆိုင်ရာကိစ္စ၌ အစိုးရသော ဣန္ဒြေတရား ငါးပါးတည်း....ကား....

| | |
|---|---|
| သဒ္ဓိန္ဒြေ (သဒ္ဓါ)<br>ဝီရိယိန္ဒြေ (ဝီရိယ)<br>သတိန္ဒြေ (သတိ)<br>သမာဓိန္ဒြေ (ဧကဂ္ဂတာ)<br>ပညိန္ဒြေ (ပညာ) | (မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော၌ယှဉ်သော တရားများကို ကောက်ပါ) |

ဤသို့လျှင် ငါးပါး ဖြစ်သတည်း၊

၅။ ဆန့်ကျင်ဘက်တရားကြောင့် မလှုပ်မယိုင် မြဲနိုင်သော ဗိုလ်တရားငါးပါးတည်း....ကား....

| | |
|---|---|
| သဒ္ဓါဗိုလ် (သဒ္ဓါ)<br>ဝီရိယဗိုလ် (ဝီရိယ)<br>သတိဗိုလ် (သတိ)<br>သမာဓိဗိုလ် (ဧကဂ္ဂတာ)<br>ပညာဗိုလ် (ပညာ) | (မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော၌ယှဉ်သော တရားများကိုသာ ကောက်ပါ) |

ဤသို့လျှင် ငါးပါး ဖြစ်သတည်း။

၆။ သစ္စာလေးပါးကို သိကြောင်း တရားအပေါင်း၏ အစိတ်အင်္ဂါဖြစ်သော ဗောဇ္ဈင်တရား ၇ ပါးတည်း....

ကား....

သတိသမ္ဗောဇ္ဈင် (သတိ)
ဓမ္မဝိစယ သမ္ဗောဇ္ဈင် (ပညာ)
ဝီရိယ သမ္ဗောဇ္ဈင် (ဝီရိယ)
ပီတိ သမ္ဗောဇ္ဈင် (ပီတိ)
ပဿဒ္ဓိသမ္ဗောဇ္ဈင် (ကာယ ပဿဒ္ဓိ၊စိတ္တ ပဿဒ္ဓိ)
သမာဓိ သမ္ဗောဇ္ဈင် (ဧကဂ္ဂတာ)
ဥပေက္ခာ သမ္ဗောဇ္ဈင် (တတြ မဇ္ဈတ္တတာ)

ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

(ဤဗောဇ္ဈင် တရားကိုယ်များကို မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော၌ ယှဉ်သော တရားများကိုသာ ကောက်ပါ)

၇။ ကောင်းသော ဘဝသို့ ရောက်အံ့ရာ လမ်းကြောင်းနှင့် တူသော မဂ္ဂင်တရား ၈ ပါးတည်း….ကား….

| | |
|---|---|
| သမ္မာဒိဋ္ဌိ<br>သမ္မာ သင်္ကပ္ပ<br>သမ္မာ ဝါစာ<br>သမ္မာ ကမ္မန္တ<br>သမ္မာ အာဇီဝ<br>သမ္မာ ဝါယာမ<br>သမ္မာ သတိ<br>သမ္မာ သမာဓိ | (ဤမဂ္ဂင် တရားကိုယ်များ၌လည်း မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော၌ ယှဉ်သော စေတသိက်များကိုသာ မိဿက သင်္ဂဟကို နည်းယူ၍ ကောက်ပါလေ) |

ဤသို့လျှင် ၈ ပါး ဖြစ်သတည်း။

ဤသို့လျှင် ဗောဓိပက္ခိယ သင်္ဂဟ၌-
သတိ-သမ္ဗ၊ ဣဒ္ဓိ-ဣန္ဒြိ-ဗ၊ ဗောဇ္ဈ-မဂ်-ခုနစ် ဟူသည်
နှင့် အညီ သင်္ဂဟအားဖြင့် ၇ ပါး....
ဆန္ဒ-စိတ္တ-တတြမဇ္ဈတ္တတာ သဒ္ဓါ (ကာယ ပဿဒ္ဓိ
စိတ္တ ပဿဒ္ဓိ)
ပီတိ၊ ပညာ၊ ဝိတက်၊ ဝိရိယ၊ ဝိရတိ ၃၊ သတိ၊
ကေဂ္ဂတာ-ဟူ၍ တရားကိုယ်အားဖြင့် ၁၄ ပါး
အစိတ် အစိတ်အပြားအားဖြင့်(၃၇)ပါး ဖြစ်သတည်း။

၈။ (ကိုးမည် ဝီရိ ရှစ်သတိနှင့် မှတ်သိဥာန်ငါး လေးပါး
ကဂ္ဂတာ ဒွေးသဒ္ဓါတည်း ပေက္ခာ သက်ပ် ပဿဒ်
ပီတိ ဝိရတိ ဆန္ဒ စိတ္တကိုးပါး တမည်ပြားသည် ဌာန်ပြား
သုံးဆဲ့ ခုနစ်တည်း....)

၉။ ဤဗောဓိပက္ခိယတရား ၃၇ ပါးတို့သည် လောကုတ္တရာ
စိတ်၌ ဖြစ်ကုန်၏။
သင်္ကပ္ပ ပီတိ ၂ ပါးတို့သည် အချို့သော လောကုတ္တရာ
စိတ်၌ မဖြစ်နိုင်ကုန်။
ဝိသုဒ္ဓိ ခြောက်ပါး ဖြစ်ရာအခါများ၌ လောကီ
ကုသိုလ် ကြိယာများ၌လည်း ဗောဓိပက္ခိယ တရားတို့
ထိုက်သလို ဖြစ်ကြကုန်၏။

ဗောဓိပက္ခိယ သင်္ဂဟ ပြီး၏။

## သမ္ဗ သင်္ဂဟ

၁။ သင်္ဂဟ၌ အစုအပုံ ဖြစ်သော ခန္ဓာငါးပါး တည်း…ကား။

ရူပက္ခန္ဓာ
ဝေဒနာက္ခန္ဓာ
သညာက္ခန္ဓာ
သင်္ခါရက္ခန္ဓာ
ဝိညာဏက္ခန္ဓာ ဤသို့လျှင် ငါးပါး ဖြစ်သတည်း။

၂။ ထိုတွင် ရုပ်အဋ္ဌဝီသ(၂၈)သည် ရူပက္ခန္ဓာ မည်၏။
ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။
သညာသည် သညာက္ခန္ဓာ မည်၏။
ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ပညာသ (၅၀)သည် သင်္ခါရက္ခန္ဓာ မည်၏။
စိတ်တခုယုတ်,ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏။
နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

၃။ ဥပါဒါန်၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါး တည်း…ကား။

ရူပုပါဒါနက္ခန္ဓာ
ဝေဒနုပါဒါနက္ခန္ဓာ
သညုပါဒါနက္ခန္ဓာ

သဒ္ဒါရုပါဒါနက္ခန္ဓာ
ဝိညာဏုပါဒါနက္ခန္ဓာ ဤသို့လျှင် ငါးပါး ဖြစ်သတည်း။

(တရားကိုယ်မှာ လောကီတရားကိုသာ ကောက်ပါ)

၄။ စိတ် စေတသိက်တို့၏ အကြောင်းဖြစ်သော အာယတန၊ တရား ၁၂ ပါး တည်း….ကား။

စက္ခာယတန
သောတာယတန
ဃာနာယတန
ဇိဝှါယတန
ကာယာယတန
မနာယတန
ရူပါယတန
သဒ္ဒါယတန
ဂန္ဓာယတန
ရသာယတန
ဖောဋ္ဌဗ္ဗာယတန
ဓမ္မာယတန ဤသို့လျှင် ၁၂ ပါး ဖြစ်သတည်း။

၆။ ထိုတွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။
သောတပသာဒသည်သောတာယတန မည်၏။
ဃာနပသာဒသည် ဃာနာယတန မည်၏။

ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏။
ကာယပသာဒသည် ကာယာယတန မည်၏။
စိတ်တခု ယုတ်,ကိုးဆယ်သည် မနာယတန မည်၏။
ရူပါရုံသည် ရူပါယတန မည်၏။
သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။
ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။
ရသာရုံသည် ရသာယတန မည်၏။
ပထဝီ၊ တေဇော ဝါယော ဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတန မည်၏။
စေတသိက် ၁ဝ (၅၂) သုခုမရုပ် သောဠသ(၁၆) နိဗ္ဗာန် ဤ ၆၉ ပါးသည် ဓမ္မာယတန မည်၏။

၆။ မိမိသဘောကို ဆောင်တတ်သော ဓာတ် ၁၈ ပါး တည်း····ကား။

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖေါဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ ဤသို့လျှင် ၁၈ ပါး ဖြစ်သတည်း၊

'၄။ ထိုတွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။

| | |
|---|---|
| သောတပသာဒ | သောတဓာတ် |
| ဃာနပသာဒ | ဃာနဓာတ် |
| ဇိဝှါပသာဒ | ဇိဝှါဓာတ် |
| ကာယပသာဒ | ကာယဓာတ် |
| ရူပါရုံ | ရူပဓာတ် |
| သဒ္ဒါရုံ | သဒ္ဒဓာတ် |
| ဂန္ဓာရုံ | ဂန္ဓဓာတ် |
| ရသာရုံ | ရသဓာတ် |
| ဖောဋ္ဌဗ္ဗာရုံ | ဖောဋ္ဌဗ္ဗဓာတ် |
| စက္ခုဝိညာဉ်ခွဲ | စက္ခုဝိညာဏဓာတ် |
| သောတဝိညာဉ်ခွဲ | သောတဝိညာဏဓာတ် |
| ဃာနဝိညာဉ်ခွဲ | ဃာနဝိညာဏဓာတ် |
| ဇိဝှါဝိညာဉ်ခွဲ | ဇိဝှါဝိညာဏဓာတ် |
| ကာယဝိညာဉ်ခွဲ | ကာယဝိညာဏဓာတ် |
| ပဉ္စဒွါရာဝဇ္ဇန်း-သမ္ပဋိစ္ဆိုင်းခွဲ | မနောဓာတ် |
| ကြွင်းသောစိတ် ၇၆ ပါးသည် | မနောဝိညာဏဓာတ် |

စေတသိက် ဒွေပညာသ (၅၂) သုခုမရုပ် သောဠသ(၁၆) နိဗ္ဗာန် ဤ ၆၉ ပါးသည် ဓမ္မဓာတ် မည်၏။

၈။ ကေန်အမှန်ဖြစ်သော သစ္စာတရား ၄ ပါး တည်း…· ကား။

ဒုက္ခသစ္စာ
သမုဒယသစ္စာ
နိရောဓသစ္စာ
မဂ္ဂသစ္စာ ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၉။ ထိုတွင် လောကီစိတ် ကောသီတိ (၈၁)၊ လောဘ ကြဉ်သော စေတသိက် ဧကပညာသ (၅၁)၊ ရုပ် အဋ္ဌဝီသ(၂၈)သည် ဒုက္ခသစ္စာ မည်၏။
လောဘသည် သမုဒယသစ္စာ မည်၏။
နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။
မဂ်စိတ် ၄ ခု၌ရှိသော မဂ္ဂင်တရားကိုယ် ၈ ပါးသည် မဂ္ဂသစ္စာ မည်၏။

မဂ်စိတ်ဆိုင်ရာ ၂၉ ခု၊ ဖိုလ်စိတ်ဆိုင်ရာ ၃၇ ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏။

(ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ နှစ်ပါးခွဲ၍
ဟောတော်မူကြောင်း လက်ာ။)

၁။ လောကီလောကုတ်၊ မယုတ်မကြွင်း ခန္ဓာတွင်း၊ သိမ်းသွင်း၍ယူ၊ ပြဘောင်မူ၊ မှတ်ယူ ခန္ဓဒေသနာနည်း။

၂။ ဝိပဿနာ၊ ရှုဘို့ငှါလျှင်၊ ဥပါဒါနက်၊ လောကီတွက်၊ သက်သက် ဟောချပြန်သတည်း။

(နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရကြောင်း လင်္ကာ။)

၁။ ကာလသုံးခုပ်၊ အဇ္ဈတ်-ဗဟိ၊ ဩဠာရိက၊ သုခုမနှင့်၊ ဟီန-ပဏီတ၊ ဒူရေ-သန္တိက၊ ကွဲပြားမှု၊ ခန္ဓဖွဲ့ကောင်းသည်။

၂။ နိဗ္ဗာန်သည်ကား၊ နှစ်ပါးမကွဲ၊ မြဲဗဟိဒ္ဓ၊ သုခုမနှင့်၊ ပဏီတပေ၊ ဒူရေတွက်မျှ၊ တဘက်ရ၊ ခန္ဓဝိမုတ်မည်။

(သုတ္တန်နည်းဖြင့် သစ္စဝိမုတ်တရားတို့ကို
သစ္စာ၌သွင်းပုံ လင်္ကာ)

၁။ ဖိုလ်စိတ်ယှဉ်ထ၊ မဂ္ဂင်ကိုမဂ္ဂ၌သွင်း၊ ကြွင်းသည့်မဂ်ဖိုလ်၊ စိတ္တုပ်ကိုကား၊ ထိုထိုဒုက္ခ၊ သင်္ခါရမို့၊ ဒုက္ခသစ္စာ၊ သွင်းယူရာသည်၊ နည်းလာသုတ္တန် သဘောတည်း။

ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၊ အာယတန၊ ဓာတ်-သစ္စာ အားဖြင့် ငါးပါးပြားသော သဗ္ဗ သင်္ဂဟ ပြီး၏။

သမုစ္စည်းပိုင်း သရုပ်ခွဲ ဆိုရိုး ပြီး၏။

# ပစ္စည်းပိုင်း သရုပ်ခွဲ ဆိုရိုး

၁။ အကြောင်းဖြစ်သော ပစ္စည်းတရား အကျိုးဖြစ်သော ပစ္စယုပ္ပန်တရားတို့ကို ပြဆိုရာ ဖြစ်သော ပစ္စည်းပိုင်း၌–

ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းဟူ၍ နည်းနှစ်ပါး ရှိ၏၊

ထိုတွင်–အကြောင်းပစ္စည်းဖြစ်ခဲ့သော်၊ အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ဟန်မျှကိုသာ ပြသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ဟန်မျှသာမက ပစ္စယသတ္တိထူးကိုပါ ပြသော နည်းသည် ပဋ္ဌာန်းနည်း မည်၏။

၂။ ထိုတွင်-ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ ပါဠိတော်ကား....

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

သင်္ခါရ ပစ္စယာ ဝိညာဏံ

ဝိညာဏ ပစ္စယာ နာမရူပံ

နာမ ရူပ ပစ္စယာ သဠာယတနံ

သဠာယတန ပစ္စယာ ဖဿော

ဖဿ ပစ္စယာ ဝေဒနာ

ဝေဒနာ ပစ္စယာ တဏှာ

တဏှာ ပစ္စယာ ဥပါဒါနံ

ဥပါဒါန ပစ္စယာ ဘဝေါ

ဘဝ ပစ္စယာ ဇာတိ

ဇာတိ ပစ္စယာ ဇရာမရဏံ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ။

---

၃။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ ပါဠိတော်မြန်မာပြန်

အဝိဇ္ဇာ မေ့ာဟကြောင့် စေတနာ သင်္ခါရဖြစ်၏။

စေတနာ သင်္ခါရကြောင့် လောကီဝိပါက်ဝိညာဉ်ဖြစ်၏။

ကံ-ဝိပါက်ဝိညာဏ်ကြောင့် စေတသိက်နာမ်နှင့်ကမ္မဇ ရုပ် ဖြစ်၏။

နာမ်ရုပ်ကြောင့် အာယတန ခြောက်ပါး ဖြစ်၏။

အာယတန ခြောက်ပါးကြောင့် ဖဿခြောက်ပါးဖြစ်၏။

ဖဿ ခြောက်ပါးကြောင့် ဝေဒနာ ခြောက်ပါးဖြစ်၏။

ဝေဒနာခြောက်ပါးကြောင့် တဏှာတရာ့ရှစ်ပါးဖြစ်၏၊

တဏှာတရာ့ရှစ်ပါးကြောင့် ဥပါဒါန် လေးပါး ဖြစ်၏။

ဥပါဒါန် လေးပါးကြောင့် ကမ္မ ဥပပတ္တိဘဝနှစ်ပါး ဖြစ်၏။

ကမ္မဘဝကြောင့် ပဋိသန္ဓေ နာမ်ရုပ်ဇာတိ ဖြစ်၏။

ပဋိသန္ဓေဇာတိကြောင့် ဇရာ အိုခြင်း၊ မရဏ သေခြင်း၊ သောက စိုးရိမ်ခြင်း၊ ပရိဒေဝ ငိုကြွေးခြင်း၊ ဒုက္ခ ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ နှလုံးမသာယာခြင်း၊

ဥပါယာသ၊ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။ ဤ အကြောင်းတို့ကြောင့်သာလျှင် ချမ်းသာမဘက် သက်သက်သော ဤဆင်းရဲအစု၏ ဖြစ်ခြင်းသည် ထင်ရှား လေသတည်း....

---

(ပဋိစ္စသမုပ္ပါဒ်အခွဲ)

၄။ (ဆဲ့နှစ်အင်္ဂါ၊ ခွန့်သုံးဖြာနှင့်၊ ဝဋ်မှာ သုံးပါး၊အလွှာ ကား လေး၊ စပ်ရေးသုံးသွယ်၊ နှစ်ဆယ်ခြင်းရာ ဌွ မူလာကို၊ သေချာခွဲဝေ၊ ကြံဆလေ။ ။) ဟူသည်နှင့် အညီ။ ။

ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါဆဲ့နှစ်ပါး ဟူသော်ကား၊ အဝိဇ္ဇာ၊သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ၊ ။ဤသို့လျှင် ဆဲ့နှစ်ပါး ဖြစ်သတည်း။

၅။ အခွန့်သုံးပါး ဟူသော်ကား....

အဝိဇ္ဇာ၊ သင်္ခါရ နှစ်ပါးသည် ဖြစ်ပြီး အတိတ် အခွန့်မည်၏၊

ဇာတိ၊ဇရာမရဏ၊ နှစ်ပါးသည် ဖြစ်လတံ့ အနာဂတ် အခွန့်မည်၏။

အလယ်ရှစ်ပါးသည် ဖြစ်ဆဲ ပစ္စုပ္ပန် အခွန့် မည်၏။

ဤသို့လျှင် သုံးပါး ဖြစ်သတည်း။ ။

၆။ ဝဋ်သုံးပါး ဟူသောကား....

အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန် ဤသုံးပါးသည် ကိလေသဝဋ်မည်၏။

သင်္ခါရ၊ ကမ္မဘဝ၊ ဤနှစ်ပါးသည် ကမ္မဝဋ်မည်၏။

ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ ဤခြောက်ပါးသည် ဝိပါကဝဋ် မည်၏၊ ဤသို့လျှင် သုံးပါး ဖြစ်သတည်း။

၇။ အလွှာလေးပါးဟူသောကား....

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဤအတိတ်အကြောင်း ငါးပါးကား တလွှာ။

ဝိညာဉ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ ဤပစ္စုပ္ပန်အကျိုး ငါးပါးကား တလွှာ။

တဏှာ၊ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဤပစ္စုပ္ပန်အကြောင်း ငါးပါးကား တလွှာ။

ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဤအနာဂတ်အကျိုး ငါးပါးကား တလွှာ။

ဤသို့လျှင် အလွှာလေးပါး ဖြစ်သတည်း။

၈။ အစပ်သုံးပါး ဟူသောကား....

အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးဖြစ်သော သင်္ခါရနှင့် ဝိညာဉ် အကြား တစပ်။

ပစ္စုပ္ပန်အကျိုးနှင့်ပစ္စုပ္ပန်အကြောင်းဖြစ်သောဝေဒနာ-နှင့် တဏှာအကြားတစပ်။
ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးဖြစ်သောဘဝနှင့် ဇာတိ အကြား တစပ်။ ဤသို့လျှင် သုံးပါး ဖြစ်-သတည်း။

၉။ အခြင်းအရာ နှစ်ဆယ်ဟူသော်ကား....

အတိတ်အကြောင်း ငါးပါး
ပစ္စုပ္ပန်အကျိုး ငါးပါး
ပစ္စုပ္ပန်အကြောင်း ငါးပါး
အနာဂတ်အကျိုး ငါးပါး-ဤသို့လျှင် ၂၀ဖြစ်သတည်း။

၁၀။ မူလနှစ်ပါးဟူသော်ကား....အဝိဇ္ဇာနှင့်တဏှာတည်း။

ပဋိစ္စသမုပ္ပါဒ်အခွဲ ပြီး၏။

---

၁၂။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ချုပ်ပုံ ပါဠိတော်ကား....
အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ
သင်္ခါရ နိရောဓော

| | |
|---|---|
| သင်္ခါရ နိရောဓာ | ဝိညာဏ နိရောဓော |
| ဝိညာဏ နိရောဓာ | နာမ ရူပ နိရောဓော |
| နာမ ရူပ နိရောဓာ | သဠာယတန နိရောဓော |
| သဠာယတန နိရောဓာ | ဖဿ နိရောဓော |
| ဖဿ နိရောဓာ | ဝေဒနာ နိရောဓော |

ဝေဒနာ နိရောဓာ　　တဏှာ နိရောဓော
တဏှာ နိရောဓာ　　ဥပါဒါန နိရောဓော
ဥပါဒါန နိရောဓာ　　ဘဝ နိရောဓော
ဘဝ နိရောဓာ　　ဇာတိ နိရောဓော
ဇာတိနိရောဓာ　　ဇရာမရဏံ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ နိရုဇ္ဈန္တိ၊ ဧဝမေတဿ၊ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ၊ နိရောဓော၊ ဟောတိ။ ။

၁၃။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ချုပ်ပုံပါဠိတော် မြန်မာပြန် အဝိဇ္ဇာမောဟ ချုပ်ခြင်းကြောင့် စေတနာ သင်္ခါရ ချုပ်၏။

စေတနာသင်္ခါရ ချုပ်ခြင်းကြောင့် လောကီ ဝိပါက် ဝိညာဉ် ချုပ်၏။

ကံ-ဝိပါက်ဝိညာဉ် ချုပ်ခြင်းကြောင့် စေတသိက် နာမ်နှင့် ကမ္မဇ ချုပ်၏။

နာမ်ရုပ် ချုပ်ခြင်းကြောင့် အာယတန ခြောက်ပါး ချုပ်၏။

အာယတန ခြောက်ပါး ချုပ်ခြင်းကြောင့် ဖဿ ခြောက်ပါး ချုပ်၏။

ဖဿခြောက်ပါး ချုပ်ခြင်းကြောင့် ဝေဒနာ ခြောက်ပါး ချုပ်၏။

ဝေဒနာခြောက်ပါး ချုပ်ခြင်းကြောင့် တဏှာ တရာ့ ရှစ်ပါး ချုပ်၏။

တဏှာ တရာ့ရှစ်ပါး ချုပ်ခြင်းကြောင့် ဥပါဒါန် လေးပါး ချုပ်၏။

ဥပါဒါန် လေးပါး ချုပ်ခြင်းကြောင့် ကမ္မ-ဥပပတ္တိ ဘဝနှစ်ပါး ချုပ်၏။

ကမ္မဘဝ ချုပ်ခြင်းကြောင့် ပဋိသန္ဓေ နာမ်ရုပ် ဇာတိ ချုပ်၏။

ပဋိသန္ဓေဇာတိ ချုပ်ခြင်းကြောင့် ဇရာ-အိုခြင်း၊မရဏ-သေခြင်း၊ သောက-စိုးရိမ်ခြင်း၊ ပရိဒေဝ-ငိုကြွေးခြင်း၊ ဒုက္ခ-ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ-နှလုံး မသာယာခြင်း၊ ဥပါယာသ-ပြင်းစွာပင်ပန်းခြင်းတို့ ချုပ်ကုန်၏။ ဤအကြောင်းတို့ကြောင့်သာလျှင် ချမ်းသာ မဲ့ကုန်သော ဤဆင်းရဲ အစု၏ ချုပ်ခြင်းသည် ထင်ရှားလေသတည်း။ ။

ပဋိစ္စသမုပ္ပါဒ်နည်း အကျဉ်း ပြီး၏။

---

၁။ ပဋ္ဌာန်းနည်း နှစ်ဆယ့်လေးပစ္စည်း ပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတ

ပစ္စယော၊အာသေဝနပစ္စယော၊ကမ္မပစ္စယော၊ ဝိပါက
ပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာန
ပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တ
ပစ္စယော၊အတ္ထိပစ္စယော နတ္ထိပစ္စယော၊ဝိဂတပစ္စယော၊
အဝိဂတပစ္စယော-တိ။ ။

ပဋ္ဌာန်းနည်း နှစ်ဆယ့်လေးပစ္စည်း အနက်

၂။ ဟေတုပစ္စယော၊ ဟိတ်ဖြစ်၍ ကျေးဇူး ပြုတတ်သော
တရားရင်း။

အာရမ္မဏပစ္စယော၊ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော
တရားရင်း။

အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်
သော တရားရင်း။

အနန္တရပစ္စယော၊အခြားမဲ့ဖြစ်၍ ကျေးဇူး ပြုတတ်သော
တရားရင်း။

သမနန္တရပစ္စယော၊ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူး
ပြုတတ်သော တရားရင်း။

သဟဇာတပစ္စယော၊ တကွဖြစ်၍ ကျေးဇူးပြုတတ်သော
တရားရင်း။

အညမညပစ္စယော၊ အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်
သော တရားရင်း။

နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူး ပြုတတ်သော
တရားရင်း။

ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

အာသေဝနပစ္စယော၊ အဘန်တလဲလဲ မှီဝဲထုံအပ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားငှင်း။

ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

အာဟာရပစ္စယော၊ ယောက်ပံ့ ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ဈာနပစ္စယော၊ ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားငှင်း။

နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားငှင်း။

ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငှင်း။

ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆဲ့လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏေအနန္တနယ ဖြစ်သော သမန္တပဋ္ဌာန်း ကျမ်းကြီး၌။ ဋ္ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

(ပစ္စည်း ၆ မျိုးခွဲပြချက်)

၃။ နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်းမျိုး ၆ပါး
နာမ်သည် ရုပ်အား ကျေးဇူးပြုသောပစ္စည်းမျိုး ၁ပါး
နာမ်သည်နာမ်ရုပ်အားကျေးဇူးပြုသောပစ္စည်းမျိုး၅ပါး

ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်းမျိုး ၁ပါး
နာမ်ရုပ်နှစ်ပါးသည် နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုသော ပစ္စည်းမျိုး ၉ ပါး၊

ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်းမျိုး ၂ ပါး။

ဤသို့လျှင် ၂၄ ပစ္စည်း ဖြစ်သတည်း။

၄။ ထိုတွင်-နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၆ ပါးဟူသော်ကား၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊ ဤ ၆ ပါးတည်း။

၅။ နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၁ပါးဟူသော်ကား-ပစ္ဆာဇာတ ပစ္စည်းတည်း။

၆။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၅ ပါးဟူသော်ကား-ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက ဤ ၅ ပါးတည်း။

၇။ ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၁ပါး ဟူသော်ကား-ပုရေဇာတ ပစ္စည်းတည်း။

၈။ နာမ်ရုပ်နှစ်ပါးသည် နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုသောပစ္စည်း ၉ပါးဟူသော်ကား-အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၉ ပါးတည်း။

၉။ ပညတ် နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၂ ပါးဟူသော်ကား-အာရမ္မဏ၊ ဥပနိဿယ ဤ ၂ ပါးတည်း။

ပစ္စည်း (၆) မျိုးခွဲပြချက် ပြီး၏။

---

ပြအပ်ပြီးသော ပစ္စည်း (၆)မျိုး အစဉ် အတိုင်း ပစ္စယသတ္တိများကို အမြွက်မျှ ပြဆိုပေအံ့ ။

၁၀။ ရှေးက ဖြစ်ပြီးကုန်သော စိတ် စေတသိက်တို့သည် နောက်မှ ဖြစ်ပေါ်ကုန်သော စိတ် စေတသိက်တို့အား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်၏။

ရှေးရှေး ဇောတို့သည် နောက်နောက်ဇောတို့အား အာသေဝန ပစ္စည်းဖြင့် ကျေးဇူးပြု၏။

တကွဖြစ်ကုန်သော စိတ် စေတသိက်တို့သည် အချင်းချင်းအား သမ္ပယုတ္တ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

(နာမ်သည် နာမ်အား ကျေးဇူးပြုသော (၆)ပစ္စည်းတို့၏ ပစ္စယသတ္တိ ပြပုံပြီး၏။)

၁၁။ နောက်မှ ဖြစ်ကုန်သော စိတ်စေတသိက်တို့သည် ရှေးကဖြစ်နှင့်သော ဤရူပကာယအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

(နာမ်သည် ရုပ်အား ကျေးဇူးပြုသော (၁) ပစ္စည်း၏ ပစ္စယ သတ္တိပြပုံ ပြီး၏။)

၁၂။ ဟိတ်၊ ဈာနင်၊ မဂ္ဂင်တို့သည် တကွဖြစ်သော နာမ်ရုပ်တို့အား ဟေတု၊ဈာန၊မဂ္ဂ၊ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်၏။

တကွဖြစ်သော စေတနာသည် တကွဖြစ်သောနာမ်ရုပ်တို့အားငင်း နာနက္ခဏိက စေတနာသည် ကံကြောင့် ဖြစ်ကုန်သော နာမ်ရုပ်တို့အားငင်း၊ ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် သဟဇာတကမ္မ၊ နာနက္ခဏိက ကမ္မဟု ကမ္မပစ္စည်း ၂မျိုးပြား၏။

ဝိပါက်ခန္ဓာတို့တည် အချင်းချင်းအားငင်း၊ တကွဖြစ်သော ရုပ်တို့အားငင်း၊ ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊

(နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော(၅)ပစ္စည်းတို့၏ ပစ္စယသတ္တိပြပုံ ပြီး၏။)

၁၃။ ဝတ္ထုရုပ် (၆) ပါးတို့သည်၊ ဝိညာဏဓာတ် ၇ ပါးတို့အားငင်း၊ အာရုံ ၅ ပါးတို့သည် ပဉ္စဝိညာဏဝီထိအားငင်း ပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့လျှင် ဝတ္ထုပုရေဇာတ၊အာရမ္မဏ ပုရေဇာတ ဟု ပုရေဇာတ ပစ္စည်း ၂ မျိုးပြား၏။

(ရုပ်သည် နာမ်အား ကျေးဇူးပြုသော (၁) ပစ္စည်း၏ ပစ္စယ သတ္တိပြပုံ ပြီး၏။)

၁၄။ အလေးပြုအပ်သော အာရုံ(၆)ပါးတို့သည် အလေးပြုတတ်သော နာမ်တို့အားငင်း။ ။သဟဇာတာဓိပတိ

(၄)ပါးတို့သည် တကွဖြစ်သော နာမ်ရုပ်တို့အားရင်း အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ဤသို့လျှင် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ဟု အဓိပတိပစ္စည်း ၂ မျိုး ပြား၏။

(စိတ် စေတသိက်တို့သည် အချင်းချင်းအားရင်း၊ တကွ ဖြစ်သော ရုပ်တို့အားရင်း)

(မဟာဘုတ်တို့သည် အချင်းချင်းအားရင်း၊ ဥပါဒါ ရုပ်တို့အားရင်း)

(ပဋိသန္ဓေ ဝတ္ထုဝိပါက်တို့သည် အချင်းချင်းအားရင်း) သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် သဟဇာတပစ္စည်း ၃ မျိုး ပြား၏။

(စိတ်စေတသိက်တို့သည် အချင်းချင်းအားရင်း)

(မဟာဘုတ်တို့သည် အချင်းချင်းအားရင်း)

(ပဋိသန္ဓေ ဝတ္ထုဝိပါက်တို့သည် အချင်းချင်းအားရင်း) အညမညပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့လျှင် အညမညပစ္စည်း ၃ မျိုး ပြား၏။

(စိတ် စေတသိက်တို့သည် အချင်းချင်းအားရင်း၊ တကွ ဖြစ်သော ရုပ်တို့အားရင်း)

(မဟာဘုတ်တို့သည် အချင်းချင်းအားရင်း၊ ဥပါဒါ ရုပ်တို့အားရင်း)

(ဝတ္ထုရုပ် (၆)ပါးတို့သည် ဝိညာဏ်ခေတ် ၇ ပါးတို့အားရင်း) နိဿယပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် နိဿယပစ္စည်း ၃ မျိုး ပြား၏။

(ကဗဠီကာရ အာဟာရသည် ဤရူပကာယအားရင်း) (နာမ် အာဟာရ (၃)ပါးတို့သည် တကွဖြစ်သော နာမ်ရုပ်တို့အားရင်း) အာဟာရပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် ရုပ်အာဟာရ၊ နာမ်အာဟာရ ဟု အာဟာရပစ္စည်း ၂ မျိုး ပြား၏။

(ပသာဒရုပ် ၅ ပါးတို့သည် ဝိညာဉ် ၅ ပါးတို့အားရင်း)

ရုပ်ဇီဝိတိန္ဒြေသည် ဥပါဒိန္နရုပ်တို့အားရင်း)

(နာမ်ဇိန္ဒြေတို့သည် တကွဖြစ်သော နာမ်ရုပ်တို့အားရင်း) ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် ဣန္ဒြိယပစ္စည်း ၃ မျိုး ပြား၏။

(ပဋိသန္ဓေဘဒယဝတ္ထုသည် ပဋိသန္ဓေ ဝိပါက်တို့အားရင်း)

(စိတ် စေတသိက်တို့သည် တကွဖြစ်သော ရုပ်တို့အားရင်း)

(နောက်မှ ဖြစ်ကုန်သော စိတ် စေတသိက်တို့သည် ရှေးကဖြစ်နှင့်သော ဤရူပကာယအားရင်း)

(ဝတ္ထုရုပ် ၆ ပါးတို့သည် ဝိညာဏဓာတ် ၇ ပါးတို့အား၊ရင်း) ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် သဟဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ် ဟု ဝိပ္ပယုတ္တပစ္စည်း ၃ မျိုး ပြား၏။

အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ ဟု ငါးမျိုး ပြား၏။

ထိုတွင် သဟဇာတတ္ထိသည် သဟဇာတနှင့် တူ၏။
ပုရေဇာတတ္ထိသည် ပုရေဇာတနှင့် တူ၏။
ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏။
အာဟာရတ္ထိသည် ရုပ်အာဟာရနှင့် တူ၏။
ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယတ္ထိနှင့် တူ၏။

အဝိဂတ ပစ္စည်းလည်း သဟဇာတ,အဝိဂတ၊ ပုရေဇာတ,အဝိဂတ၊ပစ္ဆာဇာတ,အဝိဂတ၊အာဟာရ, အဝိဂတ၊ ဣန္ဒြိယ,အဝိဂတ ဟု ငါးမျိုး ပြား၏။ ။ (အတ္ထိ ပစ္စည်းနှင့် အတူ ခွဲပါလေ)

(နာမ်ရုပ် ၂ ပါးသည် နာမ်ရုပ် ၂ ပါးအား ကျေးဇူး ပြုသော (၉)ပစ္စည်းတို့၏ ပစ္စယသတ္တိပြပုံ ပြီး၏။)

၁၅။ အာရုံ (၆) ပါးတို့သည် စိတ် စေတသိက်တို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပ နိဿယ
အနန္တရူပနိဿယ၊ ပကတူပနိဿယ ဟု ၃ မျိုး ပြား၏။

ထိုတွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိ
နှင့် တူ၏။

အနန္တရူပနိဿယသည် အနန္တရနှင့် တူ၏။
ကုသိုလ် အစရှိသော တရားတို့သည် ကုသိုလ် အစ
ရှိသော တရားတို့အားရင်း။

အားကြီးသော ကံသည် ဝိပါက် ခန္ဓာတို့အားရင်း
ပကတူပနိဿယပစ္စည်းနှင့် ကျေးဇူးပြုကုန်၏။ ။

(ပညတ် နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော
(၂)ပစ္စည်းတို့၏ ပစ္စယသတ္တိပြပုံ ပြီး၏။)
ပစ္စယသတ္တိများပြချက် ပြီး၏။

၁၆။ ပစ္စည်းအကျဉ်းချုပ် ၄ ပါး ဖော်ပြချက်
ဤ ၂၄ ပစ္စည်းတို့သည် အာရမ္မဏ၊ ဥပနိဿယ၊
ကမ္မ၊ အတ္ထိ ဤ ၄ ပစ္စည်းတို့၌ ထိုက်သလို ဝင်ကုန်၏။

ပဋ္ဌာန်းနည်း အကျဉ်းချုပ် ပြီး၏။

---

၁။ (ရုပ်-နာမ်-ပညတ် အခွဲ)

ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။

စိတ်စေတသိက်ဟု ဆိုအပ်သော နာမ်ခန္ဓာ ၄ ပါး နိဗ္ဗာန် ဤငါးပါးသည် အာရုံသို့ ညွတ်တတ် ညွတ်စေတတ်သောကြောင့် နာမ်မည်၏။

ရှင်-နာမ်မှ ကြွင်းသော တရားသည် အပြားအားဖြင့် သိစေအပ်၊ အပြားအားဖြင့် သိစေတတ်သောကြောင့် ပညတ်မည်၏။ ။

(အတ္ထပညတ် အခွဲ)

၂။ ထိုပညတ်တို့တွင်-အပြားအားဖြင့် သိစေအပ်သော အထည်ဒြပ် အတ္ထပညတ်သည်....

(က) မဟာဘုတ်တို့၏ တည်နေပုံ အခြင်းအရာကို စွဲ၍ ထိုထိုအပြားအားဖြင့် ခေါ်ဝေါ်အပ်သော (မြေ) (တောင်) အစရှိသော သန္တာန အတ္ထပညတ်။

(ခ) သစ်သားစသော အဆောက်အဦးတို့၏ တည်နေပုံ အခြင်းအရာကို စွဲ၍ ထိုထိုအပြားအားဖြင့် ခေါ်ဝေါ်အပ်သော (အိမ်) (ရထား) (လှည်း) အစရှိသော သမူဟ အတ္ထပညတ်။

(ဂ) ခန္ဓာငါးပါး အပေါင်းကို စွဲ၍ ထိုထိုအပြားအားဖြင့် ခေါ်ဝေါ်အပ်သော (ယောကျ်ား) (မိန်းမ) အစရှိသော သတ္တ အတ္ထပညတ်။

(ဃ) လ-နေ-နက္ခတ်တို့၏ လှည့်ပတ်ခြင်းကို စွဲ၍ ထိုထို အပြားအားဖြင့် ခေါ်ဝေါ်အပ်သော (အရပ်မျက်နှာ) (အချိန်အခါ) အစရှိသော ဒိသာ ကာလ အတ္ထ ပညတ်။
(င) မဟာဘုတ်ချင်း မထိစပ်ပုံ အချင်းအရာကို စွဲ၍ ထိုထို အပြားအားဖြင့် ခေါ်ဝေါ်အပ်သော (တွင်း) (လိုဏ်) အစရှိသော အာကာသ အတ္ထ ပညတ်....ဤသို့ စသောအားဖြင့် များသော အပြားရှိ၏၊

အတ္ထ ပညတ် ပြီး၏။

---

(သဒ္ဒ ပညတ် ၆ ပါးအခွဲ)

၃။ အပြားအားဖြင့် သိစေတတ်သော အသံ သဒ္ဒပညတ်သည်၊

(က) ဝိဇ္ဇမာန ပညတ်
(ခ) အဝိဇ္ဇမာန ပညတ်
(ဂ) ဝိဇ္ဇမာနေန, အဝိဇ္ဇမာန ပညတ်
(ဃ) အဝိဇ္ဇမာနေန, ဝိဇ္ဇမာန ပညတ်
(င) ဝိဇ္ဇမာနေန, ဝိဇ္ဇမာန ပညတ်
(စ) အဝိဇ္ဇမာနေန, အဝိဇ္ဇမာန ပညတ် ဟု (၆) မျိုး ပြား၏။

(က) ထိုတွင်၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ပညတ်သည် ဝိဇ္ဇမာန ပညတ်မည်၏။ ပုံစံကား (ရူပ-ဝေဒနာ) ရုပ်ဝေဒနာ စသည်တည်း။

(ခ) ပရမတ်အားဖြင့် ထင်ရှားမရှိသော ပညတ်သည် အဝိဇ္ဇမာန ပညတ် မည်၏။ ပုံစံကား (ဘူမိ–ပဗ္ဗတ) မြေ,တောင် စသည်တည်း၊

(ဂ) ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ထင်ရှားရှိသော ပညတ်သည်။ ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ် မည်၏။ ပုံစံကား (ဆဠဘိညော) အဘိညာဉ် (၆)ပါးရှိသောသူ စသည်တည်း။

(ဃ) ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ထင်ရှားရှိသော ပညတ်သည်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ် မည်၏၊ ပုံစံကား (ဣတ္ထိ သဒ္ဒေါ) မိန်းမ၏ အသံ စသည်တည်း၊

(င) နှစ်မျိုးလုံး ပရမတ်အားဖြင့် ထင်ရှားရှိသော ပညတ်သည် ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ် မည်၏၊ ပုံစံကား (စက္ခု ဝိညာဏံ) စက္ခု ပသာဒကို မှီသော ဝိညာဉ် စသည်တည်း။

(စ) နှစ်မျိုးလုံး ပရမတ်အားဖြင့် ထင်ရှားမရှိသော ပညတ်သည် အဝိဇ္ဇမာနေန, ဝိဇ္ဇမာန ပညတ် မည်၏၊ ပုံစံကား (ရာဇပုတ္တော)မင်း၏ သား စသည်တည်း။ ။သဒ္ဒပညတ် အခွဲ ပြီး၏။

ရုပ်-နာမ်–ပညတ်-အခွဲ ပြီး၏၊

ပစ္စည်းပိုင်း သရုပ်ခွဲဆိုရိုး ပြီး၏။

# ကမ္မဋ္ဌာန်းပိုင်း သရုပ်ခွဲ ဆိုရိုး

၁။ ကမ္မဋ္ဌာန်းအမျိုးမျိုးကို ပြဆိုရာဖြစ်သော ကမ္မဋ္ဌာန်းပိုင်း၌ ပွါးများအပ်သော ဘာဝနာကို အားထုတ်မှု၏ တည်ရာအာရုံဖြစ်သော ကမ္မဋ္ဌာန်းသည် နီဝရဏတို့ကိုငြိမ်သက်စေတတ်သော သမထကမ္မဋ္ဌာန်း အနိစ္စ စသော အခြင်းအရာဖြင့် အထူးထူး ရှုဝတ်သော ဝိပဿနာကမ္မဋ္ဌာန်း ဟု (၂)မျိုး ပြား၏။

၂။ ထိုတွင် သမထကမ္မဋ္ဌာန်းသည်

| | |
|---|---|
| ကသိုဏ်း | ၁၀ ပါး |
| အသုဘ | ၁၀ ပါး |
| အနုဿတိ | ၁၀ ပါး |
| အပ္ပမညာ | ၄ ပါး |
| အာဟာရေပဋိကူလသညာ | ၁ ပါး |
| စတုဓာတုဝဝတ္ထာန် | ၁ ပါး |
| အာရုပ္ပ | ၄ ပါး |

ဟု အကျဉ်းအားဖြင့် (၇)ပါး၊ အကျယ်အားဖြင့် (၄၀)ပြား၏။

၃။ ထိုတွင် ကသိုဏ်း(၁၀)ပါး ဟူသော်ကား····

| | |
|---|---|
| ပထဝီ ကသိဏ | (မြေကသိုဏ်း) |
| အာပေါ ကသိဏ | (ရေကသိုဏ်း) |
| တေဇော ကသိဏ | (မီးကသိုဏ်း) |
| ဝါယော ကသိဏ | (လေကသိုဏ်း) |

နီလ ကသိဏ (ညိုသောအဆင်း ကသိုဏ်း)
ပီတ ကသိဏ (ရွှေသောအဆင်း ကသိုဏ်း)
လောဟိတ ကသိဏ (နီသောအဆင်း ကသိုဏ်း)
ဩဒါတ ကသိဏ (ဖြူသောအဆင်း ကသိုဏ်း)
အာကာသ ကသိဏ (ကောင်းကင် အပေါက် ကသိုဏ်း)
အာလောက ကသိဏ (အလင်းရောင် ကသိုဏ်း)

ဤသို့လျှင် (၁၀)ပါး ဖြစ်သတည်း။

၄။ အသုဘ(၁၀)ပါး ဟူသော်ကား....

ဥဒ္ဓုမာတက(ဖူးဖူးရောင်ကြွ ပုပ်ပွသော အကောင်ပုပ်)
ဝိနီလက(အနီ အဖြူရောရှော ညိုမဲသောအကောင်ပုပ်)
ဝိပုဗ္ဗက(ပြည်တစိုစို စီးယိုပေါက်ကွဲသော အကောင်ပုပ်)
ဝိစ္ဆိဒ္ဒက (ထက်အောက် မစင်အောင် ပိုင်းပြတ်အပ်သော အကောင်ပုပ်)
ဝိက္ခာယိတက (ခွေး လင်းဒတို့ အချိုးချိုး ခဲစားအပ်သော အကောင်ပုပ်)
ဝိက္ခိတ္တက(ဖရိုဖရဲ ဖြန့်ကြဲပစ်လွှင့်အပ်သော အကောင်ပုပ်)
ဟတ ဝိက္ခိတ္တက(ဒါးဖြင့်မွှန်း၍ ဖရိုဖရဲ ဖြန့်ကြဲပစ်လွှင့်အပ်သော အကောင်ပုပ်)

လောဟိတက (သွေးများယိုလျှံ တကိုယ်လုံး ပေကျံသော အကောင်ပုပ်)

ပုဠုဝက (ပိုးလောက်တွေပြည့် ကျိကျိတက်နေသော အကောင်ပုပ်)

အဋ္ဌိက(အရိုးစုပေါင်း ရှုံ့ဘွယ်ကောင်းသော အကောင်ပုပ်)

ဤသို့လျှင် (၁၀)ပါး ဖြစ်သတည်း။

၅။ အနုဿတိ(၁၀)ပါး ဟူသော်ကား....

ဗုဒ္ဓါနုဿတိ(ဘုရားဂုဏ်ကို အဘန်ဘန် အောက်မေ့ခြင်း)

ဓမ္မာနုဿတိ(တရားဂုဏ်ကို အဘန်ဘန် အောက်မေ့ခြင်း)

သံဃာနုဿတိ(သံဃာ့ဂုဏ်ကို အဘန်ဘန်အောက်မေ့ခြင်း)

သီလာနုဿတိ (မိမိ၏ သီလဂုဏ်ကို အဘန်ဘန် အောက်မေ့ခြင်း)

စာဂါနုဿတိ (မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အဘန်ဘန် အောက်မေ့ခြင်း)

ဒေဝတာနုဿတိ (နတ်တို့ကို သက်သေထား၍ မိမိ၏ နတ်ဖြစ်းကြောင်းကုသိုလ်တရားကို အဘန်ဘန် အောက်မေ့ခြင်း)

ဥပသမာနုဿတိ (နိဗ္ဗာန်၏ ငြိမ်းအေးပုံကို အဘန်ဘန် အောက်မေ့ခြင်း)
မရဏာနုဿတိ (သေရမည်ကို အဘန်ဘန် အောက်မေ့ခြင်း)
ကာယဂတာသတိ (သုံးဆဲ့နှစ်ဝ-ကော-ဋ္ဌာသ၌ အာရုံပြုသော သတိတရား)
အာနာပါနဿတိ (ထွက်သက် ဝင်သက်ကို အာရုံပြုသော သတိတရား)

ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၆။ အပ္ပမညာ ၄ ပါး ဟူသော်ကား....
မေတ္တာ (သတ္တာအများကို အာရုံပြု၍ ချစ်ခင်ခြင်း)
ကရုဏာ (ဒုက္ခိတသတ္တာကို အာရုံပြု၍ သနားခြင်း)
မုဒိတာ (သုခိတသတ္တာကို အာရုံပြု၍ ဝမ်းမြောက်ခြင်း)
ဥပေက္ခာ (သတ္တာများကို အာရုံပြု၍ လစ်လျူရှုခြင်း)

ဤသို့လျှင် ၄ ပါး ဖြစ်သတည်း။

၇။ အာဟာရေပဋိကူလသညာ (၁) ပါး ဟူသော်ကား....
အစာအာဟာရ၌ စက်ဆုပ်ဘွယ်ဟု ထင်လာအောင် ရှုတတ်သော သညာတည်း။

၈။ စတုဓာတုဝဝတ္ထာန် (၁) ပါး ဟူသော်ကား....
ဓာတ်ကြီးလေးပါးကို ပိုင်းခြား မှတ်သားတတ်သော ဉာဏ်တည်း။

၉။ အာရုပ္ပကမ္မဋ္ဌာန်း(၄)ပါး ဟူသော်ကား....
အရူပဈာန်၏ အာရုံ(၄)ပါးပင်တည်း။

သမထ ကမ္မဋ္ဌာန်းအကျယ် (၄၀)ပြီး၏။

(စရိုက်(၆)ပါး အခွဲ)

၁။ စရိုက်(၆)ပါး ဟူသော်ကား....
ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်၊ ဤသို့လျှင် ၆ ပါး ဖြစ်သတည်း။

၂။ ထိုတွင် ရာဂစရိုက်ရှိသောသူသည် လောဘကြီး၏။
ဒေါသစရိုက်ရှိသောသူသည် အလျှင် စိတ်တို၏။
မောဟစရိုက်ရှိသောသူသည် တွေဝေ ထိုင်းမှိုင်း၏။
သဒ္ဓါစရိုက်ရှိသောသူသည် ရတနာသုံးပါးကို အလွန်ကြည်ညို၏။
ဗုဒ္ဓိစရိုက်ရှိသောသူသည် ဉာဏ်ပညာ ထက်မြက်၏။
ဝိတက်စရိုက်ရှိသောသူသည် အကြံအစည် များ၏။

(စရိုက်နှင့် ကမ္မဋ္ဌာန်းကို တွဲစပ်၍ ပြခြင်း)

၃။ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ ဤ ၁၁ ပါးသည် ရာဂစရိုက်ရှိသူအား လျောက်ပတ်၏၊ အားထုတ်သင့်၏။
အပ္ပမညာ ၄ ပါး၊ နီလ စသော ကသိုဏ်း ၄ ပါး၊ ဤ ၈ ပါးသည် ဒေါသစရိုက်ရှိသူအား လျောက်ပတ်၏၊ အားထုတ်သင့်၏၊

အာနာပါနဿတိသည် မောဟစရိုက် ရှိသူအားလည်းကောင်း၊ ဝိတက်စရိုက် ရှိသူအားလည်းကောင်း လျောက်ပတ်၏၊ အားထုတ်သင့်၏။

ဗုဒ္ဓါနုဿတိစသော (၆)ပါးသည် သဒ္ဓါစရိုက်ရှိသူအား လျောက်ပတ်၏ အားထုတ်သင့်၏။

မရဏာနုဿတိ ဥပသမာနုဿတိ သညာ ဝဝတ္ထာန် ဤ ၄ပါးသည် ဗုဒ္ဓိစရိုက်ရှိသူအား လျောက်ပတ်၏ အားထုတ်သင့်၏။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက ဤကသိုဏ်း (၆)ပါးနှင့် အာရုပ္ပ ၄ပါး ဤ ၁၀ပါးသည် အများနှင့်ဆိုင်၏၊ ဘယ်သူအားမဆို လျောက်ပတ်၏၊ အားထုတ်သင့်၏။

ထိုတွင် မောဟစရိုက်ရှိသူအား ကြီးသောကသိုဏ်းဝန်းနှင့် သင့်တော်၏၊ ဝိတက်စရိုက်ရှိသူအား ငယ်သော ကသိုဏ်းဝန်းနှင့် သင့်တော်၏။

ကသိုဏ်းဝန်း အငယ်ဆုံးကား တထွာနှင့် လက်လေးသစ်ခန့်တည်း

အကြီးဆုံးကား ကောက်နယ်တလင်းခန့်တည်း။

စရိုက်အခွဲ ပြီး၏၊

## (ဘာဝနာ အခွဲ)

၁။ ရှေးဦးစွာ အားထုတ်မှုဟူသော ပရိကမ္မဘာဝနာ အပ္ပနာ၏ အနီး၌ဖြစ်သော ဥပစာရဘာဝနာ

ဈာန်-မဂ်-ဖိုလ်-ဟူသောအပ္ပနာဘာဝနာဟု ဘာဝနာ ၃ မျိုးပြား၏။

### ဘာဝနာနှင့် ကမ္မဋ္ဌာန်းကို တွဲစပ်၍ ပြခြင်း။

၂။ ထိုတွင်–ပရိကမ္မဘာဝနာကို ကမ္မဋ္ဌာန်းဘိုင်း၌ ရနိုင်၏၊ ဗုဒ္ဓါနုဿတိ စသော ၈ ပါးနှင့် သညာ ဝဝတ္ထာန် ဤ ၁၀ ပါးတို့၌ ဥပစာရဘာဝနာသာ ရနိုင်၏၊အပ္ပနာ ဘာဝနာ မရနိုင်။

ကြွင်းသော (၃၀)သော ကမ္မဋ္ဌာန်းတို့၌ ဥပစာရ ဘာဝနာ အပ္ပနာဘာဝနာ ၂ မျိုးလုံး ရနိုင်၏။

၃။ ထို ၃၀ တို့တွင် ကသိုဏ်း ၁၀ ပါး အာနာပါနှ ဤ ၁၁ ပါးသည် ရူပဈာန် ငါးပါးလုံးကို ရစေနိုင်၏။

အသုဘ ၁၀ ပါး ကာယဂတာသတိ ဤ ၁၁ ပါးသည် ပထမဈာန်ကိုသာ ရစေနိုင်၏။

မေတ္တာ ကရုဏာ မုဒိတာ ဤသုံးပါးသည် ရူပ ဈာန် ၄ ပါးလုံးကို ရစေနိုင်၏။

ဥပေက္ခာသည် ရူပ ပဉ္စမဈာန်ကိုသာ ရစေနိုင်၏။

ဤ ၂၆ ပါးသည် ရူပဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းမည်၏။

၄။ အာရုပ္ပ ကမ္မဋ္ဌာန်း(၄)ပါးသည် အရူပဈာန် (၄)ပါးကို ရစေနိုင်၏။

ဘာဝနာ အခွဲ ပြီး၏။

---

(နိမိတ် အခွဲ)

၁။ ပရိကမ္မ ဘာဝနာ၏ အာရုံဖြစ်သော ပရိကမ္မနိမိတ်၊ စိတ်ဖြင့်ယူအပ်သော အာရုဖြစ်သော ဥဂ္ဂဟနိမိတ်၊ မူလအာရုံနှင့်တူသောအာရုံတမျိုးဖြစ်သော ပဋိဘာဂ နိမိတ်-ဟု အာရုံနိမိတ် ၃ မျိုးပြား၏။

၂။ ထိုတွင်-ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်နှစ်ပါးကို အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌ ထိုက်သလို ရနိုင်ကုန်၏။

၃၊ ပဋိဘာဂ နိမိတ်ကား၊ ကသိုဏ်း ၁၀ ပါး အသုဘ ၁၀ ပါး ကာယဂတာ သတိ အနာပါန ဤ ၂၂ ပါး တို့၌သာ ရနိုင်၏၊ ဗုဒ္ဓါနုဿတိစသော (၈) ပါး အပ္ပမညာ ၄ ပါး သညာ ဝဝတ္ထာန် အာရုပ္ပ ၄ ပါး ဤ(၁၈)ပါးတို့၌ မရနိုင်။

၄။ ပဋိဘာဂနိမိတ်ရသော ၂၂ ပါးတို့၌ ပဋိဘာဂနိမိတ်ကို အာရုပြု၍ ဥပစာရဘာဝနာ အပ္ပနာဘာဝနာနှစ်ပါး ဖြစ်နိုင်၏၊ ပဋိဘာဂနိမိတ်မရသော (၁၀) ပါးတို့၌ ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ဥပစာရဘာဝနာ အပ္ပနာ ဘာဝနာနှစ်ပါးဖြစ်နိုင်၏။

၅။ ထို့ကြောင့် ဘာဝနာသုံးပါးနှင့် နိမိတ်သုံးပါး တွဲစပ်သည် ရှိသော်

ပရိကမ္မဘာဝနာသည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ၂ ပါးကို အာရုံပြု၏။

ဥပစာရ ဘာဝနာ၊ အပ္ပနာ ဘာဝနာ ၂ ပါးသည် ပဋိဘာဂနိမိတ်ကို အာရုံပြု၏။

တခါတရံ ဥဂ္ဂဟနိမိတ်ကိုလဲ အာရုံပြုသေး၏။

၆။ ဘာဝနာသုံးပါး၊ အာရုံနိမိတ်သုံးပါး၊ အစဉ်အတိုင်း အားဖြင့် ဆက်စပ်၍ ဖြစ်ပေါ်ပုံကို အမြွက်မျှ ပြအံ့ ဥုးအံ့။ ။

ရှေးဦးစွာ ကသိုဏ်းဝန်းစသော အာရုံကို အာရုံပြု၍ ဘာဝနာပွါးများသောပုဂ္ဂိုလ်အား ကသိုဏ်းဝန်း စသော အာရုံသည် ပရိကမ္မနိမိတ် မည်၏။ ပွါးများသော ဘာဝနာစိတ်သည် ပရိကမ္မဘာဝနာ မည်၏။

ပွါးများ၍ အဘန်ကြာသော် ထိုအာရုံသည် စိတ်ထဲမှာ ထင်လာနိုင်၏။ ထိုသို့ထင်လာသော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

ပွါးများသော ဘာဝနာစိတ်ကား ပရိကမ္မဘာဝနာ ပင်တည်း။

ထိုသို့ ပွါးများဘန်များ၍ အလွန်တည်ကြည်သည် ရှိသော် မူလအာရုံနှင့် တူသော ပညတ်အာရုံတမျိုး

သည် စိတ်ထဲမှာ ထင်လာပြန်၏၊ ထိုသို့ ထင်လာသော အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

ပွါးများသော ဘာဝနာစိတ်ကား ဥပစာရဘာဝနာ မည်၏။

ထိုပဋိဘာဂ နိမိတ်ကိုပင် အာရုံပြု၍ ဥပစာရဘာဝနာဖြင့် အဘန်ဘန် ပွားများသည်ရှိသော် ပထမဈာန်ကို ရသော၏။

ထိုဈာန်စိတ်ကား အပ္ပနာ ဘာဝနာမည်၏၊ အာရုံကား ပဋိဘာဂနိမိတ်ပင်တည်း။ ။

နိမိတ်အခွဲ ပြီး၏။

---

**(အမှာ)** ပသိဘော်ငါးပါးကို ဝိထိပိုင်းမှာ ကြည့်ပါ-

ဒုတိယဈာန်စသည် တက်ပုံများကို ကျယ်မည်စိုး၍ မရေးတော့ပြီ အဘိညာဉ်များကိုလဲ ဝိထိပိုင်းမှာ ကြည့်ပါ။

၇။ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးကို ပွားများ၍ အရူပဈာန် ၄ ပါးရပုံကို အစဉ်အတိုင်း ပြဆိုဦးအံ့ ။

ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ ကောင်းကင်သည် အဆုံးမရှိ အဆုံးမရှိ ဟု ဓိဋ္ဌာန်းသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတန ဈာန် ဖြစ်လေ၏။

အာကာသာနဉ္စာယတနစျာန်ကို အာရုံပြု၍ ငါရပြီးသော အာကာသာနဉ္စာယတနစျာန်သည် အဆုံးမရှိ အဆုံးမရှိဟု စီးဖြန်းသော ပုဂ္ဂိုလ်အား ဝိညာနဉ္စာယတနစျာန် ဖြစ်လေ၏။

အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြု၍ ငါရပြီးသောအာကာသာနဉ္စာယတနစျာန်သည် မရှိ မရှိဟု စီးဖြန်းသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနစျာန်ဖြစ်လေ၏။

အာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ ငါရပြီးသော အာကိဉ္စညာယတနစျာန်သည်ငြိမ်သက်၏၊ ငြိမ်သက်၏ဟု စီးဖြန်းသောပုဂ္ဂိုလ်အား နေဝသညာနာသညာယတနစျာန် ဖြစ်လေ၏။

ထို့ကြောင့် အာရုပ္ပကမ္မဋ္ဌာန်း ၄ပါးဟူသည်ကား။

ကသိုဏ်းကိုနှုတ်၍ ရအပ်သော ကောင်းကင် ပညတ်တပါး။

အာကာသာနဉ္စာယတနစျာန် တပါး။

အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းဟူသော နတ္ထိဘော ပညတ်တပါး။

အာကိဉ္စညာယတနစျာန်တပါး၊ဤ၄ပါးပင်တည်း။

အရူပစျာန်(၄)ပါး ရပုံ ပြဆိုချက် ပြီး၏။

သမထ ကမ္မဋ္ဌာန်းနည်း ပြီး၏၊

## ဝိပဿနာ ကမ္မဋ္ဌာန်းနည်း

၁။ ဝိပဿနာ ကမ္မဋ္ဌာန်းသည်လည်း....
ဝိသုဒ္ဓိ ၇ ပါး
လက္ခဏာ ၃ ပါး
အနုပဿနာ ၃ ပါး
ဝိပဿနာဉာဏ် ၁၀ ပါး
ဝိမောက္ခ ၃ ပါး
ဝိမောက္ခမုခ ၃ ပါး-ဟု အကျဉ်းချုပ် ခေါင်းစဉ်အား
ဖြင့်(၆)မျိုးပြား၏။

၂။ ထိုတွင်-ဝိသုဒ္ဓိ ၇ ပါးဟူသော်ကား....
သီလဝိသုဒ္ဓိ
စိတ္တဝိသုဒ္ဓိ
ဒိဋ္ဌိဝိသုဒ္ဓိ
ကင်္ခါဝိတရဏဝိသုဒ္ဓိ
မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ
ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ
ဉာဏ ဒဿန ဝိသုဒ္ဓိ၊ ဤသို့လျှင် ၇ ပါး ဖြစ်သတည်း။

၃။ ထိုတွင်-ပါတိမောက္ခ သံဝရသီလ
ဣန္ဒြိယ သံဝရ သီလ
အာဇီဝပါရိသုဒ္ဓိသီလ
ပစ္စယ သန္နိဿိတသီလ ဤသီလ ၄ ပါးတို့၏ စင်ကြယ်
ခြင်းသည် သီလဝိသုဒ္ဓိ မည်၏။

၄။ ဥပစာရ သမာဓိ အပ္ပနာ သမာဓိ ဤနှစ်ပါးသည် စိတ်၏ စင်ကြယ်မှုဖြစ်သောကြောင့် စိတ္တ ဝိသုဒ္ဓိ မည်၏။

၅။ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့၏ အစွမ်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိခြင်းသည် အသိဉာဏ်၏ စင်ကြယ်မှုဖြစ်သောကြောင့် ဒိဋ္ဌိ ဝိသုဒ္ဓိမည်၏၊ (နာမရူပ ပရိစ္ဆေဒဉာဏ်လည်း မည်၏။)

၆။ ထိုနာမ်ရုပ်တို့၏ အကြောင်းကို ပိုင်းခြား၍ သိခြင်းသည် ယုံမှားခြင်းကို လွန်မြောက်၍ အသိဉာဏ်၏ စင်ကြယ်မှု ဖြစ်သောကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏၊(ပစ္စယပရိဂ္ဂဟဉာဏ်လည်း မည်၏။)

၇။ ထိုနာမ်ရုပ်တို့ကို သမ္မသန ဉာဏ်ဖြင့် သုံးသပ်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သောအခါ ဖြစ်ပေါ်လာတတ်သော၊ သြဘာသ၊ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ သုခ၊ ဉာဏ၊ ဥပဋ္ဌာန၊ ဥပေက္ခာ၊ နိကန္တိ-ဟူသော ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တို့ကို ပိုင်းခြား၍ သိခြင်းသည် ဝိပဿနာ၏ လမ်းမှား လမ်းမှန်ကို သိတတ်သော အသိဉာဏ်၏ စင်ကြယ်မှုဖြစ်သောကြောင့် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။ ။

၈။ ထိုဘေးရန်မှလွတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် အစဉ်အတိုင်း တိုးတက်၍ အဆက်ဆက်အားထုတ်သော ကိုးပါးသောဝိပဿနာဉာဏ်သည် မဂ်သို့ရောက်ကြောင်း အသိဉာဏ်၏ စင်ကြယ်မှုဖြစ်သောကြောင့် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

၉။ ထိုဝိသုဒ္ဓိ(၆)ပါးတို့ကို အစဉ်အတိုင်းပွားများပြီးနောက် (ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း) (သမုဒယ သစ္စာကို ပယ်ခြင်း) (နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း) (မဂ္ဂသစ္စာကို ပွားများခြင်း)အားဖြင့် သိ-ပယ်-ဆိုက်-ပွား၊လေးပါးသော မဂ်ကိစ္စကို တပြိုင်တည်း ပြီးစေလျက် ဖြစ်ပေါ်လာသော မဂ်ဉာဏ်သည် ကိလေသာမှ စင်ကြယ်၍ သစ္စာလေးပါးကို တိုက်ရိုက်သိသော ကြောင့် ဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။

ဝိသုဒ္ဓိ (၇)ပါး ပြီး၏။

---

၁။ လက္ခဏာ ၃ ပါးဟူသော်ကား။
အနိစ္စ လက္ခဏာ
ဒုက္ခ လက္ခဏာ
အနတ္တ လက္ခဏာ ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-ရုပ်နာမ် သင်္ခါရတို့၏ မမြဲသော အမှတ်အသား သည် အနိစ္စ လက္ခဏာ မည်၏။

ရုပ်နာမ် သင်္ခါရတို့၏ ဆင်းရဲသော အမှတ်အသား သည် ဒုက္ခ လက္ခဏာ မည်၏။

ရုပ်နာမ် သင်္ခါရတို့၏ အစိုးမရ အတ္တမဟုတ်သော အမှတ်အသားသည် အနတ္တ လက္ခဏာ မည်၏။

လက္ခဏာ ၃ ပါး ပြီး၏။

၁။ အနုပဿနာ ၃ ပါး ဟူသော်ကား....

အနိစ္စာ နုပဿနာ

ဒုက္ခာ နုပဿနာ

အနတ္တာ နုပဿနာ၊ ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။

၂။ ထိုတွင်-ရုပ်နာမ် သင်္ခါရတို့ကို အာရုံပြု၍ အမြဲမရှိ၊ အမြဲမရှိ အနိစ္စ အနိစ္စဟု အဘန်ဘန်ရှုသော ဉာဏ်သည် အနိစ္စာနုပဿနာ မည်၏။

ရုပ်နာမ် သင်္ခါရတို့ကို အာရုံပြု၍ ဆင်းရဲ၏ ဆင်းရဲ၏ ဒုက္ခ-ဒုက္ခ ဟု အဘန်ဘန်ရှုသောဉာဏ်သည် ဒုက္ခာနုပဿနာ မည်၏။

ရုပ်နာမ် သင်္ခါရတို့ကို အာရုံပြု၍ အစိုးမရ အစိုးမရ အနတ္တ အနတ္တ ဟု အဘန်ဘန်ရှုသောဉာဏ်သည် အနတ္တာနုပဿနာမည်၏။

အနုပဿနာ ၃ ပါး ပြီး၏။

---

၁။ အနုပဿနာ ၃ ပါး၏ အကျယ်ဖြစ်သော ဝိပဿနာ ဉာဏ် ၁၀ ပါး ဟူသော်ကား....

သမ္မသနဉာဏ်

ဥဒယဗ္ဗယ ဉာဏ်

ဘင်ဉာဏ်

ဘယဉာဏ်

အာဒီနဝဉာဏ်
နိဗ္ဗိဒါဉာဏ်
မုစ္စိတုကမျတာဉာဏ်
ပဋိသင်္ခါဉာဏ်
သင်္ခါရုပေက္ခာဉာဏ်
အနုလောမဉာဏ်၊ ဤသို့လျှင် ၁၀ ပါး ဖြစ်သတည်း။

၂။ ထိုတွင်–အကြောင်းနှင့်တကွ ပိုင်းခြား၍ သိပြီးသော ရုပ်နာမ် သင်္ခါရ တို့ကို အနိစ္စ–ဒုက္ခ–အနတ္တ ဟု လက္ခဏာယာဉ် သုံးပါးဖြင့် ဆင်ခြင် သုံးသပ်သော ဉာဏ်သည် သမ္မသန ဉာဏ်မည်၏။

ထိုသမ္မသနဉာဏ် ရင့်သန်သည့်အတွက် ရုပ်နာမ် သင်္ခါရတို့၏ အဖြစ်နှင့်အပျက်လောက်သာ ထင်မြင်လာသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။

ထိုဥဒယဗ္ဗယဉာဏ် ရင့်သန်သည့်အတွက် ရုပ်နာမ် သင်္ခါရတို့၏ အဖြစ်ကိုမမြင် အပျက်ကိုချည်းသာ ထင်မြင်လာသော ဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

ထိုဘင်္ဂဉာဏ်ဖြင့် အပျက်ကိုချည်းသာ ထင်မြင်သောကြောင့် ရုပ်နာမ် သင်္ခါရတို့ကား ကြောက်စရာ တွေပါတကားဟု ထင်မြင်လာသော ဉာဏ်သည် ဘယ ဉာဏ် မည်၏။ ။

ထိုသို့ကြောက်စရာတွေပါတကားဟု ထင်မြင်သည့် အတွက် ရုပ်နာမ် သင်္ခါရတို့၌ အပြစ်အနာအဆာထင် မြင်လာသော ဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

ထိုသို့ အပြစ်အနာအဆာ ထင်မြင်လာသည့် အတွက် ထိုရုပ်နာမ် သင်္ခါရတို့၌ ပျော်မွေ့စရာ မတွေ့ ငြီးငွေ့ဘွယ်ချည်းသာ ဟုထင်မြင်လာသော ဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

ထိုသို့ ငြီးငွေ့သဖြင့် ထိုရုပ်နာမ် သင်္ခါရတို့မှ လွတ်မြောက်လိုသော ဉာဏ်သည် မုစ္စိတုကမျတာ ဉာဏ်မည်၏။

ထိုသို့ လွတ်မြောက်လိုသည့်အတွက် ထိုရုပ်နာမ် သင်္ခါရတို့ကိုပင် တဖန်ပြန်၍ သုံးသပ် ဆင်ခြင်သော ဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

ထိုသို့ ပဋိသင်္ခါဉာဏ် ရင့်သန်ပြီးနောက် ထိုရုပ်နာမ် သင်္ခါရတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းတို့စွန့်ပစ်နိုင်၍ မုန်းခြင်း ချစ်ခြင်းကိုမပြု လျစ်လျူရှုနိုင်သော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ထိုသို့ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ပြီးနောက် ရှေ့နောက်နှစ်တန်လျော်ကံသည့် မဂ်ဉာဏ်၏အနီး ပရိကမ် ဥပစာအနုလုံဘည်းဟူသော ဥပစာရသမာဓိဇောများသည် အနုလောမဉာဏ်မည်၏။

ဤ ဆိုအပ်ပြီးသော လောကီ ဝိပဿနာဉာဏ် ဆယ်ပါးကို စောင်းတန်းလှေကားဖြင့် တက်၍ နိဗ္ဗာန်ဘက် အာရုံထားလျက် ဂေါတြဘူ ရှေ့သွားဖြင့် လောကုတ္တရာ မဂ်ဖိုလ်တရားကို ရနိုင်လေသတည်း။ ။

ဤ၌ အထူးမှာဘွယ်ကား၊ အမြတ်ဆုံး သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် ဤ နှစ်ဉာဏ်သည် သင်္ခါရအာရုံမှ ထ၍ ဝုဋ္ဌာန် ခေါ်ရသော မဂ်သို့ ရောက်ကြောင်း ဝိပဿနာ ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်၏။

ဝိပဿနာဉာဏ်(၁၀)ပါး ပြီး၏။

---

၁။ ဝိမောက္ခ ၃ ပါး ဟူသော်ကား....
အနိမိတ္တ ဝိမောက္ခ
အပ္ပဏိဟိတ ဝိမောက္ခ
သုညတ ဝိမောက္ခ ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။

၂။ ထိုတွင် ဝိပ္ပလ္လာသနိမိတ်မှကင်းသည်ဖြစ်၍ ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်သည် အနိမိတ္တ ဝိမောက္ခ မည်၏။

တောင့်တခြင်းမရှိသည်ဖြစ်၍ ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခ မည်၏။

အတ္တမှ ဆိတ်သည်ဖြစ်၍ ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်သည် သုညတ ဝိမောက္ခ မည်၏။

ဝိမောက္ခ ၃ ပါး ပြီး၏။

---

၁။ ဝိမောက္ခမုခ ၃ ပါး ဟူသော်ကား....
အနိမိတ္တာနုပဿနာ
အပ္ပဏိဟိတာနုပဿနာ
သုညတာနုပဿနာ ဤသို့လျှင် ၃ ပါး ဖြစ်သတည်း။

၂။ ထိုတွင် အနိစ္စဟု အဘန်ဘန်ရှုသော ဝိပဿနာသည် နိစ္စဟု အထင်မှားလျက် ဖေါက်ပြားသော ဝိပလ္လာသ နိမိတ်ကို စွန့်လွှတ်နိုင်၍ မဂ်ဖိုလ်သို့ ရောက်ကြောင်း လမ်းပေါက်ဝ ဖြစ်သောကြောင့် အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခ မည်၏။

ဒုက္ခဟု အဘန်ဘန် ရှုသော ဝိပဿနာသည် တောင့်တတတ်သော တဏှာကို စွန့်လွှတ်နိုင်၍ မဂ်ဖိုလ်သို့ရောက်ကြောင်း လမ်းပေါက်ဝဖြစ်သောကြောင့် အပ္ပဏိဟိတာနုပဿနာ မည်သော ဝိမောက္ခမုခဟု မည်၏။

အနတ္တဟု အဘန်ဘန် ရှုသော ဝိပဿနာသည် အတ္တဟု စွဲလန်းခြင်းကို စွန့်လွှတ်နိုင်၍ မဂ်ဖိုလ်သို့ ရောက်ကြောင်း လမ်းပေါက်ဝ ဖြစ်သောကြောင့် သုညတာနုပဿနာ မည်သော ဝိမောက္ခမုခ မည်၏။

ဝိမောက္ခမုခ ၃ ပါး ပြီး၏။

---

ဝိပဿနာအားလျော်စွာ မဂ်မှာ အမည်ရပုံ

၁။ ဤသို့လျှင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာက အနိစ္စဟု အဘန်ဘန် ရှုကဲ့သော် ထိုဝိပဿနာကြောင့် ရသော မဂ်သည် အနိမိတ္တ ဝိမောက္ခမဂ် မည်၏။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာက ဒုက္ခဟု အဘန်ဘန် ရှုကဲ့သော် ထိုဝိပဿနာကြောင့် ရသော မဂ်သည် အပ္ပဏိဟိတ ဝိမောက္ခမဂ် မည်၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာက အနုတ္တဟု အဘန်ဘန်ရှုကဲ့သော် ထိုဝိပဿနာကြောင့်ရသောမဂ်သည် သုညတဝိမောက္ခမဂ် မည်၏။

၂။ မဂ်နောင်ဖြစ်သော ဖိုလ်မှာလည်း မဂ်အားလျော်စွာ အမည်ရလေ၏။

၃။ မဂ်နှင့် မစပ် သပ်သပ် ဖြစ်သော ဖိုလ်များ၌ကား ဝိပဿနာအားလျော်စွာ အမည်ရလေ၏။

ဝိပဿနာအားလျော်စွာ မဂ်မှာအမည်ရပုံ ပြီး၏။

---

မဂ်တရားတို့ ကိလေသာများကို ပယ်ပုံ

၁။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာနှင့် အပါယ်သို့ ချနိုင်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ဒေါသမူတို့ကို အကုန်ပယ်နိုင်၏။ အပါယ်သို့ မချနိုင်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၊ ဒေါသမူ၊ ဥဒ္ဓစ္စသဟဂုတ်တို့ ကျန်သေး၏။

၂။ သကဒါဂါမိမဂ်သည် ကြမ်းထမ်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ဒေသမူ၊ဥဒ္ဓစ္စသဟဂုတ် တို့ကို၊အားနည်းအောင်သာ ပြုနိုင်၏။ အကုန်မပယ်နိုင်။

သိမ်မွေ့သော ဒိဋ္ဌိဂတဝိပ္ပယုတ်၊ဒေါသမူ၊ ဥဒ္ဓစ္စသဟဂုတ်တို့ ကျန်သေး၏။

၃။ အနာဂါမိမဂ်သည် ကာမဘုံသို့ချတတ်သောဒိဋ္ဌိဂတဝိပ္ပယုတ်၊ ဒေါသမူတို့ကို အကုန်ပယ်နိုင်၏....ရူပဘုံ

အရူပဘုံသို့ ချတတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့် ဥဒ္ဓစ္စ သဟဂုတ်တို့ ကျန်သေး၏....။

၄။ အရဟတ္တမဂ်သည် ကျန်သမျှအကုသိုလ်တို့ကို အကုန် ပယ်နိုင်၏။

မပယ်နိုင်သော အကုသိုလ်မည်သည် မရှိ။

မဂ်တရားတို့ ကိလေသာများကို ပယ်ပုံပြီး၏။

---

(**အမှာ**) မဂ္ဂပစ္စဝေက္ခဏာဝီထိ၊ ဖလသမာပတ္တိဝီထိ၊ နိရောဓသမာပတ္တိဝီထိတို့နှင့် ဆိုင်ရာများကို ဝီထိပိုင်းမှာ ပြကဲ့ပြီ၊ ပြန်ကြည့်ပါ။ ။

ဝိပဿနာ ကမ္မဋ္ဌာန်းနည်း ပြီး၏။

ကမ္မဋ္ဌာန်းပိုင်းသရုပ်ခွဲ ဆိုပုံ ပြီး၏။

ပဉ္စမာရုံ သင်္ဂြိုဟ်သရုပ်ခွဲတတိယဆင့်ပြီး၏။

---

(နိဂုံး) ငယ်ရွယ်သူများ ရှုတ်ငုံ ဆောင်နိုင်ရန် အကျဉ်းချုပ်မျှ ချမှတ်ရသည်ဖြစ်၍ ဤမျှ ဖြင့်ပင် အပြီးသတ်၍ နိဂုံးချုပ်လိုက်ရပါ၏။

ဤသရုပ်ခွဲများ လေ့လာ၍အပြီး နောက်ဆက်တွဲ ကမ္မဋ္ဌာန်းကျင့်နည်းများကိုလဲ ကြည့်ရှု လေ့လာနိုင်ဘို့ရန် အထူးပင် တိုက်တွန်းလိုက်ပါ၏။

မြန်မာပြန် သင်္ဂြိုဟ်ကျမ်း ပြီး၏။

# (ဗုဒ်) (မေတ်) (မ)

## ဟူသော သမ္ဗုဒ္ဓေကားကမ္မဋ္ဌာန်း

## သုံးပါး နှင့်

( အာနာ ပါန )

( ကော ဠှာသ )

(ဝေနာနုပဿနာ)

ဤ (၆) ပါးတို့ကို မြန်မာဘာသာဖြင့်
သိလွယ်အောင် ပြဆိုထားသော

ကမ္မဋ္ဌာန်း အားထုတ် နည်း

## အကျဉ်းချုပ်

## တိုက်တွန်းချက်။

ဘာဝနာ၏ အခြေခံ၊ မြန်မာပြန်သဗ္ဗိုဟ်ကျမ်း အပြီးသိမ်းနိုင်ပြီးသော ရုပ်နာမ် ပရမတ် အမြတ်တရားတို့ကို၊ သုတမယဉာဏ်ဖြင့်၊ သိရရုံတွင် ရပ်မထားဘဲ ဘာဝနာမယဉာဏ် ရင့်သန်ရန် အလို့ငှာ၊ ပွားများ အားထုတ်ဘို့၊ အလွယ်ဆုံးကမ္မဋ္ဌာန်းနည်းတို့ကို ဆက်လက်၍ ရေးသားပါဦးအံ့။ ။

ဘာဝေတဗ္ဗံ ပနိစ္စေပံ၊ ဘာဝနာဒွယ မုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊ ပတ္တုယန္တေန သာသနေ။ ။ဟု

သင်္ဂြိုဟ်ကျမ်းပြု အနုရုဒ္ဓါဆရာ တိုက်တွန်းတော်မူ ကဲ့သည့်အတိုင်း၊ သင်္ဂြိုဟ်ကျမ်း တည်းဟူသော ပရိယတ်ကို လေ့လာခြင်း သည်၊ သိရုံတွင်မဟုတ်၊ သိပြီးသည့်နောက်၊ သိတဲ့အတိုင်း ကျင့်ရခြင်း တည်းဟူသော ပဋိပတ်အလို့ငှာ ဖြစ်ပေသည်။ ဤသို့ ပဋိပတ်ကိုကျင့်မှသာလျှင်၊ ၎င်းပဋိပတ်၏ အရသာခေါ်တဲ့ ဈာန်-မဂ်-ဖိုလ် တရားများကို ရနိုင်မည်။ ဈာန်-မဂ်-ဖိုလ်တရားတွေ ရပါမှလဲ နိဗ္ဗာန်ရောက်၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ကြမည်။ သို့အတွက် ပြဆိုလတ့ံသော ဘာဝနာနည်းအမြွက်ကို၊ ဆက်လက်၍ အားထုတ်ကြပါကုန်။ ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၊ ကမ္မဋ္ဌာန်း သည် သမထ ကမ္မဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းဟု ၂ မျိုးရှိ၏၊ထိုတွင် သမထကမ္မဋ္ဌာန်းဆိုဒါက လောဘ-ဒေါသ-မောဟ အစရှိတဲ့ ညစ်ညူးကြောင်း ကိလေသာတွေ ခေတ္တခဏ ငြိမ်းစေနိုင်၍၊ အလွန်ဆုံးဗြဟ္မာ့ပြည်သို့ ရောက်ရုံသာ အကျိုးပေးနိုင်တယ်။

ဝိပဿနာကမ္မဋ္ဌာန်းဆိုဒါက လောဘ-ဒေါသ-မောဟ အစရှိတဲ့ ညစ်ညူးကြောင်း ကိလေသာတွေ အကြွင်းမဲ့ချုပ်ငြိမ်းစေနိုင်ပြီး၊ မဂ်ဖိုလ် နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်တယ်။

သို့အတွက် သမထကမ္မဋ္ဌာန်းလောက်သာမက၊ဝိပဿနာ ကမ္မဋ္ဌာန်းကျအောင် အားထုတ်နိုင်မှ၊ သာသနာနှင့်တွေ့ရကျိုးနပ်ကြပြီး ဝဋ္ဋဒုက္ခမှ ငြိမ်းနိုင်ကြလိမ့်မယ်။

ဝိပဿနာကမ္မဋ္ဌာန်းမှာလဲ၊ သမထကမ္မဋ္ဌာန်းက စပြီး ဝိပဿနာသို့တက်တဲ့ ကမ္မဋ္ဌာန်း-သမထကမ္မဋ္ဌာန်းမဘက်ရုပ် နာမ် သက်သက်ကိုသာ လက္ခဏာရေးတင်ရှုတဲ့ဝိပဿနာ ကမ္မဋ္ဌာန်းရယ်လို့ ၂ မျိုးရှိပြန်တယ်။

ယခုပြမည့်ကမ္မဋ္ဌာန်းနည်းက သမထကမ္မဋ္ဌာန်းကစပြီး ဝိပဿနာသို့ တက်ပုံနည်းကို၊ရှေးဦးစွာပြမှာဖြစ်တယ်။

သမထကမ္မဋ္ဌာန်းမှာလဲ အရေအတွက်အားဖြင့်. ၄၀မျိုးရှိသော်လဲ ပွားများနေကျမခဲယဉ်းလှသည့်အပြင်၊အားလုံးသော ကမ္မဋ္ဌာန်းတို့ မပွားများခင်၊ ရှေးဦးတင်၍ပွားများ

ရသော (ဗုဒ္ဓါနုဿတိ) (မေတ္တာ) (မရဏာဿတိ) ဆိုတဲ့ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၃မျိုးကို ရှေးဦးစွာ ပြမယ်။

ထိုသုံးမျိုးတို့တွင် ဗုဒ္ဓါနုဿတိပွားများပုံကို ရှေးဦးစွာ ပြမယ်....

ဗုဒ္ဓါနုဿတိ ပွားများနည်း။

**(ဒွါရငါးထပ် ဆိတ်ရာရပ်၌ ထင့်အပ်နေထ ဗုဒ်-မေတ်=မ ကို-ခေတ္တပွားနေ အားတက်သေသော် တည်စေ ရှေ့နား ငါးတောင်ချား၌ စိတ်ထား မြဲစွာ ပွားများရာသည် မကြာ ရထိမ့် အာရုံတည်း)** ဟူသော လင်္ကာနှင့်အညီ....

ဒွါရငါးပါး ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ပြီးတော့ အားထုတ်ရမယ်။ဒီလိုနေရာမျိုးမှမရနိုင်ပြန်ရင်လဲ၊ သင့်သလို ကြံဘန်ပြီး မျက်စိကိုမှိတ် အသံတိတ်ဆိတ်တဲ့ သန်းခေါင်ယာမ်အခါမျိုးမှာလဲ အားထုတ်နိုင်ပါတယ်။အားထုတ်တဲ့အခါ ထိုင်နေပုံကတော့ ကမ္မဋ္ဌာန်းအားထုတ်သူတို့နဲ့ သင့်တော်အောင် ထားတဲ့ နည်းတွေလဲ သိရှိပြီး ဖြစ်ကြပါလိမ့်မယ်။ အထူးမပြလိုတော့ဘူး၊လိုရင်းကတော့ မိမိ သပ္ပါယဖြစ်သလို ထိုင်၍၎င်း၊ လျှောင်း၍၎င်း စင်္ကြန်သွား၍၎င်း၊ အားထုတ်နိုင်ပါတယ်။

သို့အတွက် သင့်သလို ထိုင်ပြီးတော့ မိမိရှေ့တဲ့ ငါးတောင်အကွာလောက်မှာ ဗောဓိပင်နှင့်ရွှေပလ္လင်ကိုအောင် မြင်တော်မူ၍ ဘုရားဖြစ်တော်မူတဲ့အခါ ဗောဓိပင်ရင်းမှာ ထိုင်နေတော်မူတဲ့ ပုံတော်အတိုင်း စိတ်ဖြင့်မှန်း၍ ပင့်ထား

ပြီးလျှင် ၎င်းထိုင်နေတော်မူတဲ့ ဘုရားရုပ်ပွားတော်ကို အာရုံပြုပြီး သတိနှင့်မပြတ် အမှတ်ရနေလျက်....

(မကောင်းမှု အကုသိုလ် ကိလေသာတွေကို အကုန်ပယ်နိုင်ခတော်မူ၍ မြတ်သောအလှူကို ခံတော်မူထိုက်ပါပေသော မြတ်စွာဘုရား=မြတ်စွာဘုရား-မြတ်စွာဘုရား)ဟု၎င်း....

တနည်းအားဖြင့်လဲ....( ကောင်းမှု အကုသိုလ် ကိလေသာတွေကို အကုန်ပယ်နိုင်တော်မူ၍ မြတ်သော အလှူကို ခံတော်မူထိုက်သောကြောင့် အရဟံ။ အရဟံ၊ အရဟံ မည်တော်မူပါပေသော ဘုရား=ဘုရား=ဘုရား) ဟု၎င်း အခါခါ အထပ်ထပ် ပွားများရမည်၊

၎င်းနည်းတူ ဂုဏ်တော်ကိုးပါးတို့တွင် တပါးပါးကို မိမိဥာဏ်ထင်မြင်ရာ ပွားများနိုင်ပါသည်၊ တိုးတိုး နှုတ်က ရွတ်၍သော်၎င်း၊ စိတ်ထဲက မှန်း၍သော်၎င်း၊ ပွားများနိုင်ပါသည်၊ ဤသို့ ဂုဏ်တော်တွေကို အာရုံပြု၍ နေသည်ကိုပင် ဗုဒ္ဓါနုဿတိ ပွားများသည်ဟု ဆိုပါသည်။

နာရီဝက်၊ တနာရီ၊ ၂ နာရီ၊ ၃ နာရီ စသည်ဖြင့်တနေ့ထက်တနေ့တဆင့်တဆင့်တိုးပြီး ပွားများရမည်၊ကြာကြာနေနိုင်ရုံ ထိုင်နိုင်ရုံနှင့် မပြီး တခြားသို့ စိတ်မရောက်ဘဲ ဘုရားတည်းဟူသော အာရုံထဲမှသာ စိတ်ကြာကြာတည်နေနိုင်ဘို့ အရေးကြီးသည် ဤလိုတည်နိုင်ဒါကိုပင် သမာဓိရတယ်လို့ ဆိုရသည်၊ ဤကဲ့သို့ သမာဓိကောင်းကောင်း ဘုရားအာရုံမှ တပါးသောအာရုံသို့ စိတ်မပျောင်းဘဲ ပွားများနိုင်ပါလျှင် ကြာရှည်၍လာသောအခါ စိတ်ကူးနှင့်

မဟုတ်ဘဲနှင့်၊ သူ့အလိုလို ဘုရားအာရုံတမျိုး စိတ်ထဲမှာ ထင်လာတတ်သည်၊ အာရုံပြုနေတဲ့ တင်ပလ္လင်ခွေ ရုပ်ပွားတော်ချီးဖြစ်စေ မျက်ရပ်တော်ဖြစ်စေ ဓာတ်တော်တွေဖြစ်စေ အလိုလိုထင်လာတတ်သည်၊ ဤလိုထင်လာမှသာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဆုံးခမ်းရောက်ပြီဟု ဆိုရသည်။

ဆုံးခမ်းရောက်သော်လည်း ထပ်ကာ ထပ်ကာ နေ့စဉ် ပွားများနေလျှင်လည်း အလွန်ကောင်းလှ၏။

ဤကား ဖြစ်ပေါ်တတ်ပုံ အမြွက်မျှ ပြဆိုခြင်းဖြစ်သည်၊ လိုရင်းကတော့ အာရုံမထင်လာစေကာမူ ရှေးကပြကဲ့တဲ့ နည်းအတိုင်း နေ့စဉ်ရက်ဆက် ပွားများဘို့သာ အရေးကြီးသည်။

ဤသို့ ပွားများ၍ နာရီဝက်ခန့်အကြာ အတော်အတန် သမာဓိရမှသော်၎င်း၊ ဆုံးခမ်းဘိုင် ရောက်၍ သမာဓိ အလွန်ရင့်သန်မှသော်၎င်း၊ ဝိပဿနာကမ္မဋ္ဌာန်းသို့ပြောင်း ကူးလိုသော် အောက်ပါနည်းအတိုင်း ရုပ်နာမ်ဖေါ်၍ ဝိပဿနာ ရှုရာ၏၊

၂။ ဝိပဿနာရှုပုံ အကျဉ်းချုပ်။

ငါ၏ ယခု ဘုရားဂုဏ်ကို ယုံယုံကြည်ကြည် နှလုံးထား၍ မသာ ထင်အောင် မမြင် မြင်အောင် ပွားများ အားထုတ်နေတဲ့ ဘာဝနာ ကုသိုလ်စိတ်သည် အတုတကွ ဖြစ်ဘော် ဖြစ်ဘက် စေတသိက်များနှင့်တကွ ဘုရားတည်း ဟူသော အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်တရား မည်၏၊

ဘုရားအာရုံကို မလွတ်အောင် အမြဲသတိပြုပြီး မှတ်နေတဲ့ သတိတရားကလေးဟာ ကြည်လင်ငြိမ်သက်၍နေသောကြောင့် ကောင်းမြတ်တဲ့ တရားကလေးပါတကား၊ ဤလို ကြည်လင်ငြိမ်သက် ကောင်းမြတ်တဲ့ အသိသဘောကလေးမျိုးကိုပင် ကုသိုလ်စိတ်ဟု ခေါ်ဒါပါတကား ဒီကုသိုလ်စိတ်ကလေးဟာလဲ ဘုရားဂုဏ်ဆိုတဲ့ အာရုံကို အမြဲမှန်းထားပြီး မလွတ်အောင် ဂရုစိုက် ရှုနေဒါပါတကား ဒီလိုရှုနိုင် မှတ်နိုင်ဒါကိုပင် အာရုံသို့ညွတ်တယ် အာရုံသို့ညွတ်တတ်သောကြောင့် နာမ်တရားလို့ ခေါ်တယ်လို့ဆိုဒါပါတကား နာမ်တရားမှန်လျှင် ဤလိုချည်းပင် သူ့အာရုံနှင့်သူ သင့်သလို အာရုံပြုရ သင့်သလို ညွတ်ကြရမှာဘကား ဤသို့စသည်ဖြင့် အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်လို့ ခေါ်တယ်ဆိုတဲ့အကြောင်း ထင်ရှားအောင် မိမိသန္တာန်မှာ ယခုဖြစ်ခိုက် အသိတရားကလေးကို အာရုံစိုက်ပြီး (**ဤအသိတရားကား နာမ်တရား၊ ဤအသိတရားကား နာမ်တရား၊ ဤအသိတရားကား နာမ်တရား**) လို့ အထပ်ထပ်ဆင်ခြင် အထပ်ထပ်ပွားများ အထပ်ထပ်ရှုမှတ်ရမည်။

ဤကား နာမ်တရားကို ပိုင်းခြား၍ ရှုပုံတည်း....

၃။ နာမ်တရားမှဆက်၍ ရုပ်တရားကိုရှုပုံ။

ဤယခု ငါရှုဆင်ခြင်နေတဲ့ နာမ်တရားသည် မှီရာနှင့်ကင်း၍ မဖြစ်နိုင် မှီရာရှိမှသာလျှင် ဖြစ်နိုင်ရာ၏ ၎င်းနာမ်

တရား၏မှီရာကား၊ အဘယ်ဟာနည်း အဘယ်နားမှာ ရှိပါသနည်းဟု စဉ်းစားဆင်ခြင်သည့်အခါ အလွန်စိတ်စိုက်၍ အာရုံပြု ရှုလိုက်သည့်အခါ ရင်လေး ရင်ပူ ရင်ဟာ ရင်အောင့်ခြင်းများ ဖြစ်လာဘတ်ပုံကို ထောက်ထားမှန်းဆ၍ ကေန်ရုင်လယ်နှလုံးသားမှာ မှီ၍ဖြစ်ရာ၏ ဤနာမ်၏ မှီရာ နှလုံးသားနှင့်တကွ တခုနှင့်တခု ဆက်စပ်မှီတွယ်နေကြတဲ့ အမာခံ အရာဝတ္ထု အစုအဆုံင် အကောင်အထည် ဒြပ်ပုံဟန် သဏ္ဌာန်များသည် အတွင်းက နာမ်တရားနှင့် ကင်း၍ ဘာတခုမျှ မရွက်ဆောင်နိုင် နာမ်တရားစေခိုင်းတိုက်တွန်းမှုကြောင့်သာ သွားလာထိုင်ရပ်စသော ကိစ္စများကို ပြုနိုင်ပေ၏၊ နာမ်မပါလျှင် လူသေပမာ ဘာမှအသုံးမကျ ၄က်ပျောဝိုး လက်ပန်တုံးနှင့်သာ တူ၍နေသော ငါ၏ ဤကိုယ်ကောင်ကြီးသည် ချမ်းလျှင်တမျိုး ပူလျှင်တဖုံ အမျိုးစုံ ပြောင်းလဲပြီး အနည်းနည်း ဖေါက်ပြန်၍နေ၏ ယခုတိုင်နေဆဲမှာပင် ထိုင်ကာစနှင့် မတူ ညောင်းညာပူနွေးခြင်းစသော အမူအရာ ထူးခြားချက် ကိုယ်တွေ့ပင် ထင်ရှားလျက်နေပါတကား ဤသို့ရှေးအမူနှင့်မတူ၊ အကြောင်းအမျိုးမျိုးကြောင့် အမျိုးမျိုးပြောင်းလဲဖြစ်ပျက်၍ နေခြင်းသည် ဖေါက်ပြန်ဒါပါတကား ဤသို့ဖေါက်ပြန်တတ်သောကြောင့် ရုပ်တရားဟု ဆိုဒါပါတကားဟု ကိုယ်တွေ့သဘောကျ ကေန္တပိုင်နိုင်စွာ သိရှိပြီး၍ (ဤကား-ရုပ်တရား၊ဤကား-ရုပ်တရား၊ဤကား ရုပ်တရား) ဟု အထပ်ထပ် ပွားများ အထပ်ထပ် ရှုရမည်။

ဤကား ရုပ်တရားကို ပိုင်းခြား၍ ရှုပုံတည်း။

ဤသို့ ရုပ်နာမ်နှစ်ရပ်ကို ပိုင်နိုင်စွာ သိရှိပြီး၍ ဤငါ၏ အသိတရားကလေးသည် အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်တရားပါတကား။

ဤနာမ်တရားနှင့် တွဲဘက်ရမှ သွားလာ လှုပ်ရှား တတ်တဲ့ ငါ၏ ကိုယ်ကောင်ကြီးက ဖောက်ပြန်တတ်သော ကြောင့် ရုပ်တရားပါတကား။

(**ဤကား နာမ်တရား၊ ဤကား ရုပ်တရား၊ ဤကား နာမ် တရား၊ ဤကား ရုပ်တရား၊ ဤကား နာမ်တရား၊ ဤကား ရုပ်တရား....။**

**နာမ်လဲ နာမ်တခြား သပ်သပ်၊ ရုပ်လဲ ရုပ်တခြား သပ်သပ် မရောနှောကြပါတကား-**) ဟု အထပ်ထပ် ပွားများ အားထုတ်ကြရမည်။

ဤသို့ ပွားများဘန်များလျှင် နာမ်နှင့်ရုပ်အပြင် ဘာမှ မရှိ၊ နာမ်ရုပ်သာ အမှန်ရှိ၏၊အမှန်ရှိတဲ့ နာမ်ရုပ်အပေါ် မှာ တင်စားပြီး အခည်ပညတ် အမျိုးမျိုးတွေ ခေါ်ဆို ပြော ဟောနေကြပါတကား ဟု နာမ်ရုပ်ကို ပိုင်နိုင်စွာ သိတဲ့ အသိဉာဏ် ပေါ်လာတော့၏။

ဤ အသိဉာဏ်သည်ပင် ဝိပဿနာ အခြေခံ အရေး အကြီးဆုံးဉာဏ် ဖြစ်၏၊ ဤဉာဏ်ကိုမှ မပိုင်နိုင်လျှင် အထက် ဉာဏ်များကို မတက်နိုင်ပေ။

ထို့ကြောင့် ဤအခြေခံ အရေးကြီးတဲ့ဉာဏ်ကို ပိုင်နိုင် အောင် အဖန်ဖန် အားထုတ်ကြပါကုန်။

**နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ပြီး၏။**

၄။ ပစ္စယ ပရိဂ္ဂဟဉာဏ်သို့တက်ပုံ

ဤသို့ နာမ်ရုပ်ကို ပိုင်းခြား၍ သိပြီးတဲ့နောက် ၎င်း နာမ်ရုပ်တို့၏အကြောင်းကို ပိုင်းခြား၍သိအောင်ရှုတဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်သို့ တက်ပုံကား....

ဤယခု ငါသိရှိပြီးတဲ့ နာမ်ရုပ်များသည် အကြောင်း မရှိဘဲ ဖြစ်ကြမှာ မဟုတ်။ ရှိရှိသမျှ အကြောင်းကြောင့် အကျိုးဖြစ်ရပါချည်း ဖြစ်သောကြောင့်ကေန်ဖြစ်စေတတ်တဲ့ အကြောင်းရှိရမှာပါတကား။

ဗြဟ္မာမင်းကြီးတို့၊ ဗိသနိုးနတ်မင်းကြီးတို့၊ ထာဝရ ဘုရားတို့ ဖန်ဆင်းလို့ ဖြစ်တယ်လို့ ယူဆပြန်ရင်လဲ ၎င်း ဖန်ဆင်းတတ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ ရုပ်နာမ်တွေပင် ဖြစ်ကြသောကြောင့် ၎င်းပုဂ္ဂိုလ်တွေကို ဖန်ဆင်းနိုင်ဘို့ရာ အကြောင်းတပါး ရှာရလိမ့်ဦးမယ်။ အဲဒီတော့ ဒီလို ဖန်ဆင်းလို့ ဖြစ်တယ်ဆိုဒါလဲ အကြောင်း မလုံလောက် နိုင်သေးဘူး။

ဤလူ့ဘဝသို့ ရောက်ရ လူဖြစ်ရဒါဟာ ကောင်းမြတ် တယ်ဟု ပညာရှိများ မိန့်ကြားကြသဖြင့် ဤငါ၏ လူ့ဘဝ လူ့ရုပ်နာမ်ဟာ ကောင်းသောအမှုကြောင့် ဖြစ်ရမှာပါ တကား။ ကောင်းသောအမှုဆိုဒါလဲ ကုသိုလ်ကံပါတကား ကုသိုလ်ကံကြောင့်သာ လူ့ဘဝ လူ့ရုပ်နာမ်ရဒါပါဟာ ကားဟု နာမ်ရုပ်၏ ဖြစ်ကြောင်းကံတရားကို ပိုင်းခြား၍ သိနိုင်ပြန်တယ်။

ဤ ကုသိုလ်ကံတရားဟာလဲ ယခုဘဝ ရုပ်နာမ်ဖြစ်ဘို့ အတွက် ရှေးဘဝကပြုကဲ့ရဒါ ဖြစ်သောကြောင့် ၎င်းကံ

ပြစ်ဥ်အခါတုံးက လူ့ဘဝ ရောက်လိုတဲ့ တောင့်တချက် တဏှာနှင့်စွဲလမ်းချက် ဥပါဒါန်တရားလဲ ဧကန်ပါရှိမှာပါ တကား။ဤလို တောင့်တလောက်အောင်၊ စွဲလမ်းလောက် အောင် လူ့ဘဝ လူ့ရုပ်နာမ်ကို မကောင်းဒါ မမြင် အကောင်းချည်းထင်အောင် ဖုံးကွယ်ထားတတ်တဲ့ မောဟ လို့ ခေါ်တဲ့ အဝိဇ္ဇာတရားလဲ ပါရှိမှာပါတကား၊ အဲဒီ တော့ ယခုဘဝ လူ့ရုပ်နာမ် လူ့ခန္ဓာကောင်ရလာဒါဟာ ရှေးရှေးဘဝကပြုကဲ့တဲ့ အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ခြံရံတဲ့ ကံဆိုတဲ့ အကြောင်းတရားတွေပါတကား၊ ဒီအကြောင်း တရားတွေကြောင့် ယခုဘဝ လူ့ရုပ်နာမ်တွေ ရနေဒါပါ တကား။

ဤကဲ့သို့ အကြောင်းကြောင့် ဖြစ်ရတဲ့ ရုပ်နာမ်တွေ ဟာလဲ ယခုဘဝမှာ၊ အစာ, အာဟာရတို့ကြောင့် မပျက် မစီး ကြီးပွားပြီး ယခုတိုင်အောင် တည်နေနိုင်ဒါပါ တကားလို့ စိန္တာမယဉာဏ်ဖြင့် ကြံဘန်ပြီးတော့လဲ ရှုနိုင် ရမယ်။

ပြီးတော့လဲ ကြားဘူး နာဘူးတဲ့ သုတမယဉာဏ်ဖြင့် ရှေးဘဝက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ-ဟူသော အကြောင်း ယခုဘဝ အာဟာရဟူသော အကြောင်းတို့ ကြောင့် ငါ၏ ရုပ်နာမ်တွေဟာ ဖြစ်၍ နေဒါပါတကားဟု

(**အကြောင်းကြောင့် ဖြစ်တဲ့ ရုပ်နာမ် အကျိုးတရားတွေပါ တကား။ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ်နာမ် အကျိုးတရား တွေပါတကား**)လို့ အဘန်ဘန် အထပ်ထပ် ရှုရမည်။

ဤလို ရုပ်နာမ်များလေသော် အကြောင်းကို ပိုင်းခြား၍ သိနိုင်တဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာလေ၏။

ပစ္စယ ပရိဂ္ဂဟဉာဏ် ပြီး၏။

၅။ သမ္မသနဉာဏ် တက်ပုံ

အကြောင်းကို ပိုင်းခြား၍ သိပြီးတဲ့နောက် ရုပ်နာမ် ဘွေကို သက္ခဏာရေးသုံးပါး တင်ပြီး သုံးသပ်တဲ့ သမ္မသန ဉာဏ်တက်ပုံကား....

ထမင်းအိုး၊ ဟင်းအိုးများ ချက်ပြုတ်တဲ့အခါ အောက်က မီးထိုး ပျင်းထန်သည့်အတွက်ကြောင့် ဆူပွက် ဝေလျံ၍ တက်လာလျှင် မီးထိုး ပျင်းခြင်း အကြောင်းတို့ကြောင့် ဝေလျံဆူပွက်တဲ့အကျိုး ပေါ်ဒါဘဲဟု သိပြီး မီးကို လျှော့ လိုက်လျှင် အဆူအပွက်ငြိမ်သက်၍ အဝေအလျံ လျော့ကျ သွားလေ၏။

အဲဒါလို အကြောင်းကြောင့် ဖြစ်ပေါ်နေတဲ့ အကျိုး ရုပ်နာမ်တွေဟာ အကြောင်း ချုပ်လျှင် ကေန်အကျိုး ချုပ်မှာဘဲ အကြောင်းပျက်လျှင် ကေန်အကျိုးပျက်မှာဘဲ၊ အကြောင်းလျော့လျှင် ကေန်အကျိုးပျော့မှာဘဲ။

ဤသို့ ကုန်ဆုံး ပျက်ပြီးရမည့် ရုပ်နာမ်တရားတွေသည်း ဖြစ်သောကြောင့် (အမြဲမရှိ၊ အမြဲမရှိ၊ အမြဲမရှိ၊ အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ မမြဲသောကြောင့် ဆင်းရဲ၏၊ ဆင်းရဲ၏၊ ဆင်းရဲ၏၊ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ၊ မြဲအောင် ချမ်းသာအောင် ပြုပြင်လို့မရ .

**အလိုသို့ မလိုက်ကြသောကြောင့် အစိုးမရ၊အစိုးမရ၊ အစိုးမရ၊ အနတ္တ၊ အနတ္တ၊အနတ္တ၊ တရားတွေပါတကား)** လို့ အဘန်ဘန် အထပ်ထပ်သုံးသပ် ဆင်ခြင်ရမည်။

ပြီးတော့ တဖန်ရှေးအခါက ဖြစ်ခဲ့ပြီးကြတဲ့ ငါ၏ရုပ်နာမ်တို့သည် ရှေးအခါကပင် ချုပ်ခဲ့ကြကုန်ပြီ ထို့ကြောင့် **(အမြဲမရှိ အနိစ္စ၊ဆင်းရဲ၏ ဒုက္ခ၊ အစိုးမရ အနတ္တ၊ တရားတွေပါ တကား)**

ယခုဖြစ်ဆဲ ငါ၏ရုပ်နာမ်တို့သည် ယခုခဏမှာပင် ဖြစ်ပြီးလျှင်ပြီးခြင်း ချုပ်ကြကုန်၏၊ ထို့ကြောင့် **(အမြဲမရှိ အနိစ္စ၊ ဆင်းရဲ၏ ဒုက္ခ၊ အစိုးမရ အနတ္တ၊ တရားတွေပါတကား....)**

နောင်အခါ ဖြစ်ပေါ်လာလတံ့သော ငါ၏ ရုပ်နာမ်တွေဟာလဲ ကေန် ချုပ်ပျက်ကြကုန်လတံ့ ထို့ကြောင့် **(အမြဲမရှိ အနိစ္စ၊ဆင်းရဲ၏ ဒုက္ခ၊ အစိုးမရ အနတ္တတရားတွေပါတကား....)**

ဤလို ကာလအားဖြင့်လဲ သုံးသပ်ဆင်ခြင်ရမည်။

ဤသို့ သုံးသပ်ဆင်ခြင်ဘန်များလျှင် လက္ခဏာရေး သုံးပါးထင်မြင်တဲ့ သမ္မသနဉာဏ် ဖြစ်ပေါ်လာလေ၏။

သမ္မသနဉာဏ် ပြီး၏၊

၆။ (ဥဒယဗ္ဗယဉာဏ်) ဤသို့ ရှုဘန်များသဖြင့် နာမ်ရုပ်တရားတို့၏ ထိုထိုအခိုက်အတန့်အားလျော်စွာ သန္တတိ

အစဉ်အားဖြင့် ခဏ ခဏ တဖွားဖွား ဖြစ်ပေါ်မှု ချုပ်ဆုံးမှုကို မျက်မြင်ကဲ့သို့ ပစ္စက္ခဒိဋ္ဌအားဖြင့် အသိဉာဏ်အမြင်ပေါက်မှုသည် ဥဒယဗ္ဗယ ဉာဏ်မည်၏။

၇။ (ဘင်္ဂဉာဏ်)နာမ်ရုပ်တရားတို့၏ချုပ်ကွယ်ပျောက်သွားမှုကိုသာ အထူးအားထုတ်၍ ပစ္စက္ခဒိဋ္ဌအားဖြင့်ဉာဏ်အမြင်ပေါက်မှုသည် ဘင်္ဂဉာဏ် မည်၏။

၈။ (ဘယဉာဏ်)....ကာလ သုံးပါး၌ ဖြစ်သော ရုပ်နာမ်တို့၏ ပျက်ပြီး ပျက်ဆဲ ပျက်လတံ့ကိုမြင်၍၊ တောဘူမက ရုပ်နာမ်တရားတို့သည် ကြောက်မက်ဘွယ် တည်း ဟု ဘေးဥပါဒ်အနေအားဖြင့် ရှုမြင်သောဉာဏ်သည်ဘယဉာဏ် မည်၏။

၉။ (အာဒီနဝဉာဏ်)....ဤဘဝ ပဋိသန္ဓေ ကို၎င်း၊ ပဝတ္တိခန္ဓာငါးပါးကို၎င်း၊ သဏ္ဌာန် အားဖြင့် ထင်သော သင်္ခါရနိမိတ်ကို၎င်း၊ ဤဘဝပြုအပ်သောကံကို၎င်း၊နောက်ဘဝ ပဋိသန္ဓေကို၎င်း၊ ဆင်းရဲ အစုသာတည်း ဟု ရှုမြင်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

၁၀။ (နိဗ္ဗိဒါဉာဏ်)....ရုပ်နာမ်တို့၏ အပြစ်ကို မြင်ပြီးသော ယောဂီ ပုဂ္ဂိုလ်သည် မိမိ ခန္ဓာကိုယ် ဟု အသိအမှတ်ပြုထားသော ရုပ်နာမ်တရား၌ စိတ် အ ပျက် ကြီးပျက်၏။ စိတ်ကုန်ခန်း၏၊ ငြီးငွေ့၏၊ ဤသို့ ငြီးငွေ့သောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

၁၁။ (မုဉ္စိတုကမျတာဉာဏ်)....နိဗ္ဗိဒါဉာဏ် ရပြီးသော ယောဂီပုဂ္ဂိုလ်အား ရန်သူ ဝိုင်းထားသော ယောကျ်ား

ကဲ့သို့၊ ဘယသင်္ခါရတခု၌မျှ၊ပျော်ပါးတပ်စွဲခြင်းမရှိ၊ လွန်စွာ ထွက်မြောက် ကျွတ်လွတ် လိုသော စိတ်သည့်၊ အမြဲတည်၏၊ ဤသို့ ကျွတ်လွတ် လိုသော စိတ်ဆန္ဒနှင့် တကွဖြစ်သောဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။

၁၂။ (ပဋိသင်္ခါဉာဏ်)….ရုပ်နာမ် ဓမ္မ သင်္ခါရ တို့ မှ ကျွတ်လွတ်လိုသော ယောဂီ ပုဂ္ဂိုလ် အား တဘန် ထို ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို မြန်မြန်ကြီးကျွတ်ဘို့ရန် အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ဟု ဉာဏ်ကုန်လွှတ်၍ ဆင်ခြင် သုံးသပ်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

၁၃။ (သင်္ခါရုပေက္ခာဉာဏ်)….ဤသို့ ဉာဏ်ကုန်လွှတ်၍ ရှုသဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သာ ယာ သော နိကန္တိတဏှာ၊ ရှင်းရှင်းကွာ၍ ဤရုပ်နာမ် ဓမ္မ၊ သင်္ခါရ ဒုက္ခတို့မှ ကျွတ်လွတ် ရမည် ကောန်ဟု–သန္နိဋ္ဌာန် ချနိုင်သောအခါမှာ ရှေးအဘို့ ဘယဉာဏ်၊ အာဒီနဝဉာဏ်တို့ ဖြစ်သောအခါမှစ၍ ပြင်းထန်စွာဖြစ်၍လာသော ကြောက်မှု ထိတ်မှု လန့်မှုတို့သည် ပြေငြိမ်း၍ ကုန်လေ၏။ သက်သာရလေ၏။ ဤသို့ဖြစ်သောအခါ ထို ခန္ဓာ ငါး ပါး ရုပ်နာမ်တရားတို့၌ ကြောက်ခြင်း ထိတ်လန့်ခြင်းမရှိ၊ပကတိ လျစ်လျူရှုသော ဝိပဿနာဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

၁၄။ (အနုလောမဉာဏ်)…. ဤ သင်္ခါ ရုပေက္ခာဉာဏ်ကို အဘန်ဘန်အားထုတ်သော ယောဂီပုဂ္ဂိုလ်အား မဂ်ဖိုလ် ဖြစ်ပေါ်ခါနီး ရှေးအဘို့၌ ပရိကံ၊ ဥပစာ–အနုလုံ–ဟူသော

ဥပစာဂ၊ သမာဓိဇောသုံးကြိမ်သည် အနုလောမ ဉာဏ် မည်၏။

ဤ အနုလောမ ဉာဏ် တိုင် အောင် ဝိပဿနာ ဉာဏ် ဆယ်ချက်ဖြင့် လောကီဘက်မှ ထွက် မြောက် ပြီး လျှင် ဂေါတြဘူ ဉာဏ် တချက်ခြားလျက်-သိ-ပယ်-ဆိုက်-ပွား လေးပါးသော ကိစ္စတို့ဖြင့် သစ္စာတရားကို ပိုင်း ခြား ၍ သိမြင်နိုင်တဲ့ မဂ်တရား ဖိုလ်တရား တိုင်အောင် ပေါက် ရောက်နိုင်လေတော့၏။

ဤကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမှ၊ဝိပဿနာသို့တက်၍ မဂ် ဖိုလ် ပေါက်အောင် အား ထုတ်နည်း အကျဉ်း ချုပ် တည်း။ ။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပြီး၏။

---

မေတ္တာ ဘာဝနာပွားများနည်း....

၁၅။ မေတ္တာ ဘာဝနာကို တိုတိုကျဉ်းကျဉ်း လိုရင်းမျှ သမာဓိ,ရလောက်ရုံ မြန်မာဘာသာဖြင့် ပွားများပုံကား--

ငါသည် ဘေးရန် ကင်းလိုပါ၏။ ငါဘေးရန် ကင်းချင် သလို၊ အားလုံးသော သတ္တဝါတွေလဲ ဘေးရန် ကင်း ချင် ကြလိမ့်မည်။ အားလုံးသော သတ္တဝါတွေ ဘေးရန် ကင်းကြ ပါစေသတည်း၊ ဘေးရန် ကင်းကြပါစေသတည်း။

ငါသည် စိုးရိမ်သောက- ကင်းလိုပါ၏၊ ငါစိုးရိမ်သောက ကင်းချင်သလို အားလုံးသော သတ္တဝါတွေလဲ စိုးရိမ်သောက ကင်းချင်ကြလိမ့်မည်။အားလုံးသောသတ္တဝါတွေစိုးရိမ်သောက

ကင်းကြပါစေသတည်း။ စိုးရိမ် သောက ကင်းကြပါစေသ
တည်း....

ငါသည် ဆင်းရဲခြင်းကင်းရလိုပါ၏။ ငါဆင်းရဲခြင်းကင်း
ချင်သလို၊ အားလုံးသော သတ္တဝါတွေလဲ ဆင်းရဲခြင်း ကင်း
ချင်ကြလိမ့်မည်။ အားလုံးသော သတ္တဝါတွေဆင်းရဲခြင်းကင်း
ကြပါစေသတည်း၊ ဆင်းရဲခြင်းကင်းကြပါစေသတည်း။

ငါသည် ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ရပါလို
၏။ ငါသည် ချမ်းသာစွာမိမိကိုယ်ကို ရွက်ဆောင်နိုင်ချင် သလို၊
အားလုံးသော သတ္တဝါတွေလဲ ချမ်းသာစွာ မိမိကိုယ်ကို ရွက်
ဆောင်နိုင်ချင်ကြလိမ့်မည်။ အားလုံးသော သတ္တဝါတွေ ချမ်း
သာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသတည်း၊ ရွက်
ဆောင်နိုင်ကြပါစေသတည်း။

ဤကား အကျဉ်းချုပ် အလွယ်ဆုံး မေတ္တာပွားများ
နည်းတည်း....

အားလုံးသောသတ္တဝါတွေရည်မှန်း၍ မေတ္တာပွားများ
လိုလျှင်၊ မိမိဉာဏ်မှီသမျှ သတ္တဝါအားလုံးကို အာရုံပြု၍
ပွားများပါ။

တဦးတယောက်တည်းကို မေတ္တာပွားလိုလျှင်၊ ပွားလို
သော သူကို၊ ရည်မှန်းအာရုံပြု၍ ပွားများပါ။

ဤမေတ္တာတည်းဟူသော သမထကမ္မဋ္ဌာန်းမှ ဝိပဿ
နာသို့ တက်လိုသော်၊ မေတ္တာပွားနေတဲ့ မိမိ၏ကုသိုလ်စိတ်
တည်းဟူသော နာမ်တရားနှင့်၊ ၎င်းနာမ်၏မှီရာ ရုပ်တရား

ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိတုံးက ပြကဲ့သည့်နည်းအတိုင်း ဝိပဿနာရှုပါလေ···· အကျယ်မရေးတော့ပြီ။

မေတ္တာ ဘာဝနာ ပွားများနည်းပြီး၏။

---

၁၆။ မရဏာနုဿတိ ပွားများနည်း၊

မရဏာနုဿတိ ဘာဝနာကို တိုတိုကျဉ်းကျဉ်း လိုရင်းမျှ၊ သမာဓိရရုံ မြန်မာဘာသာဖြင့် ပွားများပုံကား····

သေလွန်ပြီးသော သူများကို အာရုံပြု၍၊ ၎င်းနည်းတူ မိမိ၏လဲ သေရ ဦးမည့် အရေးကို မျှော်တွေး ရည်မှန်းပြီးလျှင်····

ငါ့အား သေရခြင်းသည် ဖြစ်လတံ့၊ ငါသည် သေရဦးမှာပါတကား၊ သေရဦးမှာပါတကား....

ငါ၏ အသက်ဇီဝိတိန္ဒြေသည် ပြတ်လတံ့၊ ငါ၏ အသက်ဇီဝိတိန္ဒြေသည် ပြတ်ရဦးမှာပါတကား၊ ပြတ်ရဦးမှာ ပါတကား....

ငါသည် မချွတ်ကေန်သေရာ၏၊ ငါသည် မချွတ်ကေန်သေရဦးမှာပါတကား၊ သေရဦးမှာ ပါတကား....

ဤသို့ အခါခါ အထပ်ထပ် ပွားများရမည်....

တနည်းအားဖြင့်လဲ ငါတို့ပစ္စိမာရုံ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူကာနီး ပို့ချတော် မူကဲ့တဲ့အောက်ပါလင်္ကာအတိုင်းလဲ ရွတ်ဘတ်၍ပွားများနိုင်ပါသည်။

**(သင်းချိုင်းမြေစာ ဖြစ်ရာရာ- ချိန်ခါနီးလှပြီ-ချိန်ခါနီးလှပြီ- တနေ့ထက်တနေ့ နီးလှပြီ- တနေ့ထက်တနေ့ နီးလှပြီ)။**

**(တောကြီးမြိုင်ရုံ၊ မြေသုသာန်-မြုပ်ရန်နီးလှပြီ၊ မြုပ်ရန် နီးလှပြီ-တနေ့ထက်တနေ့ နီးလှပြီ-တနေ့ထက်တနေ့နီးလှပြီ)။**

ဤကား ဆရာတော်ဘုရားကြီး ပို့ချတော် မူကဲ့သော လင်္ကာတည်း....။

ဤသို့မိမိ၏သေရမည်ကို အာရုံပြု၍ရှုသည့်အခါ-ကြောက် စိတ်ပေါ်လာတတ်သည်၊ ကြောက် နေ လျှင် ဘာ ဝနာ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်လိမ့်မည်။ သို့အတွက်သတိ သံဝေဂ၊ ရှေ့သွားဖြင့် အသင့်အတင့် နှလုံးထား၍၊ မည် သူ၏သေခြင်းဖြစ်စေ၊ သေရခြင်း သဘောတရားမျှ ကိုသာ ပွားများဆင်ခြင်ရာ၏။

ဤကား မရဏာနုဿတိကမ္မဋ္ဌာန်း ပွားနည်း အကျဉ်း ချုပ်တည်း....

ဤကား ကမ္မဋ္ဌာန်းမှ ဝိပဿနာသို့ တက်လိုသော်- သေရမည်ကို အာရုံပြု၍ ပွားများတဲ့ ကုသိုလ် စိတ်တည်း ဟူသော နာမ်တရားနှင့် ၎င်းနာမ်တရား၏မှီရာ ရုပ်တရား များကိုအာရုံပြု၍ ဗုဒ္ဓါနုဿတိတုံးက ပြကဲ့သည့် နည်း အတိုင်း ဝိပဿနာရှုပါလေ။ ။

မရဏာနုဿတိ ကမ္မဋ္ဌာန်းပြီး၏။

---

ဤ ယခုပြကဲ့ပြီးသော ကမ္မဋ္ဌာန်း သုံးပါးသည် အား လုံးသော ကမ္မဋ္ဌာန်းနှင့်ဆိုင်၍ အားလုံးသော ကမ္မဋ္ဌာန်း

တို့၏ ရှေးဦးစွာ အနည်းငယ်စီ ပွားများရသောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်သည်။

ဤသုံးပါးထဲကလဲ တပါးပါးကို ပဓာနထား၍ ပွားများလိုလျှင် ကျန်နှစ်ပါးကို အနည်းငယ်စီ ရှေးဦးစွာ ပွားများပြီးမှ ပွားများပါဟု ဆိုလိုသည်။

သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးပါးပြီး၏။

---

၁၇။ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမှတပါး၊ အာနာပါန ကမ္မဋ္ဌာန်းကို အနည်းငယ်ပြဉ်းအံ့....

အာနာပါန ပွားများနည်း....

အာနပါနပွားများပုံကား.... ထွက်လေ, ဝင်လေကို မလွတ်အောင် သတိပြု၍ မှတ်နေခြင်းကို၊ အာနာပါန ပွားများသည်ဟုဆိုသည်။ လေထွက်သွားတဲ့အခါ ဝင်လာတဲ့အခါ၊ နှာခေါင်းဖျားနှင့်အထက်နှုတ်ခမ်းဖျားကို ထိ၍ ထိ၍သွားတတ်သည်။ ဤသို့ ထိ၍ထိ၍သွားဒါကို အမြဲ သတိပြုပြီး၊ မလွတ်အောင် တခြားသို့ စိတ်မရောက်အောင် မှတ်၍နေရမည်။ နှာခေါင်းပေါက်က ဝင်ပြီး ဝမ်းထဲသို့ ရောက်သွားဒါ၊ နှာခေါင်းပေါက်က ထွက်ပြီး၊ အပြင်သို့ ရောက်သွားဒါကို လိုက်၍ မှတ်နေဘို့မလို။ လေထွက်တဲ့ အခါ ထိသွား- ဝင်တဲ့အခါ ထိသွား- ဤလိုထိသွားတာ ကလေးကိုပင်မှတ်နေရမည်။ ရှေးဦးစွာ အားထုတ်တဲ့အခါ မလွတ်အောင် မှတ်နိုင်ဘို့ သတိပြုနိုင်ဘို့ ကျင့်ပုံကတော့ (၁-၂-၃-၄-၅)ဘိအောင် အလွတ်မပေးဘဲ၊ ရအောင်

မှတ်မည်ဟု မဋ္ဌာန်ပြီး မှတ်၍ကျင့်ရမည်။ဘယ်လိုမှတ်ရမလဲ ဆိုလျှင်၊ ထွက်လေရှိုက်လို့ ထိသွားတဲ့အခါ၊ ၁-ဟုမှတ်၊ ဝင်လေရှူလို့ထိသွားတဲ့အခါ ၂-ဟုမှတ်၊ဤသို့စသည်ဖြင့် ၃-၄-၅ ထိအောင် မလွတ်တန်းမှတ်ပါ။ ဤလို ၅-ထိ အောင် တကြိမ်မှတ်နိုင်ပြီးလျှင်၊နောက်တဖန် ၁-ကပြန်၍ ၅ထိအောင် မှတ်ရဦးမည်။ ဤသို့ (၁-၂-၃-၄-၅= ၁-၂-၃-၄-၅)ဟု၊ အခါခါအထပ်ထပ် မလွတ်အောင် မှတ်နေရမည်။ဤသို့မှတ်ပါများလျှင် သမာဓိ ကောင်းလာ တဲ့အခါ (၁-၂-၃-၄-၅)ဟု မရေတွက်ဘဲနှင့် မလွတ် အောင် မှတ်နိုင်လိမ့်မည်။ ၁၅ မိနစ်၊ နာရီဝက်၊ တနာရီ၊ ၂ နာရီတိုင်အောင်မလွတ်တန်းမှတ်နိုင်လာလျှင်၊ အလွန် သမာဓိ ရင့်လာပြီဟု ဆိုရမည်။ ဝိပဿနာသို့ တက်ရန် သမာဓိအလုပ် ဟူသောင်ရုံမျှ ဖြစ် သော ကြောင့် ဤမျှ လောက်သမာဓိရလျှင်၊ ဝိပဿနာသို့ တက်နိုင်ပြီ။

ရှေးကပြကဲ့တဲ့ နည်းအတိုင်း ထွက်လေ ဝင်လေကို အာရုံပြုနေတဲ့ ဘာဝနာ ကုသိုလ်စိတ်တည်းဟူသော နာမ် တရားနှင့် ၎င်းနာမ်၏မှီရာ ရုပ်တရားတို့ကိုရှု၍ ဝိပဿနာ ပွားများပါလေ။

(ဤနှ အထူး မှာထားချက်ကား ပြင်းပြင်း ရှူဒါ၊ လျော့လျော့ရှူဒါ ပဓာနမဟုတ်၊ သက်သက်သာသာနှင့် ရှူရှိုက်နေကြအတိုင်း ရှူရှိုက်၍ နေသည်ကို မလွတ် အောင် မှတ်နိုင်ဘို့သာ သတိပြုဘို့ အရေးကြီးပါသည်။)

အာနာပါနကမ္မဋ္ဌာန်းနည်း အမြွက် ပြီး၏။

၁၈။ ကာယဂတာသတိလို့ ခေါ်တဲ့ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဆိဒ္ဓိပိဓာနနီ ကျမ်းမှာ ပြထားသည့်အတိုင်း အနည်းငယ် ဆက်၍ ပြဦးမည်။

ကောဋ္ဌာသ ကမ္မဋ္ဌာန်းဆိုဒါ မိမိ ခန္ဓာကိုယ်ကြီးမှာ ၃၂ ဘို့၊ ၃၂ စု ခွဲလိုက်လျှင် ဘာမှမရှိ၊ လက်သဏ္ဌာန်၊ ခြေသဏ္ဌာန်၊ ခေါင်းသဏ္ဌာန်၊ ကိုယ်သဏ္ဌာန် စသည်နှင့် ယောကျ်ား၊ မိန်းမ ဟူ၍ ခေါ်စရာ ပြောစရာ ဘာမှမရှိ၊ ၃၂ ပါးသော အဘို့အစုသာ ရှိတော့တယ်လို့ ဆိုလိုတယ်။

၃၂ ပါးသော အဘို့အစုဆိုဒါကတော့ ဆံပင်၊မွေးညင်း လက်သည်း ခြေသည်း၊သွား၊အရေ အစရှိတဲ့ ၃၂ မျိုးဘဲ။

၎င်း ၃၂ မျိုးထဲက မိမိ ခန္ဓာကိုယ်ထဲမှာ အလွန်၊ ထင်ရှား ပေါ်လွင်၍ အခြေခံမူလ ပဓာန အရင်းခံဖြစ်တဲ့ ကောဋ္ဌာသ ၄ ခုကို ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား,မိန်းမ,ခေါ်စရာ,အပေါင်းအစု မရှိစေရအောင် (**အရိုး၊ အကြော၊ အသား၊ အရေ=အရေ၊ အသား၊ အကြော၊ အရိုး=အရိုး၊အကြော၊အသား၊အရေ=အရေ၊အသား၊အကြော အရိုး**)ဟု အပြန်အလှန် အဘန်ဘန် အထပ်ထပ် စိတ်ခွဲ ဝေဘန် ဉာဏ်ကိုရှေ့ထား၍ ပွားများ အားထုတ်ရမည်ဟု မိန့်မှာတော်မူသည်။

ဤမျှလောက် သေးပါးသောကောဋ္ဌာသကိုသာ ပြထား သဖြင့် အလွန် ကျဉ်းလွန်းလှပါတကားဟု အထင်မသေး လေနှင့်....

ဆရာတော်ဘုရားကြီး သက်တော် ထင်ရှား ရှိစဉ်က ငါတို့ ကျေးဇူးတော်ရှင် ပန္တိမာရုံဆရာတော်ဘုရားကြီးက ဆရာဘော်၏ ကမ္မဋ္ဌာန်းနည်းက အလွန် ကျဉ်းလွန်းလှပါ တယ်လို့ လျှောက်ထားတော့ ဤမျှပင် ကျယ်လွန်းနေပါ သေးတယ်။ တပါးလောက် ပိုင်ပိုင်နိုင်နိုင်သိလျှင် ပြီးဒါဘဲ ဟု မိန့်တော်မူဘူးသတဲ့။

အဲဒါကြောင့် ကျဉ်းဒါ ကျယ်ဒါ ပဓာနမဟုတ် ပွားများ နိုင်သလောက် ပိုင်ပိုင်နိုင်နိုင် သိဘို့က အရေးကြီးပါသည်။

ဤသို့ ပွားများဘန်များလျှင် လှည်းဘိန်း လှည်းသန် ရုံတိုင် ဝင်ရိုး စသော အစိတ်အပိုင်းကို မြင်လျှင် လှည်း ဟူသော အမည်ပညတ် ပျောက်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ ဒြပ်ပြိုကွဲ ပျောက်ပျက်၍ (အရိုး၊ အကြော၊ အသား၊ အရေ) လေးထွေသော ကောဋ္ဌာသ အစုသာ ထင်လိမ့်မည်။ ဤသို့ ထင်လာလျှင် သမာဓိ အတော် ရင့်သန်လာပြီဟု ဆိုရမည်။

ဤကောဋ္ဌာသ ကမ္မဋ္ဌာန်းမှ ဝိပဿနာသို့ တက်လို သော် ရှေ့ကပြကဲ့တဲ့နည်းအတိုင်း နာမ်ရုပ်ကို ဖေါ်ရှု၍ ဝိပဿနာသို့ တက်ပါလေ။

ကောဋ္ဌာသ ကမ္မဋ္ဌာန်း ပြီး၏။

---

၁၉။ ဝေဒနာနုပဿနာနည်း....

ယခုပြမည့် ဝေဒနာနုပဿနာနည်းဆိုတာကတော့.... ဒုက္ခဝေဒနာကို ဘာဝနာပညာနဲ့ ရှုဆင်ခြင်တဲ့ ဝိပဿနာ နည်းသက်သက်ဘဲ၊ ဝေဒနာမှာလဲ....

(၁) သုခလို့ခေါ်တဲ့ ချမ်းသာကောင်းမြတ်တဲ့ ဝေဒနာ။
(၂) ဒုက္ခလို့ခေါ်တဲ့ ဆင်းရဲခံခက်တဲ့ ဝေဒနာ။
(၃) ဥပေက္ခာလို့ခေါ်တဲ့ ကောင်းမကောင်း, မထင်ရှား အသင့်အားဖြင့် လျစ်လျူရှုပြီး အမှုမဲ့အမှတ်မဲ့ ဖြစ်တတ်တဲ့ ဝေဒနာရယ်လို့ ခံစားမှုသုံးမျိုး၊ ဝေဒနာ သုံးမျိုးရှိတယ်၊ ထိုသုံးမျိုးတို့တွင်....

(၄) သုခလို့ခေါ်တဲ့ ကောင်းတဲ့ ခံစားမှုကလဲ ကောင်း လွန်းအားကြီး နေတော့ပညာဉာဏ်နဲ့ ရှုဘို့မလွယ်ဘူး၊ အကောင်းကြိုက်ပြီး နှစ်သက် တောင့်တတတ်တဲ့ တဏှာ လောဘဘက်သို့ ယိုင်သွားတတ်တယ်။

(၅) ဥပေက္ခာခေါ်တဲ့ အမှုမဲ့အမှတ်မဲ့ ခံစားမှုဝေဒနာ ကလဲ၊ မထင်မရှားသည့် အတွက်၊ တွေဝေခြင်း မောဟ ဘက်သို့ ယိုင်သွားတတ်တယ်။

(၆) ဒုက္ခဝေဒနာလို့ခေါ်တဲ့ဆင်းရဲမှုကတော့၊ ကိုယ်တိုင် လက်တွေ့ဆင်းရဲပြီး မခံမသာဖြစ်နေရတော့ အလွန်ထင် ရှားတယ်။ ထွေထွေထူးထူး ဉာဏ်စူးစိုက်ပြီး မနေရတော့ ဘူး၊ အလိုလိုပေါ်ပြီးသားဖြစ်နေတယ်၊ အဲဒီလို ပေါ်ပြီး သားဖြစ်နေတဲ့ ဒုက္ခဝေဒနာကလေး ဆင်းရဲမှုသက်သက် ကလေး၊ နာကျင်ကိုက်ခဲမှု သက်သက်ကလေးကို အာရုံပြု ဂရုစိုက်ပြီး ဉာဏ်နဲ့အသာရှုနေရမှာဘဲ....

(၇) ဘယ်လိုသဘောထားနဲ့ ဘယ်လိုစိတ်ကူးနဲ့ ဘယ်လို ရှုရမလဲဆိုတော့ ယခု နာကျင် ကိုက်ခဲပြီး နေဒါဟာ ရုပ်နာမ်အပြင် ဘာမှ မရှိနိုင်ဘူး ရုပ်နာမ်တွေပင် နာကျင် ကိုက်ခဲနေဒါဘဲ....

(၈) ဘုရားရှင်ကလဲ ရှိရှိသမျှ အရာဝတ္ထုတွေဟာ ရုပ်နာမ် သင်္ခါရတွေချည်းဘဲလို့ ဟောတော်မူထားသဖြင့် ရုပ်နာမ် သင်္ခါရမှတပါး ငါကိုက်ထာလဲ့မဟုတ် ပေါင်ကိုက်ထာလဲမဟုတ် ခါးစသည် ကိုက်ထာလဲမဟုတ် ရုပ်နာမ်သင်္ခါရတို့၏ သဘာဝအတိုင်း ဖြစ်နေကြဒါတွေပါကလားလို့ အဲဒီလိုစဉ်းစားဆင်ခြင်ပြီး ဉာဏ်နဲ့ရှုနေရမှာဘဲ။

(၉) ဒီလိုရှုနေရင်းနဲ့ တိုး၍နာလာဒါကိုလဲ သိရမယ်၊ လျော့သွားဒါကိုလဲ သိရမယ်၊ ပျောက်သွားဒါကိုလဲ သိရမယ်၊နေရာပြောင်းသွားတာကိုလဲ သိရမယ်။

(၁၀) ဘယ်နေရာကနာတယ်၊ ဂေါင်းကနာတယ်၊ ခါးကနာတယ်၊ ရင်ကနာတယ်၊ ပေါင်ကနာတယ် စသည်ဖြင့် ပညတ်စွဲလမ်းမှုတွေမပါစေဘဲ၊နာကျင်ကိုက်ခဲမှုသက်သက် မခံသာမှုသက်သက်ကလေးကိုဘဲ ရှုနေရမယ်လို့ ဆိုလိုတယ်။

(၁၁) ဒီလိုရှု၍နေခိုက်မှာ အလွန့်အလွန် မခံသာအောင် ပို၍နာလာဒါလဲရှိချင်ရှိမယ်၊ ပျောက်သွားဒါလဲ ရှိချင်ရှိမယ်၊လျော့သွားဒါလဲ ရှိချင်ရှိမယ်။ ဒီလိုတိုးလာဒါပျောက်သွားဒါ လျော့သွားဒါတွေဟာ စင်စစ်မှာ ဖေါက်ပြန်ဖြစ်ပျက်ထာတွေချည်း အမှန်ဖြစ်နေတော့ မမြဲတဲ့ အနိစ္စသဘောတွေ ထင်ပေါ်နေဒါပေါ့။

(၁၂) အဲဒီတော့မှ ဘုရားရှင် ဟောတော်မူတဲ့ ရုပ်နာမ်သင်္ခါရမှန်သမျှ အနိစ္စ အမြဲမရှိဘူးဆိုဒါ တကယ် မှန်ပါ

ကလား၊ ယခု ကိုယ်တွေ ဖြစ်နေပါကလားလို့ သဘော ကျလာလိမ့်မယ်၊

(၁၃) ယခုလို မမြဲတဲ့ အနိစ္စမှ ဆက်သွယ်ပြီး ယခုလို မမြဲလို့သာ ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခတရားတွေ ဖြစ်နေရဒါ ပါကလားလို့ ဒုက္ခအချက်ကိုလဲ သဘောကျလာလိမ့်မယ်။

(၁၄) ပြီးတော့တဖန် ယခုလို မမြဲခြင်း။ ဆင်းရဲခြင်းတွေ ဟာ ဘယ်သူမှ အလိုမရှိကြဘူး၊မဖြစ်ချင်ကြဘူး၊ မဖြစ်ချင် သော်လဲ မြဲအောင် ချမ်းသာအောင် ပြုပြင်လို့မရ အလိုသို့ မလိုက် အစိုးမရကြသောကြောင့် အနတ္တ တရားတွေပါ ကလားလို့ အနတ္တအချက်ကိုလဲ သဘောကျလာလိမ့်မယ်။

(၁၅) အဲဒီလို လက္ခဏာရေးသုံးပါး အနိစ္စ၊ဒုက္ခ၊အနတ္တ တရားများ ထင်မြင်နိုင်ဘို့ သဘောကျနိုင်ဘို့ အရေးအကြီး ဆုံးဘဲ၊ ဒီလက္ခဏာရေးသုံးပါး ထင်မြင်ဘို့ ဝိပဿနာ တရားတွေ အားထုတ်နေရဒါဘဲ။

(၁၆) ဒါ့ကြောင့် ဒီလက္ခဏာရေးသုံးပါးဟာ နောက် ဆုံး ဘာဝနာမယခေါ်တဲ့ အသိဉာဏ်မျိုးနဲ့ ပိုင်ပိုင်နိုင်နိုင် သိဒါမျိုး ရောက်အောင် အားထုတ်ကြရမှာဘဲ၊

(၁၇) ရှေးဦးစွာ ပွားများစမှာတော့ သုတမယခေါ်တဲ့ ကြားနာဘူးတဲ့ဉာဏ်နဲ့ ဖြစ်စေ၊ စိန္တာမယခေါ်တဲ့ ကြံစီ သုံးသပ်တဲ့ ဉာဏ်နဲ့ဖြစ်စေ သိဒါ မြင်ဒါ သဘောကျဒါ မျိုးလဲ ရှိချင်ရှိမယ်၊ ဘယ်ဉာဏ်မျိုးနဲ့ဘဲ မြင်သည်ဖြစ်စေ အဘန်ဘန် အထပ်ထပ် ပွားများ အားထုတ်ပါလျှင်

နောက်ဆုံးမှာ ဘာဝနာမယခေါ်တဲ့ ဉာဏ်သို့ ဆိုက်ရောက်လာမှာဘဲ။

(၁၈) ဤသို့ ဘာဝနာမယ ဉာဏ်ဖြင့် လက္ခဏာရေး သုံးပါး ထင်ရှားသိဒါဟာ ဝိပဿနာဉာဏ်(၁၀)ပါးတွင် အစဆုံး သမ္မသန ဉာဏ်ပါဘဲ၊ ဒီ သမ္မသနဉာဏ် ကမှ ဉဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် အစရှိတဲ့ ဉာဏ်စဉ် တက်ပြီး မဂ်ဖိုလ်သို့ ဆိုက်ရောက်ကြရမှာ အမှန်ပါဘဲ။

(၁၉) ယခုပြကဲ့တဲ့ ဝေဒနာနုပဿနာ နည်းကတော့ ဝိပဿနာဉာဏ်(၁၀)ပါး၏ အခြေခံ နာမရူပ ပရိစ္ဆေဒ ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်တို့အတွက် ပွားများပုံ အထူး မပါသော်လဲ၊ ဝေဒနာကို ရှုလိုက်ရုံနဲ့ ထိုအခြေခံ ဉာဏ် နှစ်ပါး အတွင်းဝင်ပြီးဖြစ်၍ ပါသွားပြီဟု မှတ်ယူရမယ်။

(၂၀) အဲဒါကြောင့်မိမိပွားများနေကျ သမထကမ္မဋ္ဌာန်း တနည်းနည်းဖြင့် ပွားများ နေထိုင်ပြီးလျှင် နာရီဝက်ခန့် ကြာသော်၎င်း၊ တနာရီခန့်ကြာသော်၎င်း၊ အတော်အတန် သမာဓိရမှသော်၎င်း၊ ကြာကြာနေထိုင်မှု စသည်တို့ကြောင့် ညောင်းညာခြင်း ကိုက်ခဲခြင်း၊ နာကျင်ခြင်း စသော ဒုက္ခဝေဒနာသော်၎င်း၊ ပြင်ပက မှက်-ခြင်-စသည်ကိုက်ခဲမှုတို့ကြောင့် ယားခြင်း၊နာခြင်း စသော ဒုက္ခဝေဒနာသော်၎င်း တခု[illegible]စ်စေ၊ အများ[illegible]ဖြစ်စေ ပေါ်လာတတ်သည်။

(၂၁) ဤသို့ ပေါ်လာလျှင် ရုတ်တရက် အယားဖျောက်ခြင်း၊ ပုတ်ခတ်ခြင်း၊ နေရာမှရွှေ့ခြင်း စသည် မပြုဘဲ အထင်ရှားဆုံး အပြင်းထန်ဆုံး ဝေဒနာ တခုခုကို အာရုံပြုပြီး

ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ၊ ဆင်းရဲ၏၊ ဆင်းရဲ၏၊ ဆင်းရဲ၏ဟု စိတ်ထဲက အောက်မေ့လျက် ရှေ့ကပြကဲ့တဲ့အတိုင်း ဉာဏ်ဖြင့် ရှုဆင်ခြင်နေရမည်ဟု ဆိုလိုသည်။

(စဉ်းစား ဝေဘန်ချက်)

(၁) ဒီလို ရှုနေတဲ့ အခါမှာ ယခု ခံစားနေရတဲ့ ဆင်းရဲမှုကြီး၊မခံသာတဲ့ ကျင်နာကိုက်ခဲမှုကြီးတွေဟာ ဘယ်တော့များမှ ပျောက်ပါမလဲ၊ မြန်မြန်ပျောက်ချင်လိုက်ထာ မြန်မြန် ပျောက်ပါစေဆိုတဲ့ တောင့်တတဲ့ စိတ်မျိုးလဲ မရှိရဘူး။

(၂) ပြီးတော့လဲ နာကျင်တဲ့ ဝေဒနာကို မခံချိ-မခံသာ အခံရခက်ထဲ့နဲ့ဒေါသထွက်ပြီး ဒါလောက်ပင် ဖြစ်လှဒါ၊ သေချင်သေပေစေ၊မပျောက်မချင်း နေရာမရွှေ့ဘူး၊ မထဘူးဆိုပြီး၊ငွကောင်းကောင်း သတ္တိကောင်းကောင်းနဲ့ ပေတေ ကျိတ်မှိတ်ပြီး သည်းခံနေရဒါမျိုး၊ ဒီလိုကျိတ်မှိတ်ပြီး စိတ်ဆင်းရဲမှုမျိုးနဲ့သည်းခံနိုင်လို့ ဝေဒနာတွေ ပျောက်သွားသည်ထိအောင် နေနိုင်ဒါမျိုးလဲ မကောင်းလှသေးဘူးလို့၊ စဉ်းစားစရာဖြစ်ပြန်တယ်။

(၃) ဘာ့ကြောင့်လဲ ဆိုတော့ ဒုက္ခဝေဒနာ အာရုံပြုပြီး၊ အသင့်အားဖြင့် ရှုနိုင်တဲ့ ပညာဉာဏ်ဖြစ်နိုင်ပါမှဘာဝနာ ကုသိုလ်စိတ်ဖြစ်မှာပေါ့။

မြန်မြန်ပျောက်ချင်လိုက်ပါဘိဆိုတဲ့တောင့်တမှုတဏှာတို့၊ ကျိတ်မှိတ်အောင့်အီး-မခံမသာကြီး အာရုံပြုနေရတယ်

ဆိုတဲ့ ဒေါမနဿတို့ ဖြစ်နေလျှင်လဲ၊ ဘယ်မှာလျှင် ဘာဝ နာကုသိုလ်စိတ် ဖြစ်နိုင်ပါတော့မလဲ။

(၄) အဲဒါကြောင့် ဒေါမနဿလဲမပါ၊ တဏှာလဲ မငြိ အောင်၊ ဖြစ်ပေါ်ခိုက် နာကျင်ကိုက်ခဲသည့် ဆင်းရဲမှုဒုက္ခ ဝေဒနာကလေးကိုသာ ငါနာတယ်၊ ဂေါင်းနာတယ်၊ ခါး နာတယ်၊ ခြေနာတယ်စသည်ဖြင့်၊ တည်ရာဖြစ်ပေါ်ရာနေ ရာဌာန ပညတ်တွေမပါစေဘဲ၊ နာမှု-ကျင်မှု ညောင်းညာမှု သက်သက်ကလေးမျှ အာရုံ ပြုပြီး၊ ရုပ်နာမ်ဆိုတဲ့ ဒုက္ခ တရားတွေ သူ့သဘာဝအတိုင်း ဖြစ်နေကြပါကလား၊ ဆင်းရဲနေကြပါကလား မခံချိမခံသာဖြစ်နေကြတာပါက လားလို့ သဘောမိအောင် ဉာဏ်မျက်စိဖြင့် ရှုကြည့်ဆင ခြင်ပြီး နေနိုင်မှသာလျှင်၊ (ဝေဒနာပစ္စယာ-တဏှာ) မ ဖြစ်ဘဲ၊(ဝေဒနာ ပစ္စယာ-ပညာ) ဖြစ်နိုင်မယ်။

(၅) ဒါမှလဲ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ပြတ်၍၊ နိဗ္ဗာန်နဲ့ နီးနိုင်မယ်....ဘာကြောင့်လဲ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် စက် ရဟတ်လည်ပုံမှာ- ရှေ့ပိုင်းစက်၊ နောက်ပိုင်းစက်ရယ်လို့ ၂ မျိုးရှိတယ်။ ရှေ့ပိုင်းစက်၏ မူလကတော့ (အဝိဇ္ဇာ, မောဟတဲ့)။ နောက်ပိုင်းစက်၏ မူလကတော့ (တဏှာ, လောဘတဲ့)။ ဒါကြောင့် (အဝိဇ္ဇာ တဏှာဝသေန-ဒွေမူ လာနိ)ဝဋ္ဋမြစ် ၂ မျိုးရှိတယ်လို့ ဘုရားဟောတော်မူတယ်။

(၆) ဝဋ္ဋမြစ် ၂မျိုး-မူလ ၂မျိုးတို့တွင်၊ ရှေ့ပိုင်းစက်၏ မူလ အဝိဇ္ဇာက စလိုက်လျှင်၊ သင်္ခါရ-ဝိညာဉ်-နာမ်ရုပ်- သဠာယတန-ဖဿ-ဝေဒနာဟု ရှေ့ပိုင်းစက် လည်သွား ပါရော....

(၇) အဲဒီရှေ့ပိုင်းစက်အဆုံး ဝေဒနာက နေပြီးတော့ မပြတ်ဘဲ၊ ဝေဒနာကြောင့် တဏှာဖြစ်သွားလျှင်၊ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏအစရှိတဲ့ နောက်ပိုင်းစက်လဲလည် သွားပြန်ပါရော....

(၈) အဲဒီ နောက်ပိုင်းစက်မှ ဆက်ပြီး၊ အာသဝတွေ ထွက်လာပြန်တော့ (အာသဝ သမုဒယာ- အဝိဇ္ဇာသမု ဒယော)လို့ ဟောတော်မူတဲ့အတိုင်း၊ ရှေ့ပိုင်းစက်တဖန် ထပ်၍ လည်သွားပြန်ပါရော....

အဲဒီတော့ သံသရာစက်ကြီးဟာ၊ မပျက်မစီး အရှည် ကြီး, မဆုံးနိုင်အောင် လည်နေတော့ဒါပေါ့....

(၉) ဒီလို အလည်ရပ်ပြီး စက် ပြတ်သွားအောင်ဟာ၊ ယခု ဘဝမှာ ရှေးရှေးက အဝိဇ္ဇာအရင်းခံပြီး သင်္ခါရ၊ ဝိညာဉ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ လည် နေတဲ့အခိုက်,ဝေဒနာဖြစ်တဲ့အခါမှာ၊ငင်းဝေဒနာကြောင့် တဏှာမဖြစ်စေဘဲ ဘာဝနာပညာဖြစ်အောင်ပြုနိုင်လျှင် တ ဏှာတည်းဟူသောဝဋ်မြစ်မျိုးစေ့တွေ ထွက် မလာသော ကြောင့်၊ ဥပါဒါန်-ဘဝ အစရှိတဲ့ အညွန့် အညောင့်တွေ မကြီးပွားနိုင်သဖြင့်၊ နောက်ပိုင်း စက်ကြီး အလည်ရပ်ပြီး သံသရာစက်ကြီးပြတ်လျက်၊ နိဗ္ဗာန်ဘက်သို့ လွတ်ထွက်နိုင် လေတော့၏....

(၁၀) ဒါ့ကြောင့် (ဝေဒနာ-ပစ္စယာ-ပညာ) ဖြစ်နိုင် ဘို့, ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာကို အကြောင်း ပြုပြီး၊ ဝိပဿနာပညာ ဖြစ်အောင် ဝေဒနာ နုပဿနာ နည်း၊ ဝေဒနာကိုရှုတဲ့နည်းကို အားထုတ် ရခြင်း ဖြစ်တယ်လို့၊ တနည်းအားဖြင့် မှတ်ယူရမယ်....

ဒီနေရာမှာ ရှေ့ကပြောခဲ့တဲ့ စဉ်းစားချက်ကလေးနဲ့ စပ်ပြီး၊ သဘောကျနိုင်ဘို့ အနည်းငယ် ဆက်ပြီးပြောပြဦးမယ်....

(၁) ဝေဒနာကိုအောင့်အီးသည်းခံပြီး မခံချိမခံသာ ဒေါမနဿဝေဒနာဖြစ်နေရဒါမျိုးလဲ(ဝေဒနာပစ္စယာ-ပညာ) မဖြစ်နိုင်လို့၊ မကောင်းလှသေးဘူးလို့ ပြောကဲ့တယ် မဟုတ်လား....

(၂) ဒါပေတဲ့လဲ အောင့်နိုင်လျှင် အကျိုးရှိ၏,ဆိုတာလို ရှေးဦးပထမ အားထုတ်စမှာတော့၊ ဒေါမနဿနဲ့ဘဲ ဖြစ်ဖြစ်၊ဘာဝနာပညာနဲ့ဘဲဖြစ်ဖြစ်၊ဒုက္ခဝေဒနာကိုအောင့်အီးသည်းခံပြီး နေရာမရွှေ့ နေရာမပြင်ဘဲနဲ့ ကြာရှည်နေနိုင်လျှင် တစတစနှင့် အကျင့်ရပြီး တဖြေးဖြေးဒေါမနဿအဖြစ် ပါး၍ပါး၍ ဘာဝနာပညာ အဖြစ် များများပြီး လာနိုင်မယ်ဆိုလျှင်လဲ နောင်အခါ ကောင်းမဲ့အကျိုးငှဲ့ပြီး မကောင်းမှန်းသိလျက်နဲ့ ဒေါမနဿ အဖြစ် ခံ၍ အောင့်တန်ရင်လဲအောင့်ရမှာဘဲ။

(၃) ရှေးဦးပထမ အားထုတ်စ အကျင့်မရမီမှာ တကျော့၊ ဒေါမနဿတို့ လုံးလုံးမဖြစ်ရဘဲ ဘာဝနာပညာကလေး သက်သက် ဖြစ်နေနိုင်ဘို့ ဆိုဒါကတော့ အလွန် ခဲယဉ်းတဲ့ အလုပ်ဘဲ၊ အဲဒီတော့ တကျော့ဒေါမနဿတို့ ဝင်တဲ့အခါ ဝင်လိုက် ဘာဝနာပညာ ယှဉ်တဲ့အခါ ယှဉ်လိုက်နဲ့ဘဲ ကြာကြာ ထိုင်ပါများ ကြာကြာ အားထုတ်ပါများတော့၊ ကျင့်သားရပြီး ဘာဝနာပညာ အဖြစ်များအောင် ကျင့်နိုင်တဲ့အဖြစ်မျိုး ရောက်သွားမှာဘဲ။

(၄) ဒါကြောင့် ဘယ်လိုနည်းနဲ့ဘဲ အောင့်အီး သည်းခံနိုင်သည်ဖြစ်စေ ကြာကြာအောင့်နိုင် ကြာကြာသည်းခံနိုင် ကြာကြာထိုင်နိုင်၍ ဝေဒနာချုပ်သည်တိုင်အောင် အောင့်နိုင်မယ်ဆိုလျှင် တဖြေးဖြေး တစတစ၊ အသားကျလာတော့ ကောင်းလာမှာ အမှန်ပါဘဲ။

(၅) ဒီလို အောင့်အီးသည်းခံပြီး ဝေဒနာချုပ်သည်တိုင်အောင် နေနိုင်၊ ရှုနိုင်သွားတော့ တခါတရံမှာ ဘာမှမရှိ ခန္ဓာကိုယ်ကြီးပါ အကုန် ပျောက်နေသလို ငြိမ်းဧးမှု အရသာကလေးသာ ခံစားနေရသလို-ပေါ့ပါးသွားသလို-လေထဲမှာ လွင့်တက်နေသလို-အထင်ရောက်ပြီး မဖြစ်စဘူး အတွေ့ထူး တွေ့နေရတော့ မဂ်ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုဒါ ဒီလိုဟာမျိုးများ ဖြစ်လေရော့သလားဟု အလွန် ကြေနပ်မှု အလွန် ဝမ်းမြောက်မှုတွေ ဖြစ်ပေါ်လာတတ်တယ်။

(၆) ဒီလိုဖြစ်ထာမျိုးဟာ နိဗ္ဗာန်အစစ် မဟုတ်သေးလဲ နိဗ္ဗာန်အတုဖြစ်တဲ့ ငြိမ်းဧးမှုမျိုးဘဲဖြစ်ဖြစ် (ပဿဒ္ဓိ)လို့ခေါ်တဲ့ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်ထဲကဘဲဖြစ်ဖြစ် ဒီလိုဖြစ်နိုင်တဲ့ အခြေလောက် ဆိုက်ရောက်လာလျှင်ဘဲ အလွန်ကြေနပ်စရာ အားတက်စရာ ကောင်းလှပါပြီ။

(၇) ဘာ့ကြောင့်လဲဆိုတော့ ယခုလိုအဖြစ်မျိုး ရောက်အောင် ကျင့်ကြံ အားထုတ်ဘူးတဲ့သူဟာ မမျှော်လင့်ဘဲ သေလောက်တဲ့ဘေးကြီးဆိုက်လာလို့ သေလောက်အောင် ဒုက္ခဝေဒနာ ခံစားနေရတဲ့ အခိုက်မှာ မိမိ အားထုတ်

ဘူးတဲ့ ဝေဒနာနုပဿနာနည်းကလေး သတိရပြီး ဝေဒနာကို ရှုနေခိုက်မှသော်ငြားလည်း၊ ကြာကြာရှုခွင့်ရလို့ ငြိမ်းအေးမှု ခံစားနိုင်တဲ့ အခြေသို့ ရောက်မှသော်ငြားလည်း သေသွားမယ်ဆိုလျှင် အပါယ်သို့ချနိုင်တဲ့ (သက္ကာယဒိဋ္ဌိ)တွေ ကင်းနေခိုက်ဖြစ်၍ အပါယ်လေးပါးတည်းဟူသော ဒုဂ္ဂတိဘေးမှ လွတ်ပြီး ကောင်းရာသုဂတိသို့ ကေန်ရောက်နိုင်မှာဖြစ်သောကြောင့် လက်နက်ကောင်းနှင့်တူစွာ ကိုးကွယ်အားထားရာ ဖြစ်နိုင်သည့်အတွက် အလွန် ကြေနပ် ဝမ်းမြောက်စရာ ကောင်းတယ်လို့ ဆိုရခြင်း ဖြစ်ပေ၏။

(ဂ) ဤမျှသာမဟုတ်သေး ဤအခြေလောက်က အရင်းခံပြီး ဆက်လက် အားထုတ်သွားမယ်ဆိုလျှင် ပါရမီအခံ ရင့်သန်ကဲ့ပါက ယခုဘဝမှာပင် အစစ်နိဗ္ဗာန်ချမ်းသာကို ခံစားရပြီး ခန္ဓာဝန် လက်စသိမ်း၍ ငြိမ်းအေးခြင်း သုခကို ကေန် ရနိုင်ကြပါလိမ့်မည်။

သို့အတွက် ပြကဲ့ပြီးသော ဝေဒနာနုပဿနာနည်းကို ယုံကြည်စွာနှင့် ကျိုးစားပြီး အားထုတ်စေလိုကြောင်း တိုက်တွန်းလိုက်ရပါ၏။

ဝေဒနာနုပဿနာနည်း ပြီး၏။

---

**(မှာကြားချက်)** မိမိကိုယ်တိုင် ဆရာတော်ကြီးထံ နည်းခံ၍ အားထုတ်ခဲ့ဘူးသည့်အတိုင်း အကျဉ်းချုပ်မျှ ပြဆိုလိုက်ရပါ၏။ အကျယ်ကို အလိုရှိသော်ငြားလည်း၊ သဘောမဓိဒါ ရှိကဲ့သော်ငြားလည်း ဆရာတော်ကြီးထံ လျှောက်ထားကြပါကုန်။

**ကမ္မဋ္ဌာန်းအားထုတ်နည်း အကျဉ်းချုပ် ပြီး၏။**

# ကျမ်းပြု ပုဂ္ဂိုလ်၏ ဆုတောင်း

ဟောတွ ိဒါဝဟ, မေ,ပုညံ ၊ လောကန္တံ, ဒုက္ခမောစနံ။
နိဗ္ဗာနံ, ဉာနဒိဋ္ဌဂ္ဂံ ၊ သဏ္ဍံ, လက္ခဏာ ပါဒကံ။ ။

မေ၊ အကျွန်ုပ်၏၊ ဇာဒံ ပုညံ၊ မြန်မာပြန်ဆို၊ သင်္ဂြိုဟ်
ကျမ်းသစ်၊ စာအုပ်ဖြစ်အောင်၊ အားသစ်လုံ့လ၊ စနစ်ကျစွာ၊
ချပို့ရင်း ရေးသားပါရသော၊ ဤ ကောင်းမှုကံသည်။
လောကန္တံ ၊ လောကဓာတ်သုံးပါး၏, အဆုံးအဖျားလဲဖြစ်
ထသော။ ဒုက္ခမောစနံ၊ ဆင်းရဲဖုံဖုံ၊ ညှင်းဆဲပုံတို့မှ၊ အကု
လွတ်ပြီးထသော။ ဉာနဒိဋ္ဌံ၊ ပကတိမျက်စိဖြင့်မမြင်ရ၊ ဉာဏ်
မျက်စိဖြင့်သာ,မြင်အပ်ထသော။အဂ္ဂံ ၊ အထွဋ်ဆုံး အလွန်
အမြတ်ဆုံးလဲ ဖြစ်ထသော။ သဏ္ဍံ၊ အပူမငွေ့၊ မူလေ့ဖြင့်
ယူတွေ့မရ၊ ငြိမ်းမြဲသိမ်မွေ့လှစွာထသော၊လက္ခဏာပါဒကံ ၊ လက္ခ
ဏာယာဉ်၊ သုံးပါးပင်လျှင်၊ ဉာဏ်မြင် ထက်သန်၊ အခြေ ရှိ
ထသော။ နိဗ္ဗာနံ၊ ယခုဘဝမှ၊ ကံကောင်းထောက်မ၊ ကြွ
ရှိသော, သိရသေးသည့် နိဗ္ဗာန် ချမ်းသာမြတ်ကို။ အာ
အာဝဟန္တော၊ မဂ်ဖိုလ် နှစ်တန်၊ ဉာဏ် မြင့်မှန်ဖြင့်၊ ကေန်မ
ရွေ့၊ ဒိဋ္ဌတွေ့အောင်၊ ရွက်ဆောင်နိုင်သည်၊ ဟောတု၊ မုချ
မသွေ၊ ဖြစ်ပါစေသတည်း။ ။

# စာအုပ် လှူဒါန်းသူ၏ ဆုတောင်း

ဝယဓမ္မာ,သင်္ခါရာခမေ၊ တေသွေဝါ,နေန,ကမ္မုနာ။
အပ္ပမာဒေန,သမ္ပါဒေ၊ ဉာန ပုဗ္ဗင်္ဂမေန,ဟံ။ ။

အဟံ၊ ဘုရားတပည့်တော်သည်။ အနေန ကမ္မုနာ၊မြန်မာ
ပြန်ဆို,သင်္ဂြိုဟ်ကျမ်းသစ်, စာအုပ်ဖြစ်ဘို့, အသစ်သဒ္ဒါ,နှီးဆော်
ပါ၍, အကျိုးမျှော်ကာ, ငွေသပြာကုန်စရိတ်ဖြင့်, စာပုံနှိပ်၍
ရသော, ဤဓမ္မဒါန ကောင်းမှုကံကြောင့်။ ဣမေ သင်္ခါရာ၊
ရုပ်နာမ်နှစ်ဝ, သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ရေအိုင်
အထက်,မိုဃ်းရေပွက်သို့,အပျက်လျှင်မြန်, ပုံဟန်မက,ဖြစ်ပြီး
ျင်,ပျက်စီးခြင်းသဘောရှိကြလေကုန်၏။တေသွေဝ၊ခဏမစဲ,
ဘဖွဲ့ဖွဲ့နှင့်,အမြဲဆက်ဆက်,ဖြစ်ပျက်၍နေကြသော, ထိုရုပ်နာမ်
မှ, သင်္ခါရတရားတို့၌သာလျှင်။ ဉာန ပုဗ္ဗင်္ဂမေန၊ ဝိပဿနာ
ဆုံတန်,မဂ်ဖိုလ်ဉာဏ်တို့၏,စေတမန်အစစ်,ရှေ့သွားဖြစ်သော။
မဟဂ္ဂုတ် လောကုတ္တရာ,ဉာဏ်မဟာတို့၏ရှေ့သွား,ပဓာန
ဖြစ်သော။ အပ္ပမာဒေန၊ မမေ့မလျော့, မပေါ့မစား,
ကောင်းမြတ်သော, သတိတရားနှင့်။ သမ္ပါဒေ သမ္ပါဒေမိ၊
ယ နှ ကာစ, ကျင်လည်ရသည့်, ဘဝတန်တန်, မဂ်ဖိုလ်ဉာဏ်ရ,
နိဗ္ဗာန်ကျအောင်,တကွကုံလုံ, ပြည့်စုံရပါလို၏,အရှင်ဘုရား။

## တောင်းပန်ချက်

ထေတိလွတ်ကင်း ကျမ်းပြုရင်းကပင် ချွတ်ယွင်းချက်ကိုသော်၎င်း ပုံနှိပ်မှုအတွက် ချွတ်ယွင်းချက်ကိုသော်၎င်း ပြင်ဆင်ကြည့်ရှုကြရန် တောင်းပန်ပါ၏၊

---

## ပြင်ဆင်ဘတ်ရှုရန်

| နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃ | ၉ | ဥာဏဝိပ္ပယုတ် | ဥာဏသမ္ပယုတ် |
| ၄၁ | ၃ | ဤသို့လျှင် ၁၃ပါး | ဤသို့လျှင် ၃၃ပါး |
| ၄၇ | ၁၉ | - ဥပေက္ခာ ၂၃ပါး | - ဥပေက္ခာ ၃၂ပါး |
| ၇၀ | ၁၂ | သောတဒွါရဝီထိ | သောတဒွါရထဝီထိ |
| ၇၀ | ၁၃ | မနောဒွါရဝီထိ | မနောဒွါရတဝီထိ |
| ၉၁ | ၂၁ | ပဋ္ဌမဈာန် | ပထမဈာန် |
| ၁၀၇ | ၁၅ | ဝီထိစိတ် ၄ ပါး | ဝီထိစိတ် ၄၄ပါး |
| ၁၄၅ | ၁၀ | သုံးဘုံမှာ တယောက်လဲ | ၃ဘုံမှာလဲတယောံ |
| ၂၁၅ | ၄ | ထင်ရှားမရှိ၊ ထင်ရှားရှိသောစ | ထင်ရှားရှိ၊ ထင်ရှားမရှိသော |
| ၂၄၁ | ၆ | ကောင်းမှု................ | မကောင်းမှု ... |

| နံပါတ် | ကြောင်းရေ | ထည့်စွက်ဘတ်ရှုရန် |
|---|---|---|
| ၆၉ | ၃ | အဆုံးမှာ (ပဋ္ဌဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသောဝီထိစိတ်တို့သည် ပစ္စုပ္ပန်အာရုံငါးပါးကို အာရုံပြုကုန်၏)ဟု ထည့်ပါ။ |
| ၉၁ | ၂၁ | အဆုံးမှာ(ဘွင်စိတ်အားဖြင့် ကာမတိဟိတ်ဘွင် ၄ပါးတို့သာ ဖြစ်ကုန်[illegible]) [illegible]ထည့်ပါ။ |

---